

www.burmeseclassic.com
BURMESE CLASSIC .com
လမင်းရိုရို
သူ့တစ်ယောက်ကိုသာ
L လင်း
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## သူ့တစ်ယောက်ကိုသာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၄၅၉၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၄၅၁၀၀၉
၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်
တန်ဖိုး - [illegible]
အုပ်ရေ - [illegible]
ထုတ်ဝေသူ ... [illegible]
[illegible]
ရန်ကုန်
ပုံနှိပ်သူ ... ဦးကျော်ဆွေ [illegible] OFFSET
[illegible] ရန်ကုန်။

၈၉၅.၈၃
လမင်းမိုမို
သူ့တစ်ယောက်ကိုသာ/လမင်းမိုမို-ရန်ကုန်၊
[illegible] ၂၀၀။
၂၁ [illegible] စင်တီ။
(၁) သူ့တစ်ယောက်ကိုသာ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

အဲဒီနေ့က မိုးက တအိအိ တစိမ့်စိမ့် ရွာနေခဲ့ ယ်။ အဲဒီလို မိုးရွာပုံမျိုးဟာ စိတ်ကိုထိုင်းမှိုင်း လေးလံစေတယ်။ တယ်တော့ အဲဒီနေ့က မောင့်အိမ်ကိုသွားဖို့ အစီအစဉ် ကျွန်မ ရှိခဲ့ဘူး။

ဒါပေမဲ့ ခါတိုင်းသွားနေကျ ကျွန်မရဲ့ အလုပ်နားရက် တာကတစ်ကြောင်း၊ သွားဖို့မအားလပ်တဲ့ ကိစ္စတစ်ခု ပျက်ပြယ် းတာကတစ်ကြောင်း၊ ပြီးတော့ လွန်ခဲ့တဲ့ နှစ်ရက်လောက်က င်နဲ့ ကျွန်မ စကားအချေအတင် ဖြစ်ထားသေးတာကတစ် ကြောင်း။ အဲဒီအကြောင်းကြောင်းတွေကြောင့် သွားလိုက်ပါ့မယ် လို့ ဆုံးဖြတ်ပြီး အိမ်ကထွက်ခဲ့တာ။

ဘတ်စ်ကို မောင့်အိမ်အထိ တဖြောင့်မစီးနိုင်ဘဲ ယောက်ရဲ့အိမ်တွေအကြား လမ်းခုလတ်ကဲ ဈေးတစ်ခုမှာ ိုင်ဆင်းပြီး ဈေးနည်းနည်း ဝင်ဝယ်ရသေးတယ်။ ကျွန်မ အိမ် ပြီး ဖွယ်ဖွယ်ရာရာ ချက်မကျွေးဖြစ်တဲ့ နေ့တွေတိုင်းမှာ င်ဟာ ကြက်ဥကြော်နဲ့တစ်မျိုး၊ အာလူးကြော်ထုပ်ဖောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



... လက်ဖက်နဲ့အကြော်တွေ စုပုံဆီဆမ်းနယ်ပြီး ...ဖြစ်ကတတ်ဆန်း စားသောက်တတ်တာမို့ ကျွန်မ ...ကတဲ့နေ့တွေကျမှသာ ဖွယ်ဖွယ်ရာရာလေး ထမင်းပွဲနဲ့တူတူ စားရတာမို့ပါ။

ပုစွန်ဘောဂျိတ် နှစ်ဆယ်သား၊ ကြာဆန်ဟင်းခါးချက်ဖို့ ကြာဆံနဲ့ မှိုခြောက်ပန်းခြောက်၊ ငရုတ်ကောင်းကအစ ကန်စွန်းရွက်နဲ့ မှိုနဲ့ကြော်တာကတော့ မောင့်အကြိုက်မို့ ပါအောင် ဝယ်လာခဲ့တယ်။ ပြီးမှ ဘတ်စ်ကားတစ်ခါပြန်တက်စီးပြီး မောင့်အိမ်ရှိရာကို လာခဲ့မိတာ။

တစိမ့်စိမ့်ရွာနေတဲ့ မိုးနဲ့အပြိုင် ကျွန်မ မျက်ရည်မိုးလည်း ရွာစွေရလိမ့်မယ်လို့လည်း မထင်ခဲ့ဘူးလေ။

✧ ❤ ✧

# ၁

ငယ်သူငယ်ချင်းလို့လည်း ခေါ်လို့မရတဲ့ သိကျွမ်းပုံမျိုးနှင့် ရှင်ခွေးမယ်နှင့် ဇေဠတို့က ငယ်ကတည်းက အပြန်အလှန် သိခဲ့ကြပါသည်။ တစ်ယောက်ကိုတစ်ယောက် သတိထားမိတဲ့ *အချိန်ဟာ သူတို့လေးငါးတန်းအရွယ်တွေမှာ ...။ ရပ်ကွက်တစ်ခု*ရဲ့ တစ်ခုသော လမ်းရှည်ရှည်လေးမှာ မယ်တို့အိမ်က ဒီဘက်ထိပ်နားကျကျ။ ဇေဠတို့အိမ်က ဟိုဘက်ထိပ်နားကျကျ။

တွေ့လိုက်တိုင်း ဘောလုံးတစ်လုံး ကိုင်ထားတဲ့ကောင်ကလေးတစ်ယောက်အဖြစ် ဇေဠကို မယ်က မှတ်မိခဲ့သည်။ ရုပ်က ဂျစ်ကန်ကန် ရှုပုပ်ပုပ်။ မယ်ကတော့ ချိုင့်တစ်လုံးဆွဲ၍ မုန့်ဟင်းခါးဝယ်ရန်လည်းကောင်း၊ ခြင်းတစ်လုံးဆွဲ၍ ဈေးဝယ်ရန်လည်းကောင်း ဇေဠတို့အိမ်ရှေ့က ဖြတ်ရတတ်ပါသည်။

ဒါ သူ့အိမ်၊ သူ ဘယ်ကျောင်းက ဘယ်နှတန်း၊ သူ့မိဘ ဘယ်သူတွေ ဆိုတာမျိုးတွေကို အပြန်အလှန် သိလာခြ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မယ်နှင့်ဇေဋ္ဌက သူငယ်ချင်းတော့မဖြစ်။ မျက်မှန်းကတော့ အလွန်တန်းပါသည်။ တစ်ခါတစ်ရံ စာအုပ်ဆိုင် အခွေငှားဆိုင်တွေမှာ ဆုံဖြစ်ကြတဲ့အခါမျိုးမှာ မယ်လိုချင်တာနှင့် သူလိုချင်တာ တိုက်ဆိုင်နေခဲ့သည်ရှိသော် ...

"ရတယ် ... ရတယ်၊ နင် ယူသွားလိုက်၊ ငါနက်ဖြန်မှ ယူမယ်"

ဇေဋ္ဌက ဤသို့အလျှော့ပေးလိုက်တတ်လျှင် မယ်က ကျေးဇူးတင်တဲ့အရိပ် ပေါ်လွင်စေတဲ့အပြုံးနှင့် သူ့ကိုနှုတ်ဆက်ခဲ့မြဲပေါ့။ တဖြည်းဖြည်းနှင့် အဲဒီ ဇေဋ္ဌ ဆိုတဲ့ ကောင်ကလေးရဲ့လက်ထဲ ကိုင်ထားတတ်တဲ့ပစ္စည်းဟာ ဘောလုံးမဟုတ်တော့ပဲ ဂစ်တာတစ်လက် ဖြစ်လာတဲ့အချိန်မှာတော့ မယ်တို့ ရှစ်တန်းလောက်ရောက်ကြပြီပေါ့။

မယ့်မှာ ကျော်သက္ကဆိုတဲ့အစ်ကိုကြီးကတစ်ယောက်။ ရှင်စောဥဆိုတဲ့ အစ်မကတစ်ယောက် ရှိပါသည်။ ကိုကိုက မယ့်ထက် ခြောက်နှစ်ကြီးသည်။ အဲဒီတော့ ရပ်ကွက်ထဲက ထိုင်လို့ကောင်းတဲ့ အုတ်ခုံလေးတွေမှာ ကိုကိုတို့ လူပျိုကာလသားကြီးတွေတစ်သိုက် ညဘက် ဂစ်တာထိုင်တီး သီချင်းညည်းကြတာ လွှမ်းခဲ့တဲ့ [illegible]လေးနှစ်ကတည်းက။

အဲဒီ ကိုကိုတို့ ကာလသားအုပ်စုကို ဂစ်တာတစ်လက်ဆွဲပြီး ပူးပေါင်းချင်လာတာက ဇေဋ္ဌပင်။ ဆယ့်လေးနှစ်သားလောက်မှာ ဗလမထွားသေးပေမယ့် အရပ်ကြီးက မားမားနှင့်





ကလန်ကလားဖြစ်နေပြီဖြစ်တဲ့ ဇေဋ္ဌဟာ သူ့ထက်ကြီးတဲ့ အစ်ကိုကြီးတွေလူသိုက်နှင့် နောက်တော့ ရင်းနှီးကျွမ်းဝင်သွားပါသည်။

ဂစ်တာတီးအုပ်စုထဲမှာ သူပါ ပါဝင်ခဲ့တာ။ ပြီးတော့ လူကြီးတွေနှင့်ပေါင်းခဲ့တာ။ တစ်ခါမှတော့ ကိုယ်က မမေးပေမယ့် ကိုကိုတို့ သူငယ်ချင်းချင်း ပြောတဲ့စကားတွေထဲမှာ ဇေဋ္ဌက ဂစ်တာတီးတာတော်တယ်၊ ပါရမီပါတယ်ဆိုတဲ့ အပြောမျိုးတွေ ကြားနေခဲ့ရပါသည်။

ဒီကြားထဲ မယ်နှင့် ဇေဋ္ဌ စကားပြောဆိုဖြစ်တာတွေ ရှိပေမယ့် တရင်းတနှီးတော့ မဟုတ်ပါ။

"ရှင်ခွေးမယ်၊ ကိုကြီးသက္ကရော ရှိလား"

ခြံပြင်ဘက်က သူက အော်မေးလျှင် ...

"ကိုကို မရှိဘူး၊ လက်ဖက်ရည်ဆိုင်မှာ"

"ဘယ်ဆိုင်လဲ၊ ဘောလုံးကွင်းဆိုင်လား၊ ဦးချစ်တီးဆိုင်လား"

"ဒါတော့ ငါလည်း ဘယ်သိမလဲ"

ဤသို့ အပြန်အလှန် စကားမျိုးတွေ။

အရေးမကြီးလှတဲ့ ကိုယ်ရေးကိုယ်တာမဆန်တဲ့ ယောဘုယျကျကျ စကားမျိုးတွေကိုသာ နှစ်ပေါင်းများစွာ ပြောဆိုခဲ့ကြတဲ့ မယ်နှင့် ဇေဋ္ဌဟာ ဘာကြောင့်များ ဟိုးရင်ထဲတစ်နေရာမှာ နီးစပ်ရင်းနှီးနေခဲ့ကြတယ် ဆိုတာတော့ ဘယ်လိုမှရှင်းမပြတတ်တော့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် လမ်းလျှောက်လာကြရင် မဖြတ်ကျော်ခင် တစ်ယောက်ကို တစ်ယောက် ပြုံးပြလိုက်တာထက်ပိုပြီး ဘာမှပြောစရာ မရှိခဲ့ကြတဲ့ နှစ်ယောက်။ မယ့်မှာ ယောကျ်ားလေး သူငယ်ချင်း မရှိတာ ဇေ္ဇ သိသလို၊ ဇေ္ဇမှာ မိန်းကလေး အပေါင်းအသင်း မရှိတာလည်း မယ် သိသည်။

နောက်ပြီး မယ်ကတော့ မိန်းကလေးမို့ ထားတော့။ ဇေ္ဇကတော့ ယောကျ်ားလေး ဖြစ်ပေမယ့် တဖြည်းဖြည်း လူပျိုပေါက်အရွယ် ရောက်လာတဲ့နှစ်တွေအတောအတွင်း တခြားရပ်ကွက်ထဲက ကောင်လေးတွေလို ဟိုကောင်မလေးကို ကြွေသလိုလို၊ ဒီကောင်မလေးကို လိုက်တော့မလိုလို စသဖြင့် တောင်တောင်အီအီ စိတ်ကစားပျံ့လွင့်မှုတွေ လုံးဝမရှိခဲ့တာ မယ့်မျက်စိရှေ့တင် မျက်မြင်ပါ။

ဇေ္ဇ ကိုးတန်းနှစ်မှာ ဇေ္ဇရဲ့အမေ ကျောင်းဆရာမ ဒေါ်ခင်ခင်လင်း ရုတ်တရက် နှလုံးရောဂါနှင့် ကွယ်လွန်သွားခဲ့ရတာသည်လည်းကောင်း၊ ဇေ္ဇ ဆယ်တန်းနှစ်မှာ ဇေ္ဇရဲ့အဖေ ဒေါက်တာဦးသီဟ နောက်အိမ်ထောင် ကောက်ပြုလိုက်တာသည်လည်းကောင်း၊ လမ်းထဲမှာ အမှတ်မထင် ပြောင်းလဲသွားတဲ့ ထူးခြားတဲ့ အဖြစ်အပျက်များအဖြစ် ပါဝင်ခဲ့ပါသည်။

"အဲဒီ ဦးသီဟကလည်းနော်၊ နောက်မိန်းမယူတာ မြန်လိုက်တာ"





ဒါက မယ့်မေမေ ဒေါ်အေးအေးရှင်ရဲ့ မှတ်ချက်ပင်။

"သူ့အကြောင်းနဲ့ သူပေါ့ကွာ၊ သားလူငယ်တစ်ယောက်နဲ့ အိမ်တွင်းမှုကိစ္စတွေကအစ လစ်ဟာချက်တွေ ရှိမှာပေါ့"

ဒါက မယ့်ဖေဖေ ဦးသက်ကျော်ရဲ့ တွေးဆစကား။

"အဲမယ်လေးတော်၊ ယောကျ်ားတွေ အိမ်ထောင်သစ်ထူကြရင် ဒါတွေ ဒါတွေပဲ အကြောင်းပြတာချည်းပါပဲ၊ ရိုးနေပါပြီ"

"ဒါ သဘာဝပဲလေကွာ"

"ဇေ္ဇလည်း ကြီးပြီပဲ၊ အဖေတစ်လှည့် သားတစ်လှည့် ဖြစ်သလို ချက်ပြုတ်စားပေါ့၊ အဝတ်လျှော် မီးပူတိုက်ဖို့က တစ်ရပ်ကွက်လုံးသုံးတဲ့ ဒေါ်အေးမိတို့သားအမိ ရှိတာပဲဟာ"

"လိုအပ်ချက်ဆိုတာက ဒါလေးတင်မှ မကတာ မိန်းမရယ်"

"မိတွေး ဆိုတာ ကောင်းတဲ့ဟာက ခပ်ရှားရှား"

"စကားကို ဒီလိုသိမ်းကျုံးမပြောနဲ့လေ"

"မျက်စိရှေ့မှာ ဒီလိုတွေပဲ တွေ့တွေ့နေရတာဥစ္စာ၊ ဦးသီဟ တစ်ယောက်ကလည်း မသကာ တစ်နှစ်လောက်များ အောင့်လိုက်ပါဦးတော့"

"ဟော ... ဘာကို တစ်နှစ်လောက် အောင့်ရမှာလဲ"

"သား ဆယ်တန်းပြီးသွားအောင်လေ၊ ဒီနှစ် ဇေ္ဇလည်း ဆယ်တန်းဖြေမှာလေ၊ သားဆယ်တန်းဖြေမယ့်နှစ်မှာ မိန်းမယူရသေးတယ်၊ ဘာမှမစဉ်းစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သား ဆယ်တန်းဖြေတာနဲ့ မိန်းမယူတာ ဘာဆိုင်လို့လဲကွာ"

"သြော် ... ရှင်ကလည်း၊ ကလေး စိတ်အနှောင့်အယှက်ဖြစ်တာပေါ့၊ မနှစ်ကမှ အမေသေတယ်၊ ဒီနှစ် မိထွေးရတယ်၊ ဒီကလေးစိတ်ထဲ ပျော်နေမယ် ရှင် ထင်လို့လား၊ ဒီကြားထဲ အဲဒီမိထွေးက ဆိုးရင် သူ့ကိုထိုးနှက်ထိခိုက်မှာတွေက ရှိသေးတာ၊ စိတ်အနှောင့်အယှက် ဖြစ်စရာတွေမှ အများကြီးပဲ၊ ဒါကို ဖအေဖြစ်ပြီး မတွေးတတ်တာတော့ မဖြစ်နိုင်လောက်ပါဘူး၊ ဂရုမစိုက်တာ လျစ်လျူရှုတာပါ"

ဖေဖေ ဘယ်လိုပြန်လည် ချေပနှစ်သိမ့်ရမယ် မသိသလို ဖြစ်နေပါသည်။

"ပြောထားဦးကိုက်မယ်၊ အဖေ နောက်အိမ်ထောင်ပြုတယ်၊ မိထွေးရောက်လာတယ်ဆိုရင် ဟုတ်တာ မဟုတ်တာ အပထား၊ ကလေးတွေစိတ်ထဲ ထိခိုက်တုန်လှုပ်တာပဲ၊ အားငယ်ဝမ်းနည်းတာပဲ၊ ဘယ်သားသမီးမှ မိထွေးရတာကို မပျော်ဘူး၊ ရှင်လည်း အစကမသိရင် အခုမှတ်ထား၊ ကျွန်မသေရင် နောက်မိန်းမ မယူနဲ့မပြောဘူး၊ ယူချင်ရင် ရှေ့နောက် အခြေအနေတွေကြည့်ဦး၊ ကိုယ့်သားသမီးတွေ လက်လွှတ်ရမှ ပညာပြည့်စုံမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီဆိုမှ စဉ်းစား၊ ဒါပဲ ... ဟင်း"





"နို့ ... ငါသေပြီး မင်း ကျန်ရစ်ရင်ကော"

"မိန်းမတစ်ရာမှာ ကိုးဆယ်ဟာ မုဆိုးမဖြစ်ရင် နောက်အိမ်ထောင်မပြုဘူး၊ ပြုတဲ့ဆယ်ယောက်ဟာလည်း အားကိုးရာတာ၊ ထမင်းရှင်ရှာတာက များတယ်၊ ရှင်သေလို့ကတော့ ကျွန်မကို ဘာမှ မှာနေစရာ မလိုဘူး၊ ကျွန်မက ဘယ်တော့မှ နောက်အိမ်ထောင်ပြုမယ့်မိန်းမ မဟုတ်ဘူး၊ ရှင့်တောင်မှ ငယ်ရွယ်တုန်း မျက်စိလည် လမ်းမှားပြီး ချစ်ကြိုက်မိလို့ ယူမိလက်စမို့ စိတ်ဒုန်းဒုန်းချ ပေါင်းနေရတာ သိပြီလား"

မျက်စောင်းလေးနှင့် မချိုမချဉ်လေးနှင့် မေမေပြောလျှင်တော့ ဖေဖေက တဟားဟား ရယ်မောကာ စကားဝိုင်းကအဆုံးသတ်သွားပါသည်။ ဒါပေမဲ့ အဲဒီအချိန်မှာမှ စတင်ပြီး အစပျိုးလာခဲ့တဲ့ အရာတစ်ခုကတော့ မယ့်ရင်ထဲက ဇွေ့ အပေါ်ထားရှိတဲ့ ခံစားချက်ပင်။

မယ်သည် ဇွေ့ကို သနားကာ အဝေးကနေပဲ ခပ်လှမ်းလှမ်းလေး အရိပ်တကြည့်ကြည့် ရှိခဲ့ရသည်။ ဇွေ့ကလည်း ဂျစ်ကန်ကန် မှုန်တေတေရယ်။ ဘယ်တော့များ မိထွေးနဲ့ ပြဿနာဖြစ်မလဲလို့လည်း ပူပန်စိုးထင့်ခဲ့ရသည်။ မယ့်အထင် ဇွေ့ဟာ မိထွေးရပြီးကတည်းက အိမ်မှာထက် လမ်းပေါ်မှာ ပိုပြီးအချိန်ကုန်ခဲ့သည်။ သူပေါင်းသင်းနေတဲ့ သူ့ထက်ကြီးတဲ့ အစ်ကိုကြီးတွေနဲ့ တတွဲတွဲ ပိုရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်တို့ခြံကျဉ်းကျဉ်းလေးထဲ ဒန်းကလေးပေါ်မှာ ကိုကိုနှင့် ဇွေ့ စကားပြောနေကြတာတွေ မယ် ကြားနေခဲ့ရသည်။

"ဟော့ကောင် ဇွေ့၊ မင်း ဂစ်တာတီးတာ လျှော့ဦးဟော့ ကောင်"

"ကျွန်တော့်မှာ ဒါပဲ လုပ်စရာရှိတာ ကိုကြီးကလည်း"

"ဘယ်က ဟုတ်ရမှာလဲကွ၊ မင်းမှာ စာကျက်ဖို့ ရှိတယ်လေ၊ မင်း ဆယ်တန်းကျောင်းသားလေ ဟော့ကောင်"

"ရပါတယ်ဗျာ"

"ဘာရပါတယ်လဲ၊ စာရတာကို ပြောတာလား"

"စာတွေက သိပ်ခက်တာပဲ အစ်ကိုကြီးရ"

"ဟော့ကောင် ... ဒီရပ်ကွက်ထဲမှာတောင် ဂစ်တာကျွမ်းကျွမ်းကျင်ကျင် တီးတတ်တဲ့သူက လက်ချိုးရေလို့ရတယ်၊ ဆယ်တန်းအောင်တဲ့သူက ရိုက်သတ်လို့ မကုန်ဘူး၊ မင်း လူတကာမတတ်တဲ့ ပညာတောင် တော်အောင်ကျင့်နိုင်သေးတာပဲ၊ ဆယ်တန်းစာကွာ၊ ဘာခက်လို့လဲ၊ ဂုဏ်ထူးတွေ ထွက်ဖို့သာ ခက်ရင်ခက်မှာပါကွ၊ အောင်ဖို့ကတော့ လွယ်ပါတယ် ဇွေ့ရာ၊ ဆယ်တန်းအောင်ပြီးမှ မင်းလုပ်ချင်တာ လုပ်ကွာ"

"ကျွန်တော် စာမကျက်ချင်ဘူး အစ်ကိုကြီးရ၊ သီချင်းပဲ ရေးချင်တယ်"





"သီချင်းက မင်း နောက်ဘယ်နနှစ်ရေးရေး ရေးစမ်း၊ ဆယ်တန်းက ဒီတစ်နှစ်မအောင်ရင် ပိုဝေးသွားလိမ့်မယ် ဇွေ့၊ လိမ္မာပါတယ် ငါ့ညီရာ၊ သွား ... စာပြန်ကျက်စမ်းပါ"

"ဖေဖေ ပြန်ရောက်မှ အိမ်ပြန်မယ်"

"ကျွတ် ... ဒါဖြင့်လည်း စာအုပ်ပြန်ယူပြီး ဒီဒန်းပေါ်လာ ကျက်ချင်ကျက်"

"အစ်ကိုကြီးကလည်းဗျာ၊ အစ်ကိုကြီးနဲ့မို့ထဲလိုက်မလို့ဟာ"

"ဟော့ကောင်၊ ငါ့နောက် တကောက်ကောက် လျှောက်လိုက်မနေနဲ့၊ ငါက ဘွဲ့ရပြီးပြီ၊ သင်္ဘောတက်ဖို့ လုပ်နေတဲ့ကောင်၊ ငါ့မှာ အချိန်အားတွေ အများကြီး၊ မင်းမှာအချိန်မအားဘူးလေ၊ စာကျက်စမ်းပါကွာ"

မယ့်ကိုကိုဟာ ဇွေ့ကို အစ်ကိုတစ်ယောက်နယ် ဆုံးမနားချခဲ့ပါသည်။ သို့သော် စိတ်လေနေတဲ့ ဇွေ့ နားထဲကို တိုးမပေါက်ခဲ့။ ဇွေ့ဟာ မေမေပြောသလိုပင် မိထွေးနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ကာ အဖေကိုလည်း မကြည်၊ မိထွေးကိုလည်း မကြည်၊ တိုးလို့သာ ဂျစ်ကန်ကန်ဖြစ်ခဲ့သည်။

တကယ်တော့ ဆိုင်တယ်ပြောပြော မဆိုင်ဘူးပြောပြော ဇွေ့အဖေဟာ ဇွေ့ ဆယ်တန်းနှစ်မှာ မိန်းမထပ်မယူသင့်တာတော့ အမှန်ပဲလို့ မယ် ယူဆပါသည်။ ဇွေ့ ဆယ်တန်းအောင်မှယူတော့ ဘာဖြစ်သွားမှာမို့လဲ။ အဲဒီနှစ်က ဇွေ့ ဆယ်တန်းကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေဌ ဆယ်တန်းကျပြီး မကြာခင် မယ့်ကိုကို ကျော်သက္က သင်္ဘောတက်သွားပါသည်။ ကိုကို့ကို လေဆိပ်လိုက်ပို့တဲ့အထဲ ဇေဌ ပါသည်။ ဇေဌက သူ့ဟီးရိုး ကိုကို နိုင်ငံခြားသွားတော့မှာအတွက် ဝမ်းနည်းနေခဲ့ပါသည်။ မယ့်ကို ...

"ရှင်ဒွေးမယ် ... နင် ဘာလျှောက်ထားလဲ"

"ငါ အီကို၊ အဝေးသင်ပဲ တက်မှာ"

"ကောင်းပါတယ်ဟာ၊ နင် အလုပ် လုပ်မလို့လား၊ သင်ဘန်းတွေ ဘာတွေ တက်မှာမို့လို့လား"

"ဘာလုပ်ရမယ်တော့ မသိသေးပါဘူး၊ အလုပ်တစ်ခုခုတော့ ဝင်လုပ်ချင်တယ်၊ နင် နောက်နှစ်ပြန်ဖြေမှာ မဟုတ်လား ဇေဌ"

"မသိသေးပါဘူးဟာ"

ဇေဌ မယ့်ကိုကြည့်တဲ့ မျက်ဝန်းလေးက ညှိုးငယ် ဆွေးရိပ်ကာ အရည်လဲ့နေခဲ့သည်။

"နင် ဆယ်တန်းစာနဲ့ ပတ်သက်တာ လိုအပ်တာရှိရင် ငါ့ကိုပြောလေ၊ ငါကူညီလို့ရတာ ကူညီမယ်၊ ဘာပဲဖြစ်ဖြစ် ပြန်တော့ဖြေပါဟာ ဇေဌ"

ဇေဌက ဘာမှပြန်မပြောပေမယ့် မယ့်ကိုကြည့်လိုက်တဲ့ မျက်ဝန်းတွေထဲမှာ ငါ ပြန်ဖြေဖါမယ်လို့ ကတိပေးလိုက်သလို အရိပ်အယောင်မျိုး မယ် တွေ့ရတယ်လို့ ထင်ပါသည်။





"စိတ်ဓာတ်မကျနဲ့ သား၊ သား စိတ်ပါလက်ပါ မဖြေလို့ပါ၊ စိတ်ပါလက်ပါလုပ်ရင် အောင်ပါတယ်၊ သက္ကကလည်း ပြောတယ်၊ ဇေဌက ဘူရိုက်ထိဖြစ်ပါတယ်တဲ့၊ ကြိုးစားလိုက်စမ်းပါ သားရယ်၊ ဆယ်တန်းအောင်သွားတော့ သားလုပ်ချင်တာ လုပ်ပေါ့၊ တီးချင်တီး ဆိုချင်ဆို၊ ငါ့အမေသာရှိရင် ငါ့ဆယ်တန်းကျတာကို စိတ်ကောင်းရှာမှာ မဟုတ်ဘူးဆိုတာ တွေးကြည့်ပါလား၊ ဒေါ်ခင်ခင်လင်းဟာ သူများသားသမီးတွေကို စာတော်အောင် သင်ပေးနိုင်ခဲ့တာ၊ ကိုယ့်သားသမီးက စာမေးပွဲကျတယ်ဆိုတာ သိရင် ဝမ်းနည်းရှာမှာ သားရဲ့"

အပြန်ကားပေါ်မှာ မေမေက ဇေဌကို စိတ်ပါလက်ပါ နှစ်သိမ့်ဆုံးမနေခဲ့ပါသည်။ မေမေဆုံးမတာကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေတဲ့ ဇေဌ အပေါ် မေမေလည်း မေတ္တာကရုဏာထိုဖိတ်စီးကျခဲ့ပုံရပါသည်။ ကိုကို အိမ်မှာမရှိပေမယ့် မေမေနှင့် ဇေဌက ရင်းရင်းနှီးနှီး ရှိလာခဲ့သည်။ မမနှင့်ရော မယ်နှင့်ပါ ကြွန်သာ ဆက်ဆံရေးရှိခဲ့တဲ့ ဇေဌဟာ မယ့်ကိုကြည့်ရှုတဲ့မျက်ဝန်းတွေကတော့ နွေးထွေးလေးနက်နေခဲ့တယ်လို့ မယ်က နားလည်ထားကြည်နေခဲ့ပါသည်။

အဲဒီဆယ်တန်းဒုတိယနှစ်မှာလည်း ဇေဌ ကျပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်လောက်မှာတော့ လမ်းဘေးအုတ်ခုံမှာ ကိုကိုနှင့် Generation တူ အစ်ကိုကြီးတွေအုပ်စု မရှိတော့ဘဲ ဇေဒ္ဒ ခေါင်းဆောင်တဲ့ နောက်ပေါက်လူငယ်လေးများအုပ်စုက နေရာယူနေပြီ။

ချိုရှကြည်လင်နေတဲ့ ဇေဒ္ဒရဲ့ပင်ကိုသံဟာ အားပြင်းပြင်း သီချင်းမျိုးတွေနှင့်လည်း လိုက်ဖက်သလို ဆွေးလျတဲ့သီချင်းတွေနဲ့လည်း လိုက်ဖက်ပါသည်။

ဇေဒ္ဒရဲ့ သီချင်းသံ လွင့်ပျံ့နေတဲ့ ညခင်းတွေမှာ ရင်ခွင်ထဲ ခေါင်းအုံးကိုပွေ့ဖက်၍ မယ် တသိမ့်သိမ့် ခံစားရင်ဖို ခဲ့ရသည်။ သူ့သီချင်းထဲမှာ ဆွေးလျအားငယ်သံပါလျှင် မယ့်ရင်ထဲ နာကျင်ကာ မျက်ရည်ရစ်ဝိုင်းရပါသည်။ ဖြတ်သွားဖြတ်လာတွေမှာ တစ်ယောက်နှင့်တစ်ယောက် ပြုံးပြီးနှုတ်ဆက်တဲ့ မယ်တို့နှစ်ယောက်ရဲ့ အကြည့်တွေ အပြုံးတွေမှာ နောက်ကွယ်အဓိပ္ပာယ်လေးတွေ နစ်မြုပ်ပုန်းအောင်းလျက်။

မယ်က အဲဒီအချိန်မှာ နာမည်ကြီး အလှသင်တန်းကျောင်းတစ်ခုမှာ သင်တန်းတက်နေခဲ့ပါသည်။ မယ့်ရည်ရွယ်ချက်က မယ့်ကိုယ်ပိုင် Beauty Salon လေးတစ်ခုဖွင့်ဖို့။ ဖေဖေရောမေမေရောကလည်း အားပေးပါသည်။ မယ့်ရဲ့အိမ်ပြန်ချိန် ကားမှတ်တိုင်တို့မှ ဇေဒ္ဒ စောင့်ဆိုင်းနေတတ်ခဲ့တာကို မယ် သတိပြုမိတာကြာပါပြီ။





ဇေဒ္ဒဟာ စကားလည်း လာမပြော။ ထူးခြားတဲ့ အပြုအမူလည်းမရှိ။ မယ့်အပြန်ကို စောင့်ဆိုင်းကြည့်ရှုံမျှသာ။ မယ် လမ်းထဲဝင်လျှင် သူပါ နောက်ကလျှောက်ပြီးပါလာသည်။ မယ် အိမ်ထဲဝင်ပြီးတဲ့အခါ သူက မယ်တို့အိမ်ရှေ့က ဖြတ်ကျော်လျှောက်သွားတော့တာပင်။

သူ့အကြည့်တွေထဲမှာ မယ့်ကို မြတ်နိုးတဲ့ အရိပ်အမြွက်တွေ ပါနေတာ ကြာခဲ့ပြီ။ မယ် သိသည်။ မယ်နှင့် ဇေဒ္ဒဟာ တစ်ယောက်ကို တစ်ယောက် ဘာမှမပြောဘဲ တစ်ယောက်ချစ်တာကို တစ်ယောက် ရိပ်မိနေခဲ့ကြတယ်ဆိုရင် မလွန်ပါ။ သူချစ်နေတာကို မယ် အတပ်သိသလို မယ်ချစ်နေခဲ့တာတို့လည်း သူ ဘာကြောင့် မသိနိုင်စရာ အကြောင်းရှိလဲ။

သူက ဆယ်တန်းနှစ်ခါကျ။ မယ်က ဒုတိယနှစ်အဓိကိုအဝေးသင်နှင့် အလှပြင်သင်တန်း တက်နေသူ။ အဲဒီအချိန်လောက်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အပြောင်းအလဲတွေကတော့ ဇေဒ္ဒရဲ့မိထွေးက သားလေးတစ်ယောက် မွေးဖွားခဲ့တာ။ မယ့်မမ "ရွှင်စောဥ" သူ့ချစ်သူနောက် လိုက်ပြေးသွားတာ။ အဲဒီနောက်နောက်လခြားလောက်မှာ မယ့်ဖေဖေ ဦးနှောက်သွေးကြောငယ်လေးပေါက်ကာ လေဖြတ်သွားတာ။

ဖေဖေ လေဖြတ်သွားတာက မယ့်မျှော်လင့်ချက်တို့ကို ဆိုင်နဲ့စေခဲ့ပါသည်။ မယ်တို့မိသားစုက သူဌေးတွေမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အဲဒီတုန်းက ပုဂ္ဂလိကဘဏ်တစ်ခုရဲ့မန်နေဂျာ။ ဖေဖေ့
လခနှင့် မေမေ တစ်ဖက်တစ်လမ်း ရှာတိုရှာစ အပေါင်ခံငွေချေး
တဲ့အလုပ်က ဝင်ငွေတို့ဟာ မယ်တို့မောင်နှမသုံးယောက် မတောင့်
တ မကြောင့်ကြရအဲ ကြီးပြင်းစေခဲ့တာ။

မယ်ဖွင့်ချင်တဲ့ ဆိုင်အတွက် မေမေကလည်း သူ့
လက်ဝတ်လက်စားတချို့ ရောင်းချပေးမည်။ ကိုကိုကလည်း ငွေ
ပို့ပြီး စိုက်ထုတ်ပေးမည်လို့ တိုင်ပင်ထားပေမယ့် ဖေဖေ့ ကျန်းမာ
ရေးကိစ္စမှာ သောက်သောက်လဲ ငွေကုန်ခံကာ ဖေဖေ့အသက်က
လုယူခဲ့ရတဲ့အတွက် ကိုကို စုဆောင်းပေးထားတဲ့ငွေတွေ အားလုံး
သုံးစွဲလိုက်ရပါသည်။

အကြွေးမတင်လိုက်ရပေမယ့် လက်ထဲမှာ ဘာ
စုစုဆောင်းဆောင်း မရှိတော့အဲ အဲဒီရဲ့နောက်မှာလည်း ကိုကို
ပေးတဲ့ငွေကိုပဲ မယ်တို့ လစဉ် စားသောက်သုံးစွဲခဲ့ရတော့တာပင်
ဖေဖေ့ဝင်ငွေလျော့ကာ ဖေဖေ့ဆေးဖိုး တိုးလာတဲ့အတွက် မယ်
ကသိလင်တ ရှိခဲ့ရသည်။

မမတို့လင်မယားဟာလည်း ကိုယ့်စရိတ်ကိုယ် ကာ
တိရှာဖွေနိုင်ကြရုံရှိရာ အိမ်ကိုမကူညီနိုင်ရှာပါ။ ဒီကြားထဲ မမ
ကိုယ်ဝန်တဖားဖားနှင့်။ အဲဒီအချိန်မှာ ငွေရေးကြေးရေး မပါ
မယ်တို့ကို စိတ်ဓာတ်အင်အား လူအင်အားနှင့် စောင့်ရှောက်ကူ
ခဲ့သည်က ဇေဌပေါ့။





ဇေဌဟာ ဖေဖေ့ဆေးရုံတက်နေရစဉ်ရော အိမ်ပြန်
ရောက်တော့ရော တစ်နေ့တစ်ခေါက် ရောက်ကာ သားတစ်ယောက်
သဖွယ် ကူညီပေးပါသည်။ ဆေးသွားဝယ်စရာရှိတာ၊ ဖေဖေ
ဆေးခန်းသွားရမှာတွေကို ဇေဌက သူတို့အိမ်ကကားနှင့်မောင်း
ကာ လိုက်လံဆောင်ရွက်ပေးသည်။

"ဇေဌနဲ့ သမီးနဲ့ ချစ်သူတွေ ဖြစ်နေလား"

မေမေမေးတဲ့အခါ မယ် ခေါင်းခါရသည်။

"မဟုတ်ပါဘူး မေမေ"

"တကယ်ပြောတာလား သမီး၊ ဇေဌ သမီးကိုကြည့်ရှုတာ
ဆက်ဆံတာက ချစ်သူတစ်ယောက်လို ယုယုယယပဲ"

"မယ် မညာပါဘူး မေမေ၊ ဇေဌက မယ့်ကို ဘာမှမပြော
သေးပါဘူး"

ဖေဖေ လေဖြတ်တဲ့နေ့ကတော့ သတင်းကြားကြား
ချင်း ဆေးရုံကို လိုက်လာတဲ့ ဇေဌဟာ မယ့်ရဲ့အေးစက်နေတဲ့
လက်ဖျားလေးကို ဆုပ်ကိုင်အားပေးခဲ့ဖူးပြီး ပါးပြင်ပေါ်စီးလိမ့်ကျ
နေတဲ့ မယ့်မျက်ရည်များကို နွေးထွေးတဲ့ လက်ချောင်းများနှင့်
သုတ်သုတ်ပေးခဲ့ဖူးပါသည်။

"တိတ်ပါမယ်၊ အားမငယ်ပါနဲ့"

ပါးပြင်ကို တစ်ချက်လိမ်ဆွဲရင်း ပြောခဲ့တဲ့စကား
ကြောင့် ရင်ထဲအားတွေရှိခဲ့ရပေမယ့် သူက ဒီထက်ရှေ့တိုးမလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့လေ။ ဒါဟာ သူ ဆယ်တန်းမအောင်လို့ဆိုတဲ့ နောက်ခံ အကြောင်းရင်းကြောင့် သူ့ကိုယ်သူ ဆုံးမတားမြစ် ကန့်ကွက်ထား တဲ့ သူ့ရဲ့ "စည်း" တစ်ခုဆိုတာ မယ် ရိပ်မိနားလည်နေခဲ့ပေမယ့် မယ့်ဘက်ကလည်း ဘာမျှမတတ်နိုင်။ မယ်က မိန်းမသားတစ် ယောက်ပါလေ။

နောက်ခြောက်လလောက်မှာ ဖေဖေ ကွယ်လွန်သည်။ ဖေဖေ ကွယ်လွန်တော့ ကိုကို ပြန်လာပါသည်။ အဲဒီတုန်းက မယ့်အသက် နှစ်ဆယ်တွင်း ငင်ပြီ။ မယ် ကျောင်းလည်းပြီးပြီ။ ဧဠှက ဆယ်တန်းနှစ်ကြိမ်ကျ။ နှစ်ကြိမ်ဝင်မဖြေ။ သီချင်းတွေထဲ နှစ်မြှုပ်နေတဲ့ကာလ။ သူရေးတဲ့သီချင်းတချို့ ရောင်းရသည်။ နယ်ပွဲသေးသေးတချို့မှာ ဂစ်တာဝင်တီးခတ်ရသည်။ ဝင်ငွေအနည်း အကျဉ်းတော့ သူ့မှာရှိနေကာ ဂစ်တာကိုပဲ ဖက်တွယ် ရှူးမှူးနေတဲ့ ကာလများ။

ကိုကို ဒီမှာရှိနေတဲ့ နှစ်လ သုံးလလောက်အတွင်း ကိုကိုနှင့် ဧဠှတတွဲတွဲ။

"မယ် ... နင်တက်ချင်တဲ့ သင်တန်းတွေ အဆင့်ဆင့် [illegible] တော့ ဆက်သာတက်နေ၊ ကိုကို ပိုက်ဆံပို့ပေးမယ်၊ ဆို ဖွင့်ဖို့ကတော့ ခဏစွေ့လိုက်ဦးပေါ့ဟာ၊ တစ်ချိန်ချိန်တော့ ကိုကို စီစဉ်ပေးပါမယ်၊ လောလောဆယ်တော့ မေမေ့ [illegible] ကိုကိုရော လက်ထဲငွေမရှိတော့ စောင့်ဦးနော် ညီမလေး





"ဟုတ်ကဲ့ ကိုကို"

"မေမေ၊ စောစောတို့လင်မယားလည်း ကသီလင်တဖြစ် လွန်းတာ တွေ့ရတယ်၊ သူတို့မှာ ကလေးစရိတ်ကတစ် ဖက်၊ အိမ်ငှားခကတစ်ဖက်၊ သူတို့ရှာဖွေနိုင်တာနဲ့ လုံးဝ မလောက်ဘူး၊ ဒါတောင် ကလေးကို သူ့ယောက်ျားရဲ့ အဒေါ်က လာကြည့်ရှု ထိန်းသိမ်းပေးနေလို့၊ နှစ်ယောက် လုံး အလုပ်ထွက်ဖို့မလိုဘဲ နောက်ကြောင်းအေးနေလို့၊ နှစ်ယောက်ဝင်ငွေ ရနေလို့ ဒီလောက်ရှိတာ၊ သူ့ယောက်ျား ကိုနိုင့်ဘက်ကလည်း ဘာမှမရှိကြတော့ သူတို့ကို ဘာမှ မကူညီနိုင်ဘူး မေမေ"

"သားကြီး ဘာလုပ်ချင်လို့လဲ"

"စောစောတို့ လင်မယားကို တိုက်ခန်းလေးတစ်ခန်းလောက် ဝယ်ပေးလိုက်စေချင်တယ်၊ ဒါဆိုရင် သူတို့မှာ အိမ်ငှားခ ပေးဖို့ မလိုတော့ဘူး။ အသက်ရှူချောင်သွားမယ်၊ မေမေ့ မြေးကလေးလည်း တူတူတန်တန်လေး နေရတာပေါ့ မေမေ၊ ခုတော့ စုတ်တီးစုတ်ချာလေးမှာ နေနေရတာ"

"မေမေ့မှာ ငွေပိုမှ မရှိတာ သားကြီး"

"ဒီအိမ်နဲ့ခြံကို ရောင်းစေချင်... မေမေ"

"အဲဒီတော့ ငွေက ခေါင်းကွဲပြီ၊ သားကြီးနဲ့မယ့်အတွက် ရော !"



www.burmeseclassic.com

www.burmeseclassic.com



"သားက ယောကျာ်းလေးပါ၊ ပြီးတော့ သင်္ဘောတက်နိုင်အောင် မေမေတို့ ရင်းနှီးပေးရတာလည်း ရှိခဲ့ပြီ၊ ဒီခြံလေး အိမ်လေးထဲက မိဘအမွေကို သားခွဲမယူတော့ဘူး၊ သား ခြေထောက်ပေါ် သားရပ်နိုင်နေတာပဲ၊ သားအတွက်က ဘာမှပူစရာမရှိဘူး၊ ဒီအိမ် ဒီခြံကိုရောင်း၊ စောစောအတွက် တိုက်ခန်းတစ်ခန်းဝယ်ပြီး အမွေပေးတဲ့သဘော အပြီးပေးလိုက်တော့။ နောက်ထပ်တိုက်ခန်းတစ်ခန်း ရှာဝယ်ပြီး မေမေနဲ့ မယ်နဲ့နေ၊ အဲဒီတိုက်ခန်းကို မယ့်ကိုပဲ အပြီးပေးဖို့ သားနဲ့ စောစောက စွန့်လွှတ်တဲ့စာချုပ် ချုပ်မယ်၊ ငွေ ပိုတာရှိမှာကို မေမေ အရင်လိုပဲ ရွှေပေါင်လေး ဘာလေးခ ငွေတိုးလေးရတော့ ဝင်ငွေရှိတာပေါ့၊ သားလည်း ငွေပို့ပေ ဦးမှာပါ၊ မယ့်အတွက်လည်း ငွေစုပေးထားမှာပါ၊ အမွေကိ တော့ သား မယူတော့ဘူး၊ ညီမနှစ်ယောက်အတွက် စီစဉ်ပေးချင်တာပါ"

ကိုကို စီစဉ်တဲ့အတိုင်း မယ်တို့ သားအမိအားလုံ သဘောတူကြကာ ခြံနှင့်အိမ်ကလေးကိုရောင်းပြီး မမအတွက် တိုက်ခန်းတစ်ခန်း ဝယ်ပေးလိုက်ပါသည်။ ပြီးတော့ မေမေနှ မယ်နေဖို့ တိုက်ခန်းတစ်ခန်း။ ကိုကိုနှင့် မမက အမွေစွန့်လွှ စာချုပ် လက်မှတ်ထိုးပေးသည်။ ထို့နောက်တော့ ပိုလျှံတဲ့ငွေထု လေးပိုက်ကာ မယ်နှင့် မေမေ အိမ်ပြောင်းခဲ့ကြရပါသည်။





အိမ်ပြောင်းတော့လည်း ကိုကိုနှင့် ဇေဌပင်။ အိမ်ပြောင်းအပြီး နှစ်ပတ်လောက်အကြာမှာ ကိုကိုက သင်္ဘောတက်ဖို့ ပြန်ထွက်သွားခဲ့ပါတော့သည်။ မယ်နှင့် ဇေဌ တစ်လမ်းတည်း တူတူမဟုတ်တော့။

မယ့်အိမ်ပြန်ချိန်တွေမှာ ကားဂိတ်ကစောင့်မယ့်သူ မရှိတော့လို့ မယ် ထင်ခဲ့သော်လည်း မဟုတ်ခဲ့ပါ။ ဇေဌက မယ်တို့အိမ်သစ်အနားက မယ်ပြန်ရောက်လာမယ့် ကားမှတ်တိုင်မှာ အချိန်မီအရောက် စောင့်နေတတ်သည်။

ထူးခြားတာက အရင်က မယ့်ကိုမခေါ်ဘဲ နောက်ခပ်လှမ်းလှမ်းက လိုက်ပါလာတတ်တဲ့ ဇေဌဟာ အခုတော့ ကားပေါ်ကဆင်းလာတဲ့ မယ့်အနားကပ်လာကာ မယ်နှင့်တူတူယှဉ်တွဲပြီး မယ့်အိမ်အထိ လမ်းလျှောက်လိုက်ပို့တာပင်။ တစ်ခါတစ်ရံတော့လည်း ဘာစကားတစ်လုံးမှ မပြော။ အိမ်ရှေ့ရောက်လျှင် အကြည့်ချင်းဆုံပြီး လမ်းခွဲလိုက်ကြတာသာ။

တစ်ခါတစ်ရံတော့ သူ့အိမ်က ပဋိပက္ခကလေးများကို ဇေဌက ပြောပြတတ်သည်။ သူ့ကို သူ့အဖေက ပေါ့ပေါ့နေပေါ့ပေါ့စား လေနေတဲ့ ဆန်ကုန်မြေလေးတစ်ယောက်လို ပြောဆိုပုံတွေ။ တစ်ခါတလေတော့ သူ့ရဲ့ Music ကိစ္စတွေနှင့် ပတ်သက်တာတွေကို ပြောပြတတ်သည်။ ဂီတအကြောင်း ပြောနေရရင် ဇေဌ မျက်နှာဟာ နူးညံ့လန်းဆန်းနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသစ်တွေ ဘယ်နှပုဒ်ရေးဖြစ်တဲ့အကြောင်း။ အဲဒီသီချင်းသစ်တွေကို နားထောင်ခွင့်မရတော့တာအတွက် မယ့်ရင်ထဲ ဘယ်လောက် ကြေကွဲဆုံးရှုံးရတယ်ဆိုတာကို ဇေ့ဇွ သိစေချင်လှသည်။ သို့ပေမဲ့ မယ် မပြောရဲ။ သူတောင်မှ ဘာမှမပြောတာ မယ်က မိန်းကလေးလေ။

မယ့်ကိုချစ်မှန်း မယ်လည်း သိနေပြီ။ ဒါနဲ့တောင် သူ ဘယ်လောက်ထိအောင်တောင်များ အချိန်ဆွဲနေမှာလဲ။ တစ်ခါတစ်ရံတွင် မယ်နှင့်ဇေ့ဇွဟာ တိုက်အောက်မှာ လမ်းခွဲကာနီး မျက်လုံးချင်း စူးစိုက်ကြည့်ကာ နှစ်ဦးလုံး ရင်တွေထဲဖျပ်ဖျပ်ခုန်ပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညင်းနှင့် ပူနွေးလာရတတ်သည်။ သူ့ရဲ့လက်တွေက မယ့်ပခုံးနား ထိမလို ကိုင်မလို ရင်ခွင်ထဲဆွဲသွင်းလိုက်တော့မလို ရည်ရွယ်ရာမှ ခြောက်တက်လှုပ်ရှားလာလျှင် မယ်ကလည်း သူ့ရဲ့ရင်ခွင်ထဲကို အတင်းတိုးဝှေ့လိုက်ချင်သလို။

တဖျပ်ဖျပ် တုန်ခါနေတဲ့ စိတ်အစဉ်ကို သက်ပြင်းကိုယ်စီနှင့် တင်းဖြတ်ပြီး ချာခနဲ ကျောခိုင်းလမ်းခွဲကြမြဲ။

တစ်နေ့သောအခါမှာတော့ ညနေစောင်းတစ်ခုတွင် မမျှော်လင့်ဘဲ ဇေ့ဇွက အိမ်ပေါ်တက်လာပါသည်။ မေမေရော မယ်ပါ အံ့သြနေကြစဉ် ...

"ငါ ဖေဖေ့အိမ်ပေါ်က ဒီနေ့ ဆင်းခဲ့ပြီ မယ်"

ဇေ့ဇွရဲ့အသံက တုန်ခါနေတဲ့ကြားက ပြတ်သားနေသည်။





"ဘယ်လိုဖြစ်တာလဲဟယ်"

"မနေတော့ဘူး၊ ငါ(...)မှာ တိုက်ခန်းတစ်ခန်း ငှားလိုက်တယ်၊ ခြောက်လငှားထားတယ်၊ ဒီလိုပဲ ခြောက်လစီလောက် တိုးငှားသွားမှာပေါ့၊ ငါ တတ်နိုင်မှာပါ၊ ငါစားသောက်ဆိုင်တစ်ခုမှာ အလုပ်ရတာ တစ်ပတ်ရှိပြီ။ အဲဒီဝင်ငွေက ငါ့တစ်ယောက်စာ ရပ်တည်နိုင်ပါတယ်"

"သားဖေဖေက မတားဘူးလား"

"မင်းဆန္ဒနဲ့ မင်းသွားတာ ရပ်တည်ကြည့်ပေါ့လို့ ပြောတယ် အန်တီ၊ ဒါပေမဲ့ ကျွန်တော် ဒုက္ခရောက်ရင်လည်း မပြန်တော့ပါဘူး"

"သားအလုပ်က အာမခံချက်ရှိရဲ့လား"

"ဘာပြဿနာမှ မရှိသရွေ့တော့ အာမခံချက် ရှိပါတယ် အန်တီ၊ ညနေပိုင်းပဲ အလုပ်ဆင်းရမှာ၊ လခရမယ်၊ ဘိုးနပ်စ်ကို ခွဲဝေပြီးရမယ်၊ မနက်ပိုင်းတွေလည်း သီချင်းရေးနိုင်သေးတယ်၊ အဆင်ပြေမှာပါ အန်တီ"

"အဆင်ပြေမယ်ဆိုရင် ကောင်းပါတယ်ကွယ်၊ ဒါပေမဲ့ တစ်ယောက်တည်းနေရင် မင်းစိတ်လေသွားမှာ စိုးရိမ်တယ်၊ လိမ်လိမ်မာမာနေပါ သားရယ်"

မေမေက ဇေ့ဇွ အတွက် ကော်ဖီဖျော်စဉ် မယ်နှင့် ဇေ့ဇွသာ ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဒီအခန်းလိုတော့ မကျယ်ဘူးပေါ့ဟာ၊ ဒါက ဆေးနှစ်ဆယ်ခန်းကိုး၊ ဟိုဟာကတော့ ဆယ့်နှစ်ရပေခွဲလို့ ပြောပေမယ့် အုတ်နံရံထုနဲ့ ဘာနဲ့ ဆယ်ပေသာသာပါ၊ ကိုယ်နေခဲ့တဲ့အိမ်လိုတော့ မကျယ်ဘူးပေါ့၊ ဒါပေမဲ့ စိတ်လွတ်လပ်ပြီး ငါ့အခန်းလေးထဲမှာ ငါ သိပ်ပျော်တာပဲ ...

နင်တို့အခန်းလို အိပ်ခန်းတွေ ထမင်းစားခန်းတွေ ဖွဲ့ထားတာလည်း မရှိဘူးလေ၊ နောက်ဘက်အထိ ဖောက်လျှောက် Hall ပဲ၊ မနေ့က တစ်ခန်းလုံးကို ငါ ဆေးသုတ်တယ်၊ ငါ့အခန်းလေးက ခရမ်းနုရောင်လေး၊ သိပ်ချစ်ဖို့ ကောင်းတာပဲ ...

ခုတော့ ထိုင်စရာခုံတောင် မရှိသေးဘူး၊ နောက်တော့ နင့်ကို အလည်ခေါ်ဦးမယ်၊ နင်လာလည်ကြည့်နော် မယ်"

မယ်က ကလန်ကဆန် မပြုဘဲ ခေါင်းလေးညိတ်လိုက်ပါသည်။

"နင်ဘာတွေလိုအပ်လဲ"

"အကုန်လိုအပ်တာပဲ"

"လိုတာတွေထဲက တချို့ကို ဝယ်ပေးချင်လို့ပါ"

"တစ်ပြိုင်နက်တည်း အားလုံး မဝယ်ပါဘူး၊ အလိုအပ်ဆုံးတွေကိုပဲ ဦးစားပေးပြီး တဖြည်းဖြည်း ဝယ်ရမှာပေါ့၊ သိပ်လည်း မလိုပါဘူးဟာ၊ ငှားနေတဲ့အိမ်ပဲ၊ ပြောင်းရွှေ့ရ





ဖြစ်လာရင် ပစ္စည်းတွေ တစ်ပုံကြီးနဲ့ ဘယ်လိုလုပ်လွယ်မလဲ၊ နင်တို့အိမ်က ပထမထပ်ဆိုတော့ နှစ်ထပ်တိုက်မှာ အပေါ်ထပ် တက်ရသလောက်ပဲရှိတာ၊ အခု ငါနေတဲ့အခန်းက ခုနစ်ထပ်မှာ အပေါ်ဆုံးပဲ၊ သေအောင်တက်ရတယ်၊ နင့်ကို အလည်ခေါ်ရမှာတောင် အားနာလိုက်တာ၊ နင်မောနေလိမ့်မယ်"

"တက်နိုင်ပါတယ်ဟယ်၊ ငါ့သူငယ်ချင်း လတ်လတ်ရဲ့အခန်းလည်း ခုနစ်လွှာမှာပါပဲ၊ မနေ့ကတောင် သူ့အမေနေမကောင်းလို့ သတင်းမေးသွားတာ၊ ငါ တက်ခဲ့သေးတာပဲ၊ ဘာမှမဖြစ်ပါဘူး"

"နင်က စိတ်ကောင်းရှိတယ်၊ စိတ်ချမ်းသာအောင်လည်း ပြောနိုင်တယ်"

စူးစူးစိုက်စိုက်ကြည့်ကာ ဇေဌက ပြောသည်။ သူ အဲသလိုကြည့်လျှင် မယ့်မှာ ဘာလုပ်လို့ ဘာကိုင်ရမယ် မသိ မှုပျက်တတ်သည်။

"နင့်မှာ အရေးအကြီးဆုံး ဘာလိုလဲ"

"အရေးအကြီးဆုံးလား"

ပြန်မေးလိုက်တဲ့ ဇေဌ အသံက ဆွေးတွေးတုန်ယင်နေသည်။

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မယ့် မျက်လွှာလေးက စင်းစင်းငိုက်ငိုက်။

"အရေးအကြီးဆုံး ဆိုရင်တော့ ငါ့မှာ အဖော်လိုတယ် မယ်"

ဇေ့ရဲ့တိုးတိတ်တဲ့အသံက မယ့်နားထဲ ကျယ်လောင်ပဲ့တင်ထပ်နေပါသည်။ မယ့်ခေါင်းလေးက ငုံ့ကျနေသည်။

"ငါ့အတွက် အားပေးဖော်၊ ဝေမျှဖော်၊ ကြည်နူးဖော်၊ ဝမ်းနည်းဖော်၊ လက်တွဲဖော်၊ အဲဒီအဖော် လိုတယ် မယ်"

ဟင့်အင်း ...၊ ရင်တွေ ခုန်လိုက်တာ ဇေ့ရယ်။ အဲဒါ၊ နင့်အတွက် ငါပဲ။ ငါပဲမဟုတ်လားယင်။ နင်ဝမ်းနည်းနေရင် ငါ အရင်ငိုမယ်။ နင်ကြည်နူးရင် ငါကပိုပျော်မယ်။ နင်ပြောချင်တာကို နားထောင်ပေးပြီး နင်ကြားချင်တာကို ပြောပေးမယ်။ နင်လိုအပ်တဲ့အခိုက်မှာ ငါ အမြဲရှိနေချင်ပါတယ်။ နင့်ကို သိပ်ပြည့်စုံ အဆင်ပြေစေချင်တာပဲ ဇေ့ရယ်။

မယ့်လက်ဖျားလေး တစ်ဖက်ဟာ ဇေ့ရဲ့ဆုပ်ညှစ်ချိုးချေမှုကြားမှာ နာကျင်လျက်ရှိပြီ။ သူ့ကိုယ်သူ အတင်းအားကြီးနဲ့ ဖျစ်ညှစ်နေမိလို့ ဖျစ်ညှစ်နေမိမှန်း သိပုံမရ။ လှုပ်ရှားနေတဲ့ သူ့စိတ်တွေအလျဉ်ကြောင့် မယ့်လက်ချောင်းကလေး လေးချောင်းဟာ အရည်ယိုစီးထွက်ကျမတတ် ဖြစ်နေသည်။ သူ ... သူဖွင့်ပြောတော့မှာဆိုတာကို မယ့်နှလုံးသားက သိနေသည်။

"ရော့ ... သား၊ ကော်ဖီသောက်"





ကော်ဖီဗန်းနှင့် မေမေ ထွက်လာသည်။ မေမေက တစ်လုံးမှာ ဝင်ထိုင်လိုက်ချိန်တွင် ဇေသည် သူထိုင်နေရာခုံမှ ထကာ မေမေ့ရှေ့ကြမ်းပေါ် ရုတ်တရက် တိုးကပ်ထိုင်ချလိုက်ရင်း ဒူးရှူးထိုးနှင့် ...

"အန်တီ ... ကျွန်တော် မယ့်ကိုချစ်လို့ပါ၊ ကျွန်တော်တို့ကို ချစ်ခွင့်ပြုပါ"

မေမေ့မှာ အငိုက်ပင်မိလျက်သား။ နောက်တော့ မေမေက တစ်ခွန်းပဲ ပြောပါသည်။

"သား ဒီနှစ် ဆယ်တန်းပြန်ဖြေပါ၊ ဆယ်တန်းအောင်ရမယ် သား"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂

ဘတ်စ်ကားပေါ်ကအဆင်း ခြေနင်းခုံပေါ်မှာ မယ်...လည်း ရုတ်တရက်...ရဲ့ဖိနပ်တစ်ဖက်ကို နောက်လူက တက်နင်းမိထားလိုက်မိ၍ မြေပေါ်...ခြေလှမ်းဆင်းလိုက်တဲ့ မယ်ဟာ ရှေ့ကိုမှောက်ရက်ငိုက်ပြီး ဒူးတုပ်...ရက်လေး မြေပေါ်ကျသွားပါသည်။ လက်ထဲက ကြွပ်ကြွပ်အိတ်...ခပ်သေးသေးထဲမှာ အပေါ်ယံကတင်ထားတဲ့ မှိုထုပ်ကလေးနှင့်...မှိုခြောက်ပန်းခြောက်အိတ် အတွဲလေးက မှောက်ကျကုန်ကာ ကာ...လမ်းအစပ်တွင် ကျဲကုန်သည်။

ဒူးခေါင်းမှာ နာလည်းနာ ပွန်းလည်းပွန်းသွားပုံ...ကာ မယ်သည် ရုတ်တရက် ထ,မရပ်နိုင်။ သို့သော် ကတ္တရာလမ်း...မပေါ် လက်ဝါးထောက် အားပြုကာ နာနာကျင်ကျင်နှင့်...ကုန်းကျုံ့ထ,လိုက်ပြီး နောက်ကိုလည်း လှည့်ကာ ...

"ဘယ်လိုဖြစ်တာလဲ၊ မျက်စိက မမြင်ဘူးလား"





သူ့နောက်နားမှာ အိုးတိုးအမ်းတမ်း ဖြစ်နေတဲ့လူ...ကို လှည့်ပြီးရန်ထောင်လိုက်ပါသည်။

"မတော်လို့ပါဗျာ"

"ဘာမတော်တာလဲ၊ မျက်မှန်ကြီး တပ်ထားပြီး ရှင့်မျက်စိက ကန်းနေလား"

ဖရိန်မပါတဲ့ မျက်မှန်ကြည်ကြည် လေးထောင့်ရှည်...ည်လေးကို တပ်ထားတဲ့ ထိုသူက သူ့မျက်မှန်လေးသူ နှာခေါင်း...င်းမှာ တစ်ချက်ပင့်ကာ အားလည်းနာ၊ မယ့်အအော်ခံနေရတာ...လည်း ရှက်နေတဲ့ရုပ်နှင့် ဖြူဝင်းသော မျက်နှာတစ်ပြင်လုံး...ခြင်းနေသည်။

"အကုန်ထွက်ကျပြီး ပြန့်ကျဲကုန်ပြီ"

"ဟုတ်ကဲ့ ... ကျွန်တော် ပြန်ကောက်ပေးပါ့မယ်"

"ကောက်ပေး"

သူက ကောက်ပေးပါ့မယ် ဆိုကာမှ မယ်က ထပ်...န်ပြီး ခပ်ဆတ်ဆတ် အော်လိုက်သေးသည်။ တစ်ဖက်လူက...ယ့်ကို ပြန်ခံရန်မစွာဘဲ သည်းခံ ငုံ့ခံမှာ သိသာသွားတော့...ပြီး ပြောရဲဆိုရဲ ရှိလာတာမျိုးပင်။ ထိုသူက သူ့ပုဆိုးစကို...သိမ်းကာ လမ်းပေါ်ဆောင့်ကြောင့်ထိုင်တစ်ဝက်ပုံစံနှင့် မှိုထုပ်...နှင့် မှိုခြောက်ပန်းခြောက်အိတ် အတွဲလေးတို့ကို ကောက်ယူပေး...ပါသည်။

"ရွံ့တွေလည်း ပေရေကုန်ပြီ"



www.burmeseclassic.com

လောလောဆယ် မိုးကတိတ်နေပေမယ့် ခုနစ်ရွာထား တဲ့ ရေအကျန်တွေက ကတ္တရာလမ်းနှင့် ပလက်ဖောင်းရဲ့အစပ် တွေမှာ အိုင်ကာတင်နေသည်။

"ဆောရီးပါဗျာ၊ ကျွန်တော်လည်း ဟို ... အရပ်လွှတ်အောင် တံခါးပေါက်ကနေ မနည်းငုံ့ဆင်းနေတော့ ရှေ့ကိုသတိ မပြုမိတာပါ"

ဒီတော့မှ မယ်က သူ့အရပ်ကို သတိပြုမိသည် ဟုတ်ပါရဲ့။

ဘတ်စ်ကားထဲ ကို းလိုးကန့်လန့် ဖြစ်နေမည့်အရပ် မျိုး။

"ဘာပဲဖြစ်ဖြစ် ရှင် ကြည့်ဦးပေါ့၊ ခုတော့ ဒူးရော လက် ဖဝါးတွေရော နာကုန်ပြီ"

မယ့်လက်ဖဝါးလေးနှစ်ဖက်မှာ ခုထိရဲ့တုန်း။ ခေါင်းကိုလည်း လှန်ကြည့်ဖို့ မသင့်လို့။ ပွန်းကာ ရွှံ့ပေနေမှာ သေချာသည်။ လုံချည်တွေလည်း ရွှံ့ပေကုန်ပြီ။ မယ်ဝတ်ထား ထဲ့ စကတ်လုံချည်က အုတ်ခဲရောင် လိမ္မော်ရောင် အညိုရော အနက်ရောင်တွေ ဒေါင်လိုက်စင်း။ အရောင်က ရေစိုတာ ရွှံ့ပေတာ အတွက် သိပ်မသိသာလှပေလို့။ ဖင်ထိုင်ရက် မကျလို့ နော ဘက်မှာ ကွက်မကုန်တာလည်း တော်သေးသည်။

"ရေဆေးလိုက်မလား"





မယ်က သန့်ပြီးတောင့်နေတဲ့ ရှပ်လက်ရှည်အဖြာနဲ့ ကြယ်သီးလက်ချတပ်နှင့် ပိုးတွဲပုဆိုးနက်ပြာကွက် ဝတ်ထားတဲ့ ဘတ်စကားတိုးစီးဖို့ထက်စာရင် ပိုပြီးသန့်ပြန့်ပြောင်လက်နေတဲ့ သူ့အသွင်သဏ္ဌာန်ကို မကျေမချမ်းကြည့်ရင်း ...

"ဘယ်နားမှာ သွားဆေးရမှာလဲ"

"ဟိုရှေ့က မီးပွိုင့်ထောင့်နားက မှန်အစိမ်းရောင်တွေနဲ့ အဆောက်အအုံက ကျွန်တော့်ရုံးပါ၊ ခြေဆေးလက်ဆေး ဝင်လုပ်လို့ရပါတယ်ခင်ဗျ"

မယ်သည် ခြေလက်ဆေးချင်သော်လည်း ...

"နေပါစေတော့"

"အားမနာပါနဲ့လာပါ၊ လုံချည်ကရွှံ့တွေလည်း ဆေးလိုက် ပါ၊ ပြီးရင် ဒရိုင်ယာပြန်မှုတ်လိုက်ပေါ့"

"ဒရိုင်ယာ အဆင်သင့် ရှိလို့လား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

"ဒါဖြင့်လည်း ကျွန်မ ဆေးချင်တယ်"

"ဟုတ်ကဲ့ ... လာပါ"

သူက ဝမ်းသာအားရ ဖြစ်သွားပုံပင်။ ဇေဌရဲ့တိုက် န်းဆီရောက်အောင်က ကားဂိတ်ကနေ နောက်ဘက်ကို နည်းနည်း ဦန်လျှောက်ကာ လမ်းသွယ်တစ်ခုထဲ ဝင်ရမည်။ အဲဒီအဆောက် အအုံက ကားဂိတ်ကနေ ရှေ့ဘက်ကို လျှောက်ရမှာ။ ဒါပေမဲ့ သိပ်အဝေးကြီးတော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက မယ့်လက်ထဲက ကန့်ဖွန်းရွက်စည်း ထိုးထိုးထောင်ထောင် ထွက်နေတဲ့ ကြွပ်ကြွပ်အိတ်ကို လက်လှမ်းယူလိုက်၊ တာမို့ မယ်ကလည်း ကိုင်ဟာ ဆိုပြီး ပေးကိုင်လိုက်ပါသည်။ ဘေးချင်းယှဉ်လျှောက်လာတုန်း သူ့ထံက ဖုန်းမြည်သံတစ်သံ ပေါ်လာကာ သူက ရှပ်အင်္ကျီအိတ်ထဲမှ ဖုန်းပြားကလေးတစ်ခု ဆွဲယူဖွင့်လိုက်ကာ ...

"ဟယ်လို ... သူရလား"

"... ..."

"အေး ... ဟုတ်တယ်၊ ငါ အပြင်ခဏသွားတာ၊ မင်းလာသွားတယ် ဟုတ်လား"

"... ..."

"ဟုတ်တယ်ကွ၊ ငါက ဒီနားလေးပဲဆိုပြီး ကားယူမသွားလိုက်လို့ မင်း ငါ့ကား ရပ်ထားတာ တွေ့တာပေါ့၊ ငါက တကယ်မရှိတာ၊ လူချည်းပဲ ထွက်သွားလိုက်တာ"

"... ..."

"ဟုတ်တယ်၊ ဘတ်စ်ကားနဲ့ နှစ်မှတ်တိုင်စာပဲမို့လို့ကွာ ကားနဲ့ဆို သိတဲ့အတိုင်း မီးပွိုင့်ကို တစ်ပတ်ကြီး အောက်က ပြန်ပတ်ဝင်ရမှာ စိတ်မရှည်တော့လို့၊ အေးပါ၊ အခုပြန်ရောက်ပြီ၊ မင်း တစ်ပတ်ပြန်လှည့်ဝင်ခဲ့"

"... ..."





"အေး ... ရတယ်၊ ငါ လုပ်ပေးပါမယ်၊ ဒါပဲ ဟော့ကောင်၊ ဘေးမှာ ဧည့်သည်ရှိနေလို့၊ အေး ... တာ့တာ"

မယ့်မှာ ပြုံးစိစိ ဖြစ်သွားရပါသည်။ မယ့်ထက် အသက်အနည်းအကျဉ်း ကြီးနိုင်သေးတာမို့ အစိတ်နှင့် သုံးဆယ်ကြားဖြစ်မှာ သေချာတဲ့ ကျားကျားလျားလျား ယောကျ်ားကြီးတစ်ယောက်က ဖုန်းချကာနီး သူ့သူငယ်ချင်းကို "တာ့တာ"တဲ့။ ရယ်ရတယ်။

မယ်နှင့် ထိုလူ အဆောက်အအုံကြီးထဲ ဝင်လိုက်တော့ အောက်ထပ်ခန်းမကြီးက ရှိုးရွမ်းမ်ကြီး ဖြစ်နေပါသည်။ တီဗီမှအပ ကျန်တဲ့ အီလက်ထရောနစ်ပစ္စည်းမျိုးစုံကို ခင်းကျင်းထားသည်။ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ဖရီဇာလို အကြီးစားတွေကအစ အာဗင်၊ ကက်ဆက်၊ အဲကူလာလို အလတ်စားတွေ၊ အလယ် မီးပူ၊ ဒရိုင်ယာ၊ ဝေါက်မဲင်လို အသေးစားတွေအဆုံး။ ပစ္စည်းစုံလင်လှသည့် ရှိုးရွမ်းကြီး။

ဒါကြောင့် သူက ဒရိုင်ယာ အသင့်ရှိတယ် ပြောတာကိုး။

"အပေါ်ထပ် လာလိုက်ပါ ခင်ဗျာ"

"အပေါ်ထပ်မှာက ! "

"အပေါ်မှာ ရုံးခန်းပါ၊ ရေချိုးခန်း သုံးလို့ရပါတယ်၊ ပြီး ဒရိုင်ယာတစ်ခု ပေးစမ်းပါဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရွမ်းထဲ ဖြတ်လျှောက်ရင်း နီးရာလူတစ်ယောက် ကို သူက လှမ်းပြောကာ မစောင့်ဘဲ ဆက်သွားနှင့်ရာ နောက် မယ် ပါသွားရပါသည်။ အပေါ်ထပ်တက်ဖို့ အတွင်းလှေကားဟာ ဝိုက်ဝိုက်ကွေ့ကွေ့ သံလှေကားအဖြူကလေး။ အဲဒီကတက်သွား တော့ အပေါ်ထပ်ရုံးခန်း။ ထောင့်တစ်နေရာက တိုင်းလက်ခ ကို သူက ညွှန်ပြကာ ...

"ဒီမှာဝင်ပြီး သန့်ရှင်းလို့ ရပါတယ်၊ ဝင်းမော် ဒရိုင်ယ ပေးလိုက်"

နောက်ကပါလာတဲ့လူက မယ့်ကို ဒရိုင်ယာ တ တသေ ကမ်းပေးပါသည်။ ရောင်းမယ့်ပစ္စည်းအသစ် ဖြစ်မှာ မယ် တိုင်းလက်ခန်းထဲဝင်ကာ သန့်ရှင်းရေး သေချာလုပ်၊ ဒ ယာကို ပလပ်ပေါက်တပ်ပြီး လုံချည်ရေစိုကိုမှုတ်။ ဆယ့်ငါးမိ လောက်ကြာမှ ကျေကျေနပ်နပ် ပြန်ထွက်လာခဲ့ပါသည်။

ခန်းမရဲ့ထောင့်တစ်နေရာ အဝါနုရောင် ဆိုဖာ တွေနှင့် ဧည့်သည်ဧည့်ခံဖို့ ပြင်ဆင်ထားတဲ့နေရာမှာ သူ ထိုင် ပါသည်။ မယ် ထွက်လာတာမြင်လျှင် သူက ထ,ရပ်သည်။ က အပြုံးကလေးနှင့် ထိုနေရာကို လျှောက်လာစဉ် မယ့် ဖြတ်လျှောက်တဲ့ အစ်မတစ်ယောက်က ...

"ဟယ် ... ညီမ"

နက်ပြာရောင်ယူနီဖောင်းနှင့် အဲဒီအစ်မကြီးကို ကလည်း ပြုံးရွှင်စွာ ...





"ဩော် ... အစ်မ ဒီရုံးကလား"

"ဟုတ်တယ်၊ ဒီမှာ အကောင့်တဲန့်တ်လေ၊ ညီမ ဘာလာ လုပ်လဲ"

"ဟို ... ဟိုလူနဲ့ မတော်တဆ တိုက်မိပြီး ချော်လဲတာ နဲ့"

"ဩော်"

မသဇင်က ဒီဘက်လှမ်းလျှောက်လာနေသူကို တအံ့ သြကြည့်ရင်း ...

"ဆရာနဲ့ တိုက်မိလာတာလား ! "

"ကျွန်တော်က သူ့ဖိနပ်နင်းလိုက်မိတာ မသဇင်၊ သူ လဲသွားတော့ ရွှံ့တွေလည်း ပေသွားတာနဲ့ သန့်ရှင်းရေး လုပ်ရအောင် ခေါ်ခဲ့တာ၊ မသဇင် အဲသိလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မက မယ်တို့ဆိုင်မှာ ဆံပင်လုပ် နေကျပါ"

"ဩော်"

"ညီမလေး ဒါ အစ်မတို့ဆရာ၊ ဒီကုမ္ပဏီပိုင်ရှင် အဲမ်ဒီ တာဝန်လည်း ယူထားတဲ့ ဦးစည်သာမောင်မောင်ပါ၊ ဆရာ မယ်က ရှင်ဒွေးမယ်တဲ့၊ Fascination အလှပြုပြင်ရေးဆိုင် ကပါ"

"ဩော် ... ဟုတ်ကဲ့"

မယ်က ခေါင်းကလေးသာ ဆတ်ပြလိုက်ပါသည်။ ...ကိစ္စလည်း ရှိသေးတယ်လေ။ မနက်ခုနစ်နာရီခွဲကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကထွက်လာပေမယ့် အခု ရှစ်နာရီခွဲတော့မည်၊ တစ်နာရီနီးပါ ကြာတဲ့တိုင် ရည်ရွယ်ရာဆီ မရောက်ရသေး။ မောင့်ဆီရောဝ လျှင် ဟင်းလည်းချက်ရဦးမှာ။ မယ့် ကြွပ်ကြွပ်အိတ်ထဲ ပါလာ ပုစွန်တွေတောင် ပုပ်ကုန်တော့မလားပဲ။

မယ်က နာရီလေးတစ်ချက်ကြည့်ရင်း ...

"မယ် သွားစရာရှိလို့ ခွင့်ပြုပါဦး"

"ဒီနေ့က ညီမ ပိတ်ရက်မဟုတ်လား"

မယ်နှင့်မှ ဆံပင်ပေါင်း မျက်နှာပေါင်း လုပ်လေ့ တဲ့ မသဇင်က မယ့် နားရက်ကို သိထားပါသည်။

"ဟုတ်ကဲ့ ... မယ့် နားရက်ပါ၊ ကိစ္စလေးတစ်ခု ရှိလို့ပါ

မယ်က ဦးစည်သာ လက်ထဲက ကြွပ်ကြွပ်အိတ် လက်ကမ်းလိုက်ပါသည်။ သူက အပြုံးကြည်ကြည်နှင့် လှမ်း ရင်း ...

"ဒီနေ့ အဖြစ်အပျက်အတွက် ဆောရီးပါပဲဗျာ"

"ရပါတယ်၊ မတော်တဆပဲဟာ၊ သန့်ရှင်းရေးလုပ်လို ရတော့ ကျေနပ်ပါပြီ၊ သွားလိုက်ပါဦးမယ်၊ သွားမယ် မသဇင်"

"ကောင်းပါပြီ"

မယ်က အောက်ထပ်ဆင်းခဲ့ပြီးလျှင် အပေါ် တစ်ချက်မော့ကြည့်မိသေးသည်။ လှေကားထိပ်က ဝရန်တာလ ရန်းစတီးတန်းကို လက်ထောက်ကာ ရပ်ကြည့်နေတဲ့ ဦးစည်





ဆောင်မောင်ကို မြင်ရသည်။ နှစ်မှတ်တိုင်ခရီးမို့ ဘတ်စ်ကားပဲစီး ပြီး အသွားအပြန်လုပ်တဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးအကြောင်း နေ့ရွှ ကို ပြောပြရဦးမည်။

မီးပွိုင့်နားက ထိုအဆောက်အအုံကြီးမှ နောက်ဘက် ပြန်လျှောက်လာခဲ့ချိန်မှာ မိုးကပြန်ရွာလာသည်။ ခုနက သန့်ရှင်း ခြောက်သွေ့သွားခဲ့တာတွေ အလကားပေါ့။ စိုတိ စိုစွတ် ခြေဖမိုး တွေ ရွှံ့သဲစင်ကာ ထီးကတစ်ဖက်၊ ဈေးဝယ်လာတဲ့ ကြွပ်ကြွပ် အိတ်ကတစ်ဖက်နှင့် မောင့်ရဲ့တိုက်ခန်းရှိရာ လမ်းသွယ်ကျဉ်းထဲ ရောက်လာသည်။

မောင်တို့လမ်းသွယ်က လူရှင်းသည်။ လမ်းရဲ့တစ် ခြမ်းက ခြံတွေများကာ ဟိုဘက်တစ်ခြမ်းက တိုက်ခန်းတွေရှိသည်။ တိုက်ခန်းတွေနဲ့ အထပ်မြင့်တိုက်တွေလည်း သိပ်တော့များများ မဟုတ်။ ဂိုဒေါင်ကြီးလို အဆောက်အအုံနှင့် မြေကွက်တွေကရှိ သေးတာ။ လူသွားလူလာ မများပြားတဲ့လမ်း။ မောင့်တိုက်ခန်းနှင့် မျက်နှာချင်းဆိုင်မှာဆိုရင် လူမြင်ကွင်းကရှင်းကာ ဟိုးအဝေးထိ မြင်ရသည်။

မျက်နှာချင်းဆိုင်မှာ ခြံတွေချည်းမို့ အထပ်မြင့်မရှိ ဘဲ နှစ်ထပ်တိုက်သာရှိတာ။ သူ့ရှေ့မျက်နှာချင်းဆိုင်မှာ တိုက်မြင့် မရှိဘဲ မြင်ကွင်းဒလဟောကျယ်ပြောတာကို မောင်က အင်မတန် သဘောကျသည်။ ဝရန်တာမှာ ထွက်ထိုင်ကာ သီချင်းရေးလို့ ကစ်တာတီးလို့ ကောင်းသည်လို့ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက တဖြည်းဖြည်း ပိုသည်းလာသည်။ အတော်ပါ ပဲ၊ တအားသည်းတော့မယ့် အချိန်မှာ မောင့်အခန်းထဲ ရောက်ပြီ လေ။ ဝေးမှမဝေးတော့တာ။ မယ်သည် ခြေလှမ်းတွေ ပိုသွက်ရင်း မေမေ့စကားသံ တစ်သံကို ကြားယောင်သည်။

"သမီးနဲ့ ဧဋ္ဌ ဘယ်တော့ လက်ထပ်မှာလဲ"

ဒီစကားကို မေမေ မေးတာ သုံးလေးခါမကပြီ။ ပထမစ,မေးခဲ့တာ တစ်နှစ်လောက်ရှိပြီ။ မယ့်အသက်နှစ်ဆယ့် သုံးနှစ်ကျော်စမှာ မေမေ အမှတ်မထင် မေးလိုက်တာ။ ခုဆိုရင် မယ့်အသက် နှစ်ဆယ့်လေးနှစ် ပြည့်တော့မှာလေ။ မေးခွန်းထုတ် တဲ့ မေမေ့မျက်ဝန်းတွေထဲက အရိပ်အယောင်တို့ကို မယ်က ရင် မဆိုင်ချင်၍ မျက်နှာလွှဲခဲ့ကာ ...

"ဧဋ္ဌနဲ့ တိုင်ပင်လိုက်ဦးမယ် မေမေ"

အဲဒီနောက်တော့ မယ်သည် မိန်းကလေးက စတင် မေးဖို့မသင့်တော်ဘူးလို့ လူတကာ ယေဘုယျ သတ်မှတ်ကြတဲ့ စကားတစ်ခွန်းကို မောင့်ကို မာနမထားဘဲ ရိုးရိုးစင်းစင်း ဖွင့်မေး ခဲ့ဖူးပါသည်။

"မောင် ... မယ်တို့ ဘယ်တော့လက်ထပ်ကြမလဲ ... ဟင်"

အဲဒီတုန်းက မောင့်မျက်နှာတွင် စိတ်ရှုပ်တဲ့အရိပ် အယောင်တွေ ဖိစီးဖြတ်သန်းသွားခဲ့တာကို မယ်မမေ့ပါ။ အလုပ် တစ်ခုက မပြီးသေး ဘောကလူက နှင့်အလုပ်က မပြီးသေးဘူး





လား မရသေးဘူးလား မေးတဲ့အခါ လုပ်နေလက်စလူ စိတ်ကျဉ်း ကျပ်သွားရတဲ့ ရုပ်မျိုးပဲဖြစ်သည်။

မောင် မယ့်ကို လက်မထပ်နိုင်သေးတာ မယ် နားလည်ပါသည်။ လက်မထပ်ချင်တာ မဟုတ်ဘဲ လက်ထပ်နိုင်လောက် တဲ့ ရပ်တည်နိုင်မှုမျိုး ငွေကြေးပြည့်စုံမှုမျိုး မရှိသေးတာကြောင့် လက်ထပ်ခွင့် မတောင်းသေးတာကိုလည်း မယ် သိနေသားပဲ။ ဒါကြောင့်လည်း လက်ထပ်စကား သူက စမပြောရလေခြင်းလို့ မောင့်အပေါ် ဖွဲ့မယူရက်ပဲ မယ်ကပဲ မာန်မရှိ မာနမရှိ စ,မေး လိုက်တာ။

မောင်က ဘာမှပြန်မဖြေသံ ထွက်မလာတော့ မယ်က ပဲ စကားဆက်ရသည်။

"မောင့်မှာ အစစအရာရာအတွက် မပြည့်စုံသေးတာ မယ် သိပါတယ်၊ ဒါပေမဲ့ မေမေက မေးနေပြီ မောင်၊ အဲဒါကြောင့် မယ်က မေးကြည့်တာ၊ ချက်ချင်းမဟုတ်ပါဘူး၊ မောင်ဘယ် တော့လောက်မှာ နည်းနည်းပါးပါး စုလို့ရမလဲ၊ ဘုန်းကြီး ကျောင်း ခပ်လတ်လတ်တစ်ခုမှာ ဆွမ်းကျွေးရုံလောက်ပဲ ဆိုရင် အရမ်းမကုန်ကျပါဘူး"

မောင်က မယ့်ကို ကျုံးကာ ကျစ်ကျစ်ပါ ဖက်ထား လိုက်ရင်း ...

"မောင်ကြိုးစားပါ့မယ်၊ မောင် ငွေစုပါ့မယ် ... နော် ... မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရဲ့နောက်မှာတော့ မောင်နှင့် မယ်တို့အကြားက အဓိကပြဿနာမှာ လက်ထပ်ဖို့ မောင် အဆင်သင့်မဖြစ်တဲ့ပြဿနာ ဖြစ်လာသည်။ ဒီတစ်နှစ်အတွင်း "မယ်နဲ့မောင်" ဆိုပြီး အလွန် ချစ်မြတ်နိုးကြတဲ့ ဧဋ္ဌနှင့် ရှင်ဒွေးမယ်တို့ ချစ်သူနှစ်ဦးရဲ့ စကား များကြရတဲ့ အကြိမ်အရေအတွက်ဟာ ကြောက်ဖို့တောင် ကောင်း ပါသည်။ အရင်က တစ်နှစ်နေလို့တစ်ကြိမ် စိတ်မဆိုး စကားမ များခဲ့တဲ့ သူနှစ်ယောက်ဟာ ချစ်သက်တမ်းသုံးနှစ်လောက်ကစပြီး အင်မတန် ရန်ဖြစ်သန်တဲ့စုံတွဲ ဖြစ်လာသည်။

အမှန်အတိုင်း ပြောရရင်တော့ မယ့်မှာ ဆွေမျိုးမိဘ မိသားစုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုတာ မရှိရင် ဧဋ္ဌကို လက်မထပ်ဘဲ ဘယ်လောက်ပဲကြာကြာ စောင့်ဆိုင်းစိတ်ရှည်နိုင် ပါသည်။ ဒါပေမဲ့ လူဆိုတာ အသိုင်းအဝိုင်းနှင့်။ ချစ်သက်တမ်း ရှည်ကြာလာပြီး လက်မထပ်ဖြစ်သေးတာဟာ မိန်းကလေးတစ် ယောက်ကို ဂုဏ်ငယ်စေသည်။ ပတ်ဝန်းကျင်က "သူ့ရည်းစားက သူ့ကို ယူလည်းမယူပါလား"ဆိုတာမျိုး အတင်းပြောမှာကို မခံ ချင်။

အပေါင်းအသင်းတွေထဲမှာ ကိုယ့်လောက် ချစ်သက် မရှည်သေးဘဲ လက်ထပ်သွားကြတဲ့ စုံတွဲတစ်တွဲတိုးလျှင် ရင်ထဲ တစ်ခါ အောင့်သက်နာကြည်းသည်။ လူတိုင်းဟာ ပြည့်စုံနေတာ မဟုတ်ဘဲ။ ဒီလိုပဲ ကြိုးစားလက်တွဲရပ်တည်ကြသည်။ မဖြစ်ဖြစ် အောင် ကြိုးစားလက်ထပ်မယ်၊ လက်ထပ်ပြီးနောက်လည်း အဆင်





ပြေအောင် ငွေကိုကြိုးစားရှာဖွေမယ်လို့ မောင် စိတ်ပိုင်းဖြတ်ဖို့ပဲ ဆိုတာ။

"မင်းကို မျက်နှာမငယ်စေချင်တာကွ၊ မင်းကို ကောင်း ကောင်း ထားနိုင်ချင်တာကွ၊ မင်း ဘာမှ နားမလည် ဘူး"

ရန်ဖြစ်ရင် မျက်ရည်လည်ရွဲနှင့် ဧဋ္ဌ အော်ဟစ်တဲ့ စကားဖြစ်သည်။

"သိတယ်လေ၊ ဒါပေမဲ့ ဒီတစ်သက် ကောင်းကောင်းကြီး ထားနိုင်ဦးမှာမို့လို့လား၊ အဲဒါ ဖြစ်လာနိုင်လို့လား၊ ကောင်း ကောင်းမထားနိုင်သရွေ့ မယူဘူးဆိုရင် ဘယ်တော့ယူနိုင် မှာလဲ၊ ရှင်ကကော ကောင်းကောင်းထားနိုင်တဲ့ အခြေအနေ တစ်ခုကို ရောက်ကောလာဦးမှာလား"

မယ့်စကားတို့သည် သူ့အတွက် အဆိပ်တစ်ခွက်လို ပ်မှာကို သိသော်လည်း ဒါ အမှန်ပဲလေ။ အမှန်ကို ဖုံးဖိပြီး အောင်ပြောမနေချင်တော့ဘဲ စကားလုံးထိအောင် မလှပတဲ့ မှန်တရားကိုပဲ တဲ့တိုးကြီး ပြောချင်တယ်လေ။

"အနုပညာမာန"လို့ သူ့ဟာသူ နံ့ာလည်ကင်ပွန်း ပ်ထားတဲ့ စိတ်တစ်စိတ်နှင့် ဘယ်နေရာမှာမှ ကြာကြာမြဲအောင် ထုပ်နိုင်တဲ့ ဧဋ္ဌကို ဝန်ခံရရင် တစ်ခါတစ်ခါ သူ့ဘက်ကမပါ င်တော့ဘဲ စိတ်ပျက်မိသည်။ တစ်ကြိမ်ဆိုရင် သူများအမှား စ်နိုင်သည်။ နှစ်ကြိမ်ဆိုလည်း သူများအမှား ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကြိမ် ဆယ့်ငါးကြိမ် ဆိုရင်တော့ ကိုယ့်အမှားများဖြစ်နေပလား ပြန်ဆန်းစစ်ဖို့ လိုမလာဘူးလား။

မာန … မာန … မာန ဆိုတာကြီးက နေရာတကာ တိုင်း ထားဖို့လိုအပ်လား။ ရှင့်မာနကို စားလို့ရလား၊ ထမင်းကို စားရမှာ မဟုတ်လားလို့ စိတ်ပေါက်ပေါက်နှင့် မေးချလိုက်တော့ ဆတ်ဆတ်ခါ ပေါက်ကွဲကာ မယ့်ကို နင်ပဲငဆ တိုင်းထွာဆဲဆို တဲ့အထိ သူ အထိနာသည်။

ဆိုင်မှာသီချင်းဆို ဂစ်တာတီးတဲ့အလုပ်က ဝင်ငွေ မနည်းပေမယ့် အချိန်တိုနှင့်ပြုတ်လိုက်၊ အလုပ်ပြန်မရလိုက် ကျန်တဲ့ငွေ ထိုင်စားလိုက်၊ အလုပ်တစ်ခု ထပ်ရလိုက်၊ နှစ်လ သုံး လနေ ထွက်လိုက်၊ နှစ်လလောက် ပြန်ထိုင်စားလိုက်နဲ့ လုပ်နေ နဲ့ ငွေ ဘယ်လိုစုမှာတဲ့လဲ။

ရံဖန်ရံခါတွင် မယ်သည် ဇေဌ္ဌကိုနာကြည်း၍ ရံဖ ရံခါတွင် သနားကရုဏာသက်မိသည်။

စိတ်ပေါက်နေတုန်းမှာ မုန်းတီးနာကြည်းပြီး သ စိတ်နာအောင် ပြောထွက်မိသည်။ မယ့်စိတ်ကြည်လင်နေချိန်မှ တော့ သူ့ကိုသနားကာ တော်ရုံနှင့်ပြဿနာမရှာမိပြန်ပေ။ ဒီလိုနှ မယ်တို့အချစ်ရေးဟာ ဇာတ်မျော။ သေချာလှတာ တစ်ခုကတေ မယ် ဇေဌ္ဌကို အသည်းနင့်အောင် ချစ်တာ။ ဇေဌ္ဌကလည်း မ ကို အသက်ပေးမတတ် ချစ်တာ။ (မာနကိုတော့ မပေးနိုင်လို့ ဆိုသည်)။





ဒီမိန်းမကို တကယ်ချစ်ရင် ကိုယ့်မာန ကိုယ့်အတ္တ တို နောက်တန်းပို့ပြီး ဒီမိန်းမနဲ့လက်တွဲရဖို့ လိုရင်းပဲလို့ သဘော ထားနိုင်ဘူးလား။ ဒါဟာ မယ်နှင့် ဇေဌ္ဌ ကြားက ကြီးမားတဲ့ ပြဿနာပင်။ သို့ပေမဲ့ မယ်တို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်လည်း မပြတ်နိုင်ခဲ့ကြ။ ရင်နာနာနှင့် ချစ်နေကြဆဲ။

ဇေဌ္ဌ ရင်ထဲလည်း တစ်ခါတစ်ရံ မယ့်ရဲ့မညှာမတာ ငြီးစိုးပက်စက် ထိုးနှက်တိုက်ခိုက်တဲ့ စကားတို့ကို သူ့ကို အထင် သေးတယ်၊ သူ့ကိုနှိမ်တယ်၊ သူ့ကို ချိုးခြေတယ်ရယ်လို့ နာကြည်း ခါးသီးသွားခဲ့တာတွေရှိတာ မယ်သိသည်။ ဘယ်လောက်ပြဿနာ ရှိ အချိန်တန်ရင် မတွေ့ရ မနေနိုင်ကြကာ တစ်ယောက်တစ် ည့် ပြန်ချော့ပြီး ကျေအေးခဲ့ကြရပါသည်။ လွန်ခဲ့တဲ့နှစ်ရက် ပဲ ဒီကိစ္စအတွက် ထပ်မံပေါက်ကွဲ အော်ဟစ်ခဲ့ကြသေးတာပဲ။

တကယ်တော့ ဒီနေ့ မောင့်ကို မယ်မလာဘူးပြော ားပြီးတာ ရှေ့တစ်ပတ်ကတည်းက။ မယ့် နားရက်တိုင်း ာင့်ထံ မပျက်မကွက် လာနေကျပေမယ့် ဒီနေ့က မေမေ့မျက်စိ ို့ ဆရာဝန်ကြီးထံ ရက်ချိန်းယူထားတာ။ သို့ပေမဲ့ မနေ့က မေ သွေးတိုးလာသည်။ မေမေ့မှာ သွေးတိုးရောဂါရှိသည်။ ီးချိုလည်း နည်းနည်းရှိသည်။ မျက်စိခွဲဖို့ ဆီးချိုကို ချိန်ပြီးချ ားရတာ။

မနေ့ကတော့ သွေးလည်းတိုးနေ ဆီးချိုလည်း er Limit ဖြစ်နေတော့ ဆရာဝန်ကြီးက ခွဲစိတ်ဖို့ကို နေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ကို ရွှေ့လိုက်ပါသည်။ အိမ်မှာ မယ်တို့နှင့် အရင်ကတည်
က အတူနေတဲ့ တောအရပ်က မေမေ့ညီမဝမ်းကွဲ ဒေါ်ပြုံးကလည်
ရှိနေတော့ ခွဲစိတ်ဖို့ ပျက်သွားတဲ့အခါ မယ်က ဖေဖွေဆီ သွားလိုက
ပါ့မယ်လို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

အဲဒါကြောင့် မယ်လာလိမ့်မယ် မထင်တဲ့ ဖေဖွေ
ခုချိန်ထိတောင် အိပ်ရာက နိုးလိမ့်မယ်မထင်။ လှေကားထစ်များ
ကို ဖြည်းဖြည်းနားရင်း တက်လာရင်းက လက်ထပ်ဖြစ်ပြီးခဲ့ရင်
ရတော့ ဒီလောက်မြင့်တဲ့ အခန်းမျိုး မငှားမှလို့ တွေးမိသည်။ သူ
စိတ်မချမ်းသာမှာစိုးကာ ပေါ့ပေါ့ပါးပါး တက်နိုင်သယောင် ဟန်
ဆောင်ထားပေမယ့် ခြေသလုံးတွေ ပေါင်တွေ ညောင်းအောင်
မနည်း တကုန်းကုန်း တက်ရတာကို မယ် စိတ်ညစ်လှသည်။

အင်း ...။ တကယ်လို့ လက်ထပ်ဖြစ်ရင်တော့
အိမ်တောင်ငှားနေဖို့ မလိုတော့ဘူး ထင်ပါရဲ့။ မယ်တို့တိုက်ခန်း
ကိုပဲ ဖေဖွေကို ခေါ်ထားလိုက်ရတော့မှာ မဟုတ်လား။ မေမေရယ်
မယ့်ရယ်၊ ဒေါ်ပြုံးရယ်ပဲ ရှိတာဥစ္စာ။ တကယ်တော့ ဖေဖွေဟာ
အလကားနေရင်း ပိုက်ဆံမပေးရတိုင်း နေရာတကာ မာနထေ
မွေးမြူနေလို့သာပါ။ ဖေဖွေရဲ့ဖေဖေ ဒေါက်တာဦးသီဟဟာ ကို
ပိုင်ဆေးခန်းနှင့် ဝင်ငွေကောင်းပါသည်။

နောက်အိမ်ထောင်နှင့် သားငယ်လေးတစ်ယော
ထပ်မွေးထားပေမယ့် ဒီသားကြီးကို မင်္ဂလာကိစ္စ ဆောင်ရွက်မပေ
တော့ဘူးတဲ့လား။ နေစရာ ထိုင်စရာ တိုက်ခန်းကလေးမှ စီ





ပေးတော့ဘူးတဲ့လား။ ဒါ သူ့သားပဲလေ။ အန်ကယ် ဦးသီဟ
ဟာ စိတ်သဘောလည်း ကောင်းသူပါ။ ဖေဖွေကသာ ကလန်တန်
ဆန် ဂျစ်ကန်ကန် လုပ်နေတာ။

မယ်သည် သက်ပြင်းလေးတစ်ရှိုက်နှင့် နောက်ဆုံး
လှေကားတစ်ဆင့်ကို ဆက်တက်ပြီး ဖေဖွေရဲ့အခန်းတံခါးဝကို
ရောက်လာကာ Bell လေးကို ဖိနှိပ်လိုက်ပါသည်။ အဲဒီ Bell ကို
လည်း မယ်ပဲ ဝယ်လာပြီး တပ်ထားပေးခဲ့တာ။ အိပ်ပုပ်ကြီးလှတဲ့
ဖေဖွေကို တံခါးရိုက်ထု နှိုးနေလို့ကတော့ မျက်နှာချင်းဆိုင်အခန်း
ကပါ တံခါးဟကြည့်ပြီး မှတ်ပေတော့။

သူကတော့ ထ,မလာ။

"တီး ... တောင်"

အမယ် ...။ နှစ်ချက်လောက်နှင့် ပွင့်လာမည်မထင်
တဲ့ တံခါးဟာ ရုတ်တရက် ပွင့်လာ၍ မယ်ပင် အံ့အားသင့်
သည်။

"ဟင်"

ထို့ထက်ပို အံ့အားသင့်ရသည်ကား ...။

"ဟင်"

သူကလည်း ကိုယ့်ကိုအံ့သြ။ ကိုယ်ကလည်း သူ့ကို
အံ့သြ။ သူ့ကိုလည်း ကိုယ်မြင်ဖူးသလို ကိုယ့်ကိုလည်း သူမြင်
ဖူးမှာ သေချာတဲ့ "မိုးမမ"။

"ရေချိုးနေ့လား၊ အံဆွဲထဲမှာ နှစ်ရာတန်နှစ်ရွက် ယူပေးလိုက်"



www.burmeseclassic.com

"မတော့ဘူး"

မိုးက အတွင်းက ထွက်လာတဲ့ ဇေဌရဲ့အသံ
လှည့်ကာ အဖြေပေးလိုက်ရင်း မယ်ကို စိတ်ကျဉ်းကျပ်သလိုကြည့်
ကာ တံခါးသော့ကို ဖွင့်လိုက်ပါသည်။ မယ်သည် ရေစိုထီး
တစ်ဖက်၊ ကြွပ်ကြွပ်အိတ်ကိုတစ်ဖက် ကိုင်ထားရင်း အင်အားချည့်
ကာ ယိုင်မလို ဖြစ်လာသည်။ ခုနစ်ထပ်ထိ တက်ခဲ့တုန်းက သိ
ညောင်းတယ် မထင်ခဲ့တဲ့ ဒူးတွေဟာ ခွန်အားမရှိဘဲ ညွတ်ခွေက
မတတ် ချောင်ကုန်သည်။

ဘာစကားမှ မပြောနိုင်ဘဲ မိုး ဖွင့်ပေးလိုက်တ
သံဂန်းတံခါးမှလည်း မဝင်မိသေးဘဲ ကြက်သေ,သေနေတုန်းပင်
ရင်ဘတ်ထဲမှာ ရေနွေးအိုး ကျိုက်ကျိုက်ဆူကြီး ဝေကျလာသလ
ပူလောင်ကာ ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်အောင်။ အသက်ရှူ
က ကျယ်လောင်ပြင်းထန်လာကာ သောကမီး ဒေါသမီးတွေ လ
တစ်ကိုယ်လုံးကို လောင်မြိုက်ကုန်သည်မှာ ဆောက်တည်ရာ မ
အောင်ပင်။

"ရှိတယ် အစ်မ၊ ဝင်လေ"

မယ်သည် "နင်က ဘာလုပ်နေတာလဲ"ဟု အော်မေ
တော့မိမလို ကိုယ့်ကိုယ်ကိုယ် မနည်းထိန်းချုပ်လိုက်ရသည်
သူ့ကို မယ် ဘာမှပြောမပိုင်။ သူဟာ မယ့်အပေါ် ဘာသစ္စာ
နံမထား။ မယ် ပြောရမှာ ဇေဌကို။ တာဝန်ရှိတာဟာ ဇေဌမှာ





င် အိမ်ထဲလှမ်းဝင်လိုက်ချိန်မှာ မိုးက မီးဖိုဘက်တောက်လျှောက်
င်းဝင်သွားတော့သည်။

ဘာအခန်းမှ ဖွဲ့မထားတဲ့ Hall ခန်းထဲမှာ ရေမြှုပ်
ရာပါးခင်း၍ အိပ်တဲ့အိပ်ရာဟာ မသိမ်းတာက များနေရာ
ာ်ကပဲ "မြင်လို့မကောင်းပါဘူး မောင်ရယ်"လို့ဆိုကာ ညှော်
လိုနေရာချန်ပြီး အပေါ်ဆုံးထပ်မို့ မျက်နှာကြက်အောက်မှာ
တဲ့ Beam ကွန်ကရစ်တန်းကြီးမှာ ခန်းဆီးကြီး ရအောင်တန်း
အဖြူပေါ် ခရမ်းပြာပွင့် ခန်းဆီးကြီး ကာရံပေးခဲ့ပါသည်။

ခန်းဆီးကြီးကို ဘေးဆွဲကပ်လိုက်လျှင် ရှေ့ကနောက်
လျှိုးပေါက် Hall ။ ခန်းဆီးကို ဆွဲပိတ်ထားလိုက်ရင်တော့
ရဲ့အိပ်ရာ ခေါင်းအုံးတို့ကို မမြင်ရတော့ဘူးပေါ့။ အခု အဲဒီ
ဆီးနောက်မှာ ဇေဌ။ မိုးက မီးဖိုဘက် ဝင်သွားရင်း ဇေဌ
ည့်ဘက် တစ်ချက်လှမ်းကြည့်ကာ ပခုံးကို တစ်ချက်တွန့်ပြသွား
သည်။

အလကား မိန်းမ။ အကျင့်မကောင်းတဲ့ မိန်းမ။
သီချင်းဆိုတဲ့ဆိုင်တွေတွင် နှစ်ဆိုင် ... သူတို့နှစ်ယောက်ဆုံဖူး
ည်။ ဇေဌကလည်း ဒီဆိုင်က ဟိုဆိုင် ပြောင်းတတ်သူ။ အဲဒီမိုး
ည်း မိန်းကလေးရယ်လို့ မြိမြိစွဲစွဲ ခြေငြိမ်ငြိမ်မရှိဘဲ ဇေဌ
ာက် မပြောင်းသော်လည်း သူလည်းပဲ အရွေ့အပြောင်း များ
သူ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ဆိုင်မှာ ဆုံကတည်းက သူတို့ချင်း ရင်း
ကြတာကို မယ် သိခဲ့တော့ ဇေဋ္ဌကို ပြောသည်။

"အဲဒီကောင်မလေးကို မယ် မကြိုက်ဘူး မောင်"

"ကျွတ် ... မယ်ရာ၊ ဘာစာရင်းမှ မရှိဘူး"

"ပြီးတာပဲ"

တကယ်လည်း စာရင်းမရှိတဲ့ ရှိစရာမလိုတဲ့ ကော
မလေးမျိုးပါ။ ပေါ့တီးပေါ့ရုပ်နှင့် ဝတ်စားပုံကလည်း လျှပ်
လော်လီ။ ယောကျ်ားလေးတွေနှင့် နေပုံထိုင်ပုံ ရဲတင်းရင်းနှီးလွ
သည်။ ဇေဋ္ဌကိုဆိုရင် ပခုံးနဲ့ဝင်တိုက်လိုက်၊ ဖိနပ်နင်းထားပြီး
လိုက်။ မျက်လုံးကလည်း ကစား။ ကပ်စ်တမ်မာတွေထဲမှာ
သူ့ဖောက်သည်တွေ အများသားပင်။

အဲဒီဆိုင်က မောင် ပြောင်းလိုက်တော့ မယ် သ
မောကျရသည်။ တော်ပါသေးရဲ့ပေါ့။ နောက်လေးလလော
အကြာမှာ အဲဒီ မိုးမမနှင့် ဆိုင်တစ်ဆိုင်မှာ သွားဆုံစည်းကြ
ရော။ သူတို့ချင်း ရင်းနှီးကြတာ သေချာသည်။ မယ် သိသ
ဇေဋ္ဌ ဆိုတဲ့ မောင်ဟာ သူ မဟုတ်တာ မလုပ်ရင်ပြီးရော
ပုံနှင့် ကင်းကင်းမနေ။ ဆက်ဆံစရာရှိ ဆက်ဆံရမှာပဲ ဆိုတာ

ဂစ်တာသမားနှင့် အဆိုတော်ကိုလည်း လုံးဝစ
မပြောနဲ့လို့ တားမြစ်ဖို့ခက်ရာ မယ်သည် ဘာမှမဟုတ်ရင် ပြီး
ဆိုတဲ့ ဖြေသိမ့်ခြင်းတစ်မျိုးနှင့် သူတို့ချင်း ရင်းနှီးခင်မင်တ
လျစ်လျူရှုထားရပါသည်။ မယ်နှင့်လည်း ဆုံစရာအကြော





တာမဟုတ်ဘူးလေ။ မယ်က ဇေဋ္ဌ ဆိုင်သစ်တစ်ဆိုင်ပြောင်းလျှင်
ဆိုင်ကို ရောက်ဖူးရဲ့ နှစ်ကြိမ်လောက်တော့ ပါသွားဖူးတတ်
သည်။

တစ်ကြိမ်ကမျှ တစ်ပတ်နှင့် ထွက်ပစ်တဲ့ဆိုင်လည်း
ရာ အဲဒီဆိုင်ကိုဆိုရင် မယ် မရောက်ဖူးလိုက်။

"ဟဲ့ ... မိုး၊ ဘယ်သူလဲ"

"ကိုဇေ၊ ထကြည့်လိုက်"

ဟိုမိန်းမကလည်း ရှင်ဒွေးမယ်ဖြင့် ရှင်ဒွေးမယ်
တ်ပြတ်မဖြေ။ ကသော့နေသေးသည်။ မယ်သည် ခုထိ မွေ့ရာ
ါ် လူးလိမ့်နေတုန်း ဖြစ်ပုံရတဲ့ မောင့်ကို စောင့်မနေနိုင်တော့။
က်ထဲက ထီးရော ကြွပ်ကြွပ်အိတ်ထုပ်ရော ဖယောင်းပုဆိုးပေါ်
ချလိုက်ကာ ကိုယ်တိုင်တပ်ပေးထားတဲ့ ခန်းဆီးစကြီးကို ဒေါသ
ကြီး ဆွဲဖယ်ပစ်လိုက်သည်။

ဒေါသနှင့်မို့ ထင်သည်။ ခန်းဆီးက ရှောရှောရှူရှူ
းကို ကပ်မသွားဘဲ ကျပ်နေရာ မယ့်ဒေါသကို ဆွသလိုရှိပြီး
က အားနှင့် အတင်းဆောင့်ဆွဲပစ်လိုက်ရာ ခန်းဆီးကြီးက
ပြီး ခန်းဆီးကြီး လုံးထွေးကျလာသည်။

"ဟာ ... မယ်"

မွေ့ရာပေါ်က ဇေဋ္ဌက လူးလိမ့်၍ ထလိုက်ပါသည်။
းဘောင်းဘီသာရှိပြီး အပေါ်ပိုင်း အဝတ်ဗလာ။ သူ့ဆီလာတိုင်း
လို သူ့ကို နှိုးယူရတာမို့ အိပ်ရာထဲက ထွက်ထွက်လာတဲ့သူ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အပေါ် ကိုယ်ဗလာကို ထူးပြီးမဆန်းပါ။ ခုလည်း သူ့
နီးရာအကျီတစ်ထည်ကို ဆွဲကောက်စွပ်ချလိုက်သည်။

ဟိုအရင်တွေကလိုပဲလေ။ မယ် ရောက်လာမှ အ
စွပ်ချလိုက်တာ။ ဒါပေမဲ့ မတူဘူးလေ။ မယ်သည် နိမ့်ချည်မြင့်
ဖိုလိုက်လှိုင်းထန်လာတဲ့ရင်နှင့် အသက်ပြင်းပြင်း ရှူနေရင်း လ
သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ကာ ...

"ဒါ ဘာလုပ်တာလဲ ဇေဌ"

"ကျွတ် ... မယ်ရာ"

"ငါ့နာမည် မခေါ်နဲ့၊ နင် ဒါဘာလုပ်တာလဲ ဖြေ"

"မယ့်ကို မောင် ပြောပြီးသားလေ၊ ဘာစာရင်းမှ မရှိ

"ဘာ"

မယ်သည် လက်ထဲ ယောင်ယမ်းဆုပ်ကိုင်ထား
ခန်းဆီးကြီးနှင့် သူ့ကို လုံးထွေးလွှဲယမ်းရိုက်လိုက်သည်။ ခန်း
ကြားထဲ ရောပါနေတဲ့ စပရင်အမာပေါ် ပလတ်စတစ်စ,အုပ်
သည့် ခန်းဆီးကြီးစက ကြာပွတ်နှင့် သူ့ကို လွှဲရိုက်လိုက်သ
ဖြစ်ကာ ရှပ်ခနဲ ဇေဌ ပါးပြင်ကို ပွတ်တိုက်ဖျဉ်း နီမြန်းသွား
သည်။

ဇေဌက ပါးကို တစ်ချက်ပွတ်လိုက်ကာ သွေးထွ
သွားသလား လက်ကိုပြန်ကြည့်လိုက်ရင်း မယ့်ကို စိုက်ကြည့်သ

"ဘာဖြစ်လို့ ငါ့ကို လေသံတိုးတိုးလေးနဲ့ လာပြောနေတာ ... ကို
အဲဒီစကားလည်း လာမပြောနဲ့၊ မကြိုက်ဘူး၊ ငါ ...





လုံးဝမယုံကြည်နိုင်ဘူး၊ နင် မိုက်ရိုင်းလှချည်လား ဇေဌ၊
ဟင် ! နင် အောက်တန်းကျလှချည်လား"

မယ်သည် ပလုံးပထွေး အော်ဟစ်ရင်း မျက်ရည်တွေ
... ကျလာသည်။

"ငါမလာဘူး ပြောထားလိုက်တာနဲ့ ဖြစ်ချင်သလို ဖြစ်နေ
တော့တာပဲ၊ ဟင် ! ဒီလောက်တောင် နင်တို့ အောက်တန်း
စား ဆန်လား၊ ဟိုအရင်တွေတုန်းကလည်း ငါမလာပဲ ငါ
မသိဘဲ နင်တို့ ဘယ်လောက်တောင် ဖြစ်နေကြသလဲ ဟင်"

"ဘာမှမဖြစ်ဘူး"

"ပါးစပ်ပိတ်၊ အလကားကောင်"

"မယ်"

"မိန်းမတစ်ယောက်ကို အဖြစ်ရှိအောင်တောင် လက်ထပ်
ယူနိုင်ဖို့ အရည်အချင်း မရှိတဲ့ကောင်၊ အဲဒါ အလကား
ကောင် မဟုတ်လို့ ဘာလဲ၊ မပြောချင်လို့ ငြိမ်နေတာ၊
မျက်နှာထောက်လို့ ကြည့်နေတာ၊ ပါးစပ်ကမထွက်လို့
သိရဲ့လား၊ ငါ့ရင်ထဲမှာ သိပြီးသား၊ နင် အလကားကောင်
ဆိုတာ"

"ဟာ ... တောက် ... အား"

ဇေဌက လည်ချောင်းခြစ်သံကြီးနှင့် အော်ကာ နံရံ
... ကို လက်သီးနှင့်ထိုးထည့်လိုက်ပါသည်။ အသည်းခိုက်အောင်
... ကျင်သွားတဲ့ လက်ဆစ်တွေကို အုပ်ကိုင်လျက် ရှုံ့မဲ့သွားရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် ... သိတယ်၊ မင်း ငါ့ကို အထင်သေးတာ သိတယ်၊ မင်း ဒါတွေ ပြောချင်နေတာ ကြာလှပြီမဟုတ်လား၊ မင်းစိတ်ရင်းကို အပေါ်ယံက သကာလေးအုပ်ပြီး ဖုံးဖိပြီး ငါ့ကို ဟန်လုပ်ဆက်ဆံနေတာ ငါသိတယ်၊ မင်း ငါ့ကို စိတ်ပျက်နေပြီ၊ ငါသိပါတယ် ရှင်ခွေးမယ်ရဲ့"

"အေး ... အဲဒါဘာဖြစ်လဲ၊ ဟုတ်တယ်၊ စိတ်ပျက်တယ် နင့်ကို၊ လက်ထပ်ခွင့်လေးတောင် တောင်းဖို့ အဖြစ်မရှိတဲ့ယောက်ျား၊ အမြဲမွဲနေတဲ့ယောက်ျား၊ နင့်မာနတွေနဲ့ နင် ဗိုက်ပြည့်နေပေမယ့် မိန်းမတစ်ယောက်ကို ဗိုက်ပြည့်အောင် တောင် မကျွေးနိုင်မယ့် ယောက်ျား၊ ငါကတောင် ပြန်ကျွေးနေရတာ၊ နင့်မှာ လိုတာတောင် ငါ ဝယ်ပေးနေရတာ"

မယ်သည် ရင်တွေနိမ့်ချည်မြင့်ချည်နှင့် မျက်ရည်တွေဘောကိုလွှင့်စဉ်ခါထွက်ကုန်အောင် ဒေါသတကြီး ကုန်းအော်နေမိပါသည်။

ရင်ထဲ ပူပြင်းကာ သင်းမျက်နှာကို မကြည့်ချင်အောင် ရွံရှာလိုက်သည်မှာ မပြောပါနှင့်တော့။ စိတ်လိုက်မာန်ပါ ရက်ရက်စက်စက် ပြောနေတဲ့ မယ့်စကားများကြောင့် ဖေ့ခွသည်လည်း တဆတ်ဆတ် တုန်ယင်အောင် သွေးတွေဆူပွက်နေပါသည်။

"အေး ... အဲသလို နင် အသုံးမကျတာကို ငါ ခွင့်လွှတ်ထားတယ်၊ မသိကျိုးကျွန် ပြုထားတယ် ဖေ့ခွ၊ နင် ... နင်





ရက်စက်လှချည်လားဟင်၊ နင် အောက်တန်းကျလှချည်လားဟင်၊ ငါမလာဘူး ငါလစ်ပြီဆိုပြီး တစ်ခါတည်း နင် နင် ...၊ တန်းပြီး မိတာပဲ၊ ငါ့မှာတော့ ... ငါ့မှာတော့ ..."

မယ်သည် ကြွပ်ကြွပ်အိတ်ကို လှည့်ကောက်ဆွဲကာ ဖေ့ခွ ရင်ဘတ်ကို လွှဲရိုက်ပစ်ရင်း ...

"နင့်ကို ချက်ကျွေးဖို့ ဝင်ဝယ်လာရသေးတာ၊ မိုးထဲလေထဲ နင့်ကို စေတနာတွေ ပေါက်နေသေးတာ"

ကိုင်းပြတ်ထွက်ကျကုန်တဲ့အထဲက ကန်စွန်းရွက်စည်းကို ကောက်ကာရိုက်၊ မှိုထုပ်နှင့် ကောက်ပေါက်၊ ကြာဆံထုပ်နှင့် ပေါက်၊ ပရမ်းပတာပေါက်ကွဲနေတဲ့ မယ့်ကို ဖေ့ခွက မျက်နှာငံ့နီရဲတင်းမာကြီးနှင့် စိုက်ကြည့်နေသည်။

မိုးမမသည် မီးဖိုထဲက ထွက်လာကာ မျက်နှာမသာမယာနှင့် ...

"မနေ့က အဒေါ်နဲ့ စိတ်ဆိုးလာလို့ အဒေါ်အိမ်ပြန်မအိပ်ချင်လို့ သူ့ကို အတင်းအကျပ် ဂျိကျပြီး မိုး လိုက်လာတာပါ"

"မပြောနဲ့"

မယ်က မိုးထံ လက်ညှိုးတစ်ချောင်းညွှန်ကာ လေသံကို နှိမ့်ချရင်း ...

"ကျေးဇူးပြုပြီး မရှင်းပြပါနဲ့၊ မင်းနဲ့ တို့နဲ့ ဘာမှမဆိုင်ဘူး၊ အမေးအဖြေ လုပ်နေစရာလည်း အကြောင်းမရှိဘူး မိုး"



www.burmeseclassic.com

www.burmeseclassic.com



မိုးက သက်ပြင်းတစ်ချက်ချကာ မီးဖိုထဲ ပြန်လှည့်ဝင်သွားသည်။ မယ်သည် ခြောက်ကပ်နေတဲ့ လည်ချောင်းထဲ တံတွေးထပ်ကာထပ်ကာ မျိုချကာ မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

"မောင် ခုတလော ဘယ်လောက်တောင် စိတ်ဓာတ်တွေကျ၊ စိတ်ညစ်ရသလဲ မင်း သိရဲ့လား မယ်၊ မင်းမသိပါဘူး"

မယ်က မျက်နှာပေါ်မှလက်ကို ဆတ်ခနဲဖယ်ကာ...

"ပါးစပ်ပိတ်စမ်းပါ၊ တွေ့ကရာ ပလီစီချောက်ချက် ငါ့ကိုလာမပြောနဲ့၊ ရောထွေးဆွဲလုံးမချနဲ့"

"ငါ တကယ်ပြောနေတာ၊ မင်း လက်ထပ်ဖို့ ပူဆာတိုင်း..."

"ဘာဆိုင်လဲ၊ အဲဒါနဲ့ အခုဟာ ဘာဆိုင်လဲ"

"ငါ့စိတ်တွေ ဓာတ်ပျက်တယ်ကွ"

ဇေဌက ကျုံးအော်သည်။

"သေလိုက်လေ၊ မိန်းမယူနိုင်လောက်အောင် အစွမ်းအစရှိရှိဖင်မြဲမြဲ အလုပ်မလုပ်နိုင်လို့ နင့်ဟာနင် ဓာတ်ပျက်ရင်နင်သေလိုက်ပေါ့၊ ငါ မငိုဘူး၊ နင်လို အလကားကောင်တစ်ယောက်သေလည်း ငါ မနမြောဘူး ဇေဌ"

"မယ် ...၊ မင်းနော် ... ငါ့ကို မှိုချိုးမျှစ်ချိုး မပြောနဲ့နော်"

"ပြောတယ်လေ၊ ပြောတော့ ဘာဖြစ်လဲ၊ အရည်အချင်းကမရှိ၊ လူကမွဲ၊ သစ္စာကမဲ့၊ အောက်တန်းကကျ၊ ပြောတော့





ဘာဖြစ်လဲ၊ မွဲတာကို ငါ ခွင့်လွှတ်နိုင်တယ်၊ ငါ့ကိုသစ္စာမဲ့ပြီး အကျင့်ယုတ်တာကို ခွင့်မလွှတ်နိုင်ဘူး၊ တော်ပြီ၊ နင်နဲ့ ငါ ဒီနေ့ ဒီနေရာ အပြီးအပြတ်ပဲ ဇေဌ"

မယ်သည် ကြမ်းပေါ်ပြုတ်ကျနေတဲ့ စလင်းဘက်ဂ်အိတ်ကို ကောက်လွယ်ကာ ချာခနဲလှည့်ထွက်ရင်း မျက်ရည်တွေကြမ်းကြမ်းတမ်းတမ်း သုတ်ပစ်လိုက်သည်။ ရင်ထဲမှာ နာနေသည်။ နင့်နေသည်။ လုပ်ရက်လိုက်လေ။ စဉ်းစားရုံနှင့် အော့နှလုံးနာလာသည်။ ကိုယ်တိုင်တောင် မြေမျိုခံလိုက်ချင်အောင် လောကကြီးကို စက်ဆုပ်စိတ်ကုန်သွားပါသည်။

"မယ်"

တံခါးဝမှ မယ့်ကို ဇေဌရဲ့လက်တစ်ဖက်က လက်မောင်းမှဆွဲ၍ အခန်းထဲ ပြန်သွင်းလိုက်သည်။

"မင်း မသွားနဲ့၊ မသွားရဘူး၊ ငါပြောတာ နားထောင်ဦး"

"နားထောင်စရာ အကြောင်းကိုမရှိဘူး၊ လွှတ်စမ်း ဇေဌ"

"မလွှတ်ဘူး"

"နင် မလွှတ်ဘူးလား"

"မလွှတ်ဘူး"

"နင် ငါ့ကို အပေါစား အလွယ်စား နင်ပတ်သက်ဖူးတဲ့မိန်းမတွေလိုမျိုး ထင်နေသလား ဇေဌ"

မယ်က လက်ကိုဆောင့်ရုန်းရင်း တစ်ပြိုင်နက်ဇေဌရဲ့ပါးပြင်ကို မိမိရရ တစ်ချက် လက်သီးနှင့် လွဲရိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်သီးနဲ့ထိုးတာလည်း မဟုတ်၊ လက်ဝါးနဲ့ ပါးရိုက်တာလည်း မဟုတ်။ လက်သီးဆုပ်နှင့် လွဲရိုက်ပစ်တာဖြစ်ရာ အားပြင်းလှ၍ ဇွေ့ ထူပူလည်ထွက်သွားပါသည်။

"ဒီမှာ ... နင့်ကို အပြတ်ပြောခဲ့မယ်၊ နင့်ကို ငါ ဒီနေ့အပြီးပဲ၊ လုံးဝခွင့်မလွှတ်ဘူး၊ နင့်ကိုလည်း ဘယ်တော့မှ မယူနိုင်တော့ဘူး၊ ဘာမှမပတ်သက်တော့ဘူး"

မယ့်အသံက ရှိုက်သံအစွက်စွက် တုန်ယင်နေသည်။

"မင်း လုပ်ချင်တိုင်း လုပ်လို့ရမလား"

"ရတယ်"

"မင်း ငါ့ကို စိတ်ပျက်နေတာ ငါသိပါတယ် မယ်ရယ်၊ မင်း လိုချင်တာတွေ ငါမဖြည့်ဆည်းနိုင်တဲ့အတွက် မင်း စိတ်ပျက်လာတာ ဖြတ်ချင်နေတာ ငါသိပါတယ်၊ မင်းကို ပွဲလယ်တင့်တင့် ရွှေပုံပေါ် မထားနိုင်တဲ့ ယောက်ျားကို မင်း အထင်သေးလာတာ စွန့်ပစ်ချင်လာတာ ငါသိပါတယ်၊ မကောင်းတတ်လို့ မင်း မေးပြီးဆက်တွဲနေရတာ၊ ဒါတွေ ရိပ်မိလို့ ငါ့ရင်တွေနာပြီး အသည်းတွေ ကွဲကြေနေရတာပါ"

"သေလိုက်လို့ ငါ ပြောပြီးသား"

အပြစ်ကြီးက သူ့အပြစ်ကြီး။ မျက်ဝါးထင်ထင် သက်သေထင်ရှား။ ဒါကို သွေးရူးသွေးတန်းနှင့် မဆီမဆိုင်တွေ ဆွဲဖွဲ့ထည့်ပြောပြီး မယ့်ကြောင့်ပဲ သူ ဖြစ်ချင်ရာဖြစ် လေလွင့်ရသလိုလို လွှဲချပြီး သူ့ကိုယ်သူတော့ အပြစ်ကို ဖော့ချင်တဲ့ ဇွေ့





ကို ရှည်ရှည်ဝေးဝေး ပြန်ရန်တွေ့မနေချင်တော့။ စိတ်နာသည်။ အသည်းနာသည်။ မုန်းသည်။ စက်ဆုပ်သည်။ ရွံသည်။ မျက်နှာတောင် မကြည့်ချင်။

ယုံလည်း မယုံကြည်နိုင်။ လက်ခံလိုက်ရတဲ့ ကိုယ့်ဘဝကိုယ် မြေမြှုပ်သင်္ဂြိုဟ်လိုက်ချင်သည်။ မျက်မြင်တွေ့လိုက်ရတဲ့ ကိုယ့်မျက်ဝန်းတွေကို ကိုယ် ဖောက်ထုတ် ကလော်ကာ လွှင့်ပစ်လိုက်ချင်သည်။

"မင်း ထွက်သွားရင် အပြတ်ပဲနော် မယ်၊ ငါ လိုက်ရှင်းပြ ချော့မော့မယ် မထင်နဲ့"

မယ်က ကျောခိုင်းရာမှ တစ်ချက်ပြန်ကြည့်ကာ တကယ်ကို ရယ်ချင်လာစိတ်နှင့် ...

"ဟား ဟား ... သွေးရူးသွေးတန်း စကားတွေ ပြောနေပါလား ဇွေ့။ နင့်ကို တစ်သက်လုံး ပြတ်တယ်၊ နင့်မျက်နှာကို ပြန်မကြည့်ဘူး၊ နားလည်လား"

"ပြတ် ... ပြတ် ... နင် ပြတ်သလို ငါလည်းပြတ်တယ်"

မယ်က မဲ့ပြုံးနှင့် ချာခနဲ လှည့်ထွက်လိုက်ပါသည်။ ခုနက ဟိုလူ နှုတ်ဆက်သလို "တာ့တာ"ပဲ ဇွေ့ရေ။ နင့်ကိုခွင့်လွှတ်မိရင် ငါ သေပါစေ။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



# ၃

မယ်သည် သူ့ကိုနှုတ်ဆက်တဲ့ သူ့ရဲ့ဖောက်သည် ကပ်စီတမ်မာကို ခါးလေးညွတ်ကိုင်း၍ နှုတ်ဆက်လိုက်ပြီးလျှင် သူ့ကိုယ်ပေါ်က အေပရွန်အဝတ်ကို ကုပ်သိုင်းကြိုး ခါးသိုင်းကြိုးတို့ ဖြုတ်လိုက်ပါသည်။ ဗိုက်နေရာ ခါးနေရာတွေမှာ အိတ်ငယ်လေးတွေ စပါယ်ရှယ် ထည့်ချုပ်ထားတဲ့ အေပရွန်။

ဘီး၊ မား၊ ကတ်ကြေးချွန်၊ ခွေးသွားစိတ်ကတ်ကြေး၊ ဆံပင်ညှပ်တင်ထားဖို့ ဘဲနှုတ်သီးကလစ် စသဖြင့် လိုအပ်တာတွေကို တစ်ခုထည့်လိုက် တစ်ခုထုတ်လိုက် လုပ်နိုင်အောင် အဆင်သင့်တဲ့ အေပရွန်။ ကုပ်ကြိုးဖြေကာ ဖြုတ်ယူလိုက်ပြီးလျှင် ဆံပင်ညှပ်ခုံတစ်ခုမှာ ထိုင်နေတဲ့ လတ်လတ်ကို ...

"နင် ဘာသောက်မလဲ"

မေးရင်းက အခန်းထောင့်နံရံပေါ်က အဝတ်ချိတ်တဲ့ချိတ်လေးတွေမှာ အေပရွန်ကို သွားချိတ်လိုက်ပါသည်။ ဆိုင်ရဲ့





မှီဖောင်း စိမ်းပြာရောင် ဘလောက်စ်နှင့် ဘောင်းဘီရှည်အနက် အိအိလေးနှင့် မယ့်ကို ယတ်လတ်က အနားပြန်လျှောက်လာတဲ့ အထိစောင့်ရင်း ...

"မသောက်တော့ပါဘူး၊ နင့်ကို ဆံဖြတ်ချက် ပြင်ဦးမလားလို့"

"ငါ နင့်ကို ကျချင်ပါတယ် လတ်လတ်ရယ်၊ ဒါပေမဲ့ ငါလည်း ငါ့အခြေအနေနဲ့ ငါမို့ပါ"

လတ်လတ်ဟာ ဟိုးတလောက အိမ်ထောင်ကျသွားပြီး အခုတော့ သူ့ယောကျ်ားက သူ့ကို ကိုယ်ပိုင်အလှပြင်ဆိုင်လေးတစ်ခု ထောင်ပေးသည်။

ရပ်ကွက်တစ်ခုရဲ့ ကန်ထရိုက်တိုက် အောက်ခန်းတစ်ခန်းကို နှစ်ချုပ်နဲ့ငှားဖွင့်မှာဖြစ်သည်။ လတ်လတ်ရဲ့အခန်းလေးက ဆယ့်နှစ်ပေခွဲဝဲမို့ ခပ်ကျဉ်းကျဉ်းပဲဖြစ်သော်လည်း ကိုယ်ပိုင်ဆိုင်လေးဖွင့်ရမှာ ပျော်စရာလေးပင်။

မယ် အားကျသည်။

အားကျတာကတော့ လတ်လတ် မင်္ဂလာဆောင်တည်းကပင်။ လတ်လတ်နှင့် လတ်လတ် ချစ်သူတို့ရဲ့အဆင့်အတန်း အခြေအနေတွေဟာ မယ်နှင့် ဇေဌတို့ရဲ့ အခြေအနေတွေ စာရင် များစွာနိမ့်ကျပါသည်။ လတ်လတ်တို့ မိဘတွေဟာ ငြိမ်းစားတွေ။ ခုနစ်လွှာတိုက်ခန်းလေး တစ်ခန်းကလွဲရင် ဘာမှ ဟန်ပန်ပန် မပိုင်ဆိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ရဲ့ချစ်သူ ကိုထွေးရဲ့မိဘတွေဟာ သာမန်
လက်လုပ်လက်စားတွေ။ ကိုထွေးဟာလည်း ကုမ္ပဏီဝန်ထမ်းငယ်
လေးမျှသာ။ သူ့ကုမ္ပဏီမှာ သာမန်ဘွဲ့ရလေး သူ့အနေနဲ့ တက်
လမ်းလည်း သိပ်မရှိတော့ ဝင်ငွေလည်း ဒီထက်အရမ်းပိုလာစရာ
မရှိတော့။

အဲဒီအခါမှာ ကိုထွေးဟာ လတ်လတ်ကို လက်ထပ်
ဖို့ဆိုတဲ့ အကြောင်းရင်း ခေါင်းစဉ်နှင့် မလေးရှားကို ထွက်ဖို့လုပ်
ပါသည်။ နှစ်ဖက်မိဘတွေဟာလည်း လူငယ်ချင်းကို သဘောတော
တူကြပေမယ့် ဆွမ်းကျွေးပေးဖို့ အိမ်ငှားပေးဖို့လေးပင် မပြေလည်
ကြတာပါ။

"သားရယ် ... အမေတို့ကို မကျွေးနိုင်ရင်နေ၊ အမေတို့က
ရှာဖွေတော့ စားနိုင်တယ်၊ မိန်းမသာ တောင်းမပေးနိုင်တာ
ကွယ့်၊ ကိုယ့်အတွက်သာ ကိုယ်ကြည့်ရှု စုဆောင်းချည်"

ကိုထွေး မိဘတွေကလည်း ဒီလိုပဲ ပြောထားသည်။
ကိုထွေးဟာ မလေးရှားထွက်ဖို့ကိစ္စအတွက် လိုငွေကို ချေးငှားသွား
ရတာ။ ဟိုကျအလုပ်ရ လခရတော့မှ တစ်လီချင်းပြန်ဆပ်ရတာ။
ကိုထွေး လုပ်ရတဲ့အလုပ်က အလုပ်ကြမ်း။ အဝေးသင်ဘွဲ့ရထား
ပေမယ့် ဆယ်တန်းမအောင်သူတွေနှင့် တန်းတူအလုပ်မရွေးဘဲ
လုပ်ရတာပင်။

လခကိုလည်း အကြွေးကျေတာနှင့် ကျစ်ကျစ်ပါ
စုတာ။ မစားရက် မသုံးရက်။ အဲဒီကြားထဲ ဘာသာစကားလည်း





သာသေးသည်။ အလုပ်ချိန်ကိုလည်း လုပ်နိုင်သလောက်များ
လုပ်သည်။ ဟိုရောက်ပြီး တစ်နှစ်ကြာတော့ အလုပ်ကြိုးစား
ရိုးသားတာ၊ အင်္ဂလိပ်လိုလည်း ရေးနိုင် ဖတ်နိုင် ပြောနိုင်
တွေကြောင့် အလုပ်ရှင်က ရာထူးတိုးပေးသည်။ လခလည်း
ပြီးရသည်။ အဲဒီလို အကြိမ်ကြိမ် ရာထူးတိုးပြီး တဖြည်းဖြည်း
ကြမ်းတမ်း မပင်ပန်းတော့တဲ့အလုပ် ဖြစ်လာကာ အလုပ်ရှင်
ည်း အားကိုးလာပါသည်။

သူ ကြိုပို့လိုက်တဲ့ငွေနှင့် လတ်လတ်က ပြည်ရိပ်မွန်
တိုက်ခန်းတစ်ခန်း လေးလွှာမှာဝယ်သည်။ အဲဒီတုန်းက အဲဒီ
ခန်းက သိန်းငါးဆယ်ပဲ ပေးရပါသည်။ မလေးရှားမှာ သုံးနှစ်
ခဲ့ပြီး ကိုထွေး ပြန်ရောက်တော့ လတ်လတ်နှင့် ကိုထွေး
ဘာဆွမ်းကျွေးသည်။ ကိုယ်ပိုင်တိုက်ခန်းသစ်လေးကို ပြောင်း
သည်။

တိုက်ခန်းလေးက ကျဉ်းပေမယ့် ချစ်သူနှစ်ဦးအတွက်
ရာ ပျော်စရာ။ သူငယ်ချင်းကို မနာလိုမရှိပေမယ့် ကိုယ့်ချစ်သူ
ာကျတော့ အတူနေရန် ကြိုးစားဖို့ထက် သူ့အနုပညာမာန
ဖက်တွယ်ကုပ်ကပ်နေတာနဲ့ နှိုင်းယှဉ်ကြည့်ပြီး လတ်လတ်တို့
ာဆောင်မှာ မယ် ဝမ်းနည်းရပါသည်။

အနုပညာကို နားလည်ကျွမ်းကျင်သည်။ ဝါသနာပါ
ဆိုပေမယ့်လည်း ဒီအလုပ်က ချစ်သူကို လက်ထပ်ယူဖို့ရာ
ည်အောင် မပံ့ပိုးနိုင်ဘူးဆိုရင် ကိုထွေးလိုပဲ ပင်ပန်းရင် ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းပစေ၊ အပင်ပန်း အဆင်းရဲခံ ခြိုးခြံပြီး ကြိုးစားငွေရှာဖို့ စိ မကူးသင့်ဘူးလား။

"မောင်ကတော့ အဲသလို ဘယ်တော့မှ လုပ် မဟုတ်ဘူး"ဆိုတဲ့ ယတိပြတ်ပြင်းတဲ့ စကားတစ်ခွန်းကို လ ရပြီးတဲ့နောက် မယ့်က နောက်တစ်ကြိမ် ထပ်မတိုက်တွန်းတော့ နှုတ်ပိတ်ခဲ့ပါသည်။ အပင်ပန်းခံ အလုပ်မလုပ်ချင်တဲ့သူကို ကို ကိုယူနိုင်ဖို့ဆိုပြီး အပင်ပန်းခံ အလုပ်လုပ်ဖို့ မတိုက်တွန်းချင်တေ ပါ။

အဲဒီလိုမလုပ်တော့ တခြားလို ကြိုးစားသလာ တော့လည်း မရှိ။ ဒါတွေဟာ မယ့်ရင်ကို နာကျင်အောင် နှိပ် ခဲ့တာတွေဖြစ်သည်။ ဒါပေမဲ့ ဇွေ့တို မယ်က ဘာကြောင့် မသိ ချစ်ကိုချစ်လွန်းတော့ စိတ်ဆိုးလည်း တစ်ခဏ။ ခဏ ပြေရပြန်ပါသည်။

လတ်လတ်နှင့် လက်ထပ်ပြီးတဲ့နောက် လတ်လ လည်း ဒီဆိုင်က အလုပ်ထွက်သည်။ ကိုထွေးလည်း ဒီမှာခြေ လလောက်နေပါသည်။ ခုတော့ မလေးရှား ပြန်ထွက်သွာ ခုတစ်ခါ သူ့မိန်းမလတ်လတ် ဆိုင်ဖွင့်နိုင်အောင် စီစဉ်ထူထေ ပေးမှာဖြစ်သည်။ အဲဒီအခါ လတ်လတ်က မယ့်ကို သူ့ဆို သူ့ထံလာလုပ်ပေးဖို့ တောင်းဆိုတာ။

မယ်တို့ လတ်လတ်တို့ လုပ်ခဲ့တဲ့ အလှပြင်ဆို ခြံကြီးဝင်းကျယ်ထဲမှ ခမ်းနားတဲ့ ဆိုင်ကြီးတစ်ဆိုင် ဖြစ်ပါ





ဈေးနှုန်းကလည်း ကြီးပါသည်။ မယ်တို့ဟာ လခရတဲ့အပြင် ပ်စ်တမ်မှာက "မယ်နှင့်ညှပ်မယ်"ဆိုပြီး ရွေးချယ်စောင့်ညှပ် ချင် ဈေးနှုန်းကတစ်မျိုး၊ ကြုံရာရှိတဲ့လူနှင့်ပဲ ညှပ်ရင် ဈေးနှုန်း ကတစ်မျိုး။ ထိုမတူညီတဲ့ ခြားနားငွေက မယ် ဘိုးနပ်စ်သဘော စ်ပေးသဘော ယူရတာဖြစ်သည်။

မယ်က ဆိုင်မှာ နာမည်ကြီးပြီး လူကြိုက်များသူ စ်ကာ မယ့်ကိုမှ ရွေးချယ်စောင့်ဆိုင်း ပြုပြင်တဲ့ ကပ်စ်တမ်မာ ွေများရာ မယ်က ဒီဆိုင်မှာ ဝင်ငွေကောင်းပါသည်။ လတ်လတ် တော့ တစ်သင်တန်းတည်း ဆင်းပေမယ့် အစကတည်းက ယ်လောက်လည်း လက်ရာမကောင်း၊ လူကြိုက်မများ။ လခအပြင် ိုငွေသိပ်မရတဲ့သူပါ။

လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက လတ်လတ် မယ့်ကို သူ့ဆီလာဖို့ပြောတာ။ မယ် ဒီမှာရတဲ့လခထက် သူ ပိုပေးမည်။ သို့ပေမယ့် မယ် ငြင်းခဲ့သည်။ ပွင့်ပွင့်လင်းလင်း ည်း ပြောခဲ့ပါသည်။

"နင် လခပိုပေးတာတော့ ဟုတ်ပါတယ်ဟာ၊ ဒါပေမဲ့ ဒီမှာက ငါက ဘိုးနပ်စ်က လခထက်ပိုတာဟ"

"ဟိုမှာလဲ ငါ့ဆိုင်လုပ်တဲ့အခါ နင်ရတဲ့ဘိုးနပ်စ် နင်ယူ လေ"

"ဒါပေမဲ့ လတ်လတ်ရယ်၊ အမှန်တိုင်း ပြောရရင် ဒီဆိုင် မျိုးမှာ ငါနဲ့ စတက်ပ်ဆံပင် တစ်ကြိမ်ညှပ် တစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ညှပ်ကြတယ်ဟ၊ ကြိုရာလူနဲ့ညှပ်ရင် ခုနစ်ထောင် ကို ငါနဲ့ တစ်သောင်းပေးပြီး ညှပ်ကြတယ်လေ့၊ ဆိုင်ကြီး ကိုဟ၊ နင် စိတ်တော့မဆိုးနဲ့ဟာ၊ နင်ဖွင့်မယ့်ဆိုင်မှာ ဆံပင်တစ်ခါညှပ်ရင် နှစ်ထောင် နှစ်ထောင့်ငါးရာထက် ပိုယူလို့ ရပါ့မလား၊ အဲဒါကို ငါက ငါ့အတွက်ပါတင်ပြီး ငါးထောင်ယူရင်ကော ညှပ်ကြပါတော့မလား၊ တခြားရှိတဲ့ လူနဲ့ပဲညှပ်မယ်လို့ပဲ ပြောကြမှာ ...

လာမယ့် ကပ်စ်တမ်မာရဲ့ ငွေသုံးအားကိုကြည့်ရ တယ်လေ၊ ဒီမှာက လာတဲ့လူတွေက တစ်သောင်းပေးညှပ် ဖို့ သုံးသောင်းပေး ပေါင်းတင်ဖို့ ခြောက်သောင်း ခုနစ် သောင်းပေးပြီး ကောက်ဖို့ ဖြောင့်ဖို့ ဝန်မလေးတဲ့သူတွေ လာကြတာဟ"

"ငါ နားလည်ပါတယ်၊ နင်ပြောတာလည်း ဟုတ်တယ် ငါက ရပ်ကွက်ဆိုင်ကိုး၊ ဒါပေမဲ့ ငါက နင့်ကိုအထင်ကြီး တော့ ငါ့ထက်ပိုတော်တာ သိတော့ နင့်အားကိုးနဲ့ ဆိုင်ကို လူလာစေချင်ဇောပေါ့ဟာ၊ ငါ့အတွက် ငါပိုကြည့်သလို ဖြစ်နေတယ်ဆိုတာ ငါ သိပါတယ် မယ်ရာ"

"ဘယ်သူ့အတွက် ကြည့်တာတွေ ငါ မစဉ်းစားပါဘူး လတ်လတ်ရယ်၊ ငါ့မှာလည်း ငါ့အခြေအနေနဲ့ငါ့ ငွေလို တယ် ငွေစုနေရတယ် ဆိုတာ နင်သိပါတယ်ဟာ၊ ဇွေ့က နင်သိတဲ့အတိုင်း အနုပညာကိုပဲ ဖက်တွယ်ပြီး သေမှာ





နှစ်ယောက်ဘဝကို ထူထောင်မယ့်ဟာ သူကငွေမစုတော့ ငါက စုရတာပေါ့ဟာ၊ အဲဒီအတွက် ငါ့မှာငွေလိုတာ နင် အသိပဲ မဟုတ်လား"

အစအဆုံး အားလုံးကို သိနေတဲ့ လတ်လတ်က မယ့်ကို ခေါ်ချင်ပေမယ့်လည်း မယ့် အကြောင်းပြချက်ကြောင့် ထပ်မခေါ်တော့ပါ။ ခုတစ်ခါတော့ ဆိုင်တကယ်ဖွင့်ကာနီး ဖြစ်နေလို့ မယ် စိတ်ပြောင်းလိုပြောင်းငြား နောက်ဆုံးတစ်ခေါက်လာ ခေါ်တာပင်။

လတ်လတ်ရဲ့ဆိုင်ဖွင့်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်တာခြမ်းတာ ဆိုင်ခန်းပြင်ဆင်တာ စသည်တို့ကိုတော့ မယ် လိုက်ကူညီပေးခဲ့ပါသည်။

"အေးပါဟာ၊ ငါလည်း ကောင်မလေးနှစ်ယောက်တော့ လာလျှောက်တဲ့ထဲက ခေါ်တွေ့ပြီး အကြမ်းရွေးထားပြီးသား ပါ၊ အကြောင်းပြန်လိုက်မယ်ပဲ ပြောထားတာပေါ့၊ သူတို့ကို အကြောင်းပြန်ရတော့မှာမို့ နင့်ကို ဘာပဲဖြစ်ဖြစ် လာထပ် မေးလိုက်တဲ့ သဘောပါပဲဟာ၊ ဒါပေမဲ့ နင်အားတဲ့အချိန် လေး ငါ့ကိုတော့ တချို့ဟာတွေ လာထပ်ကျင့်ပြီး ပြပေး ဦးဟာ၊ ငါက မလုပ်ဖြစ်တော့တာ ခုနစ်လ ရှစ်လရှိပြီဆို တော့ လက်ကပျက်နေပြီ၊ အစကတည်းကမှ လက်ကမ ကောင်းလှတဲ့ကြားထဲ"

"အေးပါ၊ ငါ လာလုပ်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မယ်"

"အင်း"

"ဒီနေ့ ငါ ဒီရောက်ကတည်းက နင့်ကို အကဲခတ်မိတယ်
နင် တစ်မျိုးဖြစ်နေတယ် သိလား"

"ဘယ်လို တစ်မျိုးဖြစ်နေတာလဲ"

မယ်က ဟန်မပျက် မေးလိုက်ပါသည်။

"နင့်မျက်နှာပေါ်မှာ အကြောတွေ မာပြီးတင်းနေတယ်
နင်ဟာ ကပ်စ်တမ်မာနဲ့ ဆက်ဆံရင် တအားနူးညံ့ သိမ်မွေ့
တာ၊ ဒီနေ့ ခုနက နင့်အမြဲတမ်းဖော်သည့် မသိကြ
တောင်မှ နင် သိပ်မဖော်ရွေ မနူးညံ့လိုက်ဘူး"

"နင် ထင်လို့ပါဟာ"

"နင်နဲ့ငါ ပေါင်းလာတာ နှစ်ပေါင်းမနည်းတော့ဘူးနော်
သင်တန်းစတက်ကတည်းကပဲ၊ အခုပြောလိုက်တဲ့ နင်ထ
လို့ပါဟာဆိုတဲ့ လေယူလေသိမ်းနဲ့ အသုံးအနှုန်းကို
နင့်အသုံး မဟုတ်ဘူး"

မယ်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်
ဆံပင်ညှပ်ခန်းလေးတွေက ဟိုနားတစ်ချို့ ဒီနားတစ်ချို့ မှန်ချ
အကြီးကြီးတွေချကာ အခန်းဖွဲ့ထားသလို ဖြစ်နေတာမို့ သီးသ
ခန်း မဟုတ်ပေမယ့်လည်း တစ်နေရာနှင့် တစ်နေရာ မြင်ရပ
ခဲ့ယဉ်းသည်။





မယ်က လတ်လတ်ထိုင်နေတဲ့ ညှပ်သည့်ထိုင်ခုံဖာ
းဆီ လျှောက်လာကာ လက်တန်းဖောင်းဖောင်းပေါ် တင်ပလွဲ
ထိုင်လိုက်ရင်း ...

"မိလတ်"

"ပြောလေ မယ်၊ နင် ဘာဖြစ်နေလဲဟင်"

"ငါ ဓေဋ္ဌနဲ့ပြတ်ပြီ"

"ပေါက်ကရဟာ မဟုတ်တာနဲ့ နင်ကလည်း"

"ဟုတ်တယ်"

"ရန်ဖြစ်ကြလို့လား ဟုတ်လား"

"ငါ နာကြည်းလွန်းလို့ သူ့ကို မုန်းသွားပြီ လတ်လတ်"

"မဖြစ်နိုင်တာဟာ၊ နင် အရမ်းစိတ်ဆိုးလို့ ပြောနေတာပါ၊
တော်တော်တော့ နင် စိတ်ဆိုးပုံရတယ်၊ နင့်လောက် ဓေဋ္ဌ
ကို ခွင့်လွှတ်နိုင်တဲ့သူ ရှိမှမရှိတာ၊ နင် ဓေဋ္ဌကို အရမ်းချစ်
တယ်ဆိုတာ ငါသိတာပဲ၊ ရှင်းရှင်းပြောရရင် ကိုထွေးကို
ငါ ချစ်တာထက် နင်က ဓေဋ္ဌကို ပိုချစ်ပါတယ်"

မယ်သည် ထိုစကားကြောင့် အင်မတန် ဝမ်းနည်း
သွားမိပြီး မျက်စိကို ကျစ်ကျစ်မှိတ်၍ မျက်နှာလေးကို လက်ဝါး
လေးနှင့် အုပ်ထားလိုက်မိပါသည်။

"မယ်"

"... ..."



www.burmeseclassic.com

www.burmeseclassic.com



"မယ် ... နင်တို့ ဘာဖြစ်ကြလို့လဲဟင်"

"ငါ သူ့ကို စိတ်နာတယ် လတ်လတ်ရာ"

မယ့်အသံလေးက တုန်ခါနေသည်။ ငိုတော့မလို

နေတဲ့ ခံစားချက်ကို ထိန်းချုပ်ပြီး မရမက အောင့်အည်းထား

သိသာတဲ့ မယ့်အသံကို နားထောင်ရုံနှင့် မယ် ဘယ်လောက်

ထိခိုက်နေတယ်ဆိုတာ လတ်လတ် ရိပ်မိလေသည်။

"ဇေဌက ဒီလိုပဲဆိုတာ နင် သိသားနဲ့ မယ်ရယ်၊ ဘ

အနုပညာသမားတွေဟာ အနုပညာမာနဆိုတာကို အ

တန်ဖိုးထားကြတာ၊ ဒီထဲမှာမှ ဇေဌက ပင်ကိုဗီဇကိုက

သူမှန်တာထင်ရင် တစ်ယူသန်တတ်သေးတာလေ၊ အ

အိမ်ပေါ်က ဆင်းလာခဲ့တာ ကြည့်ပါလားဟယ်၊ သူ့သ

ကို နင် နားလည်ရဲ့သားနဲ့ သိပ်စိတ်နာမနေပါနဲ့ဟာ၊

စမို့ နင် ဒီလောက် ခံစားနေတာပါဟာ၊ မကြာခင်

ပြေသွားနိုင်မှာပါပဲ၊ ဝမ်းမနည်းပါနဲ့ မယ်ရာ"

မယ်က ခေါင်းလေး အသာယမ်းနေပါသည်။

ဘာမှမသိပါဘူး လတ်လတ်ရယ်။ နင့်စိတ်ထဲမှာ ဟိုအ

ဖြစ်နေကျပြဿနာတွေလိုပဲလို့ ထင်နေမှာပေါ့။ အခုကိစ္စက

မှမတူတဲ့ ပြဿနာ။ ဘာနဲ့မှမတူတဲ့ ခံစားချက်။ နင့်ကိုဖွင့်

ပြရမှာတောင် ရှက်လွန်းအားကြီးလို့ ငါ မပြောတော့ပါဘူး

ထင်ချင်သလိုသာ ထင်လိုက်ပါတော့လေ။





"မကြာခင် ပြန်တည့်သွားမှာပါဟာ၊ ဇေဌကလည်း ချော့မှာပဲ၊ နင်ကလည်း လျှော့မှာပဲ၊ ထုံးစံတွေပဲလေ၊ ဖြစ်နေကျပဲဟာ"

မယ်က စကားတစ်လုံးမှ မပြောနိုင်ဘဲ ရင်နင့်နင့်နှင့် ခေါင်းကိုသာ ယမ်းနေပေမယ့် အဲဒီခေါင်းအယမ်းကို လတ်လတ်က ဂရုပြု အလေးထားမနေပါ။ သူ့စိတ်ထဲတော့ အရေးပါလှမယ်လည်းမထင်။ ခုနောက်ပိုင်း အနည်းငယ်စိပ်လာတဲ့ မယ်နဲ့ ဇေဌတို့ရဲ့ ရန်ပွဲပြဿနာတို့ရဲ့ ရင်းမြစ်အခြေခံကို ကောင်းကောင်းကြီးသိခဲ့သူပီပီ ဒီပြဿနာဟာ သူတို့ချစ်သူနှစ်ဦးကို မဝေးကွာစေလောက်ဘူးဆိုတာ သေချာနေပါသည်။

"စေးဖောရေ ... အထဲမှာ ရှင်ဒွေးမယ်ကို ကြည့်ပါဦး၊ ဘယ်လာက်စောင့်ရမလဲဆိုတာ၊ မယ်နဲ့ ညုပ်မယ်လျှော်မယ်လို့၊ ဧည့်သည်ရှိတယ်လို့"

"ဟုတ်"

ဟိုးရှေ့ဘက်ဧည့်ခန်းမဆီက ဆိုင်မန်နေဂျာ မညိုညိုမင်း အသံ စူးစူးအောင်အောင်လေးက ဧည့်ခန်းကိုကျော်လွန်ကာနောက်ဘက်ခန်းထဲအထိ ဝင်ရောက်လာပါသည်။

"ဟော ... နင်နဲ့ညှပ်မယ့်သူ လာပြန်ပြီ မယ်၊ ကဲ ... ငါ ပြန်တော့မယ်လေ"

"ခဏနေပါဦး၊ ငါလည်း ခုချက်ချင်း မညှပ်ချင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကွေ့ချိုးတွေဆီမှာ တစ်ချိုးပြီးတစ်ချိုး မယ့်ကိုရှာနေတဲ့ စေးဖောကို မှန်တွေထဲမှာ တစ်ဆင့်မြင်ရတာမို့ —

"စေးဖော"

"မယ်ရေ ... ညှော်သည်ရှိတယ်၊ ဘယ်လောက်စောင့်မရလဲ တဲ့"

"ခဏလေး စောင့်ရမယ်လို့ ပြောလိုက်၊ ဆယ်မိနစ်လို့"

"ငါးမိနစ်လို့ပဲ ပြောလိုက် စေးဖော၊ ငါ ခုပဲ ပြန်တော့မှာ"

"အိုကေ ... ငါးမိနစ်ဆိုရင် ခေါ်ခဲ့မယ်နော်"

စေးဖောက ပြန်ထွက်သွားကာ လတ်လတ်က မယ့်ကို အားပေးပြုံးနှင့် ငဲ့ကြည့်ရင်း ...

"မပျင်းနဲ့၊ စိတ်မလေနဲ့၊ ကိုယ့်အလုပ်ကိုယ် ပိုကြိုးစားလုပ် ခဏတဖြုတ်ပြဿနာတက်တာကို ဇာချဲ့မနေပါနဲ့ မယ်ရယ် နင်တို့ချစ်ခဲ့ကြတာ ဘယ်လောက်တောင် ခိုင်မြဲနေပြီလဲ သင်းနဲ့လည်း ပြတ်ပြီဆိုပြီး ငွေလည်းဆက်ရှာနေစရာမလို တော့ဘူး ဆိုတာမျိုးလည်း မဖြစ်စေနဲ့"

"အဲဒါတော့ နင် အရမ်းညံ့သွားပြီ မိလတ်"

"ဘာလဲ"

"သူနဲ့ပြတ်လို့ ငွေဆက်မရှာဘူး ဆိုတာလေ"

"ဘာဖြစ်လို့လဲ"

"နင်ပြောတာ ပြောင်းပြန်ကြီးလေ"

လတ်လတ်က ထိုင်ရာမှထ,ရင်း ပြုံးစိစိနှင့် —





"ရှာမယ်ပေါ့"

"ပိုရှာမှာ၊ အများကြီးရှာမှာ မိလတ်၊ ဖေဖွှနဲ့ပြတ်မှ ရှင်ခွေးမယ် လူမွေးလူတောင် ပိုပြောင်ယောင်လာဖာယ်ဆိုတာ မျိုးကို ဖြစ်ရမှ"

လတ်လတ်က ဒီတစ်ကြိမ် အာဃာတ အတော်ကြီး ...တာပဲဟု စိတ်မသက်မသာ တွေးမိကာ မယ့်ကို ကရုဏာနှင့် ကြည့်မိသည်။ မယ်သည် မျက်ရည်ကြည်တွေ ရစ်ဝိုင်းလာရင်း ...

"သူ့အိမ်မှာ နာရီခွာတော်ခဲကအစ အသစ်ဝယ်မလဲဘဲ နာရီ ရပ်နေလို့ ငါ ဝယ်လဲပေးခဲ့ရတယ်၊ တစ်ခါတစ်ခါများ အဝတ်လျှော်စရာ ဆပ်ပြာမှုန့်မရှိလို့ဆိုပြီး အဝတ်ကို ရေနဲ့ပဲ ပွတ်ဆေးပြီးလျှော်တယ်ဆိုတာ သိရတော့ စိတ်မကောင်း ဖြစ်ခဲ့ရတယ်၊ ဆပ်ပြာမှုန့် ဝယ်သွားပေးရတယ်၊ သူ တစ်ဆိုင်ပြောင်းပြီး လက်ထဲဘိုင်ပြတ်နေရင် သွားတိုက်ဆေး ဆပ်ပြာမွှေး ရှမ်ပူကအစ ဝယ်ပေးခဲ့ရတယ်၊ ဘာဖြစ်လို့ သူက အဲသလောက် မွဲရတာလဲ"

"မယ် ...၊ စိတ်လျှော့ပါဟာ"

တဆတ်ဆတ်တုန်နေတဲ့ မယ့်ရဲ့ရင်ထဲက ခံစား ကျင်မှုကို လတ်လတ် ရိပ်စားမိကာ မယ့် လက်ဖျားလေးကို ...ပ်ကိုင်လိုက်ပါသည်။

"သူ့အနုပညာမှာ သူတော်တယ်၊ သူ ငွေရှာချင်ရင်ရတယ် ဒါပေမဲ့ မရှာဘူး၊ ဘယ်တုန်းကမှ ရှင်ခွေးမယ်ကို လ...ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အတူတူနေဖို့ ငွေကြေးပြည့်စုံအောင် စုဆောင်းမယ်[illegible] တဲ့ ဆုံးဖြတ်ချက်ကို မချခဲ့ဘူး၊ ဂျစ်ကန်ကန်နဲ့ သူ့မာ[illegible] ထိခိုက်ထိပါးခံရတယ်ထင်ရင် အလုပ်ကထွက်ပြီး အင[illegible] ခံမယ်ဆိုတဲ့ တစ်ယူသန်မှုပဲ ရှိခဲ့တယ်၊ မကြည့်ရက် မဖြ[illegible] ရက်တဲ့ ငါကပဲ သူ့ကို ဖြည့်ဆည်းထောက်ပံ့ခဲ့ရတာချ[illegible] ပဲ၊ သူ့ကို တီဗီတောင် ဝယ်ပေးခဲ့ရတယ်"

"မယ်ရယ် ... နင် စေတနာရှိလို့ ဝယ်ပေးခဲ့တဲ့ ကိစ္စ[illegible] ခုလိုခါမျိုးမှာ ပြန်နာကြည်းနေရင် နင်ပဲ စိတ်ပင်ပန်း[illegible] ပေါ့ဟယ်"

"သူနဲ့ မချစ်ခဲ့ရင် ငါ့မှာ ဒီ့ထက်ပြည့်စုံတဲ့ ချစ်သူတ[illegible] ယောက် ရှိနေပြီ လတ်လတ်၊ သူ့အတွက် နှစ်ပေါင်းမျ[illegible] စွာ အချိန်ဖြုန်းခဲ့ရတယ်၊ သူ့ဆီမှာ နှစ်ပေါင်းများစွာ [illegible] ထောက်ကျဆုံးခဲ့ရတယ်၊ နည်းနည်းမှ မတန်ဘူး၊ ငါ[illegible] ဆပ်ခဲ့ရတာနဲ့ တန်ဖိုးညီတဲ့ အချစ်ကို ငါ ပြန်မရခဲ့ဘူ[illegible]

"ဇေဌက နင့်ကို ချစ်ပါတယ် မယ်ရယ်"

"ငါ့ကို သိပ်ချစ်တဲ့သူတစ်ယောက်ဟာ ငါ့ကို ဒီလိုဘယ်ထ[illegible] မှ မပြုမူဘူး"

"သူ ဘာလုပ်လို့လဲ မယ်ရယ်၊ ဂျစ်ကန်ကန် ပုံစံကထ[illegible] သူ့နဂိုဗီဇပဲ သူငယ်ချင်းရယ်၊ တစ်သက်လုံး သည်းခံနိုင်[illegible] ပြီးမှပဲဟယ်"

"နင် ဘာမှမသိဘူး၊ နင် ဘာမှမသိဘူး"





မယ်သည် ရှိုက်သံလေးတွေ တဆတ်ဆတ်မြည်ကာ [illegible]ကိုယ်လုံး တုန်ယင်နေ၍ လတ်လတ်က မယ့်ကို ထွေးဖက် [illegible]လိုက်ပါသည်။

"ဒီလို စိတ်အခန့်မသင့်မှုမျိုးတွေက ဖြစ်တတ်ပါတယ် မယ်ရယ်"

"အဲဒါမျိုးတွေ မဟုတ်ဘူး လတ်လတ်"

"နင် ဒေါသမွှန်နေတုန်းမို့ပါ မယ်ရယ်"

"ငါ သူ့ကိုမုန်းတယ်၊ သူ့ကို ခွင့်မလွှတ်နိုင်ဘူး လတ်လတ်၊ သူ့ကို ခွင့်လွှတ်မိရင် သေပါစေလို့တောင် ငါ ကျိန်ထားတယ်"

"မဟုတ်တာ မယ်ရယ်၊ ဒီကျိန်စာကို နင် ပြန်ဖျက်လိုက်စမ်း၊ မှားပါတယ်လို့ ဘွာခတ်လိုက်။ နောင်အရှည်ကို ကိုယ်မမြင်နိုင်ဘဲနဲ့ စိတ်လိုက်မာန်ပါ မကျိန်ရဘူး"

လတ်လတ်က မယ့်ပခုံးလေးနှစ်ဖက်ကို ကိုင်ကာ [illegible]ခါရင်း ပြောနေစဉ်အခိုက်မှာ ရိပ်ခနဲ နီးကပ်လာတဲ့ လူရိပ်[illegible]ခုက ...

"ဆောရီး"

ကိုယ်ရှိန်သတ်လိုက်ကာ တောင်းပန်လိုက်သံကြောင့် [illegible]တ်လတ်နှင့် မယ် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိကြပါသည်။

"ရှေ့က ဝင်သွားလို့ရပြီဆိုလို့ပါ"

"သြော် ... မယ်နဲ့ ဆံပင်ညှပ်မယ့်သူ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်က နှုတ်ဆက်ဆဲ မယ်က ပါးပြင်ပေါ်တွ
ရှိနေတဲ့ မျက်ရည်စက်တို့ကို လက်ဖဝါးနှင့် ပေါ်ပေါ်ထင်ထင်
ပွတ်သုတ်ဖယ်ရှားရင်း ရောက်လာသူကို စိုက်ကြည့်နေလိုက်
သည်။ မယ့်နဖူးပြင် မျက်ခုံးမျက်လုံးတို့ဟာ ခံစားနာကျင်နေ
ရင်တွင်းဝေဒနာကြောင့် ကြေကွဲရိပ်ထင်နေတာကိုလည်း မ
မပြင်နိုင်သေးပါ။

ကြေကြေကွဲကွဲ နာနာကျင်ကျင် မျက်ရည်ကျနေ
တယ်ဆိုတဲ့ အဖြစ်အပျက်ကိုလည်း ဘယ်သူ မသိအောင်မှ ဖုံး
ကာကွယ်မနေလိုပါ။

"သြော် ... ရှင်ကိုး"

မယ့်အသံက ရှိုက်သံကြားကနေ တိုးထွက်လာက
ငိုကြွေးထား၍ နှာခေါင်းပိတ်သံလည်း ပေါက်နေပါသည်။

"ဟုတ်ကဲ့ ... ဆောရီးပါ၊ ရရဲ့လား မသိဘူး၊ ကျွန်တော်
စောင့်နေရမလား၊ ဒါမှမဟုတ် အခုပြန်သွားလိုက်ပြီး မနေ
ဖြန်မှဖြစ်ဖြစ်"

"ကိစ္စမရှိပါဘူး ကိုစည်သာမောင်မောင်"

လတ်လတ်က မယ်နှင့် သူ့ကို တစ်လှည့်စီကြည
ရင်း ...

"ငါ ပြန်လိုက်တော့မယ်"

"အေး"





"နက်ဖြန် နှင့်အားရက်ပဲ၊ ငါ နှင့်အိမ်လာခဲ့မယ်၊ တစ်နေ
ရာသွားကြတာပေါ့"

"အေး ... ကျေးဇူးပဲ မိလတ်"

လတ်လတ် ထွက်သွားတဲ့အထိ မယ်က ပါးပေါ်က
စီးစွတ်မှုတွေကို ခြောက်သွေ့စင်ကြယ်အောင် သုတ်နေဆဲပင်။
စည်သာမောင်မောင်က သူ့ကိုကြည့်ရင်း မျက်ရည်သုတ်နေတဲ့
မယ့်ကို ပခုံးတစ်ချက်တွန့်လိုက်၊ လက်ဝါးနှစ်ဖက် ဖြန့်ပြလိုက်
နှင့် အင်မတန် နေရထိုင်ရခက် အိုးတိုးအမ်းတမ်း ဖြစ်နေသည်။

ဟိုတစ်ပတ်ကတည်းက မသဇင်ထံမှ မယ့်အကြောင်း
သိသင့်သလောက် သိသွားရနိုင်တာပဲလေ။ နာမည်တို့ အလုပ်လုပ်
တဲ့ဆိုင်အမည်တို့။ ဒါပေမဲ့ ခုလို သူရောက်လာလိမ့်မယ်လို့တော့
မယ် မထင်မှတ်မိရိုးအမှန်။

"တောင်းပန်ပါတယ်၊ ကိုယ်ရေးကိုယ်တာ ပြဿနာလေး
တစ်ခုရှိလို့ပါ"

"မဟုတ်တာ၊ ကျွန်တော်က တောင်းပန်ရမှာ ထင်ပါတယ်"

"ကိုစည်သာမောင်မောင်က ဘာမှတောင်းပန်စရာအကြောင်း
မရှိပါဘူး"

"သိပ်အဆင်မပြေတဲ့အချိန် ရောက်လာမိတော့ ..."

"ကပ်စိတ်တမ်မာကတော့ ကိုယ်ညှပ်ချင်တဲ့အချိန် ကိုယ်ပြုပြင်
ချင်တဲ့အချိန် ရောက်လာမှာ သဘာဝပါ"

"ကျွန်တော့်နာမည် ခေါ်ရတာ မရှည်ဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုခေါ်ဖို့ အဆင်ပြေမလဲရှင့်"

"စည်သာ ဆိုရင် အဆင်ပြေပါတယ်၊ အဲသလိုခေါ်တဲ့သူ များပါတယ်"

"ဟုတ်ကဲ့ ... ကိုစည်သာ"

"ရှင်ဒွေးမယ် အလုပ်လုပ်ဖို့ စိတ်ပါပါ့မလား"

"စိတ်ပါကိုပါရမှာပါပဲ ကိုစည်သာ၊ ကျွန်မ အလုပ်ချိန်ပါ"

"ရှင်ဒွေးမယ် အတွက် ပြောတာပါ၊ စိတ်ပင်ပန်းနေရင် နားချင်မလားလို့ပါ"

"မနားပါဘူး၊ ခုနကလည်း သိပ်ခင်တဲ့ သူငယ်ချင်းမို့လို့ ခံစားချက်တွေ ပွင့်ထွက်သွားမိတာမျိုးပါ၊ အချိန်ပြည့် ကျွန်မ ပြဿနာကို ခေါင်းထဲမထားပါဘူး"

"ဒါဖြင့် ကျွန်တော် ဒီမှာထိုင်မယ်နော်"

"ဟုတ်ကဲ့ ... ထိုင်ပါ"

စည်သာက ဆံပင်ညှပ်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါသည်။ မယ်က သူ့နောက်ကျောဘက်ရပ်ကာ မှန်ထဲကနေ သူ့ကိုကြည့်ရင်း ...

"ဆံပင်ညှပ်မှာလား ကိုစည်သာ"

"ရှင်ဒွေးမယ်က ဆံပင်ညှပ်တာ တစ်မျိုးပဲ လုပ်တာလား"

"မဟုတ်ပါဘူး၊ ကိုစည်သာ တခြားဘာလုပ်ချင်တာ ရှိသေးလို့လဲ"

"ခေါင်းလည်း လျှော်ချင်တယ်"





"ရပါတယ်၊ ကျွန်မ လျှော်ပေးပါမယ်"

"မျက်နှာလည်း ဆေးချင်တယ်"

"ဟုတ်ကဲ့ ... ရပါတယ်၊ နောက်ကော"

စည်သာက ပြုံးလိုက်ရင်း ...

"ခုတော့ ဒါပဲ စဉ်းစားလို့ ရသေးတယ်၊ ကျွန်တော်က ဒီလိုဆိုင်ကြီးတွေမှာ ဒီလိုတကူးတကတွေ လုပ်နေမကျတော့ ဘာတွေလုပ်စရာရှိမှန်းတောင် သိပ်မသိဘူးဗျ"

မယ်က ပြုံးနေလိုက်ရင်း ...

"အရင်က ဘယ်မှာညှပ်လဲ"

"(.......)မှာပါ"

"သြော် ... ကောင်းသားပဲ၊ အဆင်မပြေလို့လား"

"ပြေပါတယ်၊ ကျွန်တော့်ဆံပင်ပုံကလည်း ဘာမှမဆန်းတာ၊ အဆင်မပြေစရာလည်း မရှိဘူးလေ"

"ဒါဖြင့် ဘာဖြစ်လို့ ဆိုင်ပြောင်းတာလဲ"

စည်သာက ပြုံးလိုက်ရင်း ပွင့်ပွင့်လင်းလင်းပင် ...

"မသဇင်ဆီက ရှင်ဒွေးမယ် အကြောင်းကြားရတော့ တော်လည်းတော်တယ် ဆိုတာနဲ့ ရှင်ဒွေးမယ်နဲ့ ညှပ်ကြည့်ချင်လို့ တမင်တကာ လာခဲ့တာပါ"

"သြော်"

မယ်က ချစ်စဖွယ်ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်မက အရင်ဆိုင်ထက်သာအောင် ကြိုး
ညှပ်ပေးရမှာပေါ့နော်၊ ဒါမှ ကိုယ့်ဖောက်သည် ဖြစ်
အောင်"

မယ်က မယ့်အေပရွှန်လေးကို နံရံမှ သွားပြီ
ယူလာခဲ့ပါသည်။ အေပရွှန်ကို ခါးမှာချည် ကုပ်မှာချည်ရ

"ဒီပုံပဲလား ကိုစည်သာ"

"ကောင်းမယ်ထင်တဲ့ပုံရှိရင် ပြောင်းလိုက်ပါ၊ ရှင်ဒွေ
ကောင်းမယ်ထင်သလို ကြည့်လုပ်ပါ၊ ပုံပြောင်းသွား
ရတာယ်"

"ဒါဖြင့် ကျွန်မ ပုံပြောင်းလိုက်မယ်၊ ကိုစည်သာ့
ဘေးခွဲပုံက တိကျသပ်ရပ်လွန်းနေတယ်၊ လူကြီး
ရှိရင်းစွဲအသက်ထက် မျက်နှာကို ကြီးရင့်စေတယ်၊ အ
သုံးဆယ်မကျော်နိုင်သေးပါဘူး ထင်တယ်၊ ဒီထက်နု
ဆံပင်ပုံကို ပြောင်းထားပါလား"

"သုံးဆယ်မကျော်သေးရုံ တမယ်ပဲဗျ၊ မကြာခင်
ကျော်တော့မှာ၊ ရှင်ဒွေးမယ် စိတ်တိုင်းကျ မွမ်းမံလို

မယ်က ခေါင်းကလေးကို တစ်ချက်ဆတ်
သည်။ သူ့ကို ဝတ်ရုံစိမ်းပြာနုနုနှင့် ခြုံလွှမ်းမည်ပြုစဉ် သူ
အင်္ကျီအိတ်ထဲမှ ကတ်ပြားလေးတစ်ခု ယူလိုက်ကာ မှန်ထဲ
ဆင့် မယ့်ကိုကြည့်၍ ကမ်းလိုက်ပါသည်။





"ရှင့်ကို သိပြီးသားလေ၊ ကိုစည်သာမောင်မောင် (......)
ကုမ္ပဏီလေ"

"ဒီထဲမှာက ဖုန်းနံပါတ်တို့ လိပ်စာတို့ပါ ပါလို့ပါ"

မယ်က ခေါင်းလေးတစ်ချက်ညိတ်ကာ လှမ်းယူပြီး
ရင်က အံဆွဲလေးတစ်ခုထဲ ထည့်လိုက်သည်။

"ရှင်ဒွေးမယ်ရဲ့ကတ်ကော ရနိုင်မလား"

မှန်ထဲက သူ့မျက်လုံးများ ရွှန်းလက်နေပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၄

"နင့်ပစ္စည်းတွေ အကုန်သယ်တော့လေ မိုး"

မိုးက ဇေဌကို မျက်လွှာပင့်ကာ ကြည့်လိုက်ပြီး သက္ကလတ်သားနှင့် ချုပ်ထားတဲ့ သေတ္တာအလတ်လေးကို အခန်း အပြင်ရောက်အောင် ဆွဲထုတ်လိုက်ကာ

"တစ်ခါတည်းမှ မနိုင်တာ"

"ကျွတ်"

ဇေဌ မျက်နှာက စိတ်မရှည်ခြင်း ဒေါသဖြစ် ခြင်း အရိပ်အယောင်တို့နှင့် တင်းမာလာကာ ...

"နင် လွှန်လွှန်းအား ကြီးလာပြီနော်၊ ဘယ်လောက်ကြာ ပြီလဲ"

"မနိုင်ဘူးဆိုနေမှပဲ၊ နောဂ ဒုတ်ခေါက် လာယူမှာ ဖြစ်နေလိုက်တာ"





"ဘာဖြစ်နေလိုက်တာလဲ၊ နင့်ပစ္စည်းတွေကို ဘယ်သူငယ် ချင်း ဘယ်မိတ်ဆွေက လက်ခံထားပေးလဲ၊ ငါလက်ခံထား ပေးတယ် မဟုတ်လား"

"ဆောင့်ကြီးအောင့်ကြီး လက်ခံရတာများ"

မိုးက မပွင့်တပွင့်မကြားတကြား ရေရွတ်လိုက်သည်။

"ဘာ ! "

"တခြားသူငယ်ချင်းတွေက အဆောင်နေတာများတာ၊ လက် ခံစရာနေရာမှ မရှိတာ"

"နောက်ဆုံးတော့လည်း နင် ... နင့်အဒေါ်အိမ်ပြန်တာပဲ မဟုတ်လား၊ နေရင်းထိုင်ရင်း ပြဿနာရှာတယ်"

မိုးသည် ငိုမဲ့မဲ့ဖြစ်လာကာ ...

"သိပါတယ်၊ ကိုဇေ မိုးကို စိတ်နာတာ သိပါတယ်"

"စိတ်နာတာ ဘာဖြစ်လဲ၊ ပြောတုန်းက တစ်ရက်တလေ လိုလို့နဲ့၊ စကားမများချင်တော့လို့ ပါးစပ်ပိတ်နေလိုက်တာ၊ ခုထိကို ပြန်မသယ်ဘူး၊ ပြန်သယ်တော့လည်း ခွဲခွဲပြီးတော့၊ နင် ယူလာတုန်းက အားလုံး တစ်ခေါက်တည်း တစ်ကြိမ် တည်း သယ်လာတာပဲ"

"အဲဒီတုန်းကတော့ တက္ကစီပေါ်တင်ပြီး တက္ကစီသမားက တိုက်ပေါ်အထိ ကူသယ်ပေးတာကိုး၊ အခု တစ်ယောက် တည်း သယ်ရတာ၊ လမ်းထိပ်ရောက်အောင်တောင် မနည်း သယ်ရမှာ၊ ကိုဇေကလည်း ကူသယ်ပေးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဧဗ္ဗက မျက်ထောင့်ကြီးနှင့်ကြည့်ကာ တံခါးသော့ကို ခတ်လိုက်ရင်း ...

"ငါက ဘာကိစ္စ ကူသယ်ရမှာလဲ၊ နင့်ဟာနင် သယ်တက်လာတာ၊ နင့်ဟာနင် သယ်ဆင်းသွားပေါ့၊ နင့်ကို လာတုန်းကလည်း ငါပင့်ခေါ်တာ မဟုတ်ဘူး၊ ခုလည်း ကူသယ်ပြီး ပြန်မပို့နိုင်ဘူး"

"ကိုဧဗ က မိုးကို စကားပြောတာ သိပ်ရက်စက်တာပဲ"

မိုးအသံက တိမ်နေသည်။

"ငါက နင့်ကို ညှာပြီးပြောနေရမှာလား၊ နင်ကဘာမို့လို့ ငါက တီတီတာတာ လုပ်နေရမှာလဲ"

"သိပါတယ်၊ သူ့ရည်းစားနဲ့ ပြဿနာတက်ရတာ မိုးကြောင့် ဆိုပြီး"

"ဟုတ်တယ်လေ၊ နင့်ကြောင့်လေ၊ မဟုတ်လို့လား၊ ငြင်းမရ ပြုမရ အတင်းတက်လာ၊ ငါကလည်း ရှင်ခွေးမယ် မလာဘူး ပြောထားတဲ့ရက်ပဲလေဆိုပြီး ခဏတဖြုတ် လက် ခံလိုက်မိတာ၊ အနေအထိုင်ကို မတတ်ဘူး၊ ယောကျ်ားလေး တစ်ယောက် အိပ်ခန်းကို ဖြစ်ချင်ရာဖြစ် တက်လာရဲတဲ့ နင့်လိုမိန်းမစားတွေကြောင့် ငါတို့ယောကျ်ားတွေ ဒုက္ခတွေ့ ကြ ရှာန်လျှောကြ ပြဿနာတက်ကြ ...

အခုကြည့်စမ်း ... ငါဘယ်လိုမှ ရှင်းမရဘူး၊ နင် ဒီကိစ္စကို ပေါ်တီးပေါ်ဆ ထင်နေလား၊ နင်လိုမိန်းကလေး





တစ်ယောက်က ရည်းစားပြတ်တာများလို့ လှောင်ချင်လှောင် မယ်၊ ငါ့ချစ်သူ ရှင်ခွေးမယ်လို ဣန္ဒြေသိက္ခာနဲ့ မိန်းမတစ် ယောက်ကတော့ နင့်ကို အိမ်ပေါ်တင်သိပ်ထားတဲ့ ငါ့ကိုပါ အထင်သေးသွားပြီ"

မိုးသည် နာကျင်စူးစိမ်းသော မျက်ဝန်းကြီးတွေနှင့် ကို စူးစူးရဲရဲ ကြည့်လိုက်ပါသည်။ ဧဗ္ဗ စကားတွေ ဘာမှ း ဒါပေမဲ့ မမှားတိုင်းလည်း ရက်ရက်စက်စက် ပြောထွက် လား။ သူ့စကားတွေက မိုးရဲ့သိက္ခာကို လုံးဝနင်းဖိ ချိုးခြေ သည်။ တကယ်တော့လည်း သူ ပြောသလို ကိုယ်ကသိက္ခာ ပြားဖိုးမှမရှိတဲ့ မိန်းမတစ်ယောက်လို ဖြစ်တော့ဖြစ်နေတာပဲ

ဒါကလည်း သူ့အလိုအလျောက် ဒီလိုပဲ ဖြစ်လာ မိုးမှာ နဂိုကပင် မိန်းကလေးသူငယ်ချင်းက ခပ်ရှားရှားပင်။ ယောက်မှာလည်း တစ်ယောက်ကိုတစ်ယောက် အပေါ်ယံရွှေ ပေါင်းကြပြီး မနာလိုစိတ်ပုပ် အတွင်းကျိတ်မွေးနေကြတာ။ င်လည်း သူတို့ကိုဒီလို သူတို့လည်း ကိုယ့်ကိုဒီလိုပင်။ အရေး င် ဘယ်သူမှမကူညီချင်ကြ။ ဒုက္ခရောက်သွားမှာကိုပဲ စောင့် သတင်းလုပ် ပြောချင်ကြတာ။

ယောကျ်ားလေး အပေါင်းအသင်းတွေထဲမှာတော့ တကာ ဧဗ္ဗကိုသာ ရွေးချယ် အမြဲအပူကပ်တာ။ ဘာကြောင့် တော့ မိုးရဲ့အသည်းနှလုံးထဲမှာ သူ့ကိုသာ အမြဲအားကိုးမိခဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့ပေါ့။ သို့ပေမဲ့ သူ့စိတ်ထဲမှာတော့ မိုးဟာ ချောင်ထောင့်က
တောင် မကအံ့ဘူးဆိုတာ မိုး သိပါသည်။ သူ့ချစ်သူကို သူ
ချစ်မြတ်နိုးတာကိုလည်း မိုး သိပါသည်။ သိသိနှင့်ပဲ ကိုယ်
လည်း အရေးကိစ္စရှိတိုင်း သူ့ကိုပဲ သူ ကြည်ဖြူဖြူ မဖြ

မိုးကို ကိုဇေ တန်ဖိုးမထားဘူး ဆိုတာလည်း
သိပါသည်။ မိုးကိုကလည်းပဲ တန်ဖိုးထားချင်စရာဖြစ်အော
မနေခဲ့ပဲ။

“ရှင်ဒွေးမယ် အထင်သေးသွားတော့ကော ဘာမှုစရာ

“ဘာ”

“ဟုတ်တယ်လေ၊ တစ်ခါတည်း ပါးစပ်ကလည်း
ပက်စက်ပြောသေး၊ လက်နဲ့လည်း တီးသွားသေး”

“ဒါ ဘယ်မိန်းမဆို ဒီလိုပဲ လုပ်မှာပဲ”

“ဟင်း ... ဟိုဘက်ကျတော့ ငုံ့ခံ၊ ဒီဘက်ကျတော့
တိုင်းနှိမ်တယ်”

“ငါ့မှာ ဟိုဘက် ဒီဘက် လုံးဝမရှိဘူး၊ သဘော
ထား၊ ငါ့မှာ ရှင်ဒွေးမယ်ဆိုတဲ့ တစ်ဖက်ပဲရှိတယ်၊
လည်း ငါဘာမှထည့်တွက်စရာ မလိုဘူး မိုး၊ နင့်ဟ
နင့်ကိုယ်နင် တန်ဖိုးမထားပဲ ငါ့အခန်းပေါ် ဇွတ်တ
တာ၊ နင်နဲ့ ငါနဲ့ကြားမှာ သံယောဇဉ်ချည်နှောင်တဲ့
ပတ်သက်မှုမှ မရှိဘူးဆိုတာ နင် မြဲမြဲသဘောပေါက်ထာ
မိုး၊ ငါ့ကို ဘာနဲ့မှလဲ လာချုပ်ဖို့ နင်မကြိုးစားနဲ့၊ မ





“ဘယ်သူကကော ကိုဇေကို ဘာတွေချည်နှောင်နေလို့လဲ”

မိုးအသံလေးက ဝမ်းနည်းသံနှင့် တုန်နေသည်။

“အေး ... ခုဆိုပိုဆိုးသေးတယ်၊ နင့်ကြောင့် ငါနဲ့ မယ်
ပြဿနာတက်ရတာ၊ နင့်ကြောင့်၊ ဒီလောက်ထိ ပြဿနာ
တက်သွားမှန်း ကိုယ်တိုင်ကိုယ်ကျ သိရက်နဲ့တောင် နင့်
ပစ္စည်းတွေကို ခုထိမသယ်ဘူး၊ ဟိုကစိတ်နာပြီး မလာတော့
လို့သာပေါ့၊ စိတ်ပြေပြီး ရောက်သာလာရင် နင့်ပစ္စည်းတွေ
ထပ်တွေ့ရင် ပြဿနာထပ်တက်ဦးမှာ၊ လူတစ်ဖက်သားကို
နင်ဟာ မစာနာဘူး၊ မိန်းမဖြစ်နေတာကို အခွင့်ကောင်းယူ
ပြီး ဇွတ်တရွတ် လုပ်ချင်ရာလုပ်တယ်”

“လူရောက်နေတာမှ မဟုတ်တာ၊ ပစ္စည်းရှိနေတာ သူမြင်
တော့ရော ဘာဖြစ်စရာရှိလဲ”

“အတူတူပဲ၊ နင်မရှိတော့ပေမယ့် နင့်ပစ္စည်းကို လက်ခံ
ထားတာ သူ ကြိုက်မှာမဟုတ်ဘူး။ တန်းတူပြဿနာတက်
မှာပဲ”

“ဟွန်း ... သူ့ရည်းစားကဖြင့် လာပါစေဦး၊ လာကော
လာဦးမှာမို့လား”

ရိသဲ့သဲ့ ပြောလိုက်တဲ့ မိုးသည် သူ့ကို ဆတ်ခနဲ
ရှေ့တိုးစီးမိုးငုံ့ကြည့်ကာ လက်သီးနှင့်ထိုးပစ်မလို့ ရွယ်ထားလိုက်
တဲ့ ဇွေကြောင့် ကုပ်ကလေးပုကာ မျက်လုံးကို မှိတ်ထားလိုက်
မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်နဲ့မဆိုင်တာ ထပ်မပြောနဲ့၊ သေသွားမယ်၊ မယ့်ကိုလည်း နှင့်နည်းနည်းကလေးမှ ဘာကိစ္စမှ ထိပါးပုတ်ခတ်မပြောနဲ့၊ သူ ခုလိုလုပ်သွားတာ သူ့အမှန်၊ သူ လုံးဝမမှားဘူး၊ မှားတာငါ၊ မှားအောင်လုပ်တာ နှင်၊ အဓိကတရားခံနှင်၊ နှင့်ကြောင့် ငါသိပ်ချစ်တဲ့ ချစ်သူနဲ့ လမ်းခွဲရတာကို ငါ ခွင့်လွှတ်မယ် ထင်သလား၊ နောင်ကို နှင် ဘာအကူအညီမှ ငါ့ဆီလာမတောင်းနဲ့၊ ဘာမှမကူညီဘူး၊ ကြားလား"

မှိတ်ထားတဲ့ မိုးရဲ့မျက်လုံးလေးထဲမှ 'မျက်ရည်ဥလေးနှစ်သွယ် စီးလိမ့်ကျလာမှပင် ဖေ့ကြက ရှယ်ထားတဲ့လက်သီးဆုပ်ကို ဖြေချလိုက်ပါသည်။

"ခုလည်းပဲ နှင် ရောက်လာပြီး လာသယ်လို့၊ ဒီနေ့မှ လာမသယ်ရင် နက်ဖြန်ဆိုရင် တစ်ပတ်ပြည့်ပြီ၊ ငါ အိတ်နှစ်လုံးစလုံး ကန်ချပြီး အမှိုက်ပုံကို သွားပစ်တော့မှာ၊ ကဲ — အဲဒီတော့ ကျန်တဲ့အိတ်က ဘယ်တော့လာသယ်မှာလဲ"

"သန်ဘက်ခါ"

"နက်ဖြန်လာယူ"

"နက်ဖြန် မိုး မအားလို့ ကိုဇေ"

"မအားလို့ လာမယူရင် ငါ အခန်းပြင် ထုတ်ထားမယ် နှင့်မှာရှိတဲ့ကီးစွကို ဖျက်ပြီးလာယူ"

မိုးက ဇေ့ကို မျက်စောင်းထိုးကာ စိုက်ကြည့်နေပါသည်။





"ဘာကြည့်တာလဲ၊ နှင် လာမယူရင် ငါတကယ်ပစ်ပစ်မှာ"

မိုးက မျက်လွှာချလိုက်ရင်း ...

"နက်ဖြန်ညနေ ခုလိုပဲ ကိုဇေ ဆိုင်သွားခါနီး လာယူလိုက်မယ်"

"မရဘူး၊ မနက်ပိုင်းလာယူ"

"မနက်ပိုင်းက ..."

"မနက်ဖြန် ရှင်ခွေးမယ် အားရက်၊ ငါ သူ့အိမ်ကိုသွားမှာ၊ အိမ်ကနေ ရှစ်နာရီခွဲထွက်မယ်၊ ငါ အိမ်ကထွက်ရင် နှင့်အိတ်ကိုပါ အခန်းတံခါးအပြင် ထုတ်ခဲ့ပြီ၊ နှင် လာယူရင်ယူ မယူလည်းနေ၊ ပျောက်သွားလည်း ငါ တာဝန်မယူဘူး"

"ကိုဇေ သိပ်ရက်စက်တယ်"

"ငါ ရက်စက်တာက နှင် ငါ့ကို ရက်စက်လိုက်တာနဲ့စာရင် ဒဿမတစ်တောင် မရှိဘူး၊ ဒီနေ့ထိ နှင့်ပစ္စည်းတွေလမ်းပေါ်ပုံမထားတာကိုပဲ နှင် ကျေးဇူးတင်ရမှာ၊ ဘာမှမျက်ရည်ကလည်ကလည် လာလုပ်မနေနဲ့၊ နှင့်ကို စကားပြောနေသေးတာ လွန်လှပြီ၊ နှင့်ပစ္စည်းတွေလည်း မရှိတော့ဘူးဆိုရင် နှင်နဲ့ ငါနဲ့လည်း ပတ်သက်မနေနဲ့တော့၊ မိတ်ဆွေအဖြစ်ကပါ ရပ်စဲလိုက်မှ ကောင်းမယ်၊ မယ့်ကိုခွင့်လွှတ်အောင် မနည်းကြိုးစားရမယ့်အချိန်မှာ နှင့်ကို စကားပြောနေ ပတ်သက်နေရင် သူက လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"

"ကိုဇေ့ကို မိုးက နှုတ်တောင်မဆက်ရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နှုတ်ကိုမဆက်နဲ့၊ နင်က တစ်ဖက်သ
လိုက်နှုတ်ဆက်နေရင်လည်း နင် အရုက်ကွဲရုံပဲ ရှိတာလေ

မိုးသည် ဝမ်းနည်းစိတ်ထိခိုက်စွာ အံကလေးဖိကြိ
လိုက်မိလျက် ဘာစကားမှ မတုံ့ပြန်နိုင်ပါ။ ဇွေ့က ဂစ်တာကို
လွယ်လျက်သား လှေကားထစ်တွေအတိုင်း ရှေ့ကနေ တဒိုင်းဒိုင်
ပြေးဆင်းသွားပြီ။ သူ့မျက်နှာပုပ်သိုးသိုး တင်းမာမာကြီးနှင့် မိုး
တစ်ချက်လေးတောင် လှည့်ကြည့်မသွားတော့။

မိုးသည် သေတ္တာကို မနိုင်မနင်းနှင့် ခါးကော့
အောက်နှင့်လွတ်အောင် အားတင်းသယ်မရင်း လှေကားတစ်
ချင်းဆင်းလာရင်းက ဝဲရစ်စိမ့်အိုင်လာတဲ့ မျက်ရည်တို့ကို လက်
နှင့် ပွတ်ကာ ပွတ်ကာ သုတ်ဖယ်ရပါသည်။

✧❤✧

အတွင်းသစ်သားတံခါး ပွင့်သွားတဲ့အခါ ဇွေ့
မျက်လွှာပင့်၍ မရဲတရဲ ကြည့်လိုက်လျှင် ...

"ဩော်"

တံခါးအတွင်းဘက်က ပေါ်လာတဲ့ မယ့်အ
ဒေါ်အေးအေးရှင်က ခပ်တိုးတိုးပဲ ရေရွတ်လိုက်ပါသည်။ သူ
တံခါးဖွင့်ပေးမှာလား ဖွင့်မပေးဘူးလား ဇဝေဇဝါ မဝေခွဲနိုင်
ဇွေ့က မယ့်အမေကို မရဲတရဲ အကဲခတ်နေဆဲ မယ့်အမေ





က်ပြင်းတစ်ချက်နှင့်အတူ သံတံခါးမှာချိတ်ထားတဲ့ သော့ခ
လောက်ကို သော့ဖွင့်လိုက်ပါသည်။

"ကဲ ... လာ"

ဇွေ့က ဧည့်ခန်းမှာ ကုပ်ကုပ်ယို့ယို့ကလေး ဝင်
ိုင်လိုက်ပါသည်။

"အန်တီ၊ ဟို ... မယ်"

"မယ် မရှိဘူး"

ဒေါ်အေးအေးရှင် အသံက ခပ်အေးအေးပင်။ ဇွေ့
မျက်လုံးလေးကို အတွင်းခန်းဘက် အမှတ်မထင် ဝဲဝေ့လိုက်
ါသည်။

"တကယ် မရှိဘူး ဇွေ့၊ လတ်လတ် လာခေါ်သွား
တယ်"

ဇွေ့က အခြေအနေတွေကို ဘယ်လောက်သိထား
် မပြောတတ်တဲ့ ဒေါ်အေးအေးရှင်ကို စကားဟာဟာမပြောရဲဘဲ
ါင်းကြီးငုံ့ချထားမိပါသည်။

"ကဲ ... ပြောပါဦး"

"ဗျာ"

"ပြောစမ်းပါဦး ဇွေ့၊ မင်းတို့ ဘာဖြစ်ကြတာလဲ"

ဇွေ့သည် မတော်ရသေးတဲ့ သူ့ရဲ့ယောက္ခမလောင်း
ါ်အေးအေးရှင်ကို ခပ်ရွံ့ရွံ့ မော့ကြည့်လိုက်ပါသည်။ ဂျစ်ပေပေ
လှတဲ့ ဇွေ့သည် ဒေါ်အေးအေးရှင်ကိုတော့ ဘယ်တော့မှ ဂျစ်



www.burmeseclassic.com

www.burmeseclassic.com



ကန်ကန်မလုပ် ရှိသေလေးစားမြဲ ရှိသည်မှာ မယ့်အမေဖြစ်တ တစ်ခုတည်းကြောင့်မဟုတ်။

သူ့အပေါ် ခင်မင်ရင်းစွဲ သံယောဇဉ် ရစ်နှောင်ရ စွဲရှိကာ အဝေးရောက်နေတဲ့ သားကြီးရဲ့အစားလည်း တွယ်တာ ရပြီး သူ့သမီးအပေါ် ချစ်တာတစ်ခုကလွဲရင် ဘာတစ်ခုမှမပေး စွမ်းခဲ့သော သမက်လောင်းလျာအပေါ် ငြူစူခြင်း အလျှဉ်း စိတ်ပျက်လက်ပျက်ကြားမှပဲ သည်းခံခွင့်လွှတ် မေတ္တာထားနိုင် တဲ့အတွက်ဖြစ်သည်။

"အန်တီ့ကို မယ် ပြောမပြဘူးပေါ့"

"ဘာမှမေးလို့ မရဘူး"

ဒေါ်အေးအေးရှင်က စိတ်ပျက်စွာ ဆိုသည်။

"ဖြစ်နေတာ ...ဖြစ်နေတာ အဲဒီနေ့က၊ မနိုင်းကောင်း ပြီးပြောရရင် သူ့အဖေဆုံးတုန်းက ရင်ကွဲပက်လက် ငိုတ တောင် ဒီလောက်မပေါက်ကွဲဘူး၊ ငြိမ်ငြိမ်သက်သက် ဆွေးမြည့်မြည့်ပဲ ငိုတာ၊ အဲဒီနေ့ကတော့ သူ့ကိုကြည့်ရ ပူပြင်းလိုက်တာ၊ အန်တီ တကယ်စိတ်ဆင်းရဲတယ် ဇေ

မေးမရ ချော့မရ ဖျောင်းဖျမရ၊ သူ့အခန်းထဲ ယောက်ယက်ခတ် ရှန်းရင်းဆန်ခတ် လုပ်နေတာ တ ဝုန်း တဒိုင်းဒိုင်းနဲ့၊ ပြောလို့ဆိုလို့လည်း မရတော့ ဝို ဆင်းရဲတယ်၊ ဒီနေ့ထိ ဘာမှမေးမရဘူး၊ ဇေဠနဲ့ပြ တစ်ခွန်းပဲ အန်တီ့ကို ပြောတယ်"





ဇေဠက ခေါင်းငုံ့နေပါသည်။

"ခုနောက်ပိုင်းတလောမှာ မင်းတို့ နားလည်မှုလွဲတာလေး တွေနဲ့ တကျက်ကျက် ရှိလာကြတာ အန်တီ သိတယ်၊ မယ်က ဘာမှသိပ်ပွင့်ပွင့်လင်းလင်း အမေကို မပြောပေမယ့် အန်တီရိပ်မိသလောက် ရိပ်မိတယ်"

"အဲဒါ မယ့်ကို စိတ်မဆိုးပါနဲ့ အန်တီ၊ ကျွန်တော့်ကိုငဲ့ ပြီး သူ အန်တီ့ကို ဘာမှမပြောတာပါ၊ တကယ်တော့ ကျွန်တော့်ကို သူ ... သူ သိက္ခာမကျစေလိုတာပါ"

ဇေဠ အသံက တုန်သွားပါသည်။

"သိပ်သိတာပေါ့ ဇေဠ၊ အန်တီက အမေပဲကွယ်"

"ကျွန်တော့်မှာ အပြစ်တွေ အများကြီးရှိပါတယ် အန်တီ၊ မယ့်အပေါ် ကျွန်တော် လိုအပ်ချက်တွေ အများကြီးရှိခဲ့ပါ တယ်"

ဇေဠက တုန်တုန်ယင်ယင်ပြောရင်း မျက်နှာကို လက်ဝါးနှင့် မှောက်အုပ်၍ တည်ငြိမ်အောင် ထိန်းနေပါသည်။

"မယ် ကျွန်တော့်အပေါ် အများကြီး အချိန်ပေး၊ အများ ကြီးသည်းခံခွင့်လွှတ်ခဲ့ရှာပါတယ်၊ မယ် ကျွန်တော့်ကိုငဲ့ညှာ တယ်ဆိုတာ ကျွန်တော် နားအလည်ဆုံးပါ၊ လိုအပ်ချက် တွေက ကျွန်တော့်ဘက်မှာပဲ ရှိတာပါ"

"သား အဲသလို တကယ်ယူဆတာလား ဇေဠ"

"ကျွန်တော် တကယ်ယူဆတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက သူ့အမေမို့ အန်တီ့ရှေ့မှာ နားထောင်ကောင်းအောင် ပြောပေးနေတာလား"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် တကယ်နားလည်တာပါ၊ တကယ် နှလုံးသားထဲ အသည်းထဲက သိတာပါ၊ ကျွန်တော်ပဲ အလကားကောင်ပါ"

"သား အဲဒါမျိုး သားတွေးနေမိရင် ဘာဖြစ်လို့ မပြုပြင်တာလဲ၊ မင်းတို့နှစ်ယောက် ပတ်သက်မှုကြားမှာ မယ့်ကို စိတ်ချမ်းသာအောင် သားကလွဲပြီး ဘယ်သူထားနိုင်မှာလဲ၊ သားမှာလိုအပ်ချက်တွေရှိတယ်လို့ ဝန်ခံရင် ဒီလိုအပ်ချက်တွေကို ဖြည့်ပေးလိုက်ပါလား၊ သား မယ့်ကိုချစ်သားပဲ မဟုတ်လား"

"မယ့်ကို ကျွန်တော် သိပ်ချစ်ပါတယ် အန်တီ၊ မယ်ကလွဲရင် ကျွန်တော် ဘယ်သူ့ကိုမှလဲ မချစ်နိုင်ဘူး"

"ဒါဖြင့် မင်းတို့အတွက် ဘာက ခက်နေသလဲ"

ဒေွှက ခေါင်းကို ဖြည်းညင်းစွာ ကြေကြေကွဲကွဲ ယမ်းနေမိပါသည်။ ဒီတစ်ကြိမ်က အရင်အကြိမ်တွေနဲ့ မတူပါဘူး အန်တီ။ အန်တီ ဘာမှမသိလို့ပါ။ အရင်လို နှစ်ယောက်အတူ လက်တွဲဖို့ကိစ္စနဲ့ ပတ်သက်ပြီး ဖြစ်ရတဲ့ပြဿနာ မဟုတ်ပါဘူး။ ဒီတစ်ခါ ပြဿနာက မယ့်ကို ပြန်တောင်းပန်ဖို့ခက်တဲ့ မယ် ပြန်ခွင့်လွှတ်ဖို့ခက်တဲ့ ကြီးမားတဲ့ ပြဿနာပါ။





ကျွန်တော့်ရဲ့ မပြေလည်မှု မပြည့်စုံမှုတို့အတွက် နှစ်ရှည်လများ သည်းခံခွင့်လွှတ်ခဲ့တဲ့ မယ်က ခုကိစ္စမှာတော့ ကျွန်တော့်ကို နာကြည်းသွားမှာပါ။

"မင်း မယ့်ကို ချစ်ပါတယ်လို့ စပြောခဲ့တုန်းက အန်တီ ဘာတစ်ခွန်းပဲ ပြောခဲ့သလဲ မှတ်မိသလား ဇေွှ"

"ဆယ်တန်းအောင်ရမယ်လို့ ပြောပါတယ်"

"အေး ... အဲဒီနှစ်မှာ မင်း ဆယ်တန်းကို မရမက အောင် အောင်ပြန်ဖြေခဲ့တယ်၊ မိဘအိမ်မှာ ငြိမ်းငြိမ်းချမ်းချမ်းနေပြီး ကျလာခဲ့တဲ့ ဆယ်တန်းကို ကိုယ့်ဟာကိုယ် ရုန်းကန်ရပ်တည်ရင်းက မင်း အောင်အောင်ဖြေခဲ့တာပဲ သား၊ မင်းမှာ တကယ်ဖြစ်ချင်ရင် ဖြစ်အောင်လုပ်နိုင်တယ်ဆိုတဲ့ အရည်အချင်း ရှိတယ် ...

မင်းအနေနဲ့ မယ့်ကို ဂုဏ်မက်တယ် ငွေမက်တယ်လည်း မထင်စေချင်ဘူး၊ မယ်ဟာ ဒါတွေ ဘာတစ်ခုမှ ..."

"ကျွန်တော် သိပါတယ် အန်တီ၊ မယ် မှုမက်ပါဘူး၊ ကျွန်တော် အသိဆုံးပါ"

"အန်တီလည်း အမေတစ်ယောက်အနေနဲ့ ကိုယ့်သမီးကို ဘုန်းကြီးဆွမ်းလေးတော့ကျွေးပြီး လက်ထပ်ယူတာလောက်တော့ လိုချင်တယ်၊ ဒါ အန်တီတို့ လောဘကြီးလွန်းရာများ ကျနေဂိုလား သား"



www.burmeseclassic.com

www.burmeseclassic.com



"မကျေပါဘူး အန်တီ၊ ကျွန်တော့်ကိုတောင် ညာတာ
"ဒီလိုတကယ်နားလည်ရင် မင်းမှာ မယ့်အတွက် လှမ်
ဖို့ စေတနာကို မရှိလို့လား"

ဇေဋ္ဌက မျက်ရည်လည်ကာ ခေါင်းခါယမ်းလျက်

"မဟုတ်ပါဘူး အန်တီ"

"ဒါဖြင့် ဘာဖြစ်လို့ ဒီလောက်ခက်ခဲ ကြန့်ကြာနေတာ

"......"

"မင်းမှာ အဆင်မပြေဘူး သိတယ်၊ ဒါပေမဲ့ အဆင်
အောင်လုပ်ဖို့ နည်းလမ်းရှိတယ်၊ တစ်က ဖခင်အုပ်ထိန်း
အောက် ပြန်ဝင်တဲ့နည်း၊ ဒါပေမဲ့ ကိုယ်ဆင်းချင်တဲ့နံ
ရင်ကော့ဆင်းလာပြီး မိန်းမယူဖို့ အမှုတပ်ချင်မှ ပြန်တ
တာမျိုးလုပ်ဖို့ မင်းမာနက လက်သင့်မခံဘူး ထားတော့

နံပါတ်နှစ်၊ မင်းရဲ့ပညာ၊ အနုပညာနဲ့ အိမ်ထော
တစ်ခုကို ခုခေတ်ကြီးမှာ တင့်တောင့်တင့်တယ်လေး
နိုင်ပါတယ် ဇေဋ္ဌ၊ ခုခေတ်မှာ အနုပညာသည်တွေ ပိုက်
ရကြပါတယ်၊ သူများတွေ ဒီအနုပညာလေးတစ်ခု
မိသားစု ရပ်တည်နေကြပါတယ်၊ ငွေရှာလို့ ရပါတ
ငွေရှာတယ် ဆိုရာမှာလည်း မင်းအနေနဲ့ ငွေကြေးရေ
တင်ပြီး ရုပ်ပျက်ဆင်းပျက် လုပ်စားနေဖို့လည်း မလိုပါ
ဣန္ဒြေရရ ငွေဝင်မှာပါ ...



မင်းရဲ့အနုပညာဟာ ငွေရှာဖို့ မဟုတ်ဘူး၊ အနုပညာနဲ့ ထမင်းမစားဘူးဆိုတဲ့ အယူအဆ ရှိနေရင်တော့ မင်းရဲ့ ဂစ်တာကို ချောင်ထဲထိုးထားပြီး တခြားအလုပ်တစ်ခုခု ဝင်လုပ်တော့ သား၊ ဒီလိုမှ မဟုတ်ရင်လည်း မယ့်ကို မင်း လွှတ်လပ်ခွင့် ပေးလိုက်ပါတော့ ...

ကိုယ် ဝါသနာပါတဲ့ အနုပညာအလုပ်ကိုလုပ်ရင်းက ကျွဲကူးရေပါဆိုသလို ဝင်ငွေလေးပါ အဆင်ပြေပြေ ကပ်ပါလာတာဟာ အတိုင်းထက်အလွန် အဆင်ပြေမှုပဲ၊ ဂုဏ်သိက္ခာလည်း မမဲ့ပါဘူး သားရယ်၊ မယ့်ကို လက်ထပ်ချင်တဲ့ဆန္ဒက တစ်ကိုယ်တော် မာနကြီးနေချင်တဲ့ အတ္တလောက် မကြီးမား မပြင်းထန်ဘူးလို့ တစ်နေ့ထက်တစ်နေ့ ယုံကြည်စရာ ဖြစ်လာတာဟာ မယ့်ရပ်တည်မှုကို ရိုက်ချိုးပြီး မယ့်နှလုံးသားကို နင်းခြေနေတာပဲ သား"

ဇေဋ္ဌသည် ဒေါ်အေးအေးရှင် စကားတွေကို သေချာ
ိုက်ထောင်ကာ အလေးအနက် စဉ်းစားရင်း စိတ်မကောင်း
လာမိပါသည်။

"မိန်းမတစ်ယောက်ရဲ့ဘဝမှာ ကိုယ့်ချစ်သူက ကိုယ့်ကို လက်ထပ်လိုစိတ် မပြင်းပြဘူးဆိုတဲ့အသိက အခံရအဆိုးဝါးဆုံးပါ သား"

"အန်တီ ... မယ့်ကို ကျွန်တော် လက်ထပ်ချင်ပါတယ်၊ မယ်နဲ့လည်း နှစ်ယောက်တစ်ဘဝ ထူထောင်ချင်ပါတယ်၊ မယ့်ကို ကျွန်တော် သိပ်ချစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း လုပ်နေပုံကို မင်း ပြုပြင်ပြောင်းလဲ
ဇေဌ"

"ကျွန်တော် ... ကျွန်တော် ပြင်ပါမယ်"

ဇေဌ အသံက တုန်တုန်ယင်ယင် ထွက်လာပါသ

တကယ်ပါ။ သူ့ပြုပြင်မှု ဖြစ်မယ်လို့ တစ်ပတ်တိ
စဉ်းစားဆုံးဖြတ်ပြီးပါပြီ။ နည်းနည်းကလေးမှ အကြောမခံ အ
မခံ စိတ်လိုက်မာန်ပါ အတ္တကြီးမိတာမျိုးတွေကို လျှော့ပစ်ဖို့
ရည်ရွယ်ထားပြီးပါပြီ။ သူကသာ သူ့စိတ်မှ သူ့စိတ် လုပ်မနေ
ဘယ်ဆိုင်မှာမဆို သူ့ပညာနှင့်က အလုပ်မြဲနိုင်ပါသည်။ ခု
ဆိုင်တွေ ဆိုင်တွေ ပြောင်းကာ ခုန်ကာ ရွေ့လာတာ ဘယ်
တောင် ရှိလာပြီလဲ။

တစ်ယောက်စကား တစ်ယောက်နားနှင့် ဆိုင်
ကလည်း "ဇေဌ"ဆိုလျှင် ရစ်တတ်တဲ့ ပြဿနာရှာတဲ့ ဂ
သမားရယ်လို့ သတ်မှတ်နေကြပြီ။ သူ့အချိုးကို သူ မပြင်
တဖြည်းဖြည်း တစစ သူ့ကိုအလုပ်ခန့်ချင်တဲ့ဆိုင်တောင် ရှာ
လာတော့မည်ဆိုတာ ဇေဌလည်း သိနေပါပြီ။ တစ်ဆိုင်ကို
ဖို့ အင်တာဗျူးသွားလိုက်စဉ်မှာ ...

"ဩော် ... မင်းက ဇေဌ ဆိုတာကိုး" ... လို့

ကြိုတင်ကြားဖူးနှင့်ကာနှင့် ဆိုင်သုံးဆိုင် ကြ
ပြီ။ ဒီအခါ သူက မျက်နှာထား ... နှင့် ...

"ဇေဌ ဆိုတော့ ဘာဖြစ်လို့





ဘုဆတ်ဆတ် ပြန်မေးလိုက်တဲ့အခါ ဆိုင်ရှင်က
င်းသွားပြီး ...

"ပြဿနာရှာတတ်တယ်ဆိုတာ သိတော့ မခန့်ချင်ဘူးပေါ့
ကွာ"

"ပြီးတာပဲ၊ ဒီလို ခပ်မြန်မြန် ကိစ္စပြတ်တာ ကောင်းတယ်
ဗျာ"

တကယ်တော့ အလုပ်လိုချင်တာကသူ၊ သို့ပေမဲ့
ခါတစ်ရံမှာ သူ့အချိုး သူ့လုပ်ပေါက်က ဆိုင်က ရိုက်လွှတ်
ရာကောင်းတဲ့အထိ ဖြစ်နေတတ်သည်။ ဒါကို သိပါသည်။
သမဲ့ သူ့စရိုက်ကိုက သူ့ကို တစ်ခွန်းကလေးမှ စကားမများ
သူ့ခြေထောက်ပေါ် သူရပ်၊ သူ့ထမင်း သူစားနေတာဖြစ်တဲ့
ဘယ်သူ့ကိုမှ ပြေလည်သမှု ရှေ့ရှုပြီး အောက်ကျို့ဆက်ဆံ
လိုဟု သူက ယူဆထားသည်။

အောက်မကျို့တောင် အချင်းချင်း Respect ဆိုတဲ့
စားသမှုမျိုးတစ်ခုနှင့် ဆက်ဆံသင့်တာရှိသည်။ ပြန်တွေးကြည့်
ရင် သူဟာ ငယ်ကတည်းက အခုထိ သူ့စိတ်မှသူ့စိတ်။
သူ့ကိုမှ ညှိမပေးခဲ့။ မယ့်ကို စိတ်ကောင်းဝင်ချိန်မှာ နူးညံ့
မှုစွာ ဆက်ဆံခဲ့တာတွေသည်လည်း တမင်ညှိပေးတာမဟုတ်
ချစ်ကိုချစ်လို့ အဲသလို ဆက်ဆံချင်လို့ ဆက်ဆံတာ။ အော်
ချင်ရင်လည်း သူက စိတ်ရင်းအတိုင်းသာ အော်ဟစ်လိုက်မြ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မယ့်ဘက်က သည်းခံကာ ညှိနှိုင်းပြီးနေ
ခဲ့ရှာသည်။ ရန်ဖြစ်လိုက်လျှင်လည်း နောက်တစ်ပတ် သူ့အား
မှာ မယ်ဟာ အရင်တစ်ပတ်က ရန်မဖြစ်ခဲ့သလို ပြေလည်နွေး
နူးညံ့စွာ စိတ်ရှင်းရှင်းနှင့် ရောက်လာတတ်ခဲ့မြဲ။ သူ့ဘက်က
ရမည့် တာဝန်မျိုးတွေကိုလည်း မယ်က မိန်းကလေးဖြစ်ပေမ
မယ့်ဘက်က ကျေပေးခဲ့တာတွေ အများကြီး။

မယ်ဟာ တကယ်တော့ သူ့အတွက် ဘယ်တော
နှစ်ယောက်မရှိနိုင်တဲ့ မိန်းကလေးမျိုး။ သူ့ကို အနွံတာခံချစ်
တဲ့ ချစ်သူလေးပါ။

"ကဲ ... ကဲ ... ငိုမနေပါနဲ့တော့ ဇေဌရယ်၊ မင်းတို့အ
လည်း အန်တီပါ ကြားထဲက စိတ်ဆင်းရဲတယ်၊ မယ်
မင်းကို ပြတ်တယ်ဆိုတာ တစ်ခွန်းပဲ ပြောတယ်။ ဒါ
သူ့ဟာသူပဲ မစားနိုင် မအိပ်နိုင်ရှာပါဘူး သား၊ သာ
ရင် သိပါလိမ့်မယ်၊ ပိန်တောင်သွားတယ်၊ မျက်နှာ
သံလိုက်တုံးလေးလိုပဲ အေးစက်စက် မာကျောကျ
အရိုးပဲ ရှိတော့တယ် ...

ခါတိုင်း ရန်ဖြစ်ကြရင် တစ်ရက် နှစ်ရက်ပဲ မယ
လား၊ ဒီကြားထဲ သား ရောက်လာတတ်သေးသား
တစ်ခါ ရောက်မလာလို့ အန်တီလည်း စိတ်မကောင်း
မယ် ဆိုရင် ပိုဆိုးတော့မပေါ့"

"အန်တီ ... ကျွန်တော် မယ့်ကိုကြောက်လို့ မလာတာ





"အမယ်လေး ... ဖြစ်ရတယ်ကွယ်၊ မင်းကပဲ ကြောက်ရတယ်များ ရှိရသေးတယ် ဇေဌရယ်"

"တကယ်ပါ အန်တီ၊ အစစအရာရာမှာ မယ့်က ဘာအပြစ်မှမရှိဘဲ ကျွန်တော်ချည်း အပြစ်ရှိနေတော့ မယ့် ကျွန်တော့်ကို ခွင့်မလွှတ်တော့မှာကို ကြောက်နေတာပါ"

"မယ်ဟာ မင်းကို ဒီလောက်တောင် ချစ်ရှာတာ မင်းသိရဲ့သားနဲ့ ဇေဌရယ်၊ သမီးဟာ အရွယ်စရောက်တယ်ဆိုကတည်းက သူ့ဘဝမှာ မင်းပဲရှိခဲ့တယ်၊ မင်းတစ်ယောက်ကိုပဲ စွဲစွဲနစ်နစ်၊ သူ ဘာကိုမှလဲ မမက်မောရှာပါဘူး ဇေဌ"

ဇေဌသည် သူကိုယ်တိုင်ပါ စိတ်မကောင်းဖြစ်နေရှာ ယောက္ခမလောင်းကြီးကိုကြည့်ကာ ရင်ထဲနင့်လာပါသည်။

"အန်တီ ... ကျွန်တော် မယ် ဖြစ်စေချင်သလိုဖြစ်အောင် ခုကစပြီး တစိုက်မတ်မတ် ကြိုးစားပါ့မယ်၊ မယ့်ကိုလည်း စိတ်ချမ်းသာအောင် ထားပါ့မယ်၊ အန်တီ့ကို ကတိပေးပါတယ်၊ ကျွန်တော်သာ ငွေရှာမယ် ငွေစုမယ်ဆိုရင် ဘာမှ မကြာပါဘူး အန်တီ"

"ဒါပေါ့ သားရယ်၊ အန်တီ အဲဒါပဲ ကြားချင်ပါတယ်"

"အခု မယ်က လတ်လတ်နဲ့ လိုက်သွားတာပေါ့နော်"

"ဟုတ်တယ်"

"ဘယ်အချိန်လောက် ရောက်မလဲ မသိဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းလည်း သူ့နားရက်ဆိုရင် သမီးက တစ်နေကုန်
လိုလိုပဲ သွားစရာရှိတာ သွားနေတာပဲလေ၊ ဒီနေ့လည်း
ဘယ်အချိန်ရောက်မယ် ပြောမသွားပါဘူး"

"ဒါဖြင့် ဘယ်ကိုသွားကြမယ်ရော ပြောသွားသလား
အန်တီ"

"ဒီကနေ အရင်ဆုံးတော့ လတ်လတ် ယောက္ခမအိမ်သွား
ကြမယ်လို့ တိုင်ပင်သံကြားတယ်၊ ပြီးရင် သူတို့ ဒဂုံစင်တာ
သွားမယ်တဲ့၊ ဒဂုံစင်တာအပေါ်ကဆိုင်မှာ နေ့လယ်စာ
စားမယ် ပြောတယ်၊ နေ့လယ်စာစားချိန် ဆယ့်တစ်
ဆယ့်နှစ်လောက်အတွင်းတော့ ဒဂုံစင်တာမှာ ရှိကြလိမ့်မယ်
နဲ့တူတယ်"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် လိုက်သွားချင်လို့ပါ"

"အင်း … လိုက်သွားလိုက်လေ"

ဇေဌက လေးတီလေးကန်နှင့် ရင်မောစွာ ထွက်လာ
ခဲ့ပါသည်။

✧ ❤ ✧





## ( ၁ )

"ဟဲ့"

လတ်လတ်ရဲ့အသံကြောင့် မြေအိုးမြီးရှည်ထည့်ထား
သည့် စဥ့်အင်တုံကလေးကို တူနှင့်မွှေရင်း အေးလာအောင်
မှုတ်နေတဲ့ မယ်က လတ်လတ်ကို မျက်လွှာပင့်၍ကြည့်
ပါသည်။

"မယ်"

"ဘာလဲ"

"ဇေဌ လာနေတယ်"

"ဟင်"

မယ်သည် ထိုင်နေတဲ့ အနေအထားအရ စားသောက်
ထဲဝင်တဲ့ ဝင်ပေါက်ဘက်ကို ကျောပေးလျက်သားဖြစ်သည်။
ရင်တွေသည် တဒိုင်းဒိုင်း တုန်ခါကာ လက်ထဲကတူပင်
ချက်ပျက်ပြီး လွှတ်ချော်ကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလာနေတာလဲ"

"ဒီဘက်ကို ဦးတည်လျှောက်လာတာပဲ၊ ငါ့ကို မြင်သွားပြီ၊ အပေါက်ဝကို ရောက်နေပြီ"

"ဝင်လာပြီလား"

"အင်း"

လတ်လတ်က ဇေဠ္ဌဘက်ကို ထပ်မကြည့်တော့ဘဲ မယ်နှင့် စားစရာပန်းကန်ဆီကိုသာကြည့်ကာ ဣန္ဒြေရရနှင့် တခြားစကား ပြောနေသလိုလို ပြောနေတာပင်။ မယ်က တူကိုပြန် ကောက်ကိုင်ကာ စိတ်တွေယောက်ယက်ခတ် လှုပ်ရှားလာသည်။ သူ့ကို ဘယ်လိုရင်ဆိုင်ရမှာလဲဆိုတာ ကြိုတင်စဉ်းစားထားတာ လည်းမရှိ။

သူကဘာကြောင့် ဒီလောက်မျက်နှာပြောင်ပြောင်နဲ့ လာရဲရတာလဲ။ လတ်လတ်ကို မြင်ပါလျက် ဆက်လာနေတာဟာ မယ့်ကို လာရင်ဆိုင်တွေ့ဆုံဖို့ပဲပေါ့။ မယ်သည် အနယ်မထိုင်နိုင် တဲ့ ဒေါသတွေ ထပ်မံဟုတ်ထိုးမွှေနှောက်ပစ်လိုက်သလို နောက် ကျိအနည်ထ,လာပြီးလျှင် ပူပြင်းလောင်မြိုက်တဲ့ ဒေါသတွေနှင့် တုန်တုန်ယင်ယင်ပင် ဖြစ်လာသည်။ လတ်လတ်က မယ့်ကို စိတ်မသက်မသာ အကဲခတ်ကာ ...

"မယ် ရုပ်ပျက်ဆင်းပျက် မဖြစ်ပါစေနဲ့ဟာ၊ ကောင်းကောင်း မွန်မွန် အေးအေးဆေးဆေး ဆွေးနွေးလိုက်ပါ"

"... ..."





"တစ်ယောက်တည်း မျိုသိပ်ပြီး ဒေါသပေါက်ကွဲနေရတာ လည်း နင်လည်း ပင်ပန်းလှပါတယ်၊ ကိုယ်ဖြစ်ချင်တာကို ဆွေးနွေးညှိနှိုင်းယူပေါ့ဟယ်"

လတ်လတ် ပြောနေဆဲပင် သူတို့စားပွဲဆီသို့ ဇေဠ္ဌ ဖျတ်ခနဲ တိုးကပ်ရောက်ရှိလာသည်။

"မယ်"

မယ်သည် လုံးဝမော့မကြည့်ဘဲ တစ်ကိုယ်လုံး တုန်ယင်၍ တစ်မျက်နှာလုံး နီမြန်းကာ တဆတ်ဆတ်တုန်နေပါ သည်။

"မယ် ... မောင် ထိုင်မယ်နော်"

လတ်လတ်က သားကနေ မျက်နှာပူပူနှင့် သက် ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ဇေဠ္ဌကို "ပြောမနေနဲ့၊ ဝင်သာထိုင် လိုက်"ဆိုတဲ့ အဓိပ္ပာယ်မျိုး မျက်နှာရိပ် မျက်နှာကဲ ပြလိုက်ပါ သည်၊ ဇေဠ္ဌက မယ်နှင့် မျက်နှာချင်းဆိုင်နေရာက အလွတ်နိုယံ ကို ဆွဲထုတ်ယူကာ ဖြည်းဖြည်းဝင်ထိုင်လိုက်ပါသည်။

"မယ်"

မယ်က ဖျတ်ခနဲ ခေါင်းကိုမော့ကာ ဇေဠ္ဌ မျက်နှာ ကို ရင်ဆိုင်ကြည့်လိုက်သည်။ အေးစက်တင်းမာနေတဲ့ မျက်နှာပြင် ပေါ်က စိမ်းကားစူးတောက်နေတဲ့ မျက်ဝန်းတို့က စားနဲ့အသေ ထိုးသတ်ပစ်ချင်တဲ့ ရန်သူကိုကြည့်တဲ့ မျက်ဝန်းများလို မှုန် ဝါးခါးသီးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အခုထွက်သွား ဇေဌွ"

မယ့်အသံက အေးခဲနေသည်။

"မယ်"

"နင် ရှန်းရင်းဆန်ခတ် မဖြစ်ချင်ရင် ခုချက်ချင်း ထွက်သွားနော်၊ ငါပြောနေတယ်နော်၊ လူပုံအလယ်မှာ ပြဿနာမကြီးချင်နဲ့"

"မယ် ... မောင် စကားနည်းနည်းပြောပါရစေ"

"တစ်လုံးမှ မပြောနဲ့၊ နင်နဲ့ငါ ဘာမှပြောစရာမရှိဘူး၊ နင့်ကို ပြတ်ပြီဆိုတာ ငါ ပြောခဲ့ပြီးသား၊ နင် ထိုင်ရှိခိုးတောင်းပန်တောင်မှ အရင်လိုဘဝဆိုတာကို ပြန်မရနိုင်တော့ဘူး ဇေဌွ၊ အရင်ဘဝလေးကို နင်ကိုယ်တိုင် ဖျက်ဆီးလိုက်ပြီဆိုတာ နင့်ကိုယ်နင် အသိဆုံးပဲ၊ ငါ နင့်ကို သိပ်ချစ်ခဲ့တော အချစ်ကြီးလို့ အမျက်ကြီးတာ ဇေဌွ ...

ငါ့ရဲ့ဘဝ ငါ့ရဲ့အချစ် ငါ့ရဲ့အနာဂတ် ငါ့ရဲ့ယုံကြည်ချက် မျှော်လင့်ချက်တွေ အကုန်လုံးကို နင် သတ်ပစ်လိုက်ပြီ၊ နင် ဖျက်ဆီးလိုက်ပြီ၊ နင့်ကို သိပ်ချစ်တဲ့ ရှင်ခွေးမယ်ဆိုတာ မရှိတော့ဘူး၊ နင် ငါ့အကြောင်းသိတယ် ဇေဌွ၊ ရှင်ခွေးမယ်ဟာ မူယာမာယာလည်း မများဘူး၊ အိုက်တင်လည်း မခံဘူး၊ ငါ နင့်ကို ဟန်ဆောင်ပန်ဆောင် စိတ်ကောက်နေတာ မဟုတ်ဘူး ...





နင်လိုကောင်မျိုး ငါ့ဘဝထဲမှာ မပြောနဲ့ လူ့လောကကြီးထဲမှာတောင် ရှိတယ်လို့ကို မမှတ်တော့တာ၊ နင်သေသွားပြီ၊ ငါ့အတွက် နင်သေပြီ၊ နင်ဆိုတာ မရှိတော့ဘူး ဇေဌွ"

"မယ်"

မယ့်စကားတွေဟာ တင်းပြတ်လှတဲ့အပြင် စကားလုံး အသုံးအနှုန်းကပါ တစ်ကြိမ်မှ မကြားဖူးအောင် မာကျောရိုင်းပျနေရာ လတ်လတ်သည် အံ့လည်းသြ ဇေဌွကိုလည်း မျက်နှာပူ အားနာကာ ကြားကနေ မယ့်ကို တစ်ခွန်းဟန့်သည်။

"ပြောပါစေ လတ်လတ်၊ ငါ့မှာ အပြစ်ရှိပါတယ်၊ သူ ရက်ရက်စက်စက်ပြောတာကို ငါ ခံထိုက်ပါတယ်"

ဇေဌွ အသံက တိုးဖျော့နေသည်။ မယ်သည် မျက်ရည်တွေ ဝဲနေလျက်နှင့် ခေါင်းကို တစ်ချက်မော့ကာ "ဟက်" ခနဲ ခပ်ထေ့ထေ့ရယ်လိုက်ရင်း ...

"အပြစ်ရှိတယ် ဟုတ်လား၊ လေသံကိုက ရွံစရာကောင်းလိုက်တာ၊ နင့်အကြောင်း နင်သိရက်သားနဲ့ ငါ့ရှေ့ကိုလာထိုင်ဝံ့သေးတာက နင့်မှာ အရှက်မရှိလို့လား ဟုတ်လား၊ နင် မျက်နှာပြောင်ပြောင်နဲ့ ပတ်ချွဲနပ်ချွဲလာလုပ်လိုက်ရင် ငါက ပျော့ကျသွားလိမ့်ဦးမယ်လို့ နင်က ထင်နေတယ် ဟုတ်လား၊ နင် ယောကျ်ား မဟုတ်လား ဇေဌွ၊ ဘာဖြစ်လို့ ဒီလောက် အရှက်သိက္ခာကင်းမဲ့ရတာလဲ၊ နင့်မာနတွေဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလဲ၊ နင်ဟာ ငါ့ရှေ့မှောက်ကို တစ်သက်လုံး ပြန်ပေါ်လာဖို့ အကြောင်းမရှိတော့ဘူးဆိုတာ နင့်ကိုယ်နှ မသိဘူးလား၊ အပြစ်ကျူးလွန်ရင်လည်းရဲရဲ အပြစ်ဒဏ် ယူရရင်လည်းရဲရဲပေါ့ ...

ခုတော့ နင့်မျက်ခွက်က ခွေးလျက်ထားတဲ့ ထမင်း လျက်လို ချိုပြုံပြုံ ပေစုတ်စုတ်နဲ့ ရွံစရာကောင်းလိုက်တာ နင် အခု ထွက်သွားမလား မထွက်သွားဘူးလား"

"ဟဲ့ ... မယ်"

လတ်လတ်က မယ့်ကို အံ့အားသင့်လွန်းစွာ အ ဆတ်ဆတ်ကလေးနှင့်ပင် မာန်မဲလိုက်ပါသည်။ မယ်နှင့် ဇေ တို့ ခုနောက်ပိုင်းမှာ လက်ထပ်ဖို့ကိစ္စနှင့် ပတ်သက်ကာ မကြ မကြာ စကားပြော အဆင်မပြေတာ လတ်လတ် သိပါသည် လတ်လတ် အိမ်ထောင်ပြုလိုက်တော့ မယ့်မှာ နှိုင်းယှဉ်ခံစားစ လိုဖြစ်ကာ ပိုဆိုးတာလည်း လတ်လတ် နားလည်သည်။

မယ်က မထိန်းချုပ် မဖုံးကွယ်တတ်၍ သူတို့ပြဿ တွေကို သိခွင့်ရနေသော်လည်း သူတို့ချစ်သူချင်း စကားများ ဖြစ်ရာမှာတော့ တစ်ခါမှ အနားအနီးမှာ ရှိမနေခဲ့ဖူးပါ။ ဒီတေ သူတို့ မပြောလည်းရင် ဘယ်သူက ဘယ်လိုစကားတွေ ထိုးန တတ်ပြီး ဘယ်သူက စွာသလဲ ဘယ်သူက အေးသလဲ မသိခဲ့ဖူးပါ

ဒါပေမဲ့ အပေါ်ယံပုံစံ ကြည့်လိုက်ရင်တော့ ဇေ ဟာ နဂိုနေကိုက ဂျစ်ကန်ကန်၊ မျက်ခုံးတွေက မှုန်ကုပ်ကုပ်





မျက်ဝန်းတွေက မှုန်တေတေ၊ ကြိုကျမယ့် ရစ်တတ်မယ့်ပုံစံ အပြည့်ထွက်နေကာ၊ နှုတ်ခမ်းကြွင်နာတတ်တဲ့ မယ် ကတော့ သက်ပြင်းလေးချပြီး သည်းညည်းခံနေရတာ များလိမ့်မယ်လို့ ယေဘုယျ ထင်မိတာပင်။

ခုတော့ ထင်ခဲ့တာနှင့် မြင်ရတာက တခြားစီ။ မယ့်ရဲ့ခါးခါးသီးသီး ပိုးစိုးပက်စက် အပြောတွေအောက်မှာ ဇေ့ ဟာ မျက်ရည်လည်ပြီး နီမြန်းတဲ့ မျက်ဝန်းများနဲ့ မယ့်ကို အနူးအညွတ် တိုးလျှိုးပြီး ကြည့်နေကာ မယ် ပြောသလို တတ်နိုင်ရင် လှုရှင်းရင် ကြမ်းပေါ်ဆင်းပြီး အတင်းဒူးဖက်တောင်းပန်တော့မယ့် ပုံမျိုးတောင် ပေါက်နေတော့ရာ ဘယ်သူမှားတာ ဘယ်သူမှန်တာ အသာထား၊ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းမသားတစ်ယောက်ပီပီ ယောကျ်ားတစ်ယောက် ဤမျှအောက်ကျနောက်ကျ နိုင်နေတာကို မကြည့်ရက် မရှုစိမ့် ဖြစ်လာရတော့တာပင်။

ဇေ့ကို အားလည်းနာ ကရုဏာလည်းသက်။ အပြစ်ရှိတယ်ပဲထားဦး မယ့်ကို ဤမျှတစ်ဖက်သတ် နိုင်ထက်စီးနင်းတော့ ဖိနှိပ်မပြောစေလိုတာ အမှန်ပင်။

"မယ် ... ဘာမှန်းမသိပေမယ့် ဇေ ကိုယ်တိုင် ဝန်ခံနေမှတော့ သူ့မှာ အပြစ်ရှိမှာကလည်း အသေအချာပေါ့ဟယ်၊ အပြစ်ရှိတာ ရှိတာပဲလေ၊ ကိုယ်တွေချင်းက သူစိမ်းတွေမှ မဟုတ်ပဲ မယ်ရယ်"

မယ်က လတ်လတ်ကို ဆတ်ခနဲကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ငါက သူစိမ်းမဟုတ်တော့ ဘာလဲ"

"နင်ကလည်းဟာ၊ ချစ်သူတွေဆိုတာဟာ တစ်နေ့

လက်ထပ်ကြတဲ့အခါ အရင်းချာဆုံး ပတ်သက်မှုဖြစ်

လင်နဲ့မယားဘဝကို ရောက်ကြရမှာပဲလေဟာ"

"လက်ထပ်ဖြစ်ရင် ဟုတ်တယ်လေ၊ ကျွတ် ... နင်

စကား နားမလည်ဘူးလား လတ်လတ်။ သူ့ကို လက်

ဖို့နေနေသာသာ သူသေပြီလို့တောင် ငါ သတ်မှတ်လို

ပါပြီဆိုတာ နင် မကြားလိုက်လို့လား"

"ဒါကတော့ဟယ် စိတ်ဆိုးတဲ့အခါ ..."

"ဘာမှ စိတ်ဆိုးတဲ့အခါ ပြောတဲ့စကား မဟုတ်

သူ့ကို ငါ စိတ်ဆိုးတာထက် လွန်သွားပြီ၊ ငါ့အတွက်

မရှိတော့ပါဘူးဆိုမှဟယ် ... လတ်လတ်ရယ်၊ နင်နာ

လည်ဘူးလား"

တကယ့်ကို အနာကြီး နာကြည်းလှပါတယ်ဆို

အရင်းနှီးဆုံးသူငယ်ချင်းကပင် မယုံကြည် လက်မခံနိုင်အော

ဖြစ်နေတဲ့အခါ မယ် အခံရခက်လှကာ ကြိတ်မနိုင်ခဲမရနှင့် မ

ရည်လေးတွေ လွင့်စဥ်ခါထွက်အောင် ခေါင်းကလေး ယမ်းခ

ရင်း ပြောမိပါသည်။

"နင် စိတ်နာနေတာ ဒီလောက်ဆိုရင် သိပါတယ်၊ ဒါပေ

"ဒါပေမဲ့ဆိုတာ မရှိဘူး လတ်လတ်၊ ကျွတ် ...၊ နင်

ဘူးလားဟာ၊ ငါ စိတ်ပျက်လာပြီ၊ ထပ်မပြောချင်တော့





ငါ ဇွေ့ကို တကယ်ပြတ်တာ၊ လုံးဝပြတ်တာ၊ မုန်းတယ်၊ ရွံတယ်၊ ခွင့်မလွှတ်ဘူး၊ ခွင့်လွှတ်မိရင် သေပါစေလို့ ဆုတောင်းထားပါတယ်၊ ကျိန်ဆိုထားပါတယ်လို့တောင် ပြောနေပြီပဲ"

လတ်လတ်က မယ့်ကို မေးထောက်၍ ငေးကြည့်ပါသည်။ ဘာမှထပ်မပြောတော့ပါ။

"မယ် ... မယ် ကျေနပ်တဲ့အထိ မောင့် တောင်းပန်မှာပါ၊ ဒီတစ်ကြိမ်နဲ့ မရရှင်လည်း နောက်ထပ် အကြိမ်ကြိမ် ထပ်ခါ ထပ်ခါ တောင်းပန်ဦးမှာပါ"

"နင့်ကို ဒီတစ်ကြိမ်တောင်မှ ထွက်သွားခိုင်းနေတာ၊ နောက် အကြိမ်ကြိမ်ဆိုတာ လုံးဝထပ်မလာပါနဲ့တော့၊ ရှိကြီးခိုးပါ ရဲ့ ဇွေ့ရယ်၊ နင် ငါ့ကို ဘယ်လောက်တောင် ထပ်နှိပ် စက်နေဦးမှာလဲ၊ ငါ ပြတ်တယ် ဆိုတာကို နင် မယုံလို့ လား"

"မပြတ်ရဘူး မယ်၊ မပြတ်ရဘူး"

"ပြတ်တယ်ဟာ၊ နင် အခု ထွက်သွားဟာ"

"မသွားဘူးကွာ၊ ငါ မှားပါတယ်၊ ဟုတ်တယ်၊ မှားပါတယ် လို့ ဝန်ခံနေမှ အခုချက်ချင်း ခွင့်မလွှတ်တောင် နောင်တ ရတယ်ဆိုတာကို နင် အသိအမှတ် မပြုဘူးလား မယ်၊ ဟင် ... တစ်ကြိမ်တစ်ခါ မှားတာကို နင် ခွင့်မလွှတ်ပေး ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကြိမ်တစ်ခါ မှားတာ၊ ဟုတ်လား"

မယ်က နာနာကျင်ကျင် မဲ့ပြုံးမိကာ ...

"ဒီအမှားမျိုးက တစ်ကြိမ်တစ်ခါ မှားလို့ရသလား ဒီကိစ္စမျိုးဟာ ဘွာခတ်လို့ရတဲ့ ကိစ္စမျိုးလား၊ နင့်ပါ က အဲသလောက် လွယ်လွယ်ပြောနိုင်သလား၊ နင် တော်အံ့သြဖို့ကောင်းတဲ့ ယောကျ်ားပဲ ဇေဋ္ဌ၊ အင်းယေ နင်က နဂိုတည်းကိုက အတ္တကြီးတဲ့ယောကျ်ားတစ်ယေ ပဲဟာ၊ နင်မို့လို့ ဒီလိုပြောထွက်တယ်၊ ခွင့်လွှတ်ခိုင် လွယ်လှချည်လား ...

ကဲ ... နင် ငါ့ရှေ့က ထွက်သွားပါတော့၊ ငါ ငါ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေပါ နင်နဲ့ စကားလည်း ဆက်မပြောချင်ဘူး၊ နင့်မျက်နှာ မကြည့်ချင်ဘူး၊ နင် သွားပါတော့"

"မယ် ... ငါ နင်နဲ့ မခွဲနိုင်ဘူးဟာ၊ တစ်ပတ်တော မောင် လွမ်းလှပါပြီ မယ်ရယ်"

"သေလိုက်၊ နင် သွားတော့နော်၊ နင်သွားမှာလား ဘူးလား"

"ခဏနေရင် သွားပါ့မယ်"

"အခု ထွက်သွား၊ ချက်ချင်းသွား"

"ခဏနေ သွားမှာပါဆို"





"နင့်မျက်နှာကို တစ်စက္ကန့်လည်း ဆက်မကြည့်ချင်ဘူး၊ အခုသွား၊ ချက်ချင်းသွားလို့ ပြောနေတယ် မဟုတ်လား၊ နင် ငါ့စိတ်ကို ဘာထင်နေလဲ ဇေဋ္ဌ၊ နင် ငါ့အကြောင်း မသိဘူးလား၊ ချက်ချင်းထွက်မသွားရင် ငါ့ကိုအဆိုးမဆိုနဲ့နော်"

"ဟာ ... တောင်းပန်လေ ရင့်လေ၊ ဘာဖြစ်လို့ မင်း ဒီလောက်တောင် မာကျောပြတ်တောက်နိုင်နေရတာလဲ မယ်"

"ခုချက်ချင်း သွားမလား၊ မသွားဘူးလား"

ဇေဋ္ဌသည် မယ့်ကို ခပ်စိမ်းစိမ်းကြည့်ကာ ...

"မသွားဘူး"

"မသွားရင် ... ကဲဟယ်"

ရှေ့က မြေအိုးမြီးရှည်ဟာ စဉ့်သုတ်မြေကြီးအိုးက းထဲ အငွေ့တထောင်းထောင်း ပူနေဆဲရှိရာ မယ်က မြေအိုးရဲ့ းလက်ကိုင်ရိုးမှ မ,ယူကာ အထဲက အရည်ပူပူမြီးရှည်တွေနှင့် ကို ဘတ်ခနဲ လှမ်းပက်လိုက်သည်။

"အား"

"မယ်"

မျှော်လင့်မထား၍ ဇေဋ္ဌသည် မရှောင်နိုင် မလွှဲနိုင်ပဲ မိမိ တည့်တည့်ကြီး အပက်ခံရကာ လည်ပင်း၊ ပါးတစ်ခြမ်း၊ တ်၊ ပေါင်ပေါ်တွေပါ ပူလောင်လှတဲ့ မြီးရှည်အရည်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေကျုံပွကုန်ပါသည်။ လတ်လတ်က အလန့်တကြား ထ,ရပ်
မယ့်လက်ထဲမှာ ပြောင်တလင်းခါသွားတဲ့ မြေအိုးကို အတင်
ယူလိုက်ပါသည်။ တအားဆူဝေပေါက်ကွဲနေပုံရတဲ့ မယ့်ပုံ
အဲဒီမြေအိုးနဲ့ ဇေဋ္ဌကို ငယ်ထိပ်က ရိုက်ခွဲမချလိုက်ဘူးလို့ မ
နိုင်တဲ့ အခြေအနေမျိုး ဖြစ်သည်။

"မယ် ... နင် ဘယ်လိုဖြစ်တာလဲဟာ၊ ကျွတ်"

တခြားစားပွဲတွေက မယ်တို့ကို လှမ်းကြည့်နေ
ပါသည်။ ဇေဋ္ဌဟာ သူ့ကိုယ်ပေါ်ကဟာတွေကို အရင်ခါမချနိုင်
မယ့်ကြည့်နိုင်အောင် စိတ်ထိခိုက်သွားပုံနှင့် ခေါင်းကြီးငိုက်
ကျိုးနေသည်။ လတ်လတ်က စားပွဲပေါ် ပိုက်ဆံထောင်တန်
ရွက် ထုတ်ယူချထားလိုက်ကာ မယ့်လက်ကို အတင်းဆွဲလျှ

"လာ ... လာ ... သွားမယ်၊ ကျွတ် ... စိတ်ရှုပ်လိုက်
ဟာ"

မယ်က လတ်လတ် ဆွဲခေါ်ရာနောက် ခပ်ထေ
တောင့်ကြီး ပါခဲ့သည်။

✧ ❤ ✧

တံခါးဖွင့်ပေးလိုက်တဲ့ ဒေါ်အေးအေးရှင်သည်
ကိုပင် ဝင်တိုက်မတတ် ဝုန်းဒိုင်းကြဲ၍ ဝဲအက်တော့မလို မျ
နှင့် မျက်ရည်မထွက်အောင် တင်းခံထားသော်လည်း အသ





ပြင်းထန်ပြောင်းဆန်စွာ ကမူးရှူးထိုး ဝင်သွားတဲ့ မယ့်ကို
တဲ့"ဟု အံ့အံ့သြသြ ရေရွတ်ကာ နောက်မှာ မျက်နှာမသာမယာ
ကပ်ပါလာသော လတ်လတ်ကို အဖြေရှာသလို ကြည့်လိုက်
ပါသည်။

"စိတ်ညစ်ပါတယ် အန်တီရယ်"

"ဘာဖြစ်လာတာလဲ"

"မယ်က အရမ်းစိတ်ကြီးတာပဲ"

"ဇေဋ္ဌနဲ့ တွေ့လာတာလား"

"ဟုတ်တယ် အန်တီ"

ဒေါ်အေးအေးရှင်က တံခါးပြန်ပိတ်ပြီး စိတ်ပျက်
လက်ပျက် ထိုင်နေတဲ့ လတ်လတ် နံဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဘာတွေဖြစ်ကြသေးလဲ"

"သူတို့ ပြဿနာဖြစ်ထားတာ အန်တီ သိတယ် မဟုတ်
လား"

"အင်း ... ဘာပြဿနာလဲသာ မသိတာ၊ လတ်လတ် သိ
လား"

"လတ်လည်း မသိဘူး အန်တီ၊ မယ်က ပြတ်ပြီပြောနေ
တာပဲ သိတာ"

"အိမ်မှာလည်း ဒီတိုင်းပြောနေတာပဲ"

"ဘာတွေဖြစ်ထားကြမှန်း မသိပါဘူး အန်တီရယ်၊ ဒါပေမဲ့
သူတို့နှစ်ယောက် ဒီလောက် အချစ်ကြီးကြတာ ဘေးလူ



www.burmeseclassic.com

www.burmeseclassic.com



သိနေကြတာပဲဥစ္စာ၊ အချိန်တန်ရင် ပြေလည်သွားလိမ့်မ
ပဲ လတ်က ထင်တာ"

"အန်တီလည်း ဒီတိုင်းထင်တာပဲလေ"

"ဒါပေမဲ့ အန်တီ၊ ခါတိုင်းက ပြဿနာတက်ပြီးပြီးချင်
လတ်ကို သူ လှမ်းပြောပြီးရင် နှစ်ရက် သုံးရက်နေ
ခေါ်ချင်နေပြီ၊ သူပြောမိတာ လွန်လား၊ ဇွေမျှား သိ
ဝမ်းနည်းနေတော့မလား၊ တကယ်တော့ ဇွေဟာ သန
ပါတယ်၊ ဘာညာနဲ့ သူ့ဟာနဲ့သူ ပြန်ရှုပ်ယှက်ခတ်နေရ
အဲဒီနှစ်ရက် သုံးရက်လောက်မှာပဲ ဇွေက ဆိုင်ကိုရော
ရင်ရောက်လာ၊ သူက ဆိုင်ကစောပြီး ခွင့်ယူပြန်သွား
အိမ်ကိုလိုက်သွားနဲ့ ချက်ချင်းပဲ ပြန်ပြေလည်ကြတာ"

"ဟုတ်တယ်လေ"

"အခု ဇွေကလည်း တစ်ပတ်ထိ ပေါ်မလာဘူး"

"ရှိန်နေတာ ထင်တယ်"

"ဟုတ်မှာ အန်တီ၊ ဘာဖြစ်လို့လဲဆိုတော့ အခုလည်
ဇွေက အရမ်းတောင်းပန်တာပဲ၊ မယ်ကသာ ခွင့်မလွှ
တာ"

"သူက ဘာပြောလဲ"

"မယ်က ခု ထွက်သွားလို့ ခိုင်းတာ၊ ဟိုကလည်း
ကတ်ပြီး မသွားဘဲ ထိုင်တောင်းပန်နေတော့ ရှေ့ကပူက
နေတဲ့ မြေအိုးမြီးရှည်နဲ့ကောက်ပြီး ပက်ပစ်လိုက်တာ"





"ဟောတော်"

မယ့်အမေမှာ မယုံနိုင်အောင် စိတ်ပျက်လက်ပျက်သွားပုံနှင့် ဆက်တီမှာ မှီချလိုက်ပါသည်။

"တအားပူတာ အန်တီ၊ အငွေ့တောင်းထောင်း ထနေတာ၊ အဲဒါနဲ့ ကောက်ပက်လိုက်တာ၊ ဇွေလည်း တရင်ဘတ်လုံး ရွဲပြီး လောင်သွားတာပဲ၊ မျက်နှာတောင် နည်းနည်းစင်တယ်"

"အဲဒီတော့ ... ဇွေက !"

"ဇွေက ခေါင်းကြီးငိုက်စိုက်ကျိုး ကျန်ခဲ့တယ်၊ လတ်လည်း ရှန်းရင်းဆန်ခတ်တွေ ဖြစ်မှာစိုးတော့ သူ့ကိုဆွဲပြီး ထွက်လာတာ၊ ပိုက်ဆံတောင် အအမ်းမစောင့်တော့ဘူးပေါ့၊ ပိုချထားခဲ့တယ်၊ လူတွေက အားလုံး ဝိုင်းကြည့်နေကြပြီ အန်တီရယ်၊ မယ် အဲသလိုလုပ်လိုက်မယ်လို့ လတ် လုံးဝထင်မထားတာ၊ အံ့သြရော၊ ဘယ်လောက်တောင်မှ မုန်းနေလို့လဲ၊ ဘယ်လောက်တောင် မှားထားလို့လဲ၊ စိတ်တွေရှုပ်ပါတယ် အန်တီရယ်"

မယ်သည် သူ့ရဲ့အိပ်ခန်းဝမှာ ပေါ်လာကာ ...

"ငါက လူဆိုးမကြီးပေါ့၊ ဟုတ်လား မိလတ်၊ ဟုတ်တယ်၊ ငါ မိန်းမကြမ်းဆိုတာ သူ ထပ်လာနေရင် ထပ်သိရဦးမယ်၊ မယ်တို့က မုန်းပြီဆိုရင် လုံးလုံးလျားလျားပဲ၊ ချစ်လုံးလုံး မုန်းလျားလျားဆိုတာပဲ၊ ရှုံ့ချည်နှပ်ချည် မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မယ်က အသက်ရှူသံပြင်းပြင်းနှင့် ခပ်ဆတ်ဆတ်
ပြောပြီး အိပ်ခန်းထဲ ပြန်ဝင်သွားရာ ဒေါ်အေးအေးရှင်နှင့် လတ်လတ်
တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပါသည်။

"တွေ့ရကာ ချက်ချင်းတားပြီး ဈေးမမေးဘဲ တက်စီးလာ
တော့တာပဲ အန်တီ၊ ဇေဒွှကလည်း ဂျစ်ကန်ကန်ရယ်လေ
နောက်ကပြေးလိုက်ပြီး တစ်ခုခု မလုပ်ဘူး ပြောနိုင်လာ
အဲသလို အရှည်တွေ ဆက်ဖြစ်မှာ ကြောက်လွန်းလို့ မြ
မြန်သုတ်ခြေတင်ရတာ အန်တီ၊ ကားပေါ်မှာလည်း အဲ
ရုပ်ကြီးနဲ့ အံကြီးကြိတ်ပြီး ပါလာတာ"

"စိတ်ညစ်တယ် ... စိတ်ညစ်တယ်၊ ဒီကောင်လေးကလည်
ဒီကောင်လေးပဲ၊ ဒါပေမဲ့ ဇေဒွှက စိတ်ရင်းရိုးဖြောင့်
သူ့ကိုလည်း ချစ်ရှာလွန်းတော့ အန်တီလည်း သနား
ကြည့်နေတာ၊ တကယ်ဆို ဟိုးအရင်ကတည်းက မယ်
စပ်ဟပ်နားဖောက်ကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ
မှာ ဇေဒွှ ထက်သာတာတွေ တစ်ယောက်နှစ်ယောက်မ
ပါပါတယ် လတ်လတ်ရယ်၊ ကောင်လေးတွေကလည်
မြတ်နိုး၊ မိဘကလည်းလိုလား၊ သူ ကျေနပ်ဖို့ပဲ လိုတာ
ပါ၊ ခါးခါးသီးသီး ငြင်းခဲ့တာသူပဲ ...

မေမေကလည်း သမီး ဇေဒွှနဲ့ ချစ်နေတာ မေမေ
အသိပေးထားသားနဲ့ဆိုပြီး အမေကို ငြူစူတာ၊ အဲဒါကြော
နောက်ပိုင်းကျတော့ သိပ်ကို မပြောရဲဘူး၊ အမေကတော



ကိုယ့်သမီးရဲ့ရေရှည်ရေးရေးကို ကြည့်ရတာပေါ့ လတ်လတ်ရယ်၊ ဆင်းရဲချမ်းသာကို ဒီလောက်မပြောပါဘူး၊ စိတ်ချမ်းသာရဖို့ အဓိကပါ၊ ချစ်ရသူနဲ့ပေါင်းရမှ စိတ်ချမ်းသာမှာဆိုရင် ပေါင်းပေါ့၊ ဒါပေမဲ့ စိတ်ချမ်းသာပေ့စေ ...

ဇေဒွှ ပုံကြည့်ရတာကလည်း ဂျစ်ကန်ကန် မှုန်ကုပ်ကုပ်ရယ်၊ ခုတစ်ကြိမ် အသည်းအသန် လိုက်ချော့တယ်ဆိုပေမယ့် ဟိုအရင်ကဆိုရင် မယ်ကပဲ ချော့မော့တာများတာပါ၊ သူက နိမ့်ပါးသလို ဖြစ်နေတော့ မယ်ကသူ့ကို အမြဲညှာရတာ၊ ဒါကြောင့် ဒီကောင်လေးနဲ့တော့ ငါ့သမီး တစ်သက်လုံး စိတ်ချမ်းသာရပါ့မလား၊ ဘယ်တော့မှ ရင်မအေးခဲ့ဘူး၊ မတင်မကျပဲ၊ ဒါကြောင့် သူများက နားဖောက်လာရင် အမေပီပီ နားယောင်ပြီး စိတ်ကူးထဲ ထည့်မိတာပေါ့၊ ဒါပေမဲ့ ဇေဒွှဘက်ကိုပဲ အမြဲပြန်ငဲ့ညှာတွေးပါတယ် လတ်လတ်ရယ်၊ သူ့ခမျာ မိသားစုနဲ့လည်း ပြဿနာဆိုပြီးတော့ ...

တကယ်တော့ အဲဒီမိသားစုပြဿနာကလည်း သူကပဲ စတာနဲ့တူနေတာ၊ ခြုံပြီးပြောရရင် သူတို့ပြတ်သွားလည်း နားအေးတယ်ပဲ သဘောထားလိုက်ချင်တယ်၊ ဒါပေမဲ့ ရန်းရင်းဆန်ခတ်တွေတော့ မလိုလားဘူးကွယ်၊ ရင်ဖိုထိတ်ထိတ် စိတ်တထင့်ထင့်နဲ့လည်း မနေချင်ပါဘူးကွယ်၊ ပြတ်ရင်လည်း တကယ်ပြတ်"

www.burmeseclassic.com

www.burmeseclassic.com



မယ်သည် အိပ်ခန်းဝ၌ ဝုန်းခနဲ ပြန်ပေါ်လာပြန်

ကာ ...

"တကယ်ပြတ်တာပါလို့ မေမေ့ကို မယ်ပြောပြီးပြီလေ"

ပြောပြီး မယ်က ပြန်ဝင်သွား၍ ဒေါ်အေးအေးရှင်

က အသံကိုမြှင့်ကာ ...

"ဟဲ့ ... တကယ်မချစ်တော့လို့ နင် ပြတ်ရင် ဘာမှပေါက်

ကွဲမနေနဲ့၊ အေးအေးချမ်းချမ်းပဲပြတ်၊ ပါးစပ်ကပြတ်တယ်

ပြောပြီး လူက ပူလောင်နေတာ တကယ်ပြတ်တာမှမဟုတ်

ဘဲ၊ ညည်းမှာ ဒီစိတ်နဲ့ပဲ လောင်မြိုက်နေတာ၊ စက္ကန့်မလပ်

အောင် ဓမ္မကိုပဲ ညည်း တစိမ့်စိမ့် တနုံ့နုံ့ တွေးနာကြည်းနေ

တာလည်း ပြတ်တယ် မခေါ်ဘူး၊ ပိုတောင်ဖိစီးနေတာ"

မယ်သည် ဝုန်းကနဲ ထွက်လာပြန်ကာ ငိုသံပါကြီး

နှင့် ...

"ဒါတော့ မေမေ၊ မယ် ခံစားကာစဆိုတော့ ပြင်းထန်လွန်

အားကြီးနေတာပေါ့၊ ဒီလိုပြင်းထန်လောင်မြိုက်နေတာ မြင်

ကတည်းက တကယ်ပြတ်ဖို့ ကြိုးစားတည်ဆောက်နေတာ

ဆိုတာ မေမေ နားလည်ပေးသင့်တယ်၊ တကယ်မပြတ်

စိတ်ခု စိတ်ကောက်ကြတာတုန်းက ဘယ်တုန်းက ဒီ

မယ် ဖြစ်နေလို့လဲ၊ ခုဟာက ပြတ်ကိုပြတ်မှာမို့လို့ မယ်

လည်း ခုလိုဖြစ်နေတာပေါ့ မေမေရယ်"

ဒေါ်အေးအေးရှင်က သက်ပြင်းချရင်း ...





"ညည်းတို့ပြဿနာက ပြတ်ကော ပြတ်ဖို့လိုလား"

"လိုတယ် မေမေ၊ မယ် လုံးဝခွင့်မလွှတ်ဘူး"

"အရင်ကတော့ ဒီလောက်နှစ်ကြောရှည်အောင် တောက်

လျှောက် ခွင့်လွှတ်နေခဲ့ပြီးမှအေ၊ ခုမှ ခွင့်မလွှတ်ဘူးဆို

တော့"

"တူမှ မတူတာ မေမေကလည်း၊ ခွင့်လွှတ်ရမယ့်ကိစ္စ ခွင့်

လွှတ်နိုင်တဲ့ကိစ္စ မှန်သမျှကို ခွင့်လွှတ်ခဲ့တာပေါ့၊ အခုဟာက

ခွင့်ကို မလွှတ်နိုင်တာ၊ အရင်က ခွင့်လွှတ်နိုင်တာတွေ

ပြန်ထည့်ပြောနေစရာလည်း မလိုဘူး၊ တခြားစီ သတ်သတ်

စီ"

"ကဲ ... ခုက ဘာဖြစ်ကြတာမို့လဲ"

"ဟင့်အင်း"

မယ်က ခေါင်းကိုခါယမ်းပစ်လိုက်ရင်း တင်းတင်း

ထားသော နှုတ်ခမ်းကတော့ တဆတ်ဆတ်တုန်ကာ မျက်ရည်

ကြီးတွေလည်း ပါးပေါ် တလိမ့်လိမ့် စီးကျလာသည်။

လတ်က ထိုင်ရာထကာ မယ့်ကို ပခုံးမှဖက်၍ သွားခေါ်

ပြီး ဆက်တီတစ်ခုမှာ ထိုင်စေလိုက်ပါသည်။ ကပ်လျက်မှာ

ထိုင်ရင်း ...

"မယ်ရယ် ... နင်တို့ ဒီလောက်ချစ်တဲ့ ချစ်သူတွေချင်း

ကြားမှာ ခွင့်မလွှတ်နိုင်စရာကိစ္စဆိုတာ ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သမီးရယ်၊ ဇေဌ ခမျာလည်း အတော်ကို စိတ်… ထိခိုက်နေပုံ ရပါတယ်၊ ဘယ်တုန်းကမှ သူ ကတိမပျက်… ငွေရှာမယ် ငွေစုမယ်ဆိုတဲ့ ကတိကိုတော့ လိုလိုချင်ချင်… နှစ်နှစ်ကာကာ ပေးရှာတယ်"

"ဟင် ... မေမေနဲ့ ဘယ်တုန်းက တွေ့လို့လဲ"

"ခုနကပဲလေ၊ ညည်းတို့ ဒဂုံစင်တာကို မေမေပဲ လွှတ်… လိုက်တာ၊ ထမင်းစားချိန် အဲဒီမှာရှိကြလိမ့်မယ်ဆိုပြီး"

"ဟာ ... မေမေလွှတ်လိုက်တာ ! ကျွတ် ... မေမေကလုံး… သစ္စာမရှိဘူးကွာ၊ ကိုယ့်သမီးရှိမယ့်နေရာကို အမေကိုယ်… တိုင်လုပ်ပြီး ဖော်ပြောပစ်တယ်"

ဒေါ်အေးအေးရှင်က ဒေါ်ပွသွားပြီး ...

"ဟဲ့ ... အဲဒါ သစ္စာမရှိဘူး ပြောစရာလား၊ ညည်းကတော… သူ လိုက်လာရင် လုံးဝမပြောနဲ့လို့ ပိတ်ခဲ့လို့လား"

"သူ လိုက်လာမယ်မှ မထင်တာ၊ ပိတ်ဖို့ ဘယ်သတိရ… မလဲ၊ မေမေကသာ ကိုယ့်ဟာကိုယ် နှုတ်လုံရမှာ… ကိုယ့်သမီး ဒီလောက်နာကြည်းနေတာ သိရက်နဲ့"

"ငါ ဘယ်သိပါ့မလဲ၊ ညည်းတို့တွေက အရင်ကလည်… ဒီလိုပဲ အမြဲပြန်တည့်နေကျပဲဥစ္စာ"

"ဟာ ... ကျွတ် ...၊ ဒီတစ်ခါ တကယ်ပြတ်တယ်… အကြိမ်ကြိမ် အခါခါ ပြောနေတာ မဟုတ်လား၊ အ… တွေတုန်းက ဇေဌကို ပြတ်တယ်လို့ သမီး ပြောဖူးလို့လာ…





"အေး ... ပြောတော့ မပြောဖူးဘူးပေါ့"

"အဲဒါကြောင့် ပြောတာပေါ့၊ ဘာကြောင့် လူကိုမယုံကြည်နိုင်ကြတာလဲ၊ မယ့်မှာ အခုဆိုရင် မိသားစုဆိုလို့ မေမေ၊ သူငယ်ချင်းဆိုလို့ လတ်လတ်၊ အစစအရာရာ သိတာ ဒီနှစ်ယောက်ပဲရှိတာ၊ မယ် ယုံကြည်စိတ်ချအားကိုးနိုင်တာ ဒီနှစ်ယောက်ပဲရှိတာ၊ ဒီနှစ်ယောက်က မယ့်ကိုမယုံဘူးဆိုရင် မယ် ဘာလုပ်ရမလဲ၊ မယ့်ကို ကာကွယ်ပေးမယ့်သူ မရှိတော့ဘူးလား"

မယ်က ပေါက်ပေါက်ကွဲကွဲ ညည်းညူသည်။

"မယုံကြည်ဘူး ဆိုတာက တခြားကိစ္စမှ မဟုတ်တာဟယ်၊ နင် သူ့ကိုပြတ်တယ် ဆိုတာကိုပဲ မယုံနိုင်တာပါ"

"ကျေးဇူးပြုပြီး ယုံပါ၊ ကျေးဇူးပြုပြီး ယုံပေးကြပါ၊ ချက်ချင်း စိတ်မပြတ်လည်း လူချင်းတော့ပြတ်မှာ၊ စိတ်ပြတ်အောင်လည်း မရမက ကြိုးစားမှာ၊ တစ်ချိန်ချိန်မှာ လုံးဝပြတ်မှာ၊ သူ့ကို မုန်းလည်းမုန်းတယ် နာလည်းကြည်းတယ်၊ လုံးဝလည်း ဘယ်တော့မှ လက်မထပ်တော့ဘူး ဆိုတာကို ကျေးဇူးပြုပြီး ယုံပေးကြပါ၊ ရှိခိုးပါတယ် မေမေရယ်"

ထိုင်နေရင်းက လက်အုပ်ချီ၍ ဦးပါချရင်း စိတ်…ိုက်မာန်ပါ ပြောနေသော မယ့်ကို စိတ်မသက်မသာကြည့်ရင်း …ဒေါ်အေးအေးရှင်က ...



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ညည်းကို ယုံပါတယ်၊ ယုံပါ့မယ်၊ ဒါပေ
ညည်း ပြန်စဉ်းစားပါဦး သမီး၊ ဒီလောကာ လေးနစ်ကျေ
ကြီး တွဲလာကြပြီးမှ မယူဖြစ်တော့ ဘယ်သူထိခိုက်နစ်န
လဲ၊ ဘယ်သူသိက္ခာကျလဲ၊ မိန်းကလေးဘက်ပဲ နစ်နာတ
သမီး၊ ညည်းနဲ့ ဇေဒ္ဒ ချစ်နေကြတာ ဇေဒ္ဒ တစ်ရပ်ကွ
လုံး၊ ညည်းတစ်ရပ်ကွက်လုံး၊ ညည်းရဲ့တစ်ဆိုင်လုံးလည်
အသိ၊ အမျိုးအဆွေတွေလည်းသိ၊ ဒီလောကကြီး လူသိရှ
ကြားနဲ့ နှစ်ပေါင်းများစွာ တွဲကြပြီးမှ မယူဖြစ်ဘဲ ကွဲသွ
ကြတယ်ဆိုရင် ဒီမိန်းကလေးကို နောက်ထပ်ယောက်ျ
ကောင်းကောင်းကန်းကန်းထဲက အမြင်ရှင်းရှင်းနဲ့ တ
တောင်းတင့်တယ် ယူချင်သူဆိုတာ ရှားသွားတတ်တယ
သမီးရယ်၊ ကိုယ့်အတွက် နစ်နာတယ်"

"မဆိုင်ပါဘူး မေမေရယ်၊ ကဲပါ ... ဆိုင်တယ်ပဲထားပါ
ရှားသွားတော့ ဘာဖြစ်လဲ၊ မယ် အိမ်ထောင်မပြုရုံပဲ
ဒါထက် ဘာများ ပိုနစ်နာစရာ ရှိသေးလို့လဲ၊ အိမ်ထောင်
မပြုပဲ အပျိုကြီးဖြစ်ရတာကိုရော နစ်နာတယ် ခေါ်နိုင်လို
လား။ တခြား ဘာနစ်နာစရာ ရှိသေးတာမို့လို့လဲ ...

ရှိပစေဦး၊ နစ်နာနိုင်တဲ့ အနေအထားတွေ ရှိနေပစေ
ဦး၊ အနစ်နာခံလိုက်ပါ့မယ်၊ ကိုယ်မကျေနပ် မကြည်ဖြူ
တော့တဲ့ နာကြည်းနေတဲ့သူကို ကြိတ်မှိတ်လက်တွဲနေရတာ





လောက်ပဲ နစ်နာနိုင်ဦးမလား၊ သူနဲ့မပြတ်သရွေ့ သမီး နစ်နာတယ်၊ သူနဲ့ပြတ်ရမှ မနစ်နာမှာ"

ဇိုကာ ရှိုက်ကာ ပြောနေတဲ့ မယ့်ကို ဒေါ်အေးအေး
င်ရော လတ်လတ်ပါ စိတ်နှလုံးနောက်ကျိစွာ ငေးကြည့်နေကြပါ
သည်။

"အဲဒါကြောင့် သူ့ကို ပြတ်တယ်၊ လုံးဝရှေ့မဆက်တော့ဘူး၊ အဲဒါကို ယုံကြပါလို့ တောင်းပန်နေတာ"

"အေးပါ ... အေးပါ၊ ယုံပါတယ် မယ်ရယ်"

"တကယ်ယုံရင် သူနဲ့ဝင်ပြီး ကြားကစေ့စပ်ပေးဖို့လည်း မကြိုးစားကြပါနဲ့၊ ဆုံပေးဖို့ ချိန်းပေးဖို့လည်း မကြိုးစားကြပါနဲ့၊ မယ် ဘယ်သွားတယ်၊ ခုနေ ဘယ်မှာရှိနိုင်တယ် ဆိုတာမျိုးတွေလည်း နည်းပေးလမ်းပြ မလုပ်ကြပါနဲ့၊ မယ် တောင်းပန်ပါတယ် မေမေရယ်"

"အေးပါတော် ... အေးပါ၊ မအေကပဲ ကြားကအောင်သွယ်လို ဖြစ်ရသေးတယ်၊ ခါတိုင်းလိုမှတ်လို့ ပြောမိတာပါ၊ တကယ်ကို မတွေ့ချင်ဘူးဆိုရင် တွေ့ခွင့်သာအောင် ဘယ်လုပ်ပေးပါ့မလဲ"

"မတွေ့ချင်ဘူး၊ တွေ့ရင်လည်း ဒီနေ့လိုပြဿနာမျိုးတွေ တက်ဖို့ပဲ ရှိတယ်၊ သူ့မျက်နှာလည်း မမြင်ချင်ဘူး၊ သူ့အသံလည်း မကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေသုတ်မနိုင်သည့် မယ်ကို ခေါ်အေးအေး
ရှင်က ရင်မောမောနှင့် ကရုဏာသက်စွာ ငေးကြည့်နေသည်
ပါးစပ်က ဘာပြောပြော ဒီလောက် နာကျင်ကြေကွဲစွာ ငိုနေသေ
တာဟာ ခံစားချက်တွေ ပြင်းထန်နေလို့၊ ရင်နဲ့မဆန့် ခံစားနေ
ရလို့။ ထုထည်နိုင်မာလှတဲ့ သံယောဇဉ်တွေကို မျက်ကွယ်ပြု
ဖွတ်ပြတ်ဖို့ ဆုံးဖြတ်ထားရပေလို့။

"ဒီလောက်တောင် ငါ့သမီး ခံစားရတာ သူ့အပြစ်
ဘာမို့လဲ၊ ဘာမို့လို့ ခွင့်မလွှတ်နိုင်အောင် စိတ်ပြတ်ရတ
လဲ၊ ခါတိုင်းလို လက်ထပ်ဖို့ကိစ္စပဲ မဟုတ်ဘူးပေါ့၊ ဟု
လား မယ်"

"မဟုတ်ဘူး၊ အဲဒါ မဟုတ်ဘူးမေမေ"

"ဘာများလဲ သမီးရယ်၊ ဘာကြောင့်များလဲ၊ မေမေ
ထိတ်လိုက်တာ"

"နင့်ကို နာအောင်ပြောလို့လား"

"မဟုတ်ဘူး မီလတ်၊ ဒါလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲဟယ်"

"သူ ... သူ ..."

မယ်သည် အံကလေးတင်းတင်းဖိကြိတ်ပြီး ရှို
တွေကိုပါ မျိုချပစ်ကာ ...

"သူ မယ့်ကို သစ္စာမရှိဘူး မေမေ"

"ဟင်"





"ဟင်"

မေမေရော လတ်လတ်ပါ အံ့အားသင့်သွားပါသည်။
သက် အချစ်ကြီးကြတဲ့ ချစ်သူနှစ်ဦးကြားက ပြဿနာဟာ
မဲ့မှုနှင့် ပတ်သက်နေလိမ့်မယ်လို့တော့ သူတို့နှစ်ယောက်လုံး
မတွေးခဲ့မိကြလို့ပါ၊

"ဇေဌက နင့်ကို သစ္စာမဲ့တယ် ! ဟုတ်လား"

"ဟုတ်တယ်"

"သေချာလို့လား"

"ငါ့မျက်စိနဲ့ တပ်အပ်တွေ့တာ မီလတ်၊ သူများကပြော
ရင် ဥပမာ ... နင့်လို ငါ အယုံကြည်စိတ်အချဆုံး သူငယ်
ချင်းက ပြောရင်တောင်မှ ငါ့မျက်စိနဲ့ မတွေ့မချင်း
ငါဟာ စိတ်ဒုန်းဒုန်းချမယ့်သူ မဟုတ်ဘူးဆိုတာ နင်သိ
တယ်မှုလား လတ်လတ်၊ ငါ ကိုယ်တိုင်တွေ့မှ ငါအရေးယူ
မှာ ...

အခုက ငါကိုယ်တိုင်၊ မျက်မြင်၊ ပက်ပင်း၊ အို ...
လုံးဝခွင့်မလွှတ်ဘူးဟာ၊ လုံးဝခွင့်မလွှတ်နိုင်ဘူး"

"သူ့ ... သူ့ရဲ့ချစ်သူအသစ်လား"

မယ်က မျက်နှာကိုအုပ်ရင်း ခေါင်းကိုသာ တွင်တွင်
ငြိုကြွေးနေပါတော့သည်။ မယ် ဘယ်လိုဖြေရပါ့မလဲ။
လို ပြောရပါ့မလဲ။ စာရင်းမရှိပါဘူးတဲ့။ ချစ်သူဖြစ်ဖို့နေနေ
ာ စာရင်းထဲတောင် မရှိဘူး ဆိုပေမယ့် ...။ သူ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ထဲက တကယ်မချစ်ရင် ပြီးတာပဲဆိုပြီး ခွင့်လွှတ်နိုင်တဲ့ ဖြေသိမ့် မျိုး မယ့်မှာမရှိပါဘူး။ သူ့ချစ်သူမဟုတ်ရင် ပြီးရောပေါ့။ အပေ ပဲ အပေါ့ပဲ ဆိုပြီး နားလည်ပေးတတ်တဲ့ အသည်းနှလုံးလည် မယ့်မှာ မရှိပါဘူး။

ဇေဌ္ဌရဲ့ တစိတ်တဒေသ တစ တဖဲ့ တစွဲ၊ အို ဘာမဆိုအပေါ် ဝန်တိုမက်မောလှတဲ့ မယ့်အဖို့ ကြဲဖန်ဖြေသိ ခွင့်လွှတ်မတွေးနိုင်ပါဘူး။

မချစ် ... ချစ်ချစ် ဘယ်မိန်းမတိုင်းနဲ့မဆို ကင် ရှင်းရမှာ။ အဝေးဆုံး အကင်းဆုံး နေရမှာ။ ခုတော့ သူက ရ စက်လွန်းပါတယ်။ ညအိပ်ညနေ လက်ခံထားလိုက်တဲ့အပြင်

ဝုန်းခနဲဆို ခန်းဆီးစကြီး ပြုတ်ကျလာတဲ့နောက်ကွ က ကြမ်းပေါ်ခင်းထားတဲ့ ရေမြှုပ်မွေ့ရာပါးပေါ်မှာပဲ မီးရဲ့စလ ဘက်ရော ဘီးကုပ်ရော၊ အို ... မယ် မြင့်လိုက်ရတဲ့ အဲဒီတစ်ခ ကို မယ့်ဘဝထဲက အကွင်းလိုက် လှီးထုတ်ပစ်လိုက်လို့ရရင် ထုတ်ပစ်လိုက်ချင်စမ်းပါဘိတော့။

ဘာမှမဟုတ်ပါဘူးလို့ ပြောလို့ကို မရဘူး။ လို တောင်းပန်နေတဲ့ သူ့ရဲ့အပြုအမူကိုက သူ့မှာ အပြစ်ရှိတယ် သူ ခံယူတာ သိသာစေတယ်လေ။ ဒီအပြစ်မျိုးကို မယ် ခွင့် လွှတ်ဘူး၊ မယ် သိပ်နာကြည်း ပြီ ဆိုတာကို သိလို့လည် သူလို မာနအိုးကွဲကြီးက ဒီလော ဗိ အော ကျနောက်က တောင်းပန်တာပေါ့။





မိန်းကလေးတစ်ယောက်တည်း အဲဒီညအဖို့ သွား မရှိ ငြင်းဖို့လည်းမသင့် (အပေါင်းအသင်းချင်းမို့)၊ ခဏတဖြုတ် စ်လွန်းအားကြီးလို့ စာနာထောက်ထားပြီး တည်းခိုအိပ်စက် ပေးလိုက်ရတာပါလို့ ပြောချင်ရင် အဲဒီလမ်းရဲ့ ဟိုးအတွင်းဘက် ာ အဆောင်တစ်ခုမှာတင် နယ်က သူနဲ့ဆွေမျိုးမကင်းတဲ့ ိုဆွေ"ဆိုတဲ့ ကျောင်းသားလေးတစ်ယောက် ရှိပါတယ်။ မယ် တောင် ကိုဆွေနဲ့ နည်းနည်းပါးပါး ခင်မင်သေးတာပဲ။ အဲဒီ ဆွေရဲ့အဆောင်ကို သူက တစ်ညတာ ဆင်းချသွား၊ ဟိုမိန်း လေးကို အခန်းအပ်ပြီး ထားရစ်ခဲ့။

ဒီလိုလုပ်ချင်ရင် ဉာဏ်ထွက်နိုင်သားပဲ၊ လုပ်နိုင် ပဲ မဟုတ်လား။ မလုပ်တော့တာ။ မိန်းကလေးကို မလေး တာလည်း ပါသလို ကိစ္စမရှိလောက်ဘူး ထင်တာလည်းပါ ို (စာရင်းမရှိဘူးဆိုတဲ့ သူ့အသုံးအနှုန်းအရ) စာရင်းမရှိရင်ပဲ စ်မရှိတော့ဘူး ထင်တာလည်း ပါသလို၊ သစ္စာတရားဆိုတာ ဒီလောက်အထိ လိုက်ရှိသေနေစရာ မလိုဘူးလို့ ယူဆတာ း ပါပေမည်။

"ဒါနဲ့များတောင် ဒီသတ္တဝါက ငါ့ကို မျက်နှာပြောင်ပြောင်နဲ့ အိမ်ပေါ်တက်ပြီး တောင်းပန်ရဲသေးသလား၊ ဟင် ! ငါက သင်းသစ္စာမဲ့တဲ့ကိစ္စရယ်လို့ မတွေးရေးချ မတွေးမိလို့ မယ့်ကို ဖျောင်းဖျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးအေးရှင် မျက်နှာက နီရဲကာ သူပါ
စခန်း ထ,လာပါသည်။

"ကြည့်စမ်း ... လှုပါးဝလိုက်တာ၊ သင်းနဲ့ ငါ့သ
ကြည့်ဖြူထားလိုက်တာက တစ်ချက်ကလေးပဲ တန်ဖိုး
လို့၊ ငါ့သမီးလေးကို သူ့အသက်လောက် ချစ်ရှာတဲ့
လေး၊ ငါ့သမီးလေးသာ သူ့ငယ်ချစ်ဦး၊ တခြား ဘယ်
ကာလေးမှ စိတ်တောင်မကစားခဲ့တဲ့ ကောင်လေး၊ ငါ
မှ ငါ့သမီးတစ်ယောက်ပဲ မိန်းမထင်ရှာဘာဆိုပြီး ဒီက
နဲ့ ဒီအချက်လေးကိုပဲ တန်ဖိုးမဖြတ်နိုင်အောင် ထားပြီး
သူ့လို ကျစ်ကန် န် ထောင့်မကျိုးတဲ့ ငမွဲငတ္တ အနု
သမားယောင်ယောင် လူပျင်းယောင်ယောင်အကော
'သား' 'သား' လုပ်နေရတာဟဲ့ လတ်လတ်ရဲ့ ...

ခုတော့ကြည့်စမ်း ... (ရင်ဘတ်ကို ဖြန်းခနဲ ရိုက်
ပစ်လိုက်ရင်း)

ရာရာစစ သင်းက ငါ့သမီးကိုများ သစ္စာဖောက်
ဟိုအသစ်မက အိမ်ပေါ်တောင် ရောက်နေတာပေါ့
လား၊ ဒါကြောင့် ညည်းမျက်စိနဲ့ တပ်အပ်မြင်ရတာ
အိမ်ပေါ် ဘာတက်လုပ်နေတာလဲ၊ ဒီလိုပဲ ပေါက်လွှ
စား နေကြ ထိုင်ကြသလား၊ ရှား ... ဘုရား ...
ပျက်ကြီးထဲမှာ ယောက်ျားပျက် မိန်းမပျက်တွေ များ
လှချည်လား ...





အမယ်လေးလေး ... လှုပါးဝလိုက်တာနော်၊ သူလို ကောင်ကို သည်းခံခွင့်လွှတ်ပြီး သူ့ထက်သာတာတွေ၊ နည်းနည်းကလေးတောင် ထည့်မစဉ်းစားပဲ အမေကိုတောင် အတိုက်အခံ ရန်လုပ်ပြီး သူ့အပေါ်ပဲ မျက်စိစုံမှိတ်သစ္စာ ရှိနေတဲ့ ငါ့သမီးလေးလို သူတော်ကောင်းမလေးကို သူက သစ္စာမဲ့နိုင်ရအောင် သူ့ကိုယ်သူ ဘာမှတ်နေလို့လဲ"

မယ့်အမေမှာ တရားလွန် ဒေါသတွေပေါက်ကွဲနေတော့သည်။ လတ်လတ်သည်လည်း မယ့်မျက်စိနှင့် တပ်အပ်လို့သာ ယုံရကာ မယုံချင်လောက်အောင် ဖြစ်နေပါသည်။

"စဉ်းစားကြည့်စမ်းပါ လတ်လတ်ရယ်၊ အန်တီပြောတာ လွန်သလား"

"ဟုတ်ပါတယ် အန်တီ၊ မလွန်ပါဘူး"

"လက်ထပ်ဖို့ငွေကို ငါ့သမီးခမျာ တစ်ဖက်သတ်စုရှာတာပါ၊ ကျိတ်စုတာ၊ ငါက အမေပဲ မသိရှိပါ့မလား။ ငါ့သမီးကချည်း တစ်ဖက်သတ်ပုံပိုးဖြည့်ဆည်းနေလိုက်ရတာ၊ အမေသိအောင် တစ်မျိုး၊ အမေမသိအောင် တစ်မျိုး၊ ဒါပေမဲ့ အန်တီက ကိုယ့်သမီး စိတ်ချမ်းသာရရင်ပြီးရော၊ ကြည်ဖြူလားလိုက်တယ်၊ သားနဲ့မခြားလည်း စောင့်ရှောက်ပါတယ် လတ်လတ်ရယ်၊ ခုတော့ ကြည့်စမ်း၊ အကျင့်တန်လိုက်တဲ့ ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့၊ နားရှိလို့သာ ကြားရတာပါ အန်တီ"

"ဘယ်ယောကျ်ားက ဘယ်မိန်းမအပေါ် သစ္စာဖောက်ဖော
သင်းတော့ ငါ့သမီးအပေါ် သစ္စာမဖောက်တန်ကောင်း
ထင်တယ်၊ ထင်မှာပေါ့၊ သူ့လောက်ချစ်ပြတာလည်း
မယ်ကလည်း သူ့အပေါ်ကောင်းလိုက်တာ၊ မိခင်နဲ့တ
ချစ်သူမျိုး သင်းရထားတာ လတ်လတ်ရဲ့၊ သူ့အချစ်ထ
တည်းလေး အမှတ်ပေးဖို့ရှိတာ ဒီအချစ်ကလေးထ
အတွက်တောင် သစ္စာမတည်မြဲ မလုံခြုံဘူးဆိုတော့ ဘာ
သုံးရမှာလဲ၊ တော်ကော ... ညည်းစောစောက မပြောလို
မှာ ဒေါ်ထောက်တွေခံလို့ ဖျောင်းဖျလို့ ဆုံးမလို့၊
တော့ သူ့အကျင့်ယုတ်ပုံကို ငါမွေ့မယူဘူး ထင်တော
ပဲ"

မယ့်အမေ ဒေါ်အေးအေးရှင်မှာ တဖျစ်တော
တောက်လုပ်လို့ မဆုံးတော့ပါ။ ကြိတ်မနိုင်ခဲမရ အတော်ပြ
ပါသည်။

အမေ ဒီလောက်ဖြစ်လာတော့ မယ်လည်း တေ
အားရသွားလို့ပဲလား မသိ၊ ရှိုက်သံခြားကာ အငိုလည်း တိတ်
သည်။

"တော်ပြီ ... ဖြတ်ပစ်၊ ညည်းကို သင်းထက်အဆတ
သာတဲ့ မိကောင်းဖခင်သားနဲ့ မေမေ ပေးစားမယ်"





မယ်သည် မငြင်းတဲ့အပြင် ကိုယ်နှင့်စိတ်ကူးချင်းပါ
စ်ထပ်တည်းကျနေတဲ့ မေမေ့စကားကြောင့် စိတ်သက်သာရာ
င် ရလာသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၆

အပြင်မှာမိုးရွာနေတာကိုး။

မယ်က စိတ်ထဲကပဲ ရေရွတ်ညည်းတွားလိုက်ရင်း လွယ်ထားတဲ့ ရှော့ပင်ဘက်ဂ်လို အိတ်ညိုညိုကြီးကြီးထဲက ထီး ထုတ်ယူဖို့ စမ်းလိုက်ပါသည်။ ကြည့် ...။ ထီးမလဲလာမိပြန်ဘူ နောက်တစ်ရက် ထီးလဲပြီး ထည့်သွားမယ်လို့ ရည်ရွယ်ထားပေမ ထီးစိုကို လှမ်းထားရာမှ ခြောက်သွေ့ရပ်ပြီး ခေါက်သိမ်းပေးထ တတ်တဲ့ ဒေါ်ဒေါ်ပြုံးက မယ့်အတွက် အသင့်ဖြစ်အောင် မ အပြင်သွားမယ့်အိတ်ထဲ ထီးကိုအသင့်လာထည့်ထားလိုက်တ ဖြစ်ရာ ဒီထီးပဲ ပြန်ပြန်ပါလာနေပါသည်။

ဒီထီးကို တခြားထီးနှင့် လဲချင်သည်မှာ ကိုင် ကောင်းလို့လား !၊ ထီးရွက်မလုံလို့လား !၊ ဟောင်းမြင်းနေ လား ! တစ်ခုမှ မဟုတ်ပါ။ ထီးကိုမမြင်ချင်လို့။ ဒီထီးကို မမြင်ချင်ဘူးဆိုတာ ဒေါ်ပြုံး မပြောနဲ့ မေမေတောင် ဘယ်သိ မလဲ။ မယ့်မှာသာ ကိုယ့်ခံစားချက်နဲ့ကိုယ်။





ဒီထီးလေးက မနှစ်က မယ့်မွေးနေ့မှာ ဇော်ဇော် ဝယ် ပေးထားတဲ့ထီးလေး။ ဆိုင်တွေမှာ မြင်နေကျ ရေပန်းစားတဲ့ လှသိတဲ့ တံဆိပ်တွေမဟုတ်ဘဲ စင်ကာပူက ပစ္စည်းသယ်ရောင်း တဲ့သူဆီက ရှားရှားပါးပါး တစ်လက်ကောင်း ရထားတဲ့ ကွက် ပြောက်ထီးလေး။ ထီးရွက်အဆင်က နှစ်ရစ်။ အတွင်းတစ်ရစ်က အနက်ပေါ် အဖြူဘောလုံးပြောက်ကြီးကြီး။ အပြင်တစ်ရစ်က အဖြူပေါ် အနက် ဘောလုံးပျောက်သေးလေး။ အနားမှာ ဇာတွန့် အဖြူလေးနှင့်။ အင်မတန် ချစ်ဖို့ကောင်းတဲ့ ထီးလေး။

သာမန်ခေါက်ထီးတွေ သုံးလေးငါးထောင်ပေးရချိန် မှာ ဒီထီးလေးက တစ်သောင်းပေးရသည်။ တိုက်တိုက်ဆိုင်ဆိုင် နှစ်က မယ့်မွေးနေ့နား နီးချိန်မှာ ငွေနည်းနည်းရှင်နေတဲ့ ဇော်ဇော် ရှားရှားပါးပါး တန်ဖိုးကြီးလက်ဆောင်ပင်။ ဟိုးရှေ့နှစ်တွေက ဆိုရင် သူ မွဲနေမှန်းသိတာမို့ မယ်က သုံးထောင်ကျော်လောက် ခန့်တဲ့ ဖဲန်စီတစ်ရှူးဘောက်စ်လေးတို့၊ နှစ်ထောင်ကျော်ဓာတ်ပုံ ဘောင်လေးတို့ စသဖြင့် သူ တတ်နိုင်လောက်မယ့်ဟာကိုပဲ မယ် ပ်လိုချင်နေပြီး မဝယ်ရသေးသယောင်ဆောင်ကာ "ဒါပဲပေး ာ"ဆိုပြီး .သူ့ကို ညာတာခဲ့တာချည်းပင်။

သူသိလား မသိလားတော့ မသိဘူးပေါ့လေ။ မသိ ာက်အောင်တော့လည်း မတုံးလောက်ပါဘူး ထင်ပါရဲ့။ သူ့ ိုက်ဆံမရှိမှန်းသိပြီး တမင်ညာတာကာ လျှော့ပူဆာတဲ့ချစ်သူ သူ အသိအမှတ်ပြုတတ်မှာပါ။ အင်း ... မျက်ရည်က လည်



www.burmeseclassic.com

www.burmeseclassic.com



ချင်လာပြန်ပြီ။ မယ်က အိတ်ထဲကထီးကို အပေါ်က ဖိကိုင်ထား
ထားပြီးမှ မထုတ်ပဲ တစ်ခဏ တွေဝေနေသည်။

မိုးကလည်း ခပ်ဖွဲဖွဲ ဇွေရုံဟာပဲလေ။ သိပ်သဲကြီး
မဲကြီး ရွာနေတာမှ မဟုတ်တာ။ ထီးမဆောင်းတော့ဘူး၊ ဘာဖြစ်
လဲ။ မယ်က ထီးကိုထုတ်ယူမနေတော့ပဲ ဆိုင်ရဲ့တံစက်မြိတ်အောက်
က တိုးထွက်လိုက်သည်။ ခြံဝင်းကြီးရဲ့ ရှေ့မျက်နှာစာမှာ ဆောက်
ထားတဲ့ မုန့်ခန်းအလှပြုပြင်ဆိုင်ရဲ့ရှေ့မှာ ပလက်ဖောင်းပဲရှိနေ
သည်။ နေရာက အင်းလျားလမ်း။

ပလက်ဖောင်းပေါ် လျှောက်ထွက်လိုက်တဲ့ မယ်သည်
သူ့ခေါင်းပေါ် အုပ်မိုးလာတဲ့ ထီးရိပ်တစ်ခုကြောင့် ထိတ်လန့်
အံ့ဩသွားပြီးမှ ချက်ချင်း ဝုန်းခနဲ ဒေါသထွက်သွားကာ မာကျော
ခက်ထန်တဲ့ မျက်ဝန်းတွေနှင့် ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း ...

"ဘာလုပ်တာလဲ ... ဒါ"

နှုတ်ကလည်း ဇွေ့ကို ရန်လိုလိုက်ပြီးသား။

"အား ...၊ ဒေါသကြီးလိုက်တာ ရှင်ဒွေးမယ်ရာ"

"ဟင်"

မယ်က သူ့အရပ်ပေါ်မိုးနေသည့် အမျိုးသားကို
ငေးငေးကလေး ကြည့်နေမိကာ ရင်ထဲမှာ တစ်မျိုးတစ်မည်လာ
ဟာသွားပါသည်။ ဇွေ့လို့ ထင်လိုက်မိတာလေ။ ခုတော့ ကိုစည်သာ
မောင်မောင်။ မျှော်လင့်ထားတဲ့သူဖြစ်လျှင် ဒေါသပေါက်ကွဲ
မှာဖြစ်ပေမယ့် မျှော်လင့်ထားတဲ့သူ မဖြစ်တော့ ရင်ထဲဟာရပါသည်





မယ်သည် ကြိုတင်မစဉ်းစား မစီစဉ်ထားသော်လည်း
ကိုစည်သာ့ကို အသင့်လျော်ဆုံး အပြုံးမျိုး စနစ်တကျ ပြုံးပြလိုက်
ရင်း ...

"ကိုစည်သာကိုး၊ ကိုစည်သာလို့ မထင်လို့ပါ"

"ဘယ်သူလို့ ထင်လိုက်လို့လဲ"

"တခြားတစ်ယောက်ပေါ့"

"မတည့်တဲ့သူ အမြင်ကတ်တဲ့သူ ရှိလို့လား"

မယ်က ခေါင်းညိတ်ပြလိုက်ပါသည်။

"အဟား ... တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်မှန်းသိသိနဲ့
မကျေနပ်လို့ အော်လိုက်တာဆိုရင် ဘာဆက်ပြောရမှန်း
တောင် သိတော့မှာ မဟုတ်ဘူး၊ ကျွန်တော်ကလည်း
ကြောက်ကြောက်နဲ့ အရဲစွန့်ပြီး ကပ်လာတာ"

"အမယ်လေး ...၊ ယုံချင်စရာကြီးပါနော်၊ ကြောက်ကြောက်
နဲ့တဲ့"

"ရှင်ဒွေးမယ် ယုံချင်မှယုံမှာပါ၊ ဒါပေမဲ့ ကျွန်တော်က
မိန်းကလေးအသိမိတ်ဆွေ သိပ်ရှားတော့ မိန်းကလေးတွေနဲ့
သိပ်မဆက်ဆံရဲတာ အမှန်ပါ"

"ရုံးက မိန်းကလေးတွေကျတော့ရောရှင်"

"ဒါတွေက ကိုယ့်ဝန်ထမ်းပါ၊ လိုတာထက်လည်း ဘယ်သူ
နဲ့မှ ပိုမခင်မိဘူး၊ မသဇင် တစ်ယောက်ကတော့ သူငယ်
ချင်းရဲ့မရီးလည်းဖြစ်တော့ နည်းနည်းရင်းနီးတာ..."



www.burmeseclassic.com

www.burmeseclassic.com



မယ်က ထေ့ထေ့ကလေး ပြုံးမိရင်း ...

"ဒါတွေ မယ့်ဆီ ဝန်ခံအစီရင်ခံနေစရာ မလိုပါဘူး ကိုစည်သာရယ်"

"ပြောပြတာပါ၊ ရှင်ခွေးမယ် သိအောင်ပါ၊ ဒါနဲ့ ကျွန်တော် 'မယ်'လို့ခေါ်ရင် ရမလား ခင်ဗျာ"

မယ်က ပြုံးရာမှ သွားကလေးပေါ်အောင် ရယ်လိုက် ကာ ...

"ရပါတယ်"

"ကျေးဇူးပဲမယ်၊ ကျွန်တော့်ကို မိတ်ဆွေအဖြစ် သတ်မှတ် ပေးပါ"

"တကူးတက သတ်မှတ်နေဖို့ မလိုပါဘူး ကိုစည်သာရယ် ဟိုးပထမနေ့ကတည်းက နောင်ကို လမ်းတွေ့ရင်ခေါ်ဖို့ အစီအစဉ်ရှိပါတယ်၊ ဒါနဲ့ ကိုစည်သာ ဘယ်ကိုလာတာလဲ ဆိုင်ကိုလား"

"ဟင့်အင်း၊ ကျွန်တော် ဟိုတစ်နေ့ကပဲ ဆံပင်သုပ်ထား တာပဲဟာ၊ ဆိုင်ကိုလာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဒီနား ဘယ်လိုရောက်နေတာလဲ"

"ဆိုင်ကိုလာတာ မဟုတ်ပေမယ့် မယ့်ဆီလာတာဗျ"

"ကိစ္စရှိလို့လား"

မယ်က မျက်ခုံးလေးပင့်မေးလျှင် စည်သာက မိုး အေးအေးမို့ အပေါ်ကထပ်ဝတ်ထားတဲ့ ဂျာကင်ကာကီရောင်ခေါ်





ပါးပါးကလေးရဲ့ ဘေးထိုးအိတ်ထဲ ထိုးနှိုက်ကာ ဘူးကလေးတစ်ခု ကို ဆွဲထုတ်လိုက်ပါသည်။ ကော်အကြည်ရောင်နှင့် လုပ်ထားသော ဘူးကလေးထဲမှာ အနီအဝါအပြာအစိမ်း ကတ်ကလေးတွေ လေး ကန့်ထပ်ထားတာ တွေ့နေရသည်။

"ဘာလဲဟင် ကိုစည်သာ"

"ဇစ်ဇစ်တင်းကတ်ပါ"

"ကိုစည်သာ့ကတ်က မယ့်ကို ပေးပြီးသားလေ၊ အဖြူရောင် လေး"

"ဒါတွေ မယ့်အတွက် ကျွန်တော်ရိုက်လာတာ"

မယ်က သူ့ကို တအံ့တသြ မော့ကြည့်လိုက်ပါသည်။

"ဟိုတစ်နေ့က မယ့်ဆီက ကတ်တောင်းတော့ မယ်က ကတ်မရှိဘူးဆိုလို့"

မယ်က တအံ့တသြပဲ ဆက်ကြည့်နေမိပါသည်။ မယ့်အကြည့်ကြောင့် သူက ရှိုးတိုးရှန့်တန့်ဖြစ်လာပြီး ...

"ကတ်ရောင်စုံလေးတွေလည်း ရတာနဲ့ ကျွန်တော့်ဘာသာ ကွန်ပျူတာထဲမှာပဲ ဒီဇိုင်းလေးလုပ်ပြီး ပရင်တာနဲ့ထုတ် လိုက်တာ၊ ပြီးတော့ ဖြတ်စက်နဲ့ ဖြတ်လိုက်တာလေ"

မယ်က ဘူးလေးကို အဖုံးဖွင့်လျက် အပေါ်ဆုံး အနီရောင်ကတ်လေးကိုယူရင်း ...

"မယ့်ကတ်လုပ်ရအောင် ကိုစည်သာက ဘာတွေသိလို့လဲ ဖတ်ကြည့်လိုက်ဦးမယ်၊ အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မယ်က အဖုအထစ် အကွက်လေးတွေနှင့် ဖောင်းကြွနေတဲ့ လှပသောကတ်နီနီလေးကို ငုံ့ဖတ်သည်။ မင်နက်နက်ထူထူကလေးနှင့်ပဲ ရိုးရိုးလေး ရိုက်ထားတာဖြစ်သည်။

Shin Dway Me.
Haitr stylist (Fascination)
Room(...), First Floor
Baho Rd, Sanchaung Township.
Phone : (.........).

"မှန်ရဲ့လား မယ်"

မယ်က တကယ်အစစ် ပြုံးချင်နေကာ ပြုံးတုံ့တုံ့ ခေါင်းတညိတ်ညိတ်နှင့် ...

"မသဇင်ကို မေးထားတာပေါ့လေ"

"ဟုတ်တယ်ဗျ၊ အဲဒါက အိမ်လိပ်စာနဲ့လေ၊ ဆိုင်လိပ်စ နဲ့ကတော့ သိပ်လိုမယ်မထင်လို့ နည်းနည်းပဲ ရိုက်လာတယ် အောက်မှာပါတယ်၊ ဆိုင်ရဲ့ကတ်က ရှိပြီးသား ဖြစ်မှာ လေ"

"အဟင်း ... Hair Stylist တဲ့"

"မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မယ်က Facial ပိုင် ဆိုင်ရာတွေလည်း လုပ်ပေးပါတယ်၊ ဒါပေမဲ့ မယ်နဲ့ဆံ ညှပ်ချင်တဲ့လူကများတော့ အချိန်အား သိပ်မရှိတာ သိပ်ဝင်မလုပ်ဖြစ်တာ၊ ဟိုတစ်နေ့က ကိုစည်သာ့ကို လု





ပေးသလို Facial wash တို့ Shampooing တို့က မယ်နဲ့ ဆံပင်ညှပ်လက်စ ကပ်စ်တမ်မာကိုဆိုရင် တစ်ခါတည်းလုပ်ပေးတယ်၊ သီးသန့် မျက်နှာအေးရုံလေး ဆံပင်လျှော်ရုံလေး လာရင် မယ်က မလုပ်ပေးဘူးလေ"

"မယ်က ဆရာမကြီးတဲ့"

"ဘယ်သူကလဲ"

"မသဇင်ကပဲပေါ့၊ ဒီဆိုင်ရဲ့ပိုင်ရှင်ဆရာမ ပြီးရင် လက်ရုံး လက်ထောက်ငါးယောက်လောက်ထဲမှာ မယ်ကပါတယ်တဲ့၊ လူစိမ်း လူသစ်ဆိုရင် မယ်နဲ့ညှပ်ချင်ရင် အရင်ဖုန်းဆက်ပြီး အပွိုင့်မဲန့်ထိ လုပ်ရတယ်တဲ့၊ ဒါပေမဲ့ ဟိုတစ်နေ့က ကျွန်တော် မသိလို့ အပွိုင့်မဲန့်ထ် လုပ်မထားပေမယ့် တန်းဝင်ရတယ်နော်"

"အဲဒီနေ့က လူက နည်းနည်း Desparate ဖြစ်နေတော့ ဘာမှသတိမရမိပါဘူး၊ စေးဖောလာပြောတော့ ခဏနေသွင်းလိုက်လို့ပဲ ပြန်ပြောလိုက်မိတာ၊ ရောက်လာတော့လည်း ကိုစည်သာ ဖြစ်နေတော့ အပွိုင့်မဲန့်ထ် လုပ်မထားတာတွေ ဘာတွေ မယ်လည်း မေ့သွားတယ်"

မယ်က စည်သာ့ကို မော့ကြည့်ရင်း ...

"ဒီကတ်တွေက လက်ဆောင်ပေးတာပေါ့နော်"

"ဒါပေါ့ဗျာ၊ ဒီဘာမဟုတ်တာလေးကို ကျွန်တော်က မယ့်ကို လာရောင်းစားမှာလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျေးဇူးတင်ပါတယ်၊ မယ် သွားတော့မယ်လေ

"မယ့်ကို ထီးမပါဘူးလား"

"ထီးလား ! "

မယ်က မိုးကောင်းကင်ကို မော့ကြည့်ရင်း နှာကျ

ကျင်လေး ပြုံးမိကာ ...

"ထီးပါပါတယ်"

"ဟင် ... ထီးပါတာကို မဖွင့်ဘဲ မိုးထဲ ဒီအတိုင်းထွ

တယ် ဟုတ်လား ! ခေါင်းတွေမိုးစိုပြီး ဖျားမှာပေါ့ မ

ရာ၊ ကျွန်တော် ရှိမနေရင် ခုလောက်ဆို မယ် ဘယ်အ

လမ်းလျှောက်ရင်း ရောက်နေမလဲ"

"ဟိုးရှေ့ ဘတ်စ်ကားမှတ်တိုင်အထိပါပဲ"

"တော်သေးတာပေါ့၊ ကျွန်တော် ရောက်နေပေလို့"

"ကိုစည်သာ ရောက်နေတာ ကြာပြီလား"

စည်သာက နာရီတစ်ချက်ကြည့်ရင်း ...

"သုံးနာရီခွဲလောက်က"

"ဟင် ... ကြာလှပြီ"

"သုံးနာရီခွဲလောက်ထက်တော့ မယ့် စောမပြန်ဘူးဆို

မသဇင်က ပြောတယ်၊ မယ်တို့ လက်ထောက်တွေ

ကျန်တဲ့ဝန်ထမ်းတွေလို အချိန်မှန် မဟုတ်ဘူးတဲ့၊ တစ်

ကိုပြည့်ရမယ့်နာရီချိန်ပြည့်ရင် ပြီးရော၊ လိုတိုးပိုလျှော့





ပြီး တချို့နေ့တွေလည်း စောစောပြန်၊ တစ်ခါတစ်ခါလည်း ညအထိ ရှိတယ်တဲ့"

"ဟုတ်တယ် ကိုစည်သာ၊ တော်သေးတာပေါ့၊ မယ် ဒီနေ့ ငါးနာရီပြန်လို့၊ ညရှစ်နာရီလောက်မှပြန်ရင် ဒုက္ခ၊ ကိုစည်သာ ဘယ်လိုလုပ်မလဲ"

"ရပါတယ်၊ ကျွန်တော် စောင့်မှာပေါ့"

"ဒီကတ်တွေ ဝင်ပေးလိုက်လည်း ရပါတယ်၊ ဒါမှမဟုတ် ရှေ့မှာပဲ မှာထားခဲ့ပြီးပေးရစ်ခဲ့ရင်လည်း ရပါတယ်"

"အပြင်မှာလည်း မပေးခဲ့ချင်ဘူး၊ မယ့်ဆီဝင်လာရင်လည်း မယ် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ၊ အလုပ်လုပ်နေရင်း စကားဖြတ်ပြောနေရမှာစိုးလို့၊ ကျွန်တော်ကလည်း ခုချက်ချင်း ရောက်ပြီး ခုချက်ချင်း မပြန်ချင်ဘူးဗျာ"

မယ်က စည်သာ့ကို တစ်ချက် ရှုရှုလေးကြည့်လိုက်သည်။

"မယ် အိမ်ပြန်မှာ မဟုတ်လား"

"ဟုတ်ကဲ့"

"ကျွန်တော် ပြန်ပို့ပေးလို့ ရမလား"

"တကူးတက ဖြစ်လွန်းပါတယ် ကိုစည်သာ၊ နေပါစေ၊ ကားဂိတ်ကလည်း ဒီရှေ့တင်ပါ၊ ဆင်းတော့လည်း မယ်တို့ အိမ်ရောက်အောင် သိပ်ဝေးဝေးမလျှောက်ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နီးနီးဝေးဝေးပါ၊ ကျွန်တော် လိုက်ပို့ချင်လို့ပါ"

မယ်က နှုတ်ခမ်းလေးကိုစေ့ကာ လက်ညှိ
ဖိထောက်ရင်း ခပ်ငေးငေး စဉ်းစားနေမိပါသည်။ သူနဲ့နှ
တွေ့ဖူးပြီ။ ပထမတစ်ကြိမ်ကလည်း သူ့ရှိုးရွမ်း၊ ရုံးခန်းကို
သွားပြီး ခြေဆေးလက်ဆေးနဲ့၊ ဒုတိယတစ်ကြိမ်ကလည်း
ညှပ် ခေါင်းလျှော် မျက်နှာဆေး၊ လေးဆယ့်ငါးမိနစ်လော
ခဲ့တာ။ အစိမ်းသက်သက်လည်းမဟုတ်တော့။ တရင်းတ
လည်း ပြောမရ။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါ။ လောလောဆ
မယ့်ရင်ထဲ၌ တစ်လောကလုံးကို ခပ်ရွဲ့ရွဲ့ ဆက်ဆံလိုစိ
သည်။ ဘာကိုမှ သိပ်ဂရုမစိုက်ချင်ဘဲ မထေမဲ့မြင် လုပ်
စိတ်မျိုးသာ ရင်နဲ့အပြည့် ဖြစ်နေသည်။

"မယ် ... အရမ်းစဉ်းစားနေရလား၊ ကျွန်တော် မိ
ဖခင်သားပါ မယ်"

"မိကောင်းဖခင်သား"တဲ့။

သူ့အသုံးအနှုန်းကြောင့် မေမေ ကျိုးဝါး
စကားကို မယ်မှာ သွားသတိရမိပါသည်။ တိုက်တိုက်ဆို
ရယ်တောင် ရယ်ချင်သလို ဖြစ်မိဘာကို ထိန်းကာ ...

"ကိုစည်သာကို ယုံကြည်ပါတယ်၊ ဒါပေမဲ့ ပတ်ဝန်း
"အဟင်း ... ဘာပတ်ဝန်းကျင် မှ ဒီနားမှာ မရှိပါ
မယ့်ဆိုင်ထဲကလည်း မမြင်ရနိုင်တဲ့နေရာ၊ ကားဂိတ်





ဝေးသေးတယ်၊ မိုးထဲမှာ မယ်နဲ့ကျွန်တော် နှစ်ယောက်တည်း
ပါ"

"... ..."

"ဒီကနေ မယ့်အိမ်ကိုပြန်ရင် လမ်းပေါ်မှာ မြေအိုးမြီးရှည်
ဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်ဗျ။ ဆိုင်သစ်လေး၊ တော်
တော်လေးကောင်းတယ်၊ အဲဒါ မယ့်ကိုဝင်ကျွေးချင်တယ်၊
ပြီးရင် အိမ်ပြန်ပို့မယ်လေ"

"မြေအိုးမြီးရှည်"တဲ့။

လာပြန်ပြီ။ ဒီလူဟာ တိုက်ဆိုင်မှုရှိတဲ့ စကားတွေ
အဲဒောက်ပြောတတ်ပါလား။

"မယ် ကြိုက်လား မြေအိုးမြီးရှည်"

"ဟုတ်၊ ကြိုက်ပါတယ်"

"ဒါဖြင့် လိုက်ခဲ့မယ် မဟုတ်လား"

မယ်က သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ဟိုးအရင်တစ်လလောက်က ဆိုရင်တော့ ကိုစည်သာ့
ဒီလိုကမ်းလှမ်းမှုမျိုး တစ်ယောက်ယောက်ဆီက ရလာရင်
မယ် ငြင်းမိမယ်ထင်တယ်၊ ဒါပေမဲ့ ခုလောလောဆယ်အချိန်
မှာ မယ့်ရင်ထဲမှာရှိနေတဲ့ ခံစားချက်က ဘာကိုမှ အရေး
တကြီး မခံစားချင်သလို ဖြစ်နေတယ်၊ ပွင့်ပွင့်လင်းလင်း
ပြောရရင် လောကကြီးကို မထေမဲ့မြင်ပြုချင်နေတဲ့ အချိန်
မျိုးမှာ ကိုစည်သာက ဖိတ်ခေါ်တာ ဖြစ်နေတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စည်သာက မျက်မှန်အောက်က မျက်ဝန်းထေ… လက်သွားအောင် ပြုံးလိုက်ရင်းက ...

"ဒါဖြင့် လိုက်လာခဲ့မှာပေါ့နော်"

"ဟုတ်ကဲ့ ... မယ် လိုက်ခဲ့ပါ့မယ်"

"မယ့်ကို မထေမဲ့မြင် ပြုချင်အောင် အရွဲ့တိုက်ချင်… ဖြစ်စေတဲ့ လောကကြီးကို ကျေးဇူးတင်လိုက်တာ…

မယ်က စည်သာ မိုးထားပေးတဲ့ ထီးအောက်… ဆင့် စည်သာ ဖွင့်ပေးတဲ့ ကားကြီးပေါ် တက်လိုက်ပါသည်… ကားက ခပ်မြင့်မြင့်။ မယ် ခါးကလေးကိုမတ်မြှင့်ပြီး ကား… ကို အားပြုပြီး တက်ထိုင်ရသည်။ ကားပေါ်ရောက်လျှင် စ… က တံခါးပိတ်ပြီး သူ့ဘက်ကို ပတ်လျှောက်သည်။

မွှေးပျံ့တဲ့ ကားကောင်းကောင်းတစ်စီးရဲ့ ရှေ့… ထိုင်လျက်သား ရှိနေတဲ့ မိမိကိုယ်ကို မယ် အံ့အားသင့်နေပါ… ဧဝွှသာမြင်ရင် အံ့ဩမှာပဲ။

အို ... ဘာကြောင့် သူ့ကို တွေးရပြန်တာလဲ… မြင်လေ ကောင်းလေ။ ခုနေ မနီးမဝေးလေးမှာ သူ နိုး… နိုးဝှက်ရှိနေပြီး ဒီမြင်ကွင်းကို မြင်နေမယ်ဆိုရင် သိပ် ကော… မယ်။

မြေအိုးမြီးရှည်ဆိုင်ကလေးဟာ ခနီးမိုးတဲပြားမြ… ဝပ်ကြီး။ မမတိုင်တွေ ထူထားသည်။ အေးအကာက ခါး… အမြင့်ပဲရှိကာ ကျူထရံကွက်တွေ။ ထိုဆိုင်ထဲထိုင်က …





…းကို တူနှင့်မွှေရင်း တဖူးဖူး မှုတ်နေမိချိန်မှာတော့ ရင်ထဲမှာ …ချင်လာကာ ...

"လွန်ခဲ့တဲ့ လေး၊ ငါးရက်က မြေအိုးမြီးရှည် စားသေးတယ်"

"ဟုတ်လား၊ မယ် ကြိုက်လား"

"ကြိုက်ပါတယ်၊ ဒါပေမဲ့ အဲဒီနေ့က မစားလိုက်ရပါဘူး"

"ဘာဖြစ်လို့လဲ မယ်"

"လာနှောင့်ယှက်တဲ့ လူတစ်ယောက်ကို ကောက်ပြီးပက်ပစ်လိုက်လို့"

စည်သာက အသံသိပ်မထွက်ဘဲ တသိမ့်သိမ့်ရယ်…သည်။

"ရှင် မယုံဘူးပေါ့"

"မယ်ပြောတဲ့စကားကို ကျွန်တော်က ဘာဖြစ်လို့ မယုံရမှာလဲ၊ အဲဒီမြေအိုးထဲက မြီးရှည်တွေဟာ မြွေတွေဖြစ်သွားတယ်လို့ ပြောရင်တော့ မယုံဘူးပေါ့"

"တကယ်ပက်ပစ်လိုက်တာ"

"ဒီအရည်က စဥ့်အင်တုံအိုးနဲ့ဆိုတော့ တအားပူတာမယ်ရ၊ ဒီလူတော့ တော်တော် ပူသွားမှာပဲ"

"ရှင် မယ့်ကို မိတ်ဆွေလာဖွဲ့ချိန်ဟာ အချိန်အခါကောင်း မဟုတ်ဘူး ဖြစ်နေတယ် ကိုစည်သာ၊ ကျွန်မ ပြိုကွဲနေတာ နှစ်ပတ်လောက်ရှိပြီ"

စည်သာက မယ့်ကို ပြုံးကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်လည်း မယ် ကျွန်တော်ကို ခပ်မြန်မြန်
တဲ့ပြန်ခင်မင်တာ ဖြစ်မှာ"

"ဟုတ်တယ်"

"မယ့်ဖိနပ်ကို နင်းမိတဲ့နေ့က မယ့်မျက်လုံးတွေက ခုလို
မဟုတ်သေးပါဘူးထင်တယ်၊ ကြည်စင်ရွှန်းလဲ့နေတယ်
မျက်နှာကလေးက ကြည်လင်လန်းဆန်းနေခဲ့တယ်"

"ဟုတ်တယ် ကိုစည်သာ၊ အဲဒီနေ့က ရှင်နဲ့တွေ့အပြီးမှာ
ကျွန်မဘ၀ အစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့တယ်"

"အဲဒါ မယ် ထင်နေတာပါ၊ တင်စားပြောကြတဲ့ စကားလုံး
အပေါ်မှာ လိုက်ခံစားတာပါ၊ တကယ်တော့ လူတစ်ယောက်
ဘ၀ဟာ ဘာအကြောင်းကြောင့်မှ အစိတ်စိတ်အမြွှာမြွှာ
မဖြစ်နိုင်ပါဘူး မယ်၊ တစ်နေ့ကျရင် မဖြစ်ဘူးဆိုတာ မယ်
သိလာမှာပါ"

မယ်က သက်ပြင်းတစ်ချက် ခပ်လေးလေး မှုတ်ထုတ်
လိုက်ပါသည်။

"ကိုစည်သာကတော့ မယ့်ကို ရဲတင်းတယ်ပဲ ထင်မလား
လောကမှာ ဘာကိုမှသိပ်ဂရုမစိုက်ဘူးပဲ ထင်မလား၊ အရှက်
မရှိဘူးပဲ ထင်မလား၊ ပြဿနာထဲက မိန်းကလေးတစ်
ယောက်လို့ ထင်မလားပဲ"

"တစ်ခုမှ မထင်ပါဘူး မယ်"





"ဒုတိယအကြိမ် တွေ့တုန်းကလည်း မယ်က ငိုနေတုန်းကြီး
ဖြစ်ပြန်ရော"

"ဒါတွေဟာ လူတွေ တစ်ချိန်ချိန်မှာ ဖြစ်နေတတ်ကြတဲ့
သာမန်ကိစ္စတွေပါ မယ်ရဲ့၊ မယ့်ကျမှ ထူးပြီး ကံဆိုးပြီး
ဖြစ်နေတာ မဟုတ်ပါဘူး"

"ကျွန်မ ဘာဖြစ်နေတာလို့ ရှင်ထင်လဲ ကိုစည်သာ"

စည်သာက ပြုံးပြီး မယ့်ကို ကြည့်နေသည်။

"ဟင် ! မယ် ဘာဖြစ်နေတယ်ထင်လဲ"

"မယ်ကလည်းဗျာ၊ ကျွန်တော့်ကို လူမမယ် ကလေးပေါက်စ
ထင်နေသလား၊ မယ့်လို မိန်းမပျိုကလေးတစ်ယောက်
Desparate ဖြစ်နေတယ် ဆိုကတည်းက ရည်းစားနဲ့ကွဲတဲ့
ကိစ္စကလွဲရင် ဘာရှိဦးမှာလဲ"

"ဟင် ! ရှင်သိတယ်"

"ကျွတ် ...၊ ခက်နေပါပြီ မယ်ရယ်၊ ကျွန်တော် သိတာပဲ
ထူးချွန်လို့လိုလို့နဲ့၊ မယ့်အနား ရှိမယ့်သူ ဘယ်သူမဆိုသိ
မှာပဲလေ၊ မရိပ်မိနိုင်စရာကိစ္စမှ မဟုတ်တာ။ မယ် မယ့်
ရည်းစားကို မြေအိုးမြီးရည်နဲ့ ပက်ပစ်လိုက်တယ် မဟုတ်
လား၊ အဲဒါ မယ် တအားနာကြည်းနေတာကို ပြတာလေ၊
မယ် ခွင့်မလွှတ်နိုင်တဲ့ ကိစ္စတစ်ခုခု ဒီလူ ပြုမူလိမ့်မယ်၊
မယ့်လို စိတ်ကောင်းရှိပြီး ကြင်နာတတ်ပုံရတဲ့ မိန်းကလေး
တစ်ယောက် သည်းမခံ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စဆိုကတည်း
က ဒီလူ သစ္စာမဲ့တဲ့ကိစ္စ ဖြစ်ဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်က အောင့်သက်သက်ကလေးပြုံးကာ မျက်ရည်
လည်လာတဲ့ မျက်ဝန်းများကို မျက်တောင်ပုတ်ခတ်နေမိပါသည်။

"ထီးပါရက်နဲ့ ထီးမဆောင်းတာကကော အဲဒီရည်းစား
ဟောင်းနဲ့ပဲ ပတ်သက်နေသလား"

"ရှင်ဟာ အတွေးအခေါ်ပါရဂူ ဖြစ်သင့်တယ်၊ ဟုတ်တယ်
အဲဒီထီးကို ကျွန်မ မမြင်ချင်တော့ဘူး၊ ဆောင်းဖို့နေ
ပိုင်တောင် မပိုင်ချင်တော့ဘူး ကိုစည်သာ၊ ကျွန်မကို တစ်
ကူညီနိုင်မလား"

"ဘာများလဲ မယ်"

မယ်က အိတ်ထဲမှ ခေါက်ထီးတိုလေးကို ဆွဲထုတ်
ယူလိုက်ပါသည်။

"ဒီထီးလေးကို ကျွန်မ မလိုချင်တော့ပေမယ့် အမှိုက်ပုံ
ပစ်လိုက်ရမှာကျတော့လည်း နှမြောနေတယ်၊ ရှင် ယူ
လား"

စည်သာက ခေါင်းကိုမော့လိုက်ပြီး အသံမထွက်
ရယ်နေပါသည်။

"မယ် တကယ်ပြောနေတာ ကိုစည်သာ"

စည်သာက မယ့်ကို နူးညံ့စွာ စိုက်ကြည့်ကာ မိကာ ...
လက်ထဲမှ ခေါက်ထီးတိုကလေးကို လှမ်းယူပြီး ဂျာကင်အေး
အိတ်ထဲ ထိုးသွင်းလိုက်ပါသည်။

"ဖြည်းဖြည်းပေါ့ မယ်"





"ဘာကိုဖြည်းဖြည်းလဲ"

"ချက်ချင်း ဖြေသိမ့်နိုင်ချင်လို့တော့ ဘယ်ရမလဲ၊ အချိန်က
ကုစားသွားပါလိမ့်မယ်၊ တစ်သက်လုံး ဒီအတိုင်း နာကျင်
မနေပါဘူး"

မယ်က စည်သာ့ကို မျက်လွှာပင့်ကြည့်ရင်း ...

"ရှင် ရည်းစားနဲ့ ကွဲဖူးလား ကိုစည်သာ"

"ကြဲကြဲဖန်ဖန်၊ ကွဲဖူးပါဘူးဗျာ"

"ခုထိ ပြေပြေလည်လည် ရှိတာလား"

"ရည်းစားကို မရှိတာပါဗျာ၊ သိပ်ငယ်ငယ်တုန်းက ကျောင်း
က ပတ်ဝန်းကျင်က လှတပတကောင်မလေး သုံးလေးငါး
ယောက်ကို ငမ်းခဲ့ဖူးတာကလွဲရင် မယ်မယ်ရရ ရည်းစား
မထားဖူးခဲ့ဘူးဗျ၊ ဒီကြားထဲမှာ ကျွန်တော် မကြိုက်နိုင်တဲ့
ကောင်မလေးနှစ်ယောက် တစ်ယောက်ပြီး တစ်ယောက်
ကျွန်တော့်ကို လာကြိုက်ပြီး တကပ်ကပ် တရင်းတနှီးလုပ်
လွန်းအားကြီးလို့ ကျွန်တော့်မှာ ရှောင်ပြီး ထွက်တောင်ပြေး
ရဖူးတယ်"

မယ်က မျက်တောင်ပေကလက် မျက်ရည်သိမ်းရင်း

"ရှင်ကပဲ ပြေးရသေးတယ်"

"ဟုတ်တယ်ဗျ၊ ကြိုက်မှ မကြိုက်တာ၊ ဆန့်ကျင်ဘက်လိင်
တစ်ယောက်ကို ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်မောမော ချစ်မြက်နိုးနိုင်ဖို့ဆိုတာ လှူးပြည်ကအပ်တစ်စင်း မြန်မာပြည်ကအပ်ကစ်စင်း ဆုံကြဖို့ဆိုတာလောက် မခက်ရင်တောင်မှ အတော်မလွယ်တဲ့ ကိစ္စပါ ...

သူစိမ်းတစ်ယောက်ကို ချစ်မိတယ်ဆိုတာ ကိုယ့်ရဲ့တစ်ဝက်ကို သူ့အပေါ် ဖွဲ့ချကြည်ဖြူရတာပါ၊ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး မယ်"

ကိုယ့်ရဲ့တစ်ဝက်ကို သူ့အပေါ် ဖွဲ့ချကြည်ဖြူရသတဲ့။ မယ်ကတော့ ကိုယ့်ရဲ့တစ်ဝက်မကကို ကြည်ဖြူခဲ့တာပါ။ သူစိမ်းနှစ်ယောက် ချစ်နိုင်တဲ့ အချစ်ထဲမှာတော့ အကြီးမား အပြင်းထန် အခိုင်မာဆုံးပုံစံနဲ့ ချစ်ခဲ့တဲ့ မယ့်အချစ်ပါ။

"အချစ်ကြီးတော့ အမျက်ကြီးတာ ထုံးစံပေါ့ဗျာ၊ မယ်တစ်ခုပဲ ဖြေသိမ့်တွေးရမှာက ဘယ်သူမှန်မှန် ဘယ်သူမှားမှား မယ် ဘယ်လောက်ပဲ နာကျင်ခံစားခံစား ဒါတွေဟာတစ်နေ့မှာ ပြီးဆုံးပျောက်ကွယ်သွားမယ် ဆိုတာပဲ။ မပြီးအောင် အသက်ထက်ဆုံးကြီး မခံစားရပါဘူး မယ်၊ တစ်နေ့ သူ့အလိုလို ပြီးသွားမယ့် ခံစားချက်တစ်ခုအတွက် ဒီလောက်ကြီး စိတ်ပင်ပန်း မခံစေချင်ဘူးဗျာ ...

မယ့်ကို ပထမဆုံး စတွေ့ဖူးတဲ့အကြိမ်ထက် ဒုတိယအကြိမ်တွေ့တော့ မယ် ပိုပြီးရင့်ရော်သွားတယ်။ မျက်နှာပေါ်မှာ မျက်ရည်တွေ ဒဏ်ရာဒဏ်ချက်တွေ ဝေဒနာတွေနဲ့၊ တတိယအကြိမ်တွေ့တော့ ဒီဒဏ်ရာဒဏ်ချက် ဝေဒနာ





တွေက မယ့်ကို ညှဉ်းပန်းထားပြီဗျ၊ မယ် တော်တော်ပိန်သွားတယ် မယ်"

မယ်က စည်သာ့ကို စိုက်ကြည့်နေမိသည်။ သူ့ က်နှာမှာ တကယ်ကို စိတ်မကောင်းနိုင်တာ ပေါ်လွင်နေသည်။ သူဟာ ခင်မင်စရာ လူကောင်းတစ်ယောက်ပဲ။ မယ်သည် အချိန် ိုနှင့် သူစိမ်းယောကျ်ားတစ်ယောက်ကို ခင်မင်လိုက်တာကို သူ့ ိုယ်သူ အံ့ဩနေမိပါသည်။

"နည်းနည်းပြန်ထိန်းလိုက်ပါဦး"

"ဟုတ်ကဲ့ ကိုစည်သာ၊ ကျေးဇူးတင်ပါတယ်"

"စားဦး မယ်၊ အေးလောက်ပါပြီ"

မယ်က တူတစ်ဖက် ဇွန်းတစ်ဖက်နှင့် မြေအိုးမြီးရှည် အားရပါးရစားရင်း ...

"အရမ်းစားလို့ကောင်းတယ် ကိုစည်သာ၊ ဗိုက်လည်းဆာနေတော့ အတော်ပဲ၊ မယ် ဘာမှစားလို့ သိပ်မကောင်းတာ၊ အဲဒီရက်တွေနဲ့အမျှပဲ၊ ကိုစည်သာကို တကယ်ကျေးဇူးတင်ပါတယ်"

"ကျေးဇူးမတင်ရပါဘူးဗျာ၊ သူစိမ်းဆန်လိုက်တာ"

"ဟုတ်သားပဲ၊ သူငယ်ချင်းပေါ့နော်၊ မယ့်မှာယောကျ်ားသူငယ်ချင်း မရှိဘူး ကိုစည်သာ"

"ကျွန်တော့်မှာလည်း မိန်းကလေးသူငယ်ချင်း မရှိပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက်ပြုံးပြီး ကြည့်မိကြသည်။

"ခုလိုပဲ တစ်ခါတလေ ဆိုင်ကိုလာလည်လို့ ရမလား မယ်"

"ဆိုင်က ပြန်မယ့်အချိန်ဆိုရင် အဆင်ပြေပါတယ်"

"ဆံပင်ကလည်း ရှည်ပါတော့၊ လာထပ်ညှပ်ရအောင်"

"အဟင်း ဟင်း ...၊ ရှင်ကလည်း ဆံပင်မညှပ်ဘဲ လာလို့ ရပါတယ်"

"အဲဒီနေ့က အိမ်ပြန်ရောက်တော့ မာမီကပြောတယ်"

"ဘာတဲ့လဲဟင်"

"ဟယ် ... ငါ့သားရယ်၊ ချောလိုက်တာ ကြည့်ကောင်းလိုက်တာ နသွားလိုက်တာတဲ့ ဟား ဟား၊ ဆက်တိုက်ချီးကျူးပြီး တကောက်ကောက် လိုက်ကြည့်နေတာ၊ ရယ်ရတယ်ဗျာ၊ Fascination မှာ ညှပ်လာတယ်ဆိုတော့ အရမ်းအံ့ဩနေတာ၊ ကျွန်တော့်တစ်သက်မှာ မိန်းကလေးတွေ ကျွန်တော့်ခေါင်းကို ကိုင်ညှပ်တာ တစ်ခါမှမှ မခံဖူးခဲ့ပဲ၊ မိန်းကလေး ညှပ်တာ မခံချင်တာ မေမေ သိတယ်လေ"

မယ်က ကိုစည်သာရဲ့ ကြည်လင်တဲ့ အပြုံးကို ငေးနေမိသည်။

✧ ❤ ✧





# ၇

ဒီနေ့သည် မယ့်အားရက်ကို ပထမဆုံးအကြိမ် ဈေး မဟုတ်သော ယောကျ်ားတစ်ယောက်နှင့် ကုန်လွန်စေခဲ့တဲ့ နေ့ဖြစ်သည်။ ဒီနေ့မနက် အိမ်ဖုန်းကို လတ်လတ် ဖုန်းဆက်လာပါသည်။

"မယ်လား ... ငါ ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီလောက်မှ ရောက်မယ် သိလား၊ နည်းနည်းနောက်ကျမယ်"

"ဘာလုပ်ဖို့လဲ၊ နင်လည်း ချိန်းမထားဘဲနဲ့"

"သြော် ... ကြိုချိန်းမထားမိပေမယ့် ငါလည်း အားနေတော့ ထွက်ခဲ့မလို့ပါ"

ချစ်သူငယ်ချင်းသည် မယ့်အားရက်မှာ မယ် ယောင်ချာချာ ဖြစ်နေမှာကိုဖုံးဖိ စိတ်ပြောင်းလဲနိုင်ဖို့ ကူညီရန် ကြိုးပမ်းနေလေသည်။ မယ်က ရိပ်မိပါသည်။ အရင်က မယ့်ရဲ့အားရက် အားရက်တိုင်းဟာ ဈေးအတွက် မယ် အပြည့်အဝ အချိန်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်တွေ။ ဇေဌလုံ မယ်ကသွားကာ ချက်ပြုတ်စားသော
အပြင်ထွက်ကာ ဇေဌ အတွက် ဝယ်စရာရှိတာဝယ်ခြမ်း၊ ဇေ
အတွက်လည်း မယ်လိုချင်တာရှိရင် ဝယ်ခြမ်း။

အဲလို အထူးအထွေ ဝယ်ခြမ်းစရာမရှိရင် ဘုရားသ
ရင်သွား၊ ကန်တော်ကြီးလို သာယာတဲ့နေရာတစ်နေရာ သွား
သွား၊ ရုပ်ရှင်သွားကြည့်ရင်ကြည့်။ တစ်နည်းနည်းနဲ့တော့ အ
ကို နှစ်ဦးအတူ ကုန်ဆုံးစေသည်။ ကြားရက်တွေမှာ မယ်
ဇေဌ တွေ့နိုင်လျှင် မယ့်အိမ်ပြန်ချိန်မှာသာ။

ဇေဌက မယ် စီးတဲ့ကားလိုင်းကို မယ်နှင့်အတူလို
စီးပြီး မယ့်ကို အိမ်ပြန်ပို့သည်။ ရုံဖန်ရံခါ အိမ်ပေါ်တက်
ရံဖန်ရံခါ အိမ်ပေါ်မတက်။ ဒါက မယ် အိမ်ပြန်စောတဲ့ရက်က
မယ် နောက်ကျတဲ့နေ့ဆို ဇေဌ လာမကြိုနိုင်။ သူကလည်း ည
ဘက် ဆိုင်ကိုသွားရသူမို့တည်း။ သူ ဂစ်တာတီးတဲ့ သီချင်းဆို
စားသောက်ဆိုင်ကို ညနေတိုင်းသွားရတဲ့ ဇေဌဟာ သူစိတ်မပါ
မပါသလို နောက်ကျတတ်တာ။ တကယ်တော့ သူ့ကို ဆိုင်
ဆူပူရင် ဆိုင်ရှင်အပြစ်မရှိ။

ဇေဌကိုက အလုပ်ကို စိတ်ခံစားချက်နှင့်လုပ်
အလုပ်နှင့်တူအောင် မလုပ်တဲ့သူ။ မယ်က ပြောလွန်းလျှင် ည
တွေလာမကြိုဘဲ နေတတ်ပြန်သည်။ မယ့်အားရက်ကတော့ ဘ
တော့မှ မပျက်ကွက်ကြတဲ့နေ့။ ဖျားနေရင်တောင် အနွေးထ
တစ်ဖက်နှင့် မယ်က သွားဖြစ်အောင် သွားတာကို လတ်လ





လည်း အသိမို့ အဲဒီအားရက်တွေမှာ မယ် ယောင်ချာချာ ဟာတာ
တာ ဖြစ်မနေအောင် သူ အချိန်ဖြုန်းပေးဖို့ တာဝန်ရှိတယ် ထင်
နေသည်။

"ဟဲ့ ... ငါ သွားစရာရှိတယ် လတ်လတ်ရဲ့"

"အေး ... နင် သွားစရာဆီကိုပဲ လိုက်ခဲ့မယ်လေ"

"မရတော့ဘူးဟ၊ ငါက သူများနဲ့ ချိန်းထားတာ"

"... ..."

လတ်လတ် တိတ်သွား၍ မယ်က ကမန်းကတန်း
ပင် ...

"နင်က ကြိုမပြောတော့ နင် လာမယ်လို့ မသေချာတာနဲ့
ငါက သူများနဲ့ ချိန်းလိုက်တာပါဟာ၊ နောက်ဆို နင်ကြို
ပြောလေ မိလတ်၊ နောက်ပြီး ငါ့အတွက် တကူးတကနဲ့
ငါ့အချိန်ဖြုန်းဖို့သက်သက် နင် လာပေးမှာမျိုးဆိုရင်တော့
မလိုအပ်ပါဘူး သူငယ်ချင်းရယ်၊ ငါလည်း သွားစရာရှိရင်
သွားမယ်၊ သွားစရာမရှိရင် အိမ်မှာပဲ နေလိုက်မယ်ပေါ့၊
အရေးမကြီးပါဘူး။ အခုကတော့ စကော့ဈေးသွားကြမလို့
ပါ"

"ဩော် ... အေး ... အေး၊ တကူးတကတော့လည်း မဟုတ်
ဘူးပေါ့ဟယ်၊ ငါက နင်သွားစရာရှိလည်း အဖော်လိုက်
မယ်လို့ပါ၊ နင် ချိန်းထားရင်လည်း ပြီးရောလေ၊ ဘယ်သူ
နဲ့သွားမှာလဲ၊ မလုတို့နဲ့လား မညိုနဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မလု ဆိုတာ ဆိုင်က အစ်မကြီးပဲဖြစ်သည်။ [illegible]က ဆိုင်မန်နေဂျာ။

"မဟုတ်ဘူးဟ"

"ဘယ်သူနဲ့ ချိန်းထားတာလဲ"

"ဟို ... လူတစ်ယောက်နဲ့ဟ"

"ဟင် ... ဘယ်ကလူလဲ"

"ဘယ်ကလူလဲဆိုတော့ ...၊ အင်း ... နင်မသိဘူး[illegible]တယ်"

"ငါမသိတဲ့ လူတစ်ယောက်က ဘယ်ကနေ ခပ်မြန်မြ[illegible]ပေါ်လာတာလဲ မယ်၊ ဘယ်ကလူလဲ၊ နာမည်ဘယ်သူတဲ့လဲ"

"နာမည်ကို ကိုစည်သာမောင်မောင်တဲ့၊ (......)ကုမ္ပဏီ[illegible]ပိုင်ရှင်ပဲ"

"ဟင် ... နင်နဲ့ဘယ်လိုသိကြတာလဲ"

"သိတာကတော့ ငါ့ဖိနပ်ကို သူနင်းလို့ ချော်လဲရင်းသိ[illegible]တာပဲဟာ"

"ဘယ်တုန်းကလဲ၊ ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးဘူး၊ ဩော် ... သူ့ကို နင်သိပါတယ်[illegible]နင် ဆိုင်ကိုနောက်ဆုံးလာတဲ့ အခေါက်လေ၊ ပြီးခဲ့တဲ့အပတ်[illegible]က ငါ့အားရက်မတိုင်ခင်နေ့လေ၊ အဲဒီနေ့က ငါနဲ့ နင်[illegible]စကားပြောနေတုန်း ဆံပင်ညှပ်ဖို့ ဝင်လာခဲ့တဲ့သူပေါ့"





"ဩော် ... ငါ မှတ်မိပြီ၊ သန့်သန့်ပြန့်ပြန့် လူတစ်ယောက်ပဲ၊ မျက်မှန်နဲ့"

"ဟုတ်တယ်"

"သူနဲ့ နင် အတော်ရင်းနှီးလို့လား၊ နင့်ကပ်စိတ်တမ်မာလား"

"တစ်ကြိမ်ပဲ ညှပ်ဖူးတာပါ၊ ရင်းနှီးလို့လား ဆိုတာတော့၊ ရင်းနှီးသွားပြီပဲ ပြောကြပါစို့ လတ်လတ်ရယ်၊ သူက နားလည်မှုသိပ်ရှိတယ်၊ ခုချိန်မှာ ငါ့မှာ သူလိုလူမျိုးတစ်ယောက်လိုအပ်နေတယ်လို့ ငါထင်တယ်၊ နင်ရှိတာနဲ့ မတူဘူးဟာ၊ နင်က အားလုံးသိပြီးပြီ၊ ငါဘာမှထပ်ပြောလို့ မရတော့ဘူး"

"ငါ နားလည်ပြီ၊ ဒါပေမဲ့ နင့်ရင်ကွဲနာဝေဒနာတွေကို ယောကျ်ားတစ်ယောက်ကို လျှောက်ဖွင့်ပြောလို့ ကောင်းပါ့မလား မယ်၊ လူရင်းလည်း မဟုတ်ဘူးလေ"

"သူက ငါ့ကို သိပ်ရင်းနှီးနေတယ်။ သူ ငါ့ကိုကြိုက်နေတယ်"

"ဟင် ... ပရိုပို့စ် လုပ်ထားတာလား"

"ဟင့်အင်း၊ ဒါပေမဲ့ သိကိုသိစေတာ"

"နင် ပြန်ကြိုက်နိုင်လို့လား"

"အေး ... အဲဒါကို ငါ နှစ်ရက် သုံးရက် နှစ်ည သုံးည ဆက်တိုက် စဉ်းစားခဲ့ပြီးပြီ၊ သူက ငါ့ကို ချစ်ရေးဆိုရင် ငါ သူ့ကို လက်ခံနိုင်တယ်၊ ဒါကြောင့် သူနဲ့ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ထယ် ... ဒီလောက်မြန်မြန် နှင် ဆုံးဖြတ်နိုင်စရာလာ[...] ဒီလောက်မြန်မြန် လက်ခံနိုင်စရာလား၊ သူ့ဟာသူ အ[...] ကောင်ကြီးဖြစ်နေနေ ငွေ ရှုပ် ဆိုရင် ဘယ်လိုလုပ်[...] လဲ၊ ဖျံဆိုရင် ဘယ်လိုလုပ်မလဲ၊ နှင်နဲ့လည်း သိကာ[...] နှင်မသိဘဲ အိမ်မှာ အိမ်ထောင်ရှိနေရင်တောင် ရှိနိုင်တ[...] ပဲ၊ နှင် လျှောက်လုပ်မနေနဲ့နော် မယ်"

"ငါဘာမှ လျှောက်မလုပ်ဘူး မိလတ်၊ နှင် ငါ့ကိုအထ[...] တသေး လျှော့မတွက်ပါနဲ့လို့ ငါ တောင်းဆိုပါတယ်[...] ငါ တုံးမ အကန်းမ မဟုတ်ဘူး လတ်လတ်၊ ငါ အ[...] တစ်သက်တာ ရေရှည် ငါ့အတွက် ကောင်းနိုင်မယ့်လူတ[...] ယောက်ကို မြန်မြန်ရွေးချယ်ပြီး မြန်မြန်ပဲ အိမ်ထောင်[...] မှာ၊ ဒါမှလည်း ငါ့စိတ်တွေ ဇွေ့ဘက် ပြန်မယိုင်[...] ဘယ်နည်းနဲ့မှလဲ ပြန်အယိုင်မခံဘူး၊ လူကောင်းလူတေ[...] တစ်ယောက်ကို မြန်မြန်ရွေးချယ်ပြီး ငါ မြန်မြန်အိမ်ထော[...] ပြုတော့မယ်"

"မယ် ... ဒါ သိပ်မြန်လို့ရတဲ့ကိစ္စ မဟုတ်ဘူးနော်၊ [...] ထင်ရာလျှောက်လုပ်မနေနဲ့ဟာ၊ နှင် ဘာပြောနေနေ [...] ခုထိသွေးပူနေတုန်း ရှိသေးတာ၊ သွေးပူနေတုန်း နှင်စဉ်းစ[...] ဆုံးဖြတ်သမျှဟာ ဇွေ့ကို အခ နာအောင်လုပ်ရရင်ပြီးရော[...] ဆိုတဲ့ သဘောတွေပဲ သက်ရောက်နေမှာပဲ"





"အဲသလို ဟုတ်တော့ရော ဘာဖြစ်လဲ လတ်လတ်၊ ဇွေ့ကို ငါက အထီးမနာစေရဘူးလား၊ သူလည်းအထိနာ ငါ့ဘဝလည်း ကောင်းစားဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ပိုတောင်မကောင်းဘူးလား"

"နှင်လူတစ်ယောက်ကို ဖျတ်ခနဲ ကောက်ရွေးပြီး လက်ထပ်လိုက်ရမှာက မြန်ပေမယ့် ပေါင်းတော့ တစ်သက်လုံးပေါင်းရမှာနော်"

မယ်က သူ့အပေါ် ပူပန်စိုးရိမ်ကြီးလှတဲ့ လတ်လတ်[...]ကားတွေကို ဇွေမယူပါ။ နားလည်သည်။ ကျေးဇူးလည်းတင်[...]သည်။

"မိလတ် ... ဇွေ့ကို ဖြတ်လိုက်လို့ ဇွေ့နဲ့ကွဲလို့ ရှင်ခွေးမယ်ဘဝ တစ်သက်လုံး စုတ်ပြတ်စိတ်ဆင်းရဲသွားရတယ်ဆိုတဲ့ အဖြစ်ကို ဘယ်တော့မှ အဖြစ်မခံဘူးဆိုတာ နှင်နားလည်ပေးစမ်းပါ သူငယ်ချင်း၊ မခံချင်လို့ပဲလုပ်လုပ် ရွဲ့ပဲလုပ်လုပ် ငါ့ဘဝကို ရွဲ့ရုံလေးနဲ့ အနစ်မွန်းမခံဘူး၊ ဇွေ့လိုလူကို သည်းညည်းခံပြီး စိတ်ရှည်လက်ရှည် ချစ်ခဲ့ဖူးတဲ့ ရှင်ခွေးမယ်ဟာ ဒီအဆင့် ဒီအခြေမျိုး ရောက်နိုင်ရောက်ထိုက်တဲ့သူပါလားလို့ အားလုံး လက်မှိုင်ချစေရမှာပါ ...

နှင့် စိုးရိမ်ပူပန်မှုကို နားလည်းလည်း ကျေးဇူးလည်းတင်ပေမယ့် ငါ့ကို ယုံပါ လတ်လတ်၊ ငါက မိုက်လုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ရှင်ဒွေးမယ် မဟုတ်တော့ဘူး၊ ငါမိုက်လုံးကြီးခဲ့
အချိန်တွေက လွန်မြောက်သွားပါပြီ"

လတ်လတ်ရဲ့ သက်ပြင်းမောချသံကိုပဲ မယ်နော
ဆုံး လက်ခံလိုက်ရပါသည်။ လတ်လတ်က မယ့်ထံက ဒီလော
နိုင်နိုင်မာမာ ကြားရပြီဆိုလျှင် ထပ်ပြောစရာ မလိုတော့ဘူး
နားလည်ပြီး ဖြစ်ပါသည်။

မယ့်ကို ကိုစည်သာက အိမ်လာခေါ်မည်လို့ က
လှမ်းခဲ့ပေမယ့် မယ်က မေမေနှင့် ဒေါ်ဒေါ်ပြုံးတို့ကို မျက်နှာ
သေးတဲ့အတွက် အိမ်ထိမလာစေပါ။ မယ်တို့တိုက်နှင့် ခပ်လှ
လှမ်း လမ်းထိပ်တစ်ခုက စောင့်ခိုင်းထားပါသည်။ မယ် စဉေ
ဈေးသွားကာ ဝယ်ခြမ်းချင်တာတွေရှိတာ စကားစပ်မိတဲ့အတွ
သူက မယ့်အားရက်မှာ သူပါလိုက်ပို့ရင်း အတူလိုက်ချင်သည်
တောင်းဆိုခဲ့တာ။

လိုက်ပေါ့။ မယ်ကတော့ ကိုစည်သာ ပါတဲ့အတွ
လုံးဝအနှောင့်အယှက် မဖြစ်။ မယ့်အတွက် သက်သောင့်သက်သ
ရှိတဲ့အပြင် ကိုစည်သာက သူနှင့်အတူရှိနေတဲ့ လူတစ်ဖက်သ
ကို သိပ်စိတ်ချမ်းသာစေတတ်တဲ့ လူစားမျိုးဖြစ်၍ မယ် သူ့
လိုလိုချင်ချင် ရှိပါသည်။

ကိုစည်သာဟာ ကားကို ချိန်းထားတဲ့နေရာ
အသင့်ရပ်စောင့်နေခဲ့တာ။ မယ် လျှောက်လာနေတာကို သူ
Back မှန်ကတစ်ဆင့် မြင်နှင့်ပြီးဖြစ်နေ၍ ကားတံခါးကို ဆီး





င်ဟထားပေးသည်။ မယ် တက်ထိုင်လိုက်တဲ့အခါ သူကခပ်ပြုံး
ပြုံးနှင့် ...

"မယ် နောက်ကြောင်း လမ်းသိပ်မရှင်းဘူး"

"ရှင် ... ဘာကိုပြောတာလဲ"

"နောက်ကြောင်းမရှင်းဘူးလို့"

"ဘာဖြစ်လို့လဲ၊ မေမေတို့ ဒေါ်ပြုံးတို့ လိုက်လာလို့လား"

မယ်က ကားမှန်တွေ ပိတ်ထား၍ ခေါင်းမထုတ်
င်ဘဲ အတွင်းထဲကပဲ ဟိုးနောက်ဘက်သို့ လှမ်းကြည့်ကာ စဝေ
ါ မေးရသည်။

"ဟား ဟား ... မေမေတို့က ဘာလို့ လိုက်လာရမှာလဲ"

"သိဘူးလေ၊ ရှင်ပဲ နောက်ကြောင်းမရှင်းဘူး ဆိုတော့"

"လူတစ်ယောက်ပါ"

"ဘယ်က လူတစ်ယောက်လဲ"

"ရှပ်အင်္ကျီ အပြာကွက်နဲ့ လူတစ်ယောက် ပုန်းလျှိုးကွယ်
လျှိုးနဲ့ မယ့်ကို ချောင်းနေတယ်"

မယ်သည် ရင်ထိတ်ကာ ...

"ဟင် ... ရှင် ဘယ်လိုသိလဲ၊ အမယ် ... ရှင်နောက်နေ
တာမို့လား၊ လူကို ဒီလိုလာမစားနဲ့ ... ဟွန်း"

"မောဗျာ၊ ခင်ဗျား မြင်ချင်မလားလို့ အသိပေးတာပါ
မယ်ရ၊ ဒါဖြင့် ကျွန်တော် ကားထွက်ရတော့မယ်ဥပါ"

"အဲဒီလူက ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မယ့်ဘက်ခြမ်း နောက်မှာကျန်ခဲ့တဲ့ နှစ်တိုက်လော
က စတိုးဆိုင်လေးမှာ လောလောဆယ်တော့ ဖုန်းဆ
ချင်ယောင်ဆောင်ပြီး ဒီဘက်ကို ချက်ကနေတယ်"

"ဟင်"

"ကျွန်တော်က ဒီမှာရပ်ထားရင်း ပျင်းပျင်းနဲ့ ပတ်ဝန်းကျ
က ရှိရှိသမျှတွေ လျှောက်လေ့လာနေတာ၊ အဲဒီလူ မယ်
မယ့်ဘက် တမျှော်မျှော် လုပ်နေလို့ ဘာရယ်မဟုတ်
စိုက်ကြည့်နေမိတာဗျ၊ မယ်လည်း တိုက်အောက်ဆင်း
ရော သူက ပြေးဝင်ပုန်းလိုက်တယ် ...

သူက ကျွန်တော့်ကားကို မသိဘူးလေ၊ ဒီတော့
ပုန်းအောင်းလှုပ်ရှားသမျှကို ဒီကားက မြင်နေရနိုင်မ
ဂရုမစိုက်ဘူးပေါ့၊ မယ် အဲဒီရှေ့ကဖြတ်တော့ စတိုး
က ထွက်ပြီး မယ့်နောက်လိုက်ဖို့ လုပ်သေးတယ်၊ ရုတ်တ
ကျွန်တော် ကားတံခါးပွင့်လာပြီး မယ် ဝင်ထိုင်လိုက်
တွေ့မှ နောက်ပြန်ဆုတ်သွားတာ၊ ချက်ချင်း ဖုန်းဝင်ဆ
ယောင် ဆောင်ပစ်လိုက်တယ်"

မယ်သည် ရင်ထိတ်တာတစ်ဝက် ဒေါသတစ်ဝ
ကျေနပ်ခြင်းတစ်ဝက် ရောနှောပလုံစီကာ ...

"သွားစို့ ကိုစည်သာ"

"မောင်းမယ်နော်"





"ဩော် ... မောင်းပါဆို"

စည်သာက ကားကို မောင်းထွက်လိုက်ပါသည်။
နောက်ကြည့်မှန်ကအောင် လိုက်ရှာဖွေပြီး မကြည့်တဲ့ မယ့်ကို
ည်သာက ခပ်ပြုံးပြုံး အကဲခတ်ရင်း ...

"မယ့်ချစ်သူ မဟုတ်လား"

"ဘယ်သိမှာလဲ၊ မယ်မှ မမြင်တာ"

"ဒါပဲရှိတာပဲလေ မယ်ရဲ့၊ သူ့ပုံစံလည်း ဆံပင်တွေရှည်
မုတ်ဆိတ်တွေထွက်ပြီး တော်တော် ညှိုးသိုးသိုးဖြစ်နေတယ်၊
အတော်စိတ်မချမ်းသာနေတဲ့ပုံပဲ၊ ခံစားနေရတဲ့ နာကျင်နေ
တဲ့ပုံပဲ"

ကိုယ့်အပေါ် သံယောဇဉ်ရိပ်တွေ ရုတ်တရက် တစ်ပုံ
စ်ပင် ဖြစ်နေတဲ့ လူတစ်ယောက်က ကိုယ့်ရဲ့ချစ်သူဟောင်းကို
းဖေးမမ ကြင်ကြင်နာနာ မှတ်ချက်ချနေတော့ သူဘယ်လိုလူ
ဆိုတဲ့ သဘောနှင့် မယ်က အကဲခတ်နေမိပါသည်။

"ကားတစ်စင်းပေါ် ပါသွားတာတွေ့ရင် ခုလောက်ဆို သူ
ပျာယာခတ်ပြီး ပူလောင်နေလောက်ပြီ"

"သူ ပူလောင်မယ်ဆိုရင်တော့ ကျွန်မ သဘောကျတယ်"

ကိုစည်သာက ပြုံးရင်း ...

"တော်တော် အာဃာတတွေ ကြီးနေတာပဲ၊ ဒီလောက်
နာကြည်းရအောင် သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုက ဘာများလဲ၊
မယ် ပြောပြချင်စိတ်ရှိလား၊ ကျွန်တော်က စပ်စုတာသ



www.burmeseclassic.com

www.burmeseclassic.com



သက် မဟုတ်ပါဘူး၊ တစ်ခါတလေမှာ ပြောခွင့်ရတာဟ မျိုသိပ်ရတာထက် အများကြီး လူကိုပိုကျန်းမာစေတယ်

မယ်က သက်ပြင်းတစ်ရှိုက်နှင့် ...

"ချစ်သူတွေကြားထဲမှာ ခွင့်မလွှတ်နိုင်ဆုံးပြစ်မှုက ဘာ ကိုစည်သာ"

"သစ္စာမဲ့မှုပဲ ဖြစ်ရမှာပေါ့"

ကိုစည်သာ ဒက်ခနဲ ချက်ချင်းဖြေနိုင်သလို ဒီအ ဟာ ဇွေ ခေါင်းထဲလည်း အမြဲသတိရှိ နားလည်နေရမှာ မဟု လား။ သစ္စာမဲ့မှုဟာ အဆိုးဝါးဆုံးပြစ်မှုဆိုတာ ဇွေ သိထား အလိုလိုလည်း ရှောင်ကျဉ်ပြီးဖြစ်သင့်တာ မဟုတ်လား။ အို ခုထက်ထိကို ကိုယ့်မျက်လုံးကို ကိုယ်မှန်းတုန်းပဲ။ သူ့ကြောင့်သ လောကမှာ လုံးဝထင်မှတ်မထားတဲ့ အရာကို ယုံကြည်လက် လိုက်ရတာ မဟုတ်လား။

"သစ္စာမဲ့တာကို သိပ်မုန်းတယ်၊ ယောက်ျားနဲ့မိန်းမ ဒီ ယောက်ကြားမှာ မိန်းမအဖို့ စိတ်ကူးနဲ့တောင် မကျူးလွ ဖူးတဲ့ အင်မတန် တန်ဖိုးထားတဲ့ အရာကို ယောက်ျား အလွယ်လေး ခပ်ပေါ့ပေါ့ ကျူးလွန်သွားခဲ့တယ်"

"ဒါ မိန်းမ ယောက်ျား တပ်ပြီး ပြောလို့မရပါဘူး ယောက်ျားတိုင်းလည်း တစ်ယောက်နဲ့တစ်ယောက် တူ တာမဟုတ်ပါဘူး၊ ယောက်ျားတိုင်း သစ္စာမဲ့ကြတာ မဟု ပါဘူး၊ သစ္စာမဲ့တယ်ဆိုတဲ့ အဖြစ်အပျက် တစ်ခုမှာလည်





ပဲ သူ့ကိုတွန်းပို့တဲ့ အခြေခံအကြောင်းရင်းတွေ အများကြီး အမျိုးမျိုး ရှိကြပါတယ်၊ ယောက်ျားတိုင်းကတော့ ဝါသနာ ပါလို့ သစ္စာဖောက်နေကြတာ မဟုတ်ပါဘူး မယ်၊ အမှတ်မထင် မတော်တဆ ဖြစ်သွားတာမျိုးလည်း ရှိတတ်သလို အရေးမကြီးလောက်ဘူးထင်ပြီး ခပ်ပေါ့ပေါ့သဘောနဲ့ ဖြစ်သွားတာမျိုးလည်း ရှိတတ်ပါတယ် ...

သစ္စာမဲ့တဲ့ ယောက်ျားချည်းပဲ ရှိတာမဟုတ်ပါဘူး၊ သစ္စာမဲ့တဲ့ မိန်းမတွေလည်း လောကမှာ ရှိပါတယ်"

"ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သစ္စာမဲ့ရင် မုန်းတာပဲ"

"အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုတဲ့စကား ကြားဖူးတယ်နော်"

"ဟုတ်တယ်၊ အချစ်ကြီးချစ်ခဲ့လို့ အမျက်ကြီးတာ၊ အဲဒါ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ မယ် အရမ်းခံစားနေရတာလဲ အဲဒီ အချစ်ကြီးကြောင့်ပဲ"

"ခံစားနေရတာ မှန်ပေမယ့် မယ်က ကိုယ့်စိတ်ကိုယ်နိုင်တယ်၊ ဘယ်တော့မှ စိတ်ပြန်ပျော့မသွားဘူး၊ အချစ်ကြီးခဲ့တာက မှိန်သွားပြီး အမျက်ကြီးတာကြီးပဲ ရင်ထဲမှာကျန်တော့တယ်"

"တကယ်မချစ်တော့ဘူးဆိုရင် အမျက်ဒေါသကိုပါ ဖျောက်ပစ်လိုက်ပါမယ်၊ ကိုယ်တိုင်လည်း ပင်ပန်းပါတယ်၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အသစ် လူအသစ်ပေါ့၊ ကိုယ့်စာရင်းထဲမှာ မရှိတော့

လူတစ်ယောက်အတွက် အပင်ပန်းခံပြီး ဒေါသမောဟ

မွေးမြူထားနေရင် ကိုယ်ပဲရှုံးတာပေါ့”

ကိုယ့်စာရင်းထဲ မရှိတော့တဲ့ လူတစ်ယောက် ...

လာပြန်ပြီ။ ဒီလူဟာ မယ့်ဘဝမှာ အမှတ်တရ

စကားလေးတွေကို ဘာဖြစ်လို့ ပြောတတ်နေပါလိမ့်။ ဒီစက

လုံးကိုတော့ မုန်းသည်။ ဖေ့ရဲ့လက်သုံးစကားလေ။ စာရင်း

ပါဘူး ဆိုတာ။ စာရင်းထဲ မရှိပေမယ့် အပြင်ကျတော့ ရှိနေ

ဘယ်လိုလုပ်မလဲ။

“ဒီအချိန်က စကော့ဈေးအတွက် နည်းနည်းစောနေ

တယ်၊ ဖွင့်တဲ့ဆိုင်တော့လည်း ဖွင့်ပါပြီ၊ မယ် ဘာဝယ်

တာလဲ”

“မယ်လား ရေမွှေးတို့၊ အိတ်တို့၊ အကျီတို့၊ ဘာညာ

ပေါ့၊ မိန်းကလေးတွေ ဝယ်လေ့ရှိတဲ့ အသုံးအဆောင်

ပေါ့ ကိုစည်သာရဲ့”

“ပွဲတစ်ခုခု သွားစရာရှိလို့လား”

“မရှိပါဘူး”

“ဒီတိုင်းပဲ ဝယ်တာပေါ့”

“ဟုတ်တယ် ကိုစည်သာ။ ဒီထက်ပြည့်ပြည့်စုံစုံ ပြော

မလား၊ မယ်လေ ဒီလို အိတ်တွေ ဖိနပ်တွေ အကျီ

ရေမွှေးတွေ ကိုယ့်တစ်ကိုယ်ရည်သုံးတွေ သိပ်မဝယ်ဖြစ်





ကြာပါပြီ၊ ဘာဖြစ်လို့လဲ သိလား၊ မယ် ပိုက်ဆံစုခဲ့ရလို့၊ မပြည့်စုံနိုင်လွန်းတဲ့ သင်းကြောင့် မယ် ပိုက်ဆံတွေကို စုဆောင်းခဲ့ရတယ်၊ ဘာအတွက်လဲဆိုတော့ နှစ်ယောက် တစ်ဘဝ ထူထောင်ဖို့၊ မယ် မရှက်ပါဘူး ကိုစည်သာ၊ ချစ်သူနှစ်ဦးမှာ တစ်ဦးကမစုရင် တစ်ဦးကစုရတော့မှာ ပေါ့ ...

သူက ငွေကိုမရှာဘူး၊ ရရင်ရ မရရင်နေ၊ ရသလောက် ကိုပဲ ရောင့်ရဲချွေတာနေတယ်၊ အားကြီးမာန်တက် ငွေမရှာ ငွေမစုတော့ နီးဖို့အရေးဟာ ဝေးပဲဝေးနေခဲ့တယ်၊ အဲဒီတော့ မယ် ပိုက်ဆံတွေ စုခဲ့တယ် ကိုစည်သာ၊ ကိုယ်လိုချင်တာ လေးတစ်ခုဝယ်ဖို့ ကိုယ်ရေးကိုယ်တာငွေသုံးဖို့ကို အရမ်းပဲ နှမြောခဲ့ရတယ်၊ ခုတော့ မယ့်မှာစုထားတဲ့ငွေတွေနဲ့လေ ...

မယ် ဘာလုပ်မလဲ၊ ဘာလုပ်ရမှာလဲ၊ မယ် အားလုံး ကုန်အောင် သုံးပစ်တော့မယ်လေ ကိုစည်သာ”

စည်သာက စိတ်မကောင်းတဲ့ မျက်ဝန်းတို့နှင့် မယ့် ကို ကြင်ကြင်နာနာ ငဲ့ကြည့်လာသည်။ သူ့မျက်ဝန်းတို့ထဲမှာ မယ့်ကို ကရုဏာသက်နေတဲ့အရိပ်ဟာ အထင်းသား။ သနားလွန်း ရာက တိုးဖွဲ့ရစ်နှောင်လာတဲ့ သံယောဇဉ်က ရက်တိုတိုတွင်းမှာ တစ်ရစ်ပြီးတစ်ရစ် တင်းကျပ်လာတယ် ထင်ရသည်။

တကယ်တော့ မယ့်ကို စည်သာ မြင်မြင်ချင်း နေ့ ကတည်းကပင် ရင်ခုန်စိတ်လှုပ်ရှား စွဲလမ်းခဲ့ရတာပါ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း ကိုယ့်ဏှာ‌ခြေ, သူလည်းသူ့ဏှာခြေနှင့် ဏှာခြေရရနေ လိုက်ရတာ။ မနေနိုင်တော့လို့ပဲ မသဇင်ထဲ မေးပြီး တစ်သက်လုံး ဘယ်မိန်းမကိုမှ ကိုင်ခွင့်မပြုခဲ့ဖူးတဲ့ သူ့ဦးခေါင်း သူ့ဆံပင်တို့ကို မယ့်လက်သို့ ကြည်ကြည်ဖြူဖြူ ထိုးအပ်ခဲ့သည်။

ပြဿနာတစ်ခုရဲ့ ရိုက်ပုတ်ဖိစီးမှုအောက်မှာ ဆုတ် နစ်ပြိုကွဲနေတဲ့ မယ့်ကို အဲဒီနှစ်ကြိမ်တည်းနှင့် သူ နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်း ချစ်ခဲ့ပါသည်။ ဒီနောက်မှာ သူ့ရဲ့ချဉ်းကပ်ရင်းနှီး မှုနှင့် မယ်ကလည်း အားကိုးရာမဲ့ကာ နှလုံးသားတွေ လစ်ဟာနေ တဲ့အချိန် အံကိုက်ကျသလို ခပ်မြန်မြန်ဆန်ဆန် သူတို့ရင်းနှီး ကြသည်။

မယ့်အပြန်တွေသွားစောင့်၊ မယ့်အိမ်ကို ညဘက်ဖုန် ဆက်။ ပွင့်လင်းလှပြီး ဘာကိုမှ ဖုံးဖုံးကွယ်ကွယ်မရှိတဲ့ မယ့်ခေတ် လမ်းတွေကို အချိန်တိုတိုနှင့်သိ။ သူ့ရင်တွေပါ နင့်ခဲ့ နာခဲ့ရကာ အဆုံးမတော့ မယ့်ကို သူ သိပ်ချစ်နေမိပါပြီ။ သစ္စာမဲ့မှုကြောင် ကွဲခဲ့ရတဲ့ ချစ်သူဟောင်းကို အချစ်ကြီးလွန်းလှတဲ့ မိန်းကလေ တစ်ယောက်ကို သူ သိပ်ချစ်နေမိပါပြီ။

"ဒီတစ်ရက်တည်းတော့ မသုံးပါနဲ့ဗျာ၊ နည်းနည်း နည် နည်း သုံးပါ"

"ဘာဖြစ်လို့လဲ"

"ဒါမှ မကြာမကြာ ဈေးဝယ်ထွက်ဖြစ်ပြီး ကျွန်တေ မကြာမကြာ လိုက်ပို့ဖြစ်မှာလေ"





"မယ်လည်း တစ်ခါတည်းနဲ့ ပိုက်ဆံတွေအများကြီး မသုံး တတ်ပါဘူး ကိုစည်သာရယ်၊ ပါးစပ်ကသာ ပြောနေပေမယ့် ဘာကိုလိုချင်ပြီး ဘာကိုဝယ်ရမယ် ဆိုတာလဲ မသိတော့ ပါဘူး"

မယ်က ညည်းညည်းညူညူလေး ပြောသည်။ ပြော တဲ့အတိုင်းပင် မယ်သည် ဈေးထဲမှာ တစ်ပတ်ပြီး တစ်ပတ်သာ ဗတ်နေသည်။ ဘာမှ ဟုတ်တိပတ်တိလဲ မဝယ်။

"မယ် ဗိုက်မဆာဘူးလား"

"ကိုစည်သာ ဆာပြီလား၊ မယ် ဝယ်ကျွေးမှာနော်"

"ဆာတော့ မဆာပါဘူး၊ မယ့်အစီအစဉ် သိချင်လို့၊ အပြင်ပြန်ထွက်ပြီး တစ်နေရာရာမှာ စားမလား ဒီဈေးထဲ ပဲ စားမလား"

"ဒီဈေးထဲပဲ ဦးကြွိမှာ စားလိုက်တာပေါ့၊ ကိုစည်သာ စား ချင်ရဲ့လား"

"ဘာလို့ မစားချင်ရမှာလဲ"

"သိဘူးလေ၊ ကိုစည်သာက သူဌေးမင်း ဆိုတော့ ဒီလို လူရှုပ်ရှုပ် စားပွဲကပ်ကပ်ကျပ်ကျပ်လေးတွေမှာ မုန့်မှာသံ တွေ အော်သံ ခေါ်သံတွေ ဆူညံနေတဲ့ နေရာမျိုးမှာ စား တတ်ရဲ့လားလို့ပေါ့"

"မစားတတ်ဘူးဆိုရင် ထရိတ်ဒါးစ်မှာ ကျွေးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ...၊ စားချင်ရင် ကျွေးမှာပေါ့၊ ပိုက်ဆံတွေပါ
တယ်ဆို"

စေတနာပါပါလေးပြောတဲ့ မယ့်ကို စည်သာ
ချစ်စနိုးပြုံးရင်း ...

"အလကားပါဗျ၊ ဟိုတယ်တွေမှာ ကျွန်တော်လည်း မ
တတ်ဘူး၊ မကြိုက်ဘူး၊ စိတ်ကျဉ်းကျပ်တယ်၊ အပြင်
ပေါက်ကရဆိုင်မျိုးစုံ လျှောက်စားရတာကို ကြိုက်တ
တရုတ်တန်းတစ်ကြောဆိုရင် ကျွန်တော်ကြိုက်တဲ့နေ
တွေချည်းပဲ၊ ဦးကြီးလည်း ကျွန်တော်ကြိုက်တယ်"

"ဒါဖြင့် အဲဒီမှာပဲ စားမယ်လေ"

"ဒီထဲပဲ စားမယ်ဆိုရင် အခု ဆာလည်းမဆာသေးဘူ
တော့ မာမီ့ဆိုင်ကို ခဏဝင်လည်ရအောင်လား"

"မာမီ့ဆိုင်၊ ရှင့်အမေကို ပြောတာလား"

"ဟုတ်တယ်"

"ရှင့်အမေက ဘာဆိုင်ရှိတာလဲဟင်"

"ရတနာဆိုင်ပါ"

"ဪ ... စကော့ဈေးထဲမှာလား"

"ဟုတ်တယ်ဗျ၊ စကော့ဈေးထဲမှာပဲ"

မယ်က ခဏစဉ်းစားလိုက်ရင်း ...

"ရှင့်အမေဆိုင်ကို မယ်က အစိမ်းသက်သက်နဲ့ ဝင်လ
တာ ကောင်းပါ့မလားဟင် ကိုစည်သာ"





"ကောင်းတာပေါ့၊ ဘာဖြစ်လို့ မကောင်းရမှာလဲ"

"တစ်မျိုးပြောရရင် သူ့သားနဲ့ မိန်းကလေးတစ်ယောက် တွဲရက်ပါလာတာကို ကြိုက်ပါ့မလား"

"အရမ်းကြိုက်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့သားက အဲသလို မိန်းကလေးချည့်သည် ခေါ်မလာဖူးလို့ မာမီက စိတ်ဓာတ်ကျနေတာ"

"ဟွန်း ... အပြောကောင်းလိုက်တာ"

မယ် မပြုံးဘဲ မနေနိုင်။ ကိုစည်သာနှင့် စကားပြော
တာက စိတ်ကို လွတ်လပ်ပေါ့ပါးစေသည်။ ဟိတ်ဟန်အပိုဆာ
ယ်လို့ မရှိတဲ့အပြင် လူတစ်ဖက်သား စိတ်ချမ်းသာအောင်
း အတော်ပြောတတ်တာပင်။ သူ ဦးဆောင်လျှောက်သွားရာ
တ်မှ လိုက်ပါလာရင်း ဗိုလ်ချုပ်ဈေး အလယ် မင်းလမ်းကြီး
ပေါ်မှာ ဖွင့်လှစ်ထားတဲ့ မီးချောင်းရောင်တွေ ထိန်ထိန်ဝင်း
တဲ့ ရတနာဆိုင်ကြီးတစ်ဆိုင်ကို ရောက်လာပါသည်။

တစ်ဆိုင်လုံးရဲ့ မှန်ပုံးတစ်ကွေ့ကြီးတွေမှာ စိန်ရွှေ
များတွေဟာ တဖိတ်ဖိတ် တလျှပ်လျှပ် လက်နေသည်။ မှန်
ဲ့ရဲ့ နောက်ထဲမှာတော့ ပဲကြီးလှော်လောက် စိန်တစ်လုံးတည်း
ထပ်ကြီးနှင့် အသားဖြူဖွေးနေတဲ့ အန်တီကြီးတစ်ယောက်
နေပါသည်။ မယ်က ခြေလှမ်းကို နည်းနည်းယို့ကာနေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"ဟော ... လာပြီ၊ ဟိုမှာ ... နင့်တူ"

ကိုစည်သာ့အမေ ဖြစ်ပုံရတဲ့ အန်တီကြီးက သော
အန်တီကြီးတစ်ယောက်ကို လှည့်ပြောလိုက်ရင်း မျက်လုံး
မယ့်ထံ ဒိုင်းခနဲ ရောက်လာပါသည်။ တစ်ဆက်တည်း နှ
ကာကာ ပြုံးပြလိုက်ရင်း ...

"ခုံယူပေးလေ စည်သာ၊ ထိုင်လေ သမီး ... ထိုင်၊ သူ
ညှို့သည်ခေါ်လာမယ်ပြောလို့ မျှော်နေတာ"

မယ်က ပြန်ပြုံးပြရင်း ရှေ့ရောက်လာသော ခုံ
မြင့် ကျွန်းသားခွေးခြေပေါ် တက်၍ထိုင်လိုက်ရပါသည်။

"မာမီ ... ဒါလေ ရှင်ခွေးမယ်"

"အင်း ... အင်း၊ နာမည်လေး လှသလို လူကလေး
လှတာပဲကိုး"

"မယ် ... ဒါ ကျွန်တော့်မာမီပါ၊ ဒေါ်ဒေစီတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အေးပေါ့၊ ဝမ်းသာပါတယ် သမီးရယ်၊ စည်သာ့ကို
မိန်းကလေးတစ်ယောက်နဲ့ တွဲမတွေ့ဖူးတော့ အန်
ဝမ်းနည်းရမလို ဝမ်းသာရမလိုပဲ၊ အန်တီက စကား
ဘွင်းဘွင်းပြောတတ်လို့နော် သမီး၊ ဘာသဘောလဲ မ
နဲ့၊ ရိုးရိုးပဲ ပြောတာ၊ ဝမ်းလည်းသာတယ်၊ သူ မနေ့
ညှို့သည်မိန်းကလေး ခေါ်လာမယ်ပြောတော့ ယုံကြ





ဘူး၊ မအေကို နောက်နေတယ်မှတ်တာ၊ တကယ်ဟုတ်
တယ် မထင်ဘူး၊ ခုမှယုံတော့ ... ဟင်း ဟင်း"

"တွေ့လား မယ်"

စည်သာက မေးဆတ်သည်။ မယ်သည် ပြုံးရခက်
ကာစောင်းထိုးရခက်နှင့် စူးစူးစိုက်စိုက်ကို အကဲခတ်နေသော
သူ့အမေရှေ့ အနေခက်နေပါသည်။ သူ့အမေကြီးဟာ ချစ်စရာ
ကြီးပင်။ မြင့်ရုံနှင့် သူဌေးမကြီးတစ်ယောက်လို့ သိသာစေသော်
ည်း မော်မော်ကြွားကြွား မောက်မောက်မာမာ အမူအရာမရှိတဲ့
ည်သာ့အမေပုံစံဟာ ချစ်ခင်စရာကြီးပင်။

"ကျွန်တော့်မာမီက ကျွန်တော့်ကို အထင်သေးနေတာဗျ
မယ်ရဲ့၊ ဆန်းဆန်းပြားပြား မပြောနဲ့ ရိုးရိုးမိန်းကလေး
သူငယ်ချင်းတောင် မရှိဘူး ဆိုပြီးတော့လေ၊ မာမီတွေ့ပြီ
နော်၊ ကျွန်တော့်မိန်းကလေးမိတ်ဆွေ"

"သားကို ဆံပင်ညှပ်ပေးတယ်ဆိုတာ မဟုတ်လား"

မယ်သည် သူတို့သားအမိကို အံ့အားတသင့် မသိ
သာ အကဲခတ်နေမိပါသည်။ သားတင် နှစ်လိုဖွယ်ကောင်းတာ
ဟုတ်။ အမေလုပ်သူကလည်း သဘောကောင်းလှသည်။ ကိုစည်
သာကလည်း အားလုံးပြန်ပြောထားတော့တာကိုးလို့ မှတ်ချက်ချ
ကာ သူ့အမေရဲ့စကားကို ...

"ဟို ... ဟုတ်ကဲ့ပါ အန်တီ၊ မယ်က Fascination မှာ
လုပ်တာမို့လို့ပါ၊ ကိုစည်သာက ဆံပင်လာညှပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ဘယ်လိုညှပ်ပေးပုံမျိုးလဲ တစ်မျိုးထင် ပါဦးမည်။ ဆိုင်မို့ ညှပ်ပေးရတာကတော့ သူ့သားမကလို့ အ သူပဲလာလာပါ။

"သမီးရေ ... စည်သာက ဘယ်တုန်းကမှ မိန်းကလေး ဆံပင်ညှပ်ပေးတဲ့ ဆိုင်တွေမှာ မညှပ်ဘူး၊ အမျိုးသား တွေဆီပဲ အမြဲဆံပင်ညှပ်တာ။ ဒီတစ်ခါပဲ မိန်းက တစ်ယောက် ညှပ်ပေးတာ ခံတာ ကြားဖူးတာ သမီး

မယ်က ပြုံး၍သာ ခေါင်းညိတ်ပြရပါသည်။ ဆက်ပြောရမည် မသိပါ။

"ကဲ ... သားတို့ ဘာစားမလဲ၊ ဒီကို မှာကျွေးမယ်

"မစားတော့ပါဘူး အန်တီ၊ ဒုက္ခမရှာပါနဲ့"

"ဟုတ်တယ် မာမီ၊ မစားတော့ဘူး"

"ဒါဖြင့် တစ်ခုခုသောက်ပါ"

"သောက်လည်း မသောက်တော့ဘူး မာမီ၊ သားတို့ မစားကြရသေးတာ၊ ဆိုင်မှာပဲ သွားစားလိုက်မယ်၊ ခင် တစ်ခုခုသောက်လိုက်ရင် ရင်ခံသွားမှာစိုးလို့ပါ"

"အအေးကလေးတောင် မသောက်တော့ဘူးလားကွ

"တော်ပြီ မာမီရဲ့၊ အခုက မာမီ့ကို မိတ်ဆက်ပေး ဝင်လာတာပါ၊ ဟိုဘက်က အန်တီချစ်တဲ့ မယ်၊ ငယ်ငယ်ကတည်းက သူငယ်ချင်းပဲ"





စည်သာက သူ့အမေနံဘေးက နောက်ထပ် အမျိုး သမီးကြီးတစ်ယောက်ကိုပါ ညွှန်ပြမိတ်ဆက်လိုက်၍ မယ်က "ဟုတ်ကဲ့"ဟု ခေါင်းလေးညိတ်ရင်း လှမ်းကြည့်ပြုံးလိုက်ရပါသည်။ အန်တီကြီးကို မြင်ဖူးသယောင်ယောင် စိတ်ထဲထင်မိကာ ဘယ် မြင်ဖူးသလဲတော့ မမှတ်မိပဲ ရှိလေသည်။

စည်သာနှင့် အဲဒီအန်တီချစ် နှုတ်ဆက်စကား ပြောဆို ကြဆဲ မယ့်ရဲ့ ဟိုဟိုဒီဒီ အမှတ်မထင် ဝဲဝေ့မိတဲ့ မျက်ဝန်းတို့ မင်းလမ်းမကြီးရဲ့လမ်းသွယ်ချိုး တစ်ခုထဲသို့ လှစ်ခနဲ အပြေး သွား ချိုးဝင်လိုက်သူတစ်ယောက်ကို မြင်လျှင် လန့်ပြီး ခေါင်း န်းကြီးသလို ဖြစ်သွားပါသည်။

ဇေဋ္ဌ ...။

သေချာပါတယ်။ သူ့ကို မယ်ပဲ ဝယ်ပေးဖူးတဲ့ ပြာနုနဲ့ အပြာမှိုင်းကို လှလှပပလေး ကွက်ထားတဲ့ ရှပ်လက် ကို လက်တစ်ဝက်ခေါက်ကာ ဘောင်းဘီအပြင်ဘက် ထုတ်၍ ထားသည်။ ခုနက ကိုစည်သာ ပြောတုန်းကလည်း လမ်းထဲမှာ ကို စောင့်ကြည့်နေတယ်ဆိုတဲ့ သူဟာ ရှပ်အင်္ကျီအပြာကွက် ပြောခဲ့သည်။

"ကိုစည်သာ"

"ဗျာ"

"မယ်တို့ သွားကြမလား"

"သွားမယ်လေ၊ မယ် ဗိုက်ဆာပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်သည် လူကြီးတွေနှင့် စည်သာ့စကားကို ဖြ[illegible]
လိုက်ရသလိုရှိ၍ အင်မတန်တော့ အားနာပါသည်။ သို့[illegible]
ဇွေ့ အကြောင်း မယ်အသိ။ ဇွေ့က ကြမ်းချင်ပြီ ရမ်းချင်ပြီ[illegible]
ရင် ဘာမှ သိပ်ကြည့်တာမဟုတ်။ သူ ပြဿနာရှာချင်ရင် [illegible]
မကွက် ရှာတတ်တဲ့သူ။ မတော်တဆ ဒီကိုလာပြီး မယ့်ကိုပြဿ[illegible]
ရှာနေမှာကို စိုးရိမ်မိသည်။

ခုမတွေ့ရ မိတ်ဆက်ရတဲ့ လူကြီးသူမရှေ့မှာ သိ[illegible]
ကျိုးစရာ အထင်သေးစရာ အရှက်ကွဲစရာတော့ မဖြစ်စေလို။ မ[illegible]
က သူတို့နှင့် နောက်ထပ်မဆုံအောင် နေလိုက်ရင် ဘာမှမျက်[illegible]
ဆက်ပူနေစရာ မရှိဘူး ဆိုရင်တောင် ကိုစည်သာ့ကိုလည်း [illegible]
ပါသည်။ ရှင်းရှင်းပြောရရင် ကိုစည်သာဟာ သူ့အမေထံမှာ [illegible]
ရဲ့မိန်းကလေးမိတ်ဆွေကို လာကြွားတဲ့သဘောပင်။

ခုမှ မိတ်ဆက်ပေးရုံ ရှိသေး၊ ထိုမိန်းကလေး[illegible]
ပြဿနာတစ်ခုက သူ့အမေရှေ့မှာလာပြီး ပေါက်ကွဲဖြစ်ပွားနေတ[illegible]
ဆိုရင် ကိုစည်သာ ရှက်ရ မျက်နှာပူရမှာပေါ့။

"အန်တီ ... မယ်က အိမ်ကိုလည်း သိပ်မကြာဘူး ပြော[illegible]
လို့ပါ၊ စိတ်မရှိပါနဲ့နော်"

"ဩော် ... စိတ်မရှိပါဘူးကွယ်၊ ဟုတ်တာပေါ့၊ မိန်းက[illegible]
ဆိုတော့ လူကြီးမိဘဆီ အချိန်သတ်မှတ်ခဲ့ရဦးမှာ[illegible]
စည်သာ ... သားက စောစောပြန်ပို့ပေးလိုက်နော်၊ မိန်း[illegible]
လေးရဲ့ လူကြီးသူမကို လေးစားရမယ်နော် သား"





"ဟုတ်ကဲ့ပါ မေမေရဲ့"

"ဒါဖြင့် သွားကြ သွားကြ၊ နောက်တစ်ခါတော့ ကျွေးမွေး
လို့ရအောင် အချိန်လေးယူပြီး လာလည်ဦးနော် သမီး၊
အန်တီ ဈေးပိတ်ရက် အိမ်ကို အေးအေးဆေးဆေး လာလည်
ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

"မာမီ သွားပြီ"

"အေး ... အေး"

"အန်တီချစ် သားသွားပြီ"

"အေး ... သား"

မယ်ကလည်း လူကြီးနှစ်ယောက်လုံးကို ခေါင်းညွှတ်
[illegible]တ်ဆက်ပြီး ထွက်လာခဲ့ကြပါသည်။ စထွက်လာကတည်းက
[illegible]ယ့်မျက်လုံးတို့က ဂနာမငြိမ် ကျီးကန်းတောင်းမှောက်။ ဟိုကြည့်
[illegible]ကြည့်နှင့် တစ်စုံတစ်ရာကို ရှာဖွေမှုန်းက သိသိသာသာ ဖြစ်လေ
[illegible] ...

"မယ် ! မယ်ဘာဖြစ်နေတာလဲ၊ ဘာရှာတာလဲ"

"ကိုစည်သာ ... ရှင် ခုနတွေ့လိုက်တဲ့ ရုပ်အင်္ကျီအပြာ
ကွက်က ဒီအထိ ပါလာတယ် ထင်တယ်"

"မဖြစ်နိုင်ပါဘူး မယ်ရဲ့"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ စကော့ဈေးသွားတယ်ဆိုတာသိပြီး တ
တန်းမတ်မတ် လိုက်လာနိုင်ဖို့က ကျွန်တော်တို့ကား ထွ
တာနဲ့ သူ တက္ကစီတစ်စင်းပေါ် ခုန်တက်ပြီး ရှေ့က
နောက်ကလိုက်လို့ ပြောမှရမှာ၊ သူ ကျွန်တော်တို့ထွက်လ
တော့ ရပ်ကြည့်ပဲ ကျန်ခဲ့တာပဲ၊ ချက်ချင်းမှ မလိုက်တ
ဘယ်လိုလုပ်ပြီး ဒီကိုလိုက်လာရမယ်လို့ သိနိုင်မှာလဲ"

ကိုစည်သာ ပြောတာလည်း စဉ်းစားစရာ။ သူဘ
လိုသိမှာလဲ။ မေမေ့ဆီ သူ တက်သွားရင်လည်း မေမေက မ
ဘယ်သွားမယ် မပြောတော့မှာ သေချာသည်။ အဲဒါအပြင် ဒီ
က မယ် ဘယ်အချိန် ဘယ်နေရာမှာရယ်လို့ အတိအကျ မေ
သိကိုမသိတာ။ မယ်က စကော့ဈေးရယ်လို့ မပြောဘဲ ပလာ
လိုလို စကော့ဈေးလိုလို ရှုပါမားကက်တွေလိုလို တစ်နေရာရာ
ဈေးဝယ်ထွက်ဦးမယ်လို့သာ အသိပေးခဲ့တာ။

မတင်မကျနှင့်ဗင် မယ်တို့နှစ်ယောက် ဦးကြွ
မှာထိုင်ကာ အစားအသောက်တွေ မှာစားနေကြတုန်း မမျှော်
တဲ့သူက ရောက်လာပါတော့သည်။ မယ်နှင့် ကိုစည်သာထိုင်နေ
စားပွဲက ချောင်နားလေးမှာ။ အဲဒီစားပွဲဘေးမှာ ဖျတ်ခနဲ လူ
ယောက်ရပ်လာ၍ မော့ကြည့်လိုက်လျှင်တော့ မယ် ထိတ်ခနဲအ
တကြား ဖြစ်သွားရပါသည်။

ရှပ်အင်္ကျီအပြာကွက်ကို လက်ခေါက်၍ အပြင်ထု
ဝတ်ကာ ဂျင်းဘောင်းဘီခပ်မွဲမွဲနှင့် ခေါင်းမှာက ကက်ပ်ဦး





ဒီ နောက်ပြန်ဆောင်းထားသေးတဲ့ ဇေဗွရဲ့ပုံဟာ လူကြီးလူကောင်း
ဆန်ပေ။ တကယ်တော့ ဘယ်တုန်းကမှ သူ လူကြီးလူကောင်း
ဆန်ခဲ့တာ ဖြစ်ပေမယ့် ဒီအကြိမ်ဟာတော့ ဘေးက ရုပ်လက်ရှည်
င် ပိုးတွဲပုဆိုးနှင့် ဣန္ဒြေရရ လူကြီးလူကောင်းဆန်လှတဲ့ ကိုစည်
သာနှင့် နှိုင်းယှဉ်လိုက်ရသလို ဖြစ်တာမို့ ပိုပြီးတော့ပင် လူကြီး
လူကောင်း မဆန်နိုင်အောင်ရှိသည်။

"မယ် ခဏလိုက်ခဲ့"

ဇေဗွ အသံက အေးစိမ့်မာခဲနေသည်။ သူက
ကိုစည်သာ့ကို မကြည့်။ မယ့်ကိုပဲ စိုက်ကြည့်ကာ ခါးထောက်
လိုက် ခါးထောက်လက်ကို ဖြုတ်ချလိုက်၊ ဆံပင်လှန်သပ်လိုက်၊
လက်ဖဝါးချင်းပွတ်လိုက် ဂနာမငြိမ်ရှိကာ မျက်နှာကို ဟန်လုပ်၍
တည်ငြိမ်ထားပါသည်။ ဒီလောက်နှစ်ကြောရှည် ချစ်ခင်လက်တွဲ
လာတာပဲ။ သူ့စိတ်တွေ လှုပ်ရှားနေတာကို မယ် မသိဘဲနေပါ့
မလား။

မယ့်ကို ယောကျ်ားတစ်ယောက်နှင့်အတူ တွဲလျက်
တွေ့ရတာအတွက် စိတ်တို ဒေါသဖြစ်တာထက် ခုလောလောဆယ်
သူ့မှာဝမ်းနည်းကြေကွဲတာ ပိုနေကြောင်းလည်း မယ် သိနေပါသည်။
မယ်ကဖြင့် ကိုယ့်ဘေးမှာ ယောကျ်ားတစ်ယောက် ရှိနေတာအတွက်
ဇေဗွကို ကြောက်လည်းမကြောက် ရှိန်လည်းမရှိန် အားလည်းမနာ
စမ်းသာပြီး ကျေနပ်နေသည်။

"မလိုက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စည်သာက မယ့်ကို ဖျတ်ခနဲ ကြည့်သည်။ မယ့်
တည်ငြိမ်အေးစက်နိုင်မှုကို ကျိတ်ပြီးအမှတ်ပေးရပါသည်။

"လိုက်ခဲ့ ... ပြောစရာရှိတယ်"

"နင်ပြောစရာရှိတိုင်း လိုက်နားထောင်ရအောင် နင်
ဘာမို့လို့လဲ၊ ငါနဲ့ဘာပတ်သက်လို့လဲ"

"မယ်နေ၊ နင် မလိုက်ရင် ငါ ဒီနေရာမှာပဲ အား
ဘယ်သူကြားကြား ချပြောပစ်ရမှာလား၊ နင့်ကို လိုက်
ထောင်ခိုင်းတာက နင့်အတွက် ပြောနေတာ၊ မဟုတ်
ငါက ဒီမှာပဲ ပြောချရမှာလား"

ဧဌေက မယ် ကြောက်မလားလို့ ညစ်တစ်တ
မျက်နှာပေးနှင့်ဆိုသည်။ မယ်က သူ့ကို လှောင်ပြောင်သ
မထီလေးစား ရယ်မောလိုက်ရင်း ...

"အဟင်း ... ငါ့ကို ဘာမှလာခြိမ်းခြောက်မနေနဲ့ ဧဌေ
ငါက ဘာမှမမှုဘူး၊ ဘေးမှာ ယောကျ်ားတစ်ယောက်တွေ
လို့ နောက်ကြောင်းပြဿနာတွေ အသိခံရမှာ မဟုတ်ဘ
ထင်ပြီး နင် ညစ်လိုက်မယ်ဆိုတဲ့ အတွေးနဲ့ လာမခြော
နဲ့၊ နင် ပြောချင်တာ ပြောလိုက်၊ ဒီလူတစ်ယောက်တည်
မကဘူး၊ ဟိုဘက်စားပွဲတွေပါကြားအောင် နင် ကျယ်ကျ
အော်ပြောနိုင်တယ်၊ လူတွေက နင့်ကို အရူးအပေါ ထင်
ပဲ၊ ကြားတဲ့လူတွေနဲ့ ငါနဲ့လည်း နောင်နေ့တိုင်း တွေ့
စရာ အကြောင်းမရှိဘူး။ ငါ လုံးဝဂရုမစိုက်ဘူး ...





အေး ... ဘေးက ကိုစည်သာ ကြားမှာ စိုးရိမ်မလား
လို့ နင်က လာခြောက်နေရင်တော့ သေလိုက် ဧဌေ၊ နင်
ဟာ ငါ့ရည်းစားဟောင်း၊ သစ္စာမရှိလို့ ငါဖြတ်ပစ်လိုက်
တာ၊ ငါ အရမ်းမုန်းတယ်ဆိုတာ ဟောဒီ ကိုစည်သာ သိ
တယ်၊ ကဲ ... နင် ဘာလုပ်ချင်လဲ"

မယ့်ကို စည်သာက လန့်တောင်လန့်လာပါသည်။
မယ်ဟာ မုန်းပြီဆိုရင် မရတော့ပါလား။ ဧဌေကိုလည်း စည်သာ
က အားနာကရုဏာသက်နေမိသည်။ နေရလည်း ခက်နေသည်။

မယ် ပြောသလိုပင် ဒီလူရှေ့မှာ မယ် ရှက်မလားလို့
ညစ်ခြောက် ခြောက်လိုက်တာဖြစ်တဲ့ ဧဌေက မယ့်စကားကြောင့်
ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်ကာ ရင်ထဲမှာလည်း အရမ်း
ဝမ်းနည်း ထိခိုက်လာသည်။ ရင်ထဲက ခံစားချက်အဟုန်ကြောင့်
မျက်ရည်လည်း ရစ်ဝဲလာကာ ...

"မယ် ခဏလိုက်ခဲ့ပါ၊ မောင် ပြောစရာရှိလို့ပါ"

"ဘာဖြစ်လို့ လိုက်ရမှာလဲ၊ လိုက်စရာ အကြောင်းကိုမရှိ
ဘူး"

"မောင် မပြောရဘဲ မပြီးနိုင်ဘူး၊ ပြောမှဖြစ်မယ်"

"မပြောလို့ မဖြစ်ရင် သစ်ခေါင်းပေါက်မှာ သွားပြောလိုက်၊
ငါ့ကို လာမပြောနဲ့၊ ဘာမောင်လဲ၊ နင်နဲ့ငါ ဘာမို့လို့လဲ၊
နင် မရှက်ဘူးလား ဧဌေ"

ဧဌေ မျက်နှာ သွေးရောင်လျှမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မယ်နော် ... ငါ ဒေါသဖြစ်လာအောင် မင်း ဆွမ်နေ
"ဘာမှမလုပ်ဘူး၊ ငါဟာငါ အေးအေးဆေးဆေး မုန့်
စားနေတာ၊ နင်ရောက်လာတာ၊ နင်ထွက်သွားလိုက်
ဒီပြဿနာပြီးနေပြီ ဇေဌ၊ နင့်ကို စကားမပြောချင်တဲ့
တစ်ယောက်ကို ဘာဖြစ်လို့ မပြောရမနေနိုင် ဖြစ်နေရတာ
နင့်မှာ မာနလေး နည်းနည်းတောင် မရှိဘူးလား၊
ဆိုတာ မာနကြီးလှချည်ရဲ့ဆို၊ ခု ဘယ်လိုဖြစ်နေတာ

"ဘာမှ မပြောမဆို မဖြေမရှင်းဘဲ ပြဿနာတစ်
ပြီးမလား"

"ဖြေရှင်းစရာ မလိုဘူး၊ ဖြေရှင်းနေရမယ့် ပြဿနာလ
မဟုတ်ဘူး၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်တဲ့ ဖောက်ပြန်မှု
ငါ ဘာမှဖြေရှင်းချက် ယူနေစရာလည်း မလိုဘူး၊ နင်မသွ
သေးဘူးလား ဇေဌ၊ အားလုံးက ပြီးသွားပြီ၊ ငါ ဒီမှာနော
တစ်ယောက်နဲ့တောင် တွဲနေပြီဆိုတာ နင် မမြင်ဘူးလာ

"တောက်"

ဇေဌက မခံမရပ်နိုင် ခါးသီးသွားကာ တောက်
ချက်ခေါက်သည်။ လူကလည်း ရှေ့မှ မြင်ရာကို ထိုးကြိတ်
ဒိုင်းကြိပစ်ချင်သလို တရှူးရှူး တရားရား ဖြစ်လာပါသည်။

"နင် ထွက်သွားမှာလား မသွားဘူးလား၊ ငါတို့ ဒီမှာ
လက်စတန်းလန်းနဲ့၊ နင် မသွားရင် ငါတို့ထွက်သွားရ
လား"





"နင်ပြတ်တယ်ဆိုတိုင်း ငါက ဒီအတိုင်း မပြတ်လိုက်နိုင်ဘူး"

ဇေဌက နီရဲတဲ့မျက်နှာနှင့် ခပ်ဆတ်ဆတ်အော်လိုက်
ပါသည်။ မယ်က စည်သာ့ကို ငဲ့ကြည့်လိုက်ရင်း ...

"ကိုစည်သာ ငွေရှင်းလိုက်ပါ၊ သွားကြစို့"

စည်သာက ကျောဘက် ခါးကြားက ဝေါလက်ပြား
ပြားကလေးကို ဆွဲယူလိုက်ပါသည်။

"မယ် ... ငါ ဒီအတိုင်း မပြီးလိုက်နိုင်ဘူးနော်၊ နင့်ကို
ပြောထားတယ်၊ နင်ပြတ်တယ်ဆိုတိုင်း ငါ့ဘက်က နောက်
ဆုတ်မပေးဘူး"

"နောက်ဆုတ်မပေးလည်း အဲဒီမှာပဲ နင် သေအထိရပ်နေ
လိုက်၊ ငါ့စကားက ကုန်နေပြီ ဇေဌ၊ နင့်ကိုသေပြီလို့ပဲ
သဘောထားတယ်၊ နင်နဲ့ ချစ်ခဲ့ဖူးတယ် ဆိုတာကိုပါ
အိပ်မက်ပဲ သဘောထားတယ်၊ တကယ်မဖြစ်ခဲ့ဘူး၊ ဘယ်
တုန်းကမှ နင် မရှိခဲ့ဘူး"

"အဲဒါ ဟုတ်မှမဟုတ်တာ၊ အဲဒါကိုက ဖြစ်မှမဖြစ်နိုင်တာ"

"နင်ကြိုက်တာပြော၊ နင့်ဟာနင် ကြိုက်တာလုပ်၊ ငါကတော့
မကြာခင် အိမ်ထောင်ဖက်တစ်ယောက်ကို တည်တည်ငြိမ်
ငြိမ် ရွေးချယ်ရှာဖွေပြီး လက်ထပ်တော့မယ်"

မယ်က စည်သာ့ဘက်လှည့်ပြီး ...

"ပြီးပြီလား ကိုစည်သာ"

"ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သွားစို့"

ဒီလောက် ပေါက်ကွဲတုန်ယင်နေတဲ့ သူတစ်ယော
ရှေ့က အသာတကြည်လေးလှည့်ပြီး ဟန်မပျက် ထွက်ခွာသွားနို
တဲ့ မယ့်ကို စည်သာ လက်ဖျားခါရသည်။ ဇေဌကို စည်သ
အားနာကိုယ်ချင်းစာမိပါသည်။ ဒါပေမဲ့ အချစ်ကြီးသလော
အမျက်ကြီးလှတဲ့ မိန်းမတို့ရဲ့အငြိုးအမျက်ကို ဘယ်သူမှ မဟ
တားသာပါ။ မထိန်းချုပ်သာပါ။

အားနာနာနှင့်ပဲ ဇေဌ ရှေ့ကနေ စည်သာ ဖြတ်ထွ
ခဲ့သည်။ ကိုယ်က နှုတ်ဆက်လို့လည်း ဖြစ်တာမဟုတ်။ နောက်မှ
ဇေဌ ရပ်ပဲကျန်ခဲ့သလား၊ တခြားဘက်ကို ထွက်သွားလား ဘာ
မသိတော့ပါ။ လှည့်ကြည့်လို့လည်း မကောင်း။ ကားပေါ်ရော
တဲ့အခါမှာတော့ စည်သာက စက်နှိုးမောင်းထွက်ကာ မယ်သည
ထိုင်ခုံကို ခေါင်းမှေ့မှီ၍ မျက်စိစုံမှိတ်ထားကာ လက်ဖျားလေ
နှစ်ဖက်က တိုင်ခုံရဲ့ဘေးစွန်းနှစ်ဖက်ကို ဆုပ်ညှစ်ထားသည့်ပုံ
နှင့် ပါးပြင်ပေါ် မျက်ရည်တွေ တလိမ့်လိမ့် စီးကာကျလာသည

ကားမောင်းလာပြီး မကြာခင်မှာတော့ ရှိုက်သံလေ
တွေနှင့် ဖွင့်ထုတ်ငိုကြွေးလာပါသည်။ မယ့်ရင်ထဲက ခံစားချ
အစိုင်အခဲ ထုထည်ကို စည်သာ နားလည်ရသည်။ သူ့ရင်ထဲလည
ကြေမွနေပေတာပါပဲ။ စည်သာက ဘာမှမေးမနေဘဲ ကားမော
လာရင်းက ကရဝိတ်ကန်တော်ကြီးဝင်းထဲ ချိုးကွေ့ဝင်လိုက်
သည်။ နေရိပ်တဲ့တစ်နေရာမှာ ကားထိုးရပ်လိုက်ပြီး မယ် စိတ်





လက်ရှိ ငိုနေတာကို စိတ်ရှည်ရှည်နှင့် ငြိမ်ကာထိုင်စောင့်နေလိုက်သည်။

ငိုပါစေ။ အားရတဲ့အထိ ငိုပါစေတော့။ အတော်ကြာသွားချိန်မှာတော့ မယ့်ထံက ရှိုက်သံလည်းခြားကာ မျက်ရည်လည်း တိတ်လာပါတော့သည်။

"ကိုစည်သာ ... ရှင် ဗိုက်ဆာနေရောပေါ့"

"မဆာပါဘူး မယ်၊ ရပါတယ်"

"ကိုစည်သာ စိတ်ရှုပ်နေလှရောပေါ့။ ပြန်ကြရအောင်လား"

"ကျွန်တော် စိတ်မရှုပ်ပါဘူး၊ မယ်လည်း ဆာနေမှာ၊ တစ်ခုခုအရင်စားကြရအောင်လေ၊ ဒီထဲမှာပဲစားလိုက်တာပေါ့၊ ဆိုင်တွေရှိတယ်"

"ကိုစည်သာ့ကို အားနာတယ်၊ စိတ်တွေညစ် စိတ်တွေရှုပ် ဗိုက်လည်းဆာနဲ့ မယ်နဲ့ သိရကျွမ်းရတာတောင် နောင်တတွေ ရနေမှာပဲ"

"မယ့်စိတ်ထဲက ထင်တာတွေ လျှောက်ပြောနေတာတွေနဲ့ ကျွန်တော့်ရင်ထဲက တကယ်ရှိတာတွေ တခြားစီပဲ"

မယ် တိတ်ဆိတ်သွားပါသည်။

"မယ် သူ့ကို သိပ်ချစ်တုန်းပဲလား"

"မယ် သူ့ကို သိပ်မုန်းနေတာ၊ သိပ်နာကြည်းနေတာ ဒါဟာ ချစ်လွန်းလို့ ဖြစ်ရတာလို့ ယူဆရင်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သဘောပဲပေါ့ ကိုစည်သာ၊ သေချာတာကတော့ မယ်သူ
ကို ဘယ်တော့မှ ပြန်ခွင့်မလွှတ်ဘူး၊ လုံးဝအပြီးအပိုင်
ဘဝထဲက ထုတ်လိုက်ပါပြီ၊ အခု မယ် မျက်ရည်ကျတယ်
ဒါကိုကြည့်ပြီး တစ်နေ့နေ့ သူ့ဘက် ပြန်စိတ်ယိုင်သနား
သွားလိမ့်မယ်လို့ ကိုစည်သာ ထင်ရင် မှားလိမ့်မယ်

ဘယ်သူထင်ထင်ပါ၊ ဘာထင်ထင်ပါ၊ ကိုယ့်စိတ်
ကိုယ်ပဲသိပါတယ် ကိုစည်သာ၊ သူ့ကို ဘယ်တော့မှပြ
လက်မခံဘူး၊ လက်တွဲဖို့ ပြန်ချစ်ဖို့ ဝေးလို့ ခွင့်ကိုမလွှ
နိုင်ဘူး၊ ကျွန်မ ရှင်းရှင်းပဲ ပြောပြမယ် ကိုစည်သာ၊ ပြေ
ရမှာ နှုတ်ကထွက်ဖို့ ရှက်ပေမယ့် ကျွန်မ ဘယ်လော
ခံစားရတယ်ဆိုတာ ရှင် နားလည်အောင်ပါ ...

ခပ်ရှုပ်ရှုပ် ခပ်ပျက်ပျက် တန်ဖိုးမဲ့မဲ့ မိန်းမတ
ယောက်ကို သူ့အိမ်မှာ ခေါ်သိပ်တယ် ကိုစည်သာ"

မယ့်အသံက တိမ်ဝင်သွား၍ မျက်ရည်တစ်ပေါ
ပြန်လိမ့်ကျလာတာကို သုတ်လိုက်ပါသည်။ တိမ်ဝင်နေတဲ့အသံ
ပင် ...

"နောက်မနက်မှာ ကျွန်မ မလာဘူး မှာခဲ့ပြီး မတော်တ
ရောက်သွားလို့ မျက်စိနဲ့တပ်အပ်မြင် သိခဲ့ရတာပါ၊ ကျွ
သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

စည်သာက သက်ပြင်းတစ်ချက် ချမိကာ မယ့်
ကြင်နာကရုဏာသက်မိရပါသည်။





"မယ် ... ဒီကိစ္စမျိုးက ယောကျ်ားတစ်ယောက်အတွက်
နှလုံးသား လုံးဝမပါတဲ့ ကိစ္စမျိုးပါ"

"ရှင်တို့ယောကျ်ားချင်း အပြစ်ကို ကြက်မွေးလေးနဲ့ သပ်
မချပါနဲ့ ကိုစည်သာ၊ သူ နောက်ထပ် မိန်းကလေးတစ်
ယောက်ကို မတော်တဆ ရင်ခုန်မိ ချစ်မိသွားတယ် ဆိုရင်
တောင် မယ် ဒီလောက် ဖြစ်ချင်မှဖြစ်မယ်။ အခုတော့
မုန်းတယ်၊ ရွံတယ်၊ ဒီကောင်မလေးက သူ့ကို စွဲလမ်းပုံရ
တယ်၊ ခေတ်လမ်းရှုပ်ရှုပ် ကောင်မလေးမုန်းလည်း သူသိ
တယ်၊ ဒါတွေသိရက်နဲ့ သူကိုယ်တိုင်လည်း မျက်နှာသာ
မပေးတဲ့ ဒီကောင်မလေးမျိုးကို ကင်းကင်းမရှောင်တာကို
အထင်သေးတယ်၊ ဟိုကပေးတဲ့ အခွင့်အရေးကို သူ
မရှောင်နိုင်တာကို စက်ဆုပ်တယ်၊ သိပ်မုန်းတယ် ကိုစည်သာ
ရယ်၊ ဘယ်သောအခါမှ မယ့်ဘဝထဲ သူ ပြန်ရောက်မလာ
စေရဘူး၊ အဲဒါ သစ္စာစကားပဲ"

စည်သာက မယ့်ကို ငေးစိုက်ကြည့်နေရင်း ...

"အဲဒါ သေချာရဲ့လား"

"ငါးဝ သေချာတယ်"

"မယ် သူ့ကို ဘယ်တော့မှ ပြန်လက်မခံဘူး ဆိုတာ
လေ"

"အသက်နဲ့ထပ်တူ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မယ်"

"... ..."

"မယ့်ကို ကျွန်တော် ချစ်တယ်၊ သိပ်ချစ်တယ်"

မယ်သည် စည်သာ့ကို ဟိုက်ခနဲ အံ့အားတသင့် လှည့်ကြည့်လိုက်မိသည်။ သူစိမ်းယောက်ျားတစ်ယောက် ကိုယ့်အပေါ် ယုယအလိုလိုက်နေတာရဲ့ နောက်ဆုံးဘူတာဟာ ဒီကိုစဲ ဆိုက်မှာတော့ ကြိုရိပ်မိပေမယ့် ဒီလောက်မြန်မြန် ဒီလောက်ပြဿနာ တွေကြားမှာတော့ မပွင့်အန်လာလောက်သေးဘူး ထင်တာ။

"မယ့်ကို လက်ထပ်ပါရစေ"

"ရှင် ကျွန်မကို ဒီပြဿနာ ဒီအခြေအနေတွေ ကြားမှာ သိကျွမ်းတွေ့မြင်နေရတာတောင်လေ ! ဒီလိုပြောနိုင်တယ် !"

"မယ့်ကို မြင်မြင်ချင်း ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှား ပြီး သိပ်ချစ်ခဲ့မိတာပါ၊ ပွဲလန့်တုန်း ဖျာခင်းမိတာ မဟုတ် ဘူး ထင်ပါတယ်၊ ပွဲက အပြီးသိမ်းသွားတာ သေချာတယ် ဆိုမှပါ၊ ပထမတော့ မယ့်ဘက်မှာ အနည်ထိုင်မှ ဖွင့်ပြော ဖို့ပါ၊ ဒါပေမဲ့ မယ့်ရင်ထဲက သူ့ကို တကယ်ထုတ်လိုက် ပြီသေချာရင် ရှေ့တိုးတာ နောက်ဆုတ်တာ ဒီလောက် အရေးမကြီးတော့ပါဘူး၊ မယ့်ကို ဒဏ်ရာတွေကျက်ထဲ အထိ နှစ်သိမ့်ထွေးပိုက်ပြီး ကျွန်တော် ပြုစုယုယပေးပါ ရစေ၊ မယ် ကျွန်တော့်ကို ဦးနှောက်နဲ့စဉ်းစားပေးပါ၊ နှလုံး





သားက တုံ့ပြန်တဲ့မေတ္တာကို ရမယ်ဆိုရင်တော့ ဒီကမ္ဘာမှာ ကျွန်တော့်လောက် ဝမ်းသာကြည်နူးရမယ့်သူ မရှိတော့ပါ ဘူး"

မယ် သူ့ကို နက်ရှိုင်းတဲ့ မျက်ဝန်းကြီးများဖြင့် ကြည့်နေမိခဲ့သည်။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ကလင် ... ကလင် ... ကလင်"

လတ်လတ်သည် နာရီတစ်ချက် ကြည့်လိုက်ရ သက်ပြင်းတစ်ချက် ဟင်းခနဲ မြည်အောင်ချလိုက်ပါသည်။ ကို ခရီးသွားနေတာမို့ အိမ်မှာကူဖော်လောင်ဖက် ကလေးမလေး ယောက်အပြင် အဒေါ်ဝမ်းကွဲတစ်ယောက်ကိုပါ အဖော်ခေါ် ပါသည်။ ကောင်မလေးက ဖုန်းပြေးကိုင်မည် ပြင်တာမို့ —

"နေ ... နေ ...၊ ငါကိုင်မယ်"

လတ်လတ်က ဖုန်းကိုလာကောက်ကိုင်ကာ —

"ဟယ်လို"

"လတ်လတ်"

"ဟင်း ..."

လတ်လတ် သက်ပြင်းချလိုက်ပါသည်။

"လတ်လတ်"





"ဇေဌ ... ရှင် မူးမူးလာရင် ကျုပ်ဆီကို ဖုန်းမဆက်နဲ့ဟာ"

လတ်လတ်က စိတ်ပျက်လက်ပျက် ပြောလိုက်ပါသည်။

"ငါ အခုမမူးပါဘူး လတ်လတ်"

"ဘာမမူးပါဘူးလဲဟာ၊ နင့်အသံကြီးကိုက ဟုတ်မှမဟုတ်တာ"

"ဟုတ်တယ် ... ဟုတ်ပါတယ်၊ ငါမမူးပါဘူးဟာ"

"ကျွတ်"

လတ်လတ်နဲ့ ရှင်ခွေးမယ် အလှပြုပြင်ရေးသင်တန်း ကျောင်း အတူတူစပြီးတက်ကြကတည်းက။ မယ်နဲ့ ဇေဌ ပီပီပြင် ပြင် ချစ်သူတွေပင် မဖြစ်ကြသေးခင်ကတည်းက။ သင်တန်းရှေ့ ဆို ရောက်ရောက်လာစောင့်တဲ့ ဇေဌကို အဲဒီကတည်းက လတ်လတ် သိရသည်။

မယ့်ဆီလာတယ်၊ မယ်နဲ့ စကားပြောဆိုတယ် ဆို ဆမယ့် အဲဒီအချိန်လောက်က သူတို့နှစ်ယောက်ဟာ ရင်ထဲမှာ သာ တိတ်တခိုးတွေ ရှိနေကြပြီး အပြင်မှာတော့ ခပ်စိမ်းစိမ်း ခပ် ရှိန်ရှိန်နှင့် မေးတစ်ခွန်း ပြောတစ်ခွန်း။ ဇေဌဟာလည်း မယ့်ထံကို လာတယ်ဆိုတာ အသိသာကြီးပေမယ့် နှုတ်သွက် လျှာသွက်လည်း ရှိ၊ လမ်းပဲကြွတာလိုလို မတော်တဆပဲ တွေ့တာလိုလို ဘေးက ပါလာပေမယ့် မယ့်ကို ရင်းရင်းနှီးနှီး ပြောဆိုရဲခြင်းလည်း မရှိ သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်တွေတုန်းက ကြားမှာ လတ်လတ် တ
ယောက် ရှိနေတဲ့အတွက် စကားလေးတွေ ဖွယ်ဖွယ်ရာရာရှိခဲ့တာ
လတ်လဲဖ်ကတော့ ရိုးရိုးသားသား အေးလူမို့ ဘာမှမရှိန်နေ
ဇေဌနှင့် အချီအချ စကားတွေ ဆည့်ထောက်ခံပြောလို့။ မယ် မိ
ဆက်ပေးမှ သိခဲ့ရသော်လည်း စကားပိုပြောဖြစ်သူက လတ်လ
ဇေဌ ရောက်လာတတ်တဲ့ သင်တန်းအပြန်လမ်းတို့မှာ ဇေဌ
လတ်လတ်တို့ရဲ့ စကားသံတို့နှင့် ဝေဝေစည်စည်။ လတ်လတ်
အရွှန်းဖောက်တတ်တဲ့လူဖြစ်၍ ရယ်သံတွေလည်း ချိုချိုညီညီ

ရွှယ်တူကောင်တလေးတွေထဲမှာ သူများထက်တ
ငြိမ်တဲ့ လေးနက်တဲ့ ပုံစံလေးနှင့် ဇေဌကို လတ်လတ်က သူ
ချင်းတစ်ယောက်လို ခင်မင်ခဲ့တာပါ။ သူတို့နှစ်ယောက်ချစ်သူ
ဖြစ်သွားကြပြီးနောက်လည်း ဟိုဟိုဒီဒီ အပြင်သွားလာတဲ့ကိစ္စ
မှာ လတ်လတ် အကြိမ်ပေါင်းများစွာ အတူပါခဲ့သည်။

ဤသံယောဇဉ်နှင့် အခု ဇေဌ ဖုန်းဆက်ဆက်နေ
ကို လက်ခံပြောပေးနေတာဖြစ်ပြီး ခုဆိုရင် နေ့တိုင်းမှုနေတ
တဲ့ ဇေဌဟာ စကားကောင်းပြောနေရင်းက မှုးမှုးနှင့် ဖောက်
ရစ်လာတတ်၍ လတ်လတ် စိတ်ညစ်ရတာပင်။

"လတ်လတ်"

"ဘာလဲဟာ၊ နင် ဖုန်းချတော့၊ ပြောစရာလည်း အ
အတွေ မရှိဘူး မဟုတ်လား"





"ဟာ ... ဘယ်လိုပြောလိုက်တာလဲဟာ၊ ရှိတာပေါ့ဟာ၊ ငါ့ရင်ထဲမှာ ပြောစရာစကားတွေမှ အပြည့်အသိပ် ရှိတာပေါ့၊ ပြောလို့ကို မကုန်ဘူး၊ ပြောစရာမရှိဘဲများ နေပါ့မလား၊ နှင့်ဦးနှောက်နဲ့ စဉ်းစားကြည့်ပါလား"

"ဒါတွေက အထူးအထွေမှ မဟုတ်တော့တာ။ အားလုံးက ပြောပြီးသားတွေချည်းပဲ၊ ထပ်တလဲလဲ ဖြစ်နေပြီ၊ ငါလည်း နားမထောင်ချင်တော့ဘူး"

"အဲဒီထပ်တလဲလဲတွေ မဟုတ်ဘူး၊ အသစ်တွေ၊ အသစ်တွေ၊ နင်သိလည်း မသိဘဲနဲ့၊ အသစ်တွေရှိတယ်"

"တျုတ်"

"ဘာလဲဟ"

"နင်က ခုလိုစပြောရင်အကောင်း၊ ခဏနေရင် ရစ်လာပြီ"

"ဒီမှာ လတ်လတ်၊ နင် ငါပြောချင်တာတွေကို နားထောင်ပေးဖို့ တာဝန်ရှိတယ်"

"အောင်မာ ဘာကိစ္စရှိရမှာလဲ၊ ငါစေတနာနဲ့ နားထောင်ပေးတာ၊ တာဝန်ရှိလို့ နားထွောင်ပေးနေတာ မဟုတ်ဘူး"

"နင့်မှာ တာဝန်ရှိတယ်၊ မယ်နဲ့ ငါနဲ့ နှစ်ရှည်လများ စကားများကြရတဲ့ အခြေခံအချက်ထဲမှာ နင့်ပယောဂလည်း ငြိပြီးပါနေတယ်၊ နင့်ကြောင့် သူ့ရင်ထဲမှာ အစိုင်အခဲ ခုလာတာ"

"ဘာဆိုင်လို့လဲ၊ နင် ရစ်လာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရစ်တာ မဟုတ်ဘူး၊ မှန်တာပြောပြတာ၊ မယ် ငါ
တစ်နေ့တခြား စိတ်ပျက်လာတာထဲမှာ နှင် ကိုထွေး
ယူလိုက်တာလည်း ပါတယ်"

"ကျွတ် ... ဘာမှမဆိုင်ဘူး ဇေဋ္ဌ၊ တော်စမ်းဟာ"

"ဆိုင်တယ်လေ၊ နှင့် ကိုထွေးက မလေးရှားကနေ ပိုက်
တွေပါလာ၊ နှင့်ကို တိုက်ခန်းဝယ်ပေး၊ လက်ထပ်
ကဲ ... အဲဒါကို မယ် မြင်နေတော့ ငါ့ကိုပိုပြီး အပြစ်
တာပေါ့"

"အပြစ်မြင်မှာပေါ့၊ အပြစ်ပဲဟာ၊ နှင် အပြစ်မြင်မခံချင်
ကိုထွေးလိုပဲ ပိုက်ဆံရှာပေါ့"

"ဒါတော့ သူ့အကြောင်း ကိုယ့်အကြောင်းပေါ့ဟ၊ ငါ
ကိုထွေး မဟုတ်သလို ကိုထွေးကလည်း ငါမဟုတ်
တခြားစီ၊ မယ်က ကိုထွေးကျတော့ လတ်လတ်ကို တ
ထားတယ် ချစ်တယ်၊ ကိုယ်တကယ်ချစ်တယ်ဆိုရင်
မိန်းမကို တင့်တောင်းတင့်တယ် ထားရမယ်နဲ့ ငါ့ကိုပြသ
ရှာတာ"

"အဲဒါ မယ် မှန်တာပဲဟာ၊ ငါလည်း ဒီတိုင်းခံယူတ
နေစမ်းပါဦး၊ အခုရော နှင် ဆိုင်မသွားဘူးလား"

"နားထားတယ်"

ပြောပြီး ဇေဋ္ဌက ခပ်သဲ့သဲ့ ရယ်နေပါသည်။

"ဘာနားထားတာလဲ"





"ဒီရက်ပိုင်း စိတ်လေနေလို့ဟာ"

"နှင်က အလကားနေ စိတ်လေနေတာပဲ၊ စိတ်ကို သိပ်အလို
လိုက်တာပဲ၊ သေချာပါတယ် အဲဒီဆိုင်ကလည်း နှင့်ကို
ခုလောက်ရှိ ဖြုတ်လိုက်ပြီ"

"ဖြုတ် ... ဘရုတ်၊ အလုပ်မရှားဘူး"

"သူများတကာတွေအတွက်သာ အလုပ်မရှားတာ၊ နှင့်
အတွက်က အလုပ်ရှားနေပြီ ဇေဋ္ဌ၊ နှင် မလုပ်ဖူးသေးတဲ့
စားသောက်ဆိုင်တောင်မှ နှင့်သတင်းကြားဖူးနေလောက်ပြီ၊
လာချင်လာ မလာချင်မလာ၊ စိတ်ကူးပေါက်သလိုလုပ်ပြီး
အချိန်မမှန်တဲ့ ဂစ်တာသမားကို ဘယ်သူက ခန့်ချင်တော့
မှာလဲ"

"လတ်လတ်"

"ပြော"

"ငါ ... မလေးရှား သွားရမလား ... ဟင်၊ ဒါဆို မယ်
ကျေနပ်မလား"

"နှင် ဒီစကားပြောတာ သိပ်နှောက်ကျနေပြီ ဇေဋ္ဌ၊ ခုချိန်
မှာ မယ်က နှင် မလေးရှားမကလို့ အာဖရိကားသွားသွား
နှင့်ကို ခွင့်မလွှတ်တော့ဘူး၊ နှင့်မှာက သူ ခွင့်လွှတ်သည်းခံ
ရတာတွေ များလွန်းပြီး ဘောင်ကျော်သွားပြီလေ"

ဇေဋ္ဌဘက်က တိတ်သွား၍ လတ်လတ် သက်ပြင်းချ
ဖုန်းကိုလည်း တကယ်တမ်းတော့ ချမပစ်ရက်ဘဲ ဆက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားမိပါသည်။ တစ်ဖက်မှာ ဇေ့ဒွှဟာ စတိုးဆိုင်ရဲ့ မှန်ရှိုးကေ့
တစ်ခုပေါ် တင်ထားတဲ့ ဖုန်းကိုပြောရင်း တံတောင်ဆစ်နှစ်
လုံး မှန်ရှိုးကေ့စ်ပေါ်ထောက်ကာ ခေါင်းကင်ိုက်စိုက်။

ဝဲစိမ့်လာတဲ့ မျက်ရည်တွေကို လက်ချောင်းဖျား
နှင့်တို့သုတ်နေတာကို ဆိုင်ရှင်က တစ်ချက်တစ်ချက် စိတ်
လက်ပျက် ရှုံ့မဲ့ကြည့်နေသည်။ လူက အရက်နံ့ကလည်း နံနံ
စော်၊ အချိန်မှန် အကြာကြီး လာဆက်တတ်ကာ ဖုန်းခကျ
ပါသလောက်ပေးပြီး ကျန်တာအကြွေး။ ဖုန်းပြောရင်းလည်း မူး
ငိုလားငိုရဲ့။ ဆိုင်ရှင်ဟာ စိတ်ညစ်သော်လည်း အမူးသမားပြဿ
ရာမှာ ကြောက်၍ မျက်နှာကို ရှုံ့မဲ့ထားတာအပြင် ဘာမှမ
ရဲ။

ဇေ့ဒွှဟာ မျက်ရည်ကိုသုတ်ရင်း ပိုပြီးနာကျင်
နည်းလာကာ ပခုံးတလှုပ်လှုပ်နှင့် ငိုနေမိပါသည်။ မူးနေ
လူမြင်အောင်ငိုလို့ ရှက်ရကောင်းမှန်းလည်း မသိ။

သူ့ကို လတ်လတ်က နောက်ကျသွားပြီတဲ့။
ကိုထွေးလို မလေးရှားသွား အလုပ်ကြမ်းလုပ် ငွေရှာရင်
ခွင့်လွှတ်တော့မှာ မဟုတ်ဘူးတဲ့။ သူ ဘယ်လောက်ပဲ ငွေရအေ
ရှာရှာ ပရာဒိုစီးနေတဲ့ ဟိုသူဌေးကောင်လောက်တော့ ဘယ်လိုလ
နေ့ချင်းညချင်း တန်းတူချမ်းသာပါ့မလဲ။

မယ် သူ့ကို ခွင့်မလွှတ်တာကို ရင်နာဝမ်းနည်
တာက တစ်ပိုင်း၊ ချက်ချင်း ချမ်းသာတဲ့ သူဌေးတစ်ယောက်





ကောက်တွဲလိုက်တာကို အံ့သြခံပြင်း နာကျင်ကာ စိတ်ဆင်းရဲတာ
က တစ်ပိုင်း။ သူ့မှာ မျိုးစုံအောင် မချိမဆန့် ဖျပ်ဖျပ်ခါ ခံစား
နေရတာပါ။

မယ့်စိတ်ကို သူ မသိတာလည်းမဟုတ် သိပါသည်။
မယ်ဟာ အနစ်နာခံစရာရှိရင် အဆုံးစွန်အထိ ကုန်းရုန်း မျက်စိ
စုံမှိတ်ပြီး အနစ်နာခံလိုက်မည်၊ အနွံတာခံလိုက်မည်။ နူးညံ့သလိုလို
နှင့် စိတ်မာတဲ့ မယ်ဟာ "ဟင်"ဆိုရင် လှည့်မကြည့်တော့တဲ့
ဉာဉ်ရှိတာ သူ သိခဲ့ပါလျက် ...။

"ဇေ့ဒွှ"

"... ..."

"ဇေ့ဒွှ၊ ဟာ ... ဒုက္ခပါပဲ၊ နင် ငိုနေတာလား၊ အပြင်က
ဆက်နေတာ မဟုတ်လား၊ ငိုမနေနဲ့လေဟာ၊ နင်ကလည်း
မရှက်ဘူးလား၊ ကျွတ်"

"လတ်လတ် ... နင် ... နင် မယ့်ကို ကူမတောင်းပန်ပေးတော့
ဘူးလားဟာ၊ နင် ဒီလိုပဲ ကြည့်နေတော့မှာလား၊ သူနောက်
တစ်ယောက်တွဲနေတာ နင်သိရက်သားနဲ့ မဟုတ်လား၊
ဘာမှမပြောတော့ဘူးလား"

"ငါက ဘာကိုပြောရမှာလဲ၊ သူ့ဟာနဲ့သူ ကောင်းကောင်း
ကန်းကန်း လူတစ်ယောက်နဲ့ တွဲနေတာ ငါဝင်စွက်ဖက်လို့
မရလား၊ ကလေကချေနဲ့ တွဲနေရင်သာ တားသင့်တားရ
မှာပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ့ကို နည်းနည်းပါးပါး ပြန်ငဲ့ဖို့၊ အပြောင်းအလဲ မမြန်ဖို့တော့ နင် ပြောဦးပေါ့၊ နင်တို့ကလည်း သူရူး သမီးရည်းစား ပြတ်ချင်ပြတ် ဆက်ချင်ဆက်၊ ကိုယ်နဲ့မဆိုင် သလိုနေရင် နားအေးတယ် လုပ်နေတာ"

"ဟဲ့ ... မယ် နင့်ကိုဖြတ်တာ နင် မကောင်းလို့လေ"

"အဲဒါ ဘာမှ စာရင်းမရှိတဲ့ ..."

"တော်တော့ ... ငါပါ ဒေါကန်လာပြီ၊ နင် အဲဒီစကားမျိုး မပြောနဲ့၊ မယ်လည်း အဲဒါကို သိပ်စိတ်နာတာ၊ နင်က ဒီတိုင်းဆို နင့်အတွက် စာရင်းမရှိပါဘူးဆိုတဲ့ မိန်းမတွေနဲ့ တွေ့ရင် ဒီလိုပဲ ဖြစ်ချင်တိုင်း ဖြစ်နေဦးမှာလား၊ စာရင်း မရှိတဲ့ဟာနဲ့ဆို နင်က မထိန်းဘူး ဆိုတော့၊ တောက် ... စိတ်ကတိုလာပြီ"

"သူကလည်း အဲဒီနေ့က အတင်းနားပူနားကျီတိုက်၊ ပြီးတော့ အဲဒီညက ဆိုင်ကိုလာတဲ့ ငါ့ပရိသတ်ကောင်လေးတစ်သိုက် က ငါ့ကို တစ်ပုဒ်တီးခိုင်းလိုက်၊ အရက်တစ်ခွက် တက်တိုက် လိုက်၊ နောက်သီချင်းတစ်ပုဒ်တောင်းလိုက် အရက်တစ် ခွက် တက်တိုက်လိုက်နဲ့ ဆပ်ပလိုင်းလုပ်နေတာ၊ ငါအတော် မူးသွားတာလည်း ပါပါတယ်ဟာ ...

တကယ်ပါ၊ ငါ အခွင့်အရေးသမား လူယုတ်မာ မဟုတ်ရပါဘူး လတ်လတ်ရာ၊ မိုးက အရင်ကတည်းက





ငါ့ကိုကြည့်တာ ငါသိသားပဲ၊ သူတာကပ်ကပ်လုပ်တိုင်း ငါ ရှောင်နေတာပဲ၊ လုပ်ဖော်ကိုင်ဖက်ဖြစ်တော့ ခေါ်ပြောဆက်ဆံ တော့ ကင်းမရဘူးဆိုပေမယ့် ငါ စကားကောင်းကောင်း တောင် မပြောတာပါ၊ ဘုကျကျပဲ ဆက်ဆံတာပါ၊ လုံးဝ မရောပါဘူး လတ်လတ်ရ ...

ငါ ပြန်ခါနီး တအားမူးနေချိန်မှာ သူက အဒေါ်နဲ့ စိတ်ဆိုးလာလို့ ငါ့အိမ်လိုက်ပြီး တစ်ညမတည်းခိုရရင် ဒီ ညလမ်းပေါ် အိပ်ရလိမ့်မယ်နဲ့ ဂျီကျနေတော့ နားညည်းတာ လည်းပါ၊ ငဲ့ညှာတာလည်းပါ၊ ကဲ ... လာဟာဆိုပြီး ခေါ် သွားမိတာပါဟာ၊ သူကလည်း သေတ္တာကြီးတွေနဲ့ကို ဆင်း လာတာ၊ အဲဒီအချိန်မှာ ငါ ယတိပြတ်ငြင်းလိုက်ရင် သူ လည်း ဒုက္ခရောက်တော့မယ်လို့ ညှာမိတာ မှားသွားတာ ...

ရည်ရွယ်ဖန်တီးခဲ့တာလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ခုလိုဖြစ်သွားခဲ့တယ်၊ မတော်တဆ မှားယွင်းသွားတာမျိုး ပါ၊ အခွင့်အရေးရသလို ယူလိုက်မဟဲ့ဆိုပြီး အကြံအစည် ကြီးနဲ့ ဒီဟာမကို ငါ ခေါ်သွားတာ မဟုတ်ပါဘူး၊ ဘုရား စူးရပါစေရဲ့၊ အကုသိုလ်ဝင်ချိန်တန်လို့ကို ... ငါ ... ငါ"

"ခေ့ွ"

"... ..."

"ဟဲ့ ... ခေ့ွ၊ တိတ်စမ်းဟာ၊ နင် မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဧဒ္ဒေ ငိုသံက ဖုန်းထဲ တအီးအီး ဝင်လာသည်
"နှင် တောင်းပန်ရင် ရပါတယ် လတ်လတ်ရာ၊ ငါ့ကို
တော့ သူက ဘာမှပြောခွင့်မပေး၊ လက်ခံနားထောင်မ
ဘူး၊ နှင် ရှင်းပြပေးပါ၊ ငါ ... ငါ သူနဲ့ပြတ်လို့မဖြစ်ဘူး
ငါ့မှာ သူပဲရှိတာပါ လတ်လတ်ရာ"
"ဧဒ္ဒေ ... နှင် နောက်ကျသွားပြီဟ"
"ဘာကို နောက်ကျတာလဲ၊ ဘာဖြစ်လို့ နောက်ကျရမှာလဲ
အချိန်တွေအများကြီး ရှိပါသေးတယ်၊ တကယ်ဆို သူ
ကို သိပ်ချစ်တာပါ၊ ငါသိပါတယ်၊ သူ ငါ့ကိုချစ်ပါတယ်
လတ်လတ်ရာ"
"ချစ်တုန်းက ချစ်ပေမယ့် အခုက တအား စိတ်နာသွား
ပြီဆိုတော့ အခြေအနေတွေက ပြောင်းလဲသွားပြီ ဧဒ္ဒေ
"ဘာပြောင်းလဲသွားတာလဲ"
"သူ့မှာ ကိုစည်သာ ရှိနေပြီလေ၊ သူတို့တွဲနေတာ နှင်
မြင်ဘူးလား"
"ငါတစ်ချိန်လုံး သူ့ကို လိုက်ချောင်းနေတာပဲ၊ သူ
တွဲနေတာ ငါမြင်ပါတယ်ဟာ၊ ဒါပေမဲ့ သူ ဘယ်သ
တွဲတွဲ ငါ ဂရုမစိုက်ဘူး၊ ငါ့ဆီ ပြန်ရောက်လာရင်
ရော"
"နှင့်ဆီ ပြန်ရောက်စရာ အကြောင်းမရှိတော့ဘူး ဧဒ္ဒေ





"ဘာလို့ မရှိရမှာလဲ၊ နှင့် မယ့်အချစ်ကို သေးသေးဖွဲဖွဲ ထင်လို့လား၊ ဒီနေ့ မယ့်အားရက် ဆိုတော့ သူတို့နှစ်ယောက် ဘယ်သွားလဲ သိလား၊ စိမ်းလန်းစိုပြည်ထဲက ငါနဲ့မယ် သွားထိုင်ဖူးနေကျ ခုံကလေးမှာ မယ် သွားထိုင်တယ်၊ ဟိုကောင်ကြီးလည်း ပါတာပေါ့ဟာ၊ ဟိုအရင်ရက်တွေက လည်း ;မယ်က ဒီကောင်နဲ့ သွားလာနေတာ မှန်ပေမယ့် စားရင်လည်း ငါနဲ့စားခဲ့တဲ့ဆိုင်၊ ဝယ်စရာရှိလည်း ငါနဲ့သွား ဝယ်ခဲ့တဲ့ဆိုင်၊ အဲသလိုပဲသွားတာ၊ မယ် ငါ့ကိုမမေ့ပါဘူး၊ ငါ့ကိုချစ်တုန်းပဲ ငါသိတယ်"

"နှင့်ကို မမေ့တာလည်း ဟုတ်ပါလိမ့်မယ်၊ ချစ်တုန်းပဲ ဆိုတာလည်း အရင်လိုမဟုတ်တောင် ငယ်သံယောဇဉ်ဆို တာ ရှိမှာပဲဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ အဲဒါတွေ ထက် ပြင်းထန်တဲ့ 'အနာ'က သူ့ရင်ထဲမှာ ပိုပြီးအင်အား ကြီးမားတယ် ဧဒ္ဒေ၊ သူ ဒီလောက် ခွင့်လွှတ်သည်းခံ စိတ် ရှည်ရှည်စောင့်ပြီး ချစ်ခဲ့ရက်နဲ့ နှင် ဒီလိုလုပ်ရက်တယ်လို့ နာကြည်းသွားတဲ့ အနာက သူ့ရင်ထဲမှာ ပိုပြင်းထန်တယ် ...

ဟိုးတစ်ပတ်က သူ့အားရက်မှာ မနက်ပိုင်းကြီး နှင် ငါ့ဆီဖုန်းဆက်ပြီး မယ် ဘယ်ကကားတစ်စီးပေါ်ပါ သွားသလဲ မသိဘူးဆိုပြီး ပြောတာလေ၊ အဲဒီတုန်းက ငါ ကိုယ်တိုင်လည်း ဒီကိုစည်သာကို သေချာမသိသေးတော့ သူတို့စကော့ဈေးသွားကြမှာဆိုတာ နှင့်ကို ဖော်ကောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာလေ၊ သူတို့ကို နင်မြင်သွားမှာကို မယ်ကြို
ပါမလားလို့ တွေးမိတဲ့ကြားက နင့်ကိုသူတို့သွားတဲ့နေ
ပြောပြလိုက်တာ ...

အဲဒါ ဟိုလူကို သေချာမသိသေးလို့၊ လူကောင်း
ဟုတ်ရဲ့လား၊ စကောဇျေးဆိုပြီး တခြားရောက်သွားမလာ
မယ်က စိတ်တွေလေပြီး စိတ်ထိခိုက်နေတော့ အလွယ်တ
စိတ်ပျော့ပြီး မကောင်းတဲ့လူကို ယုံကြည်မိရင် ဒုက္ခဆို
နင် လိုက်သွားရင် အနည်းဆုံး နင်စောင့်ရှောက်လို့ရတာ
ဆိုပြီး ငါက ဖော်လိုက်တာ ...

နင်ရောက်လာလို့ နင်တွေ့သွားလို့ မယ် စိတ်ည
မယ်ထင်တာ၊ မဟုတ်ဘူး ဇွေ၊ မယ်က ကျေနပ်တ
နင် တွေ့သွားမြင်သွားတာကို ပိုအားရနေတာ၊ နင့်
နာကြည်းနေတာအပြင် နင်လည်း ထပ်တူပြန်ခံစားရပါ
ဆိုတဲ့ လက်စားချေလိုမှုကပါ ရောပါနေတာ၊ အဲဒါပါ
ထပ်ကွမ်းပေါင်းတော့ မယ်ဟာ ခေါင်းမာမာနဲ့ သူလုပ်
တာကို ခပ်မြန်မြန်ပဲ ဆုံးဖြတ်ချလိုက်တာပဲ"

"ဘာကိုလဲ"

"မယ်က ကိုစည်သာ့ကို ခေါင်းညိတ် အဖြေပေးလိုက်ပြီ

"ဘာ"

"အေး ... ကိုစည်သာ့ကို လက်ခံလိုက်ပြီ၊ သူတို့ချစ်သူ
ဖြစ်နေပြီ"





"ဟာ ... မဖြစ်နိုင်တာ၊ ငါနဲ့ သူနဲ့ ပြဿနာစတက်တာမှ တစ်လခွဲလေးပဲ ရှိသေးတယ်၊ ဒီလူနဲ့ နောက်မှတွေ့တာ မဟုတ်လား"

"နင်နဲ့ ပြဿနာတက်မယ့်နေ့မှာပဲ သူတို့နှစ်ယောက်စသိတာ၊ တစ်နေ့တည်းပဲ"

"အဲဒါဆိုရင်တောင် တစ်လခွဲပဲ ရှိသေးတာ"

"ဟုတ်တယ်၊ သူက ခပ်မြန်မြန်ပဲ ဆုံးဖြတ်လိုက်တာ ဇွေ"

"ဟာ ... ဘယ်ဖြစ်မလဲ၊ အဲလိုလုပ်လို့၊ ပြီးရင် သူပဲ စိတ်ဆင်းရဲရမှာ၊ သူ့ဆုံးဖြတ်ချက်မြန်မှု အမှားကို သူပဲခံရမှာ"

"သူ့ဆုံးဖြတ်ချက်မှားဖို့ သူ စိတ်ဆင်းရဲဖို့တွေဟာ မဖြစ်နိုင်လောက်ဘူး ဇွေ၊ အဲဒီ ကိုစည်သာကို သူ မိတ်ဆက်ပေးလို့ ငါ မြင်တွေ့ စကားပြောဆိုပြီးပြီ၊ နင် စိတ်ဆိုးရင်လည်းဆိုး ကိုစည်သာဟာ တကယ့်လူကောင်း Gentleman တစ်ယောက်ပဲ၊ မျိုးရိုး၊ အကျင့်စာရိတ္တ၊ ပညာ၊ ပစ္စည်းဥစ္စာ ဘာတစ်ခုမှ ပြောစရာ အပြစ်မရှိတဲ့အပြင် မယ့်ကို အရမ်းချစ်တယ် ...

နင့်အကြောင်း နင့်နဲ့ မယ့်အကြောင်းလည်း သူက,ကြီးကနေ အ,အထိ အားလုံးသိပါတယ်၊ ကြည်ဖြူတယ်၊ ကျေနပ်တယ်၊ နားလည်မှုရှိတယ်၊ နှစ်သိမ့်ပေးနိုင်တယ်၊ အထူးခြားဆုံးက ဒီလူဟာ မယ့်ကို ပျော်ရွှင်အောင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအောင် ထားနိုင်စွမ်းရှိတယ်ဟာ၊ ဒီအချက်[illegible]
ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ပါဘူး ဇေဌ၊ စေတနာ[illegible]
တွေ မေတ္တာတွေ အကြင်နာတွေနဲ့ပဲ ဆိုင်ပါတယ် ...

မယ် နင့်ကို အကြာကြီး ခွင့်လွှတ်သည်းခံခဲ့ စိတ်[illegible]
ရှည်ခဲ့ အနွံတာခံပေးခဲ့လို့ မယ်ဟာ တူသောအကျိုး[illegible]
ပြန်ခံစားရသလား မသိဘူး၊ ဒီလူဟာ အဲဒီအတိုင်း မယ့်[illegible]
ခွင့်လွှတ်တယ် သည်းခံတယ်၊ စိတ်ရှည်တယ် နားလည်[illegible]
တယ် အနွံတာခံတယ်၊ အောက်သက်ကြေတယ်၊ မယ်[illegible]
အတွက် ဘယ်ဘက်ကမှ ဘာတစ်ခုမှ လိုလေသေး[illegible]
အောင် ချစ်မြတ်နိုးနိုင်စွမ်းတဲ့ လူတစ်ယောက်ပဲ၊ အဲဒါ[illegible]
တွေ့ရတော့ သူ့ကို ဆုံးဖြတ်ချက် မြန်ရသလား ရယ်[illegible]
ပါလည်း အပြစ်မတင်သာတော့ဘူး ဇေဌ"

"... ..."

"ဇေဌ"

"... ..."

"ဟဲ့ ... ဇေဌ၊ နင် ရှိသေးလား"

ဇေဌက မဖြေတော့ပဲ ဖုန်းကိုပုခက်ပေါ် တင်လိုက်ပါသည်။

မှန်ရှိုးကော့စ်ပေါ် တံတောင်ထောက်ထားတဲ့ လက်[illegible]
ဖက်ထဲ နားထင်နှစ်ဖက်ကို ညှပ်လိုက်ပြီး လက်တွေက ဖ[illegible]
ရှုပ်ပွနေတဲ့ ဆံပင်တွေကို ထိုးသွင်းဆွဲဖွနေမိသည်။





"ပြီးပြီလား၊ ပြီးရင် ဖယ်ပေးလိုက်ဦး၊ နောက်မှာစောင့်နေတဲ့လူ ရှိတယ်"

ဇေဌက နောက်ကိုလှည့်ကြည့်ကာ ဘေးကိုတိုးရွှေ့လိုက်ရင်း ...

"ဘယ်လောက်ကျလဲ"

"အခုပြောတာ ခြောက်ရာ့ငါးဆယ်"

"အရင် အကြွေးကရော"

ဆိုင်ရှင်က ဆပ်မှာမို့လို့လား ဆိုတဲ့ပုံနှင့် မှတ်ခမ်းချက်ရှဲ့ရင်း ...

"သုံးထောင့်နှစ်ရာ ကျန်တယ်"

"ဘာ ... များလှချည်လား"

"ဟုတ်တယ်လေ၊ မနေ့က နှစ်ကောလ်ခေါ်တာ ကိုးရာကျော်"

"ဟိုးရှေ့တစ်ရက်က တစ်ခါ အကြွေးဆပ်ပြီးပြီလေ"

"အဲဒါကြောင့် သုံးထောင့်နှစ်ရာပဲ ကျန်တာပေါ့၊ မင်းနေ့တိုင်း ဆက်နေတာပဲဟာ၊ အဲဒီရှင်းတဲ့နေ့တုန်းက သုံးထောင့်ရှစ်ရာကျတာ လေးထောင်ပေးပြီး ပိုတာယူလိုက်လို့ မင်းပြောသွားတာလေ၊ အဲဒါ မှတ်ထားပေးတယ်၊ အခုသုံးထောင့်နှစ်ရာရယ် ခြောက်ရာ့ငါးဆယ်ရယ် သုံးထောင့်ရှစ်ရာငါးဆယ်၊ အဲဒီထဲက နှစ်ရာပြန်နုတ်၊ သုံးထောင့်ခြောက်ရာ့ငါးဆယ် ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မှတ်ထားလိုက်"

"အင်းပါ ... မှတ်ထားပြီးနေပါပြီ"

ဇေဋ္ဌက မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်ပွတ်ထ
သူ့ကိုငွေရဖို့ထက် မြန်မြန်ထွက်သွားရင်အေးရောလို့ သဘောထ
ပုံရတဲ့ ဆိုင်ရှင်အန်တီကြီးရဲ့မျက်နှာရှုံ့ရှုံ့ကို တစ်ချက်ကြည့်ထ
ထွက်လာခဲ့ပါသည်။ လူကယိုင်တိုင်တိုင် ဖြစ်ချင်ချင်။ ဟိုတစ်ေ
က အကြွေးဆပ်တဲ့ နေ့တုန်းက သူ့ရဲ့ဂျင်းဂျာကင်အနှိုကျိတစ်ထ
ကို သွားရောင်းပစ်လိုက်လို့ ပိုက်ဆံတစ်သောင်းကျော် ရလာ
ဆပ်နိုင်တာ။ ဖုန်းကြွေး၊ ထမင်းကြော်ဆိုင်အကြွေး၊ ကုန်စုံဆိုင်
ခေါက်ဆွဲခြောက်ထုပ်အကြွေး။

လူလည်း ခေါက်ဆွဲခြောက် ဈေးပေါပေါနှင့် မြ
သောက်ရှလွန်း၍ ဆံပင်တောင် ခေါက်ဆွဲလို ကောက်ကွေးထ
ပြီလား ထင်မိသည်။ အရက်ဆိုင်ကြွေးတွေတောင် ကျန်သေးသ
ခုနောက်ပိုင်းရက်တွေမှာ အရက်ဆိုင်မှာ တကာတစ်ယောက်မဟု
တစ်ယောက် တွေ့ရကာ ကြွေးထပ်မတင်။ သူ့ကို ဂစ်တာ
ကောင်းမှန်းသိကြတဲ့ ရပ်ကွက်ထဲက ကာလသားကြီးငယ်တို
ခင်မင်ရင်းစွဲရှိကာ သူတို့သောက်နေတဲ့အထဲ ထည့်တိုက်ထေ
ကြသည်ဖြစ်ရာ အရက်အလကားသောက်ခနရပါသည်။

ခုနောက်ပိုင်း သူ့မှာ ထမင်းမစားတဲ့ရက်သာ ရှိ
အရက်မသောက်ဖြစ်တဲ့ရက်ကတော့ မရှိသလောက်ပင်။ ဆိုင်
ရယ် အိမ်မှာရယ် ဒါပဲကွဲပြားသည်။ ဆိုင်မှာဆိုရင် တကာရှိသ





အိမ်မှာတော့ ကိုယ့်ဟာကိုယ် ပိုက်ဆံရှိမှ ဝယ်လာပြီးသောက်။ သူ တီးလက်စစားသောက်ဆိုင်ကိုလည်း လုံးဝမသွားဘူးတော့ မဟုတ်။ တချို့ရက်တွေ သွားသည်။ တချို့ရက်တွေ မရောက်ဖြစ်။

ဒီနေ့တော့ ဆိုင်မန်နေဂျာက သူ့ကို အတော်ကြိမ်းမောင်းကာ အလုပ်ဖြုတ်ပစ်လိုက်ပါသည်။ သူ့နေရာမှာ တီးခတ်မည့် ဂစ်တာသမားပင် ဆိုင်က ရှာဖွေခန့်ထားပြီးပြီ။ လူစားထည့်ထားပြီ။ နောက်တစ်ဆိုင်ရှာရင်ရှာ ဒါမှမဟုတ် သူ ဘာလုပ်ရမလဲ။

"ဟာ ... ခင်ဗျား မမြင်ဘူးလားဗျာ"

ဒုန်းခနဲ ပခုံးချင်း ဝင်ဆောင့်ပြီး တစ်ဖက်က ခပ်ဆတ်ဆတ် အော်လိုက်မှ သူ အသိဝင်လာသည်။

"နည်းနည်းပါးပါး ကြည့်လျှောက်ပါလားဗျာ၊ ဘလိုင်းကြီးဝင်တိုက်တယ်"

"မတော်တဆ ဖြစ်တာပါကွ၊ မင်းက ဘာလုပ်ချင်လို့လဲ"

တိုက်မိတဲ့ကောင်လေးဘေးမှာ ပါလာသော တခြားကောင်လေးက ...

"ဟေ့ကောင် ... မိုးကျော်၊ ထားလိုက်ပါကွာ၊ ကိုဇေဋ္ဌ ... အစ်ကို မူးလာလား၊ အိမ်လိုက်ပို့ပေးရမလား၊ ရလား"

"ဟေ့ ... မင်းက ဘယ်ကလဲ"

"ကျွန်တော် ရှေ့ကအဆောင်ကလေ၊ လာ ... ကျွန်တော် အစ်ကို့ကို ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မလိုဘူး၊ ရတယ် ညီလေး၊ ကျေးဇူးတင်တယ်၊ ရတယ်၊ မင်း သွားနိုင်ပြီ"

ဖေငွေက ရှေ့ကို ဆက်လျှောက်လာခဲ့ကာ လမ်းမှာတွေ့တဲ့ ခဲလုံးတွေ အမှိုက်တွေကို အငြိုးတကြီး ကန်လာသည်။ လူကပြုံးမဲ့မဲ့။ ရင်ထဲမှာတော့ နာကျင်နေပါသည်။ ဒီတစ်ကြိမ်တစ်ခါကလေးပဲ သူ့မှားတာကို သူ့ကိုသိပ်ချစ်တယ်ဆိုတဲ့ မယ်ခွင့်မလွှတ်ဘူးတဲ့လား။ မယ်ရယ် ... နောက်တစ်ယောက်ကိုတောင် လက်ခံ ခေါင်းညိတ်လိုက်ပြီတဲ့လား။ မြန်ဆန်နိုင်လှချည်လား။ အပြောင်းအလဲ မြန်လှချည်လား။ ရက်စက်လှချည်လား။

"အစ်ကို ... အစ်ကို ... ဟာ ... အစ်ကို ဘယ်လိုဖြစ်တာလဲဗျာ"

"ဟော့ကောင် ... ဘာလဲ ... ဘယ်သူလဲကွာ"

"ကျွန်တော် ကိုဆွေလေဗျာ၊ အစ်ကိုကလည်း၊ ကျွန်တော့်တောင် မမြင်တော့ဘူးလား၊ လာ ... လာ ... ကျွန်တော့်ပခုံးကိုဖက်၊ ကျွန်တော် အပေါ်လိုက်ပို့မယ်"

ကိုဆွေသည် နယ်ကလာတဲ့ ဖေငွေရဲ့ ညီနှစ်ဝမ်းကွဲတော်တဲ့ ကျောင်းသားလေးပင်။ လတ်လတ်လိုပင် ဖေငွေနှင့် မယ့်ကို အချစ်ကြီးတာလည်း သိခဲ့ရသည်။ ခုလိုကွဲပြတ်သွားတာကိုလည်း သိနေရ၍ အစ်ကို့အတွက် စိတ်မချမ်းသာနိုင်လှ။ အပေါ်ဆုံးထပ်အထိ တွဲတင်ပေးခဲ့ကာ ...





"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ အစ်ကို၊ တစ်ခုခုစားမလား၊ ဝယ်ပေးရမလား"

"ဟင့်အင်း ... ဘာမှဝယ်ပေးဖို့ မလိုပါဘူးကွာ၊ မင်း ငါ့ကို ကူညီချင်ရင် မင်းအစ်မ ရှင်ဒွေးမယ်ကိုပဲ ကူညီပြီး တောင်းပန်ပေးပါကွာ၊ ငါ နောက်ကို မမိုက်တော့ပါဘူးလို့"

ကိုဆွေက ဖေငွေကို စိတ်မကောင်းစွာ ငြိမ်ပြီးကြည့်နေမိပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၉

မယ်သည် ဖုန်းပြောနေရင်းတန်းလန်းက ဝင်ပေါက် မှန်တံခါးမကြီးမှ ဝင်လာသူတချို့ကို လှမ်းမြင်လိုက်ရပါသည်။

"ကိုစည်သာက အဖြစ်နိုင်ဆုံး ဈေးကိုပဲ သေချာတွက်လျှော့ ပေးပါဆိုလို့ ကျွန်တော်တို့ သေချာပြန်တွက်ထားတာပါ ညီမ"

"ဟုတ်ကဲ့"

"အောက်ထပ် မြေညီကိုတော့ ရှစ်ရာ့လေးဆယ်နဲ့ပေါ့လေ။ ခန်းလုံးပြည့် ကျောက်ပြားအကြီးခင်းအပြီး နံရံကိုလေးဆေ ကြွေပြားအမြင့်ပါအပြီးပေါ့၊ ပထမထပ်ဆိုရင်တော့ အဲဒီ အခြေအနေအတိုင်း လေးရာ့လေးဆယ် ကျွန်တော်တို့လုပ် ပေးမယ်"

"ရှစ်ရာ့လေးဆယ်နဲ့ လေးရာ့လေးဆယ်"

"ဟုတ်ကဲ့"





"မြေညီက ရှစ်ရာ့လေးဆယ်ဆိုတာ များလိုက်တာ"

"မများဘူး ညီမ၊ ဒါ ကျွန်တော်တို့လည်း ကြိုပို့ငွေဈေးပဲ တွက်ပြီးပေးထားတာပေါ့၊ အခုက ပဋ္ဌမလွှာ တက်နေပြီဆို တော့ ညီမ အများကြီးလည်း ထပ်စောင့်စရာ မလိုဘူးလေ၊ နှစ်မကုန်ခင် အပြီးအပ်မှာ၊ ဝယ်သူနဲ့ သေချာရင် မြေညီပဲ ဖြစ်ဖြစ် ပထမထပ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက်က ပြင် ဆင်ရေး,စ,ဝင်ထားနိုင်ပြီ"

"မြေညီတော့ များလွန်းပါတယ်၊ ပထမထပ်ကရော မလျှော့ နိုင်တော့ဘူးလား"

"ညီမ ... ပေအစိတ် ပေခြောက်ဆယ်လေ ညီမ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ လေးရာကျော်ကြီး ဆိုတာတော့"

"ဟဲ ဟဲ ဟဲ ... လေးရာကျော်ကြီး မဟုတ်ပါဘူးဗျာ၊ ငွေ လေးရာဆိုတာ ကိုစည်သာအဖို့ ပါးပါးလေးပါဗျာ၊ ညီမက နောက်နေပြန်ပြီ ... ဟဲ ဟဲ"

ကိုစည်သာ အဖို့တော့ ပါးရင်ပါးမှာပေါ့လေ။ မယ့် အတွက်တော့ အလုံးနင်စရာကြီး။ ခုဟာကလည်း ကိုစည်သာက တိုက်တွန်းလွန်း၍ မယ် စဉ်းစားကြည့်ရ ရှိပါသေးသည်။ ကိုစည်သာ က မယ့်ကို ကိုယ်ပိုင် Beauty Saloon တစ်ခုဖွင့်ဖို့ချည်းပဲ တိုက် တွန်းနေပါသည်။

"မယ့်ကို သူများဆိုင်ရဲ့ဝန်ထမ်းအဖြစ် မမြင်ချင်ပါဘူး၊ ကိုယ်တို့ လက်ထပ်ပြီးရင်လည်း မယ့်စီးပွားရေးသီးသန့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူပြောသလိုတော့ ဟုတ်တာပေါ့၊ မယ်ကလ
တစ်သက်လုံး သူများဝန်ထမ်းပဲ လုပ်သွားဖို့ စိတ်ကူးမရှိ
မယ့်အတွက် သီးသန့်ဆိုင်ခန်းလေး ကိုကို ငွေစုကာ စီစဉ်ပေး
ပြောထားသားပဲ။ မြေညီနှင့် ပထမထပ်တို့မှာ ငှားရင်တော
နှစ်ချုပ်နှင့် နည်းမှာမဟုတ်တာ။ အတွင်းမှာ ဖြည့်ဆည်းရ
လုပ်ငန်းသုံးပစ္စည်းတွေနှင့် ငွေက မနည်းဝင်မှာမို့ ကိုကိုလ
ငွေမပြည့်နိုင်သေးတာလေ။

ခုတော့ ကိုစည်သာက နေရာကောင်း လမ်းကော
ကြီးမှာ ဆောက်လက်စ ကွန်စထရပ်ရှင်တစ်ခုကို သွားကြည့်
အဲဒီအခန်းကို မယ်ဆိုင်ဖွင့်ဖို့ ဝယ်လိုက်မည်တကဲကဲ လုပ်
သည်။ အဲဒီနေရာဟာ သူ့ရဲ့ရုံးရှမ်းနှင့်လည်း မနီးမဝေးမို့
ရမည်ဆိုလျှင် ဖေ့ရဲ့လမ်းနှင့်လည်း မနီးမဝေးပါ။ ကိုစည်သ
ရုံးရှမ်းဟာ အစကတည်းက ဖေ့တို့လမ်းအနီးမှာပဲ မဟုတ်လာ

လက်ထပ်ပြီးတဲ့ ဧနီးမောင်နှံတွေ ဆိုရင်တော
ယောကျ်ားက မိန်းမဆိုင်ဖွင့်ဖို့ အခန်းဝယ်ပေးတာ ဘာမှမထူးဆ
ပေမယ့် ခုဟာက မယ်တို့က လက်ထပ်ကြရသေးတာလည်းမဟုတ်

"ဩော် ... မယ်ရယ်၊ လက်မထပ်ရသေးတော့ ဘာထူ
သလဲ၊ မယ် ကိုယ့်ကိုလက်ထပ်မယ် ပြောထားပြီးပြီလေ
မယ် မသေချာသေးလို့လား၊ ပြန်စဉ်းစားချင်သေးလို့လား"

"မစဉ်းစားပါဘူး ကို၊ ကို့ကိုပဲ မယ် လက်ထပ်မှာပါ၊ သေ
ချာပါတယ်"





"သေချာရင် လက်မှမထပ်ရသေးတာလို့ ဘာလို့ ထည့်တွက်နေလဲ၊ မယ်က တကယ်လို့ လက်ထပ်ဖို့ ပြန်စဉ်းစားဦးမယ်ဆိုလည်း စဉ်းစားပါ၊ ကိုယ် ဘာမှအတင်းအကျပ်ဖိအားမပေးပါဘူး မယ်၊ ကိုယ်က မယ့်ကို စိတ်ချမ်းသာစေချင်တဲ့သူပါ၊ မယ် ပျော်ရွှင်တာပဲ မြင်ချင်တဲ့သူပါ"

မယ်က ကိုစည်သာ့ကို အားနာကြင်နာစွာ ရွှန်းရွှန်းစိုစို ငေးကြည့်ရင်း ...

"ဟင့်အင်း ... ပြန်မစဉ်းစားပါဘူး၊ မယ် ကို့ကိုလက်ထပ်မှာ၊ ကို့နဲ့တွေ့ရတာ မယ် ကံကောင်းတာ၊ ကိုက မယ့်စိတ်နှလုံးကို အမြဲငြိမ်းချမ်းစေတဲ့သူ၊ မယ် ဘာမှပြန်စဉ်းစားစရာ မရှိဘူး၊ ကို ယုံပါ"

မယ်က နှစ်နှစ်ကာကာ ရင်ထဲကလာတဲ့ ယုံကြည်ချက်အတိုင်း ပြောတာပင်။ ကိုစည်သာဟာ အံ့သြစရာကောင်းလောက်အောင် မယ့်ကို ချစ်မြတ်နိုး အလိုလိုက်ကာ နားလည်နိုင်စွမ်းကြီးမားလှတဲ့သူ။ ငယ်ဘဝက ဖေ့ကို စ,ချစ်ဖူးစဉ်ကလို ဆတ်ဆတ်တုန်တုန် ရင်ခုန်ဖိုလှိုက်ရတာမျိုးနှင့် မတူသော်လည်း မယ် ကိုစည်သာကို ချစ်ပါသည်။ တွယ်တာပါသည်။ အားလည်းကိုးပါသည်။

"ဒါဆိုရင် ဒီအခန်းဝယ်ဖို့ မယ် ဘာဝန်လေးနေလဲ၊ နေရာ ထိုင်ခင်းရော အားလုံး ဒီအခန်းက အဆင်ပြေနေတယ်၊ နေ့လယ်နေ့ခင်း ထမင်းစားဖို့ဆိုရင်တောင်မယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လာလာ ကိုယ်ပဲလာလာ နှစ်ယောက်ဆုံစားဖို့ အနီးကလေး၊ အရေးကိစ္စဆိုရင် ပြေးလိုက်ရုံပဲ၊ ကားတောင် မလိုဘူး၊ မယ် သေချာကြည့်ပြီးဆုံးဖြတ်၊ ဒီနေ့ ကိုခင်မောင်ကျော် ဖုန်းဆက်မယ်၊ မယ်နဲ့ပဲ ပြောလိုက်"

ဒီနေ့ မယ့်အားရက်လည်းဖြစ်၍ စည်သာက မယ့်ကို သူ့ရုံးခန်းသို့ ခေါ်လာတာပင်။ မယ့်ကို ဖုန်းပေးရစ်ပြီး အပေါ်ထပ်မှာ သူ့စတပ်ဖ်တချို့နှင့် အစည်းအဝေးလုပ်ဖို့ တက်သွားသည်။ မယ်က ရှိုးရွမ်းရဲ့ထောင့်က ကောင်တာမြင့်မြင့်ကြီး နောက်မှာ ဝင်ထိုင်ရင်း ကန်ထရိုက် ဦးခင်မောင်ကျော်ထံက ဖုန်းဝင်လာတော့ ဖုန်းပြောနေတာ။

"ကဲ ... မယ်လိုလဲ ညီမရဲ့၊ စိတ်တိုင်းကတော့ ကျစေရမယ်၊ ညီမယူမယ့်အခန်းကို ရေပိုက်လိုင်းသွယ်တဲ့ စစ်တမ်ကိုက တစ်မျိုးပြုပြင်ပေးရမှာလေ၊ ခေါင်းလျှော်မယ့်နေရာမျိုး၊ ပေါင်းတင်တဲ့နေရာမျိုး၊ အိပ်စင်ရှိတဲ့နေရာတွေမှာ ပိုက်လိုင်းသီးသန့် ဆွဲပေးရမှာ မဟုတ်လား၊ ညီမအခန်းရွေးပြီးရင် အင်တီးရီးယားဒက်ကရေးရှင်းသမားနဲ့ ဆိုင်တွင်းဒီဇိုင်း အပ်လိုက်လေ၊ ဒီ,ဒီဇိုင်းအတိုင်း ကျွန်တော်တို့ပြင်ပေးရမယ့်အပိုင်း တစ်ခါတည်းပြင်ပေးမှာ၊ ရေရော မီးရော သူများနဲ့မတူ လိုင်းသီးသန့် ဆင်ပေးမှာ"

"ဟုတ်ကဲ့ ... ကျွန်မ သိပါတယ်၊ ကျွန်မကလည်း ဈေးနှုန်းကို စဉ်းစားနေတာပါ"





"ဈေးနှုန်းက ဘယ်သူမှ ဒီလောက်ထိ လျှော့မပေးတဲ့ဈေးနဲ့ ကျွန်တော် လုပ်ပေးမှာနော်၊ ကိုစည်သာမို့လို့၊ ညီမ ဘာမှထည့်စဉ်းစားဖို့ မလိုဘူး"

"မဟုတ်ဘူး၊ ကျွန်မက ဈေးတန်မတန်ကို ပြောနေတာ မဟုတ်ပါဘူး၊ ဦးခင်မောင်ကျော်တို့ လျှော့ပေးတာလည်း သိပါတယ်၊ ငွေ ဒီလောက်မြုပ်ပြီး သုံးထားပြီး ဆိုင်ဖွင့်သင့်ရဲ့လားလို့ပါ"

"ညီမတို့ ဒီအခန်းကို မလိုတဲ့တစ်နေ့ ပြန်ရောင်း မြတ်ဦးမှာ၊ ထားကောင်း ရောင်းစွံနေရာတွေ၊ လိုချင်တဲ့သူတွေ နားစွင့်နေတာ၊ ကျွန်တော်က ကြိုပြီးနှံ့မရောင်းဘူး ပြောထားနှင့်လို့ ခုထိရှိနေတာ၊ ကိုစည်သာ အခန်းရှာတယ်ပြောလို့ ကျွန်တော် ရောင်းဖို့စဉ်းစားတာ၊ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ ငွေမလိုဘူး ညီမ၊ အားလုံးပြီးမှ ရောင်းရင် မြေညီက ထောင်ကျော်ရပါတယ်"

"ဟုတ်ပါတယ်၊ အဲဒါလည်း ကိုစည်သာ ပြောပါတယ်၊ ကျွန်မကိုက ငွေတွေတအားသုံးပြီး ဆိုင်စ,ဖွင့်ရမှာကို နှမြောနေတာ"

"တတ်နိုင်လို့သုံးတာပဲ ညီမရယ်၊ ဘာဖြစ်လဲ၊ ဝယ်ထားတာက ငွေမပျောက်ပျက်ဘူး၊ အချိန်မရွေး အမြတ်နဲ့ပြန်ထုတ်လို့ ရတယ်၊ ဒီအခန်းမျိုး ညီမ ငှားမယ်ဆိုရင် မြေညီက ရစ်သိန်း ကိုးသိန်းရှိတယ် ညီမ၊ နှစ်ချုပ်နဲ့ဆိုရင် သိန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာက ပလုံခနဲမြည်ပြီး ပျောက်သွားပြီ၊ ငှားလုပ်ရ
က နှမြောဖို့ကောင်းတာ ...

ဝယ်ဖို့ငွေမပြည့်တဲ့သူတွေသာ ငှားလုပ်ဖို့ စဉ်း
ရတာပါ ညီမရယ်၊ ကိုယ့်လက်ထဲ ငွေပိုတွေ ရှိနေရက်
ငှားဖို့ကိစ္စ ဘာလို့စဉ်းစားမလဲ မဟုတ်ဘူးလား၊ အဲဒါ
ဖြုန်းတီးပစ်သလို ဖြစ်သွားတာ၊ ဆိုင်ဝင်ငွေက ငှားခနဲ့
တော့ ဘာမှမကျန်ခဲ့တော့ဘူးလေ"

"ဟုတ်ပါရဲ့၊ ဦးခင်မောင်ကျော် ပြောတော့လည်း ငှာ
နှမြောပြန်ရော"

"ဘာမှ မစဉ်းစားနဲ့တော့၊ တစ်ခန်းယူလိုက်၊ ပထမထပ်
ယူ မြေညီယူယူ၊ ငွေသိပ်မြုပ်မှာ နှမြောရင်တော့ ပထ
ထပ်ယူ၊ ဒက်ကရေးရှင်းလုပ်ဖို့နဲ့ ဆိုင်သုံးပစ္စည်းတွေဝ
ဖို့လည်း ငွေဝင်ဦးမှာဆိုတော့ ဒီလောက် နှမြောနေရင်လည်
ပထမထပ် ယူလိုက်ပေါ့ ညီမရယ်၊ တကယ်က
ကိုစည်သူ့အတွက်က မြေညီတောင်မှ ကလေးကစားစရာ
လောက် ရှိမှာပါ"

"ကဲ ... ကဲ ... ကျွန်မ ပြန်ဆက်ပြီး အဖြေပေးပါမ
ဦးခင်မောင်ကျော်၊ သူ အစည်းအဝေးက ထွက်လာရင်လည်
တစ်ချက် ပြန်တိုင်ပင်လိုက်ဦးမယ်၊ ကျေးဇူးတင်ပါတယ်
နော်"

"ကောင်းပါပြီဗျာ"





မယ်သည် ဖုန်းကိုပိတ်ကာ ချထားလိုက်ရင်း သူ့ထံ
ကွက်ကြည့် ကွက်ကြည့် ခိုးကြည့်နေသော ကောင်လေးကို လှမ်း
ကြည့်နေမိပါသည်။ ဆိုင်ထဲဝင်လာကတည်းက သူလည်းမြင်
ယ်လည်းမြင်။ မယ် နှုတ်ဆက်ရမှာလား နှုတ်ဆက်သင့်သလား။
သူ့အစ်ကိုနဲ့ ပြတ်တဲ့အတွက် သူ့အစ်ကိုနဲ့ ဆက်စပ်သိကျွမ်းသမျှ
လူတွေကို လမ်းတွေ့ မသိချင်ယောင်ဆောင်ရမယ်ဆိုရင် လူကြီး
ဆန်ပါ့မလား။

အဲသလို လူကြီးမဆန်ဘဲ ကလေးဆန်မှာစိုးပြီး
အဲဒီ ဇေဌနဲ့ ပတ်သက်သိကျွမ်းသမျှ လူတွေအားလုံးကို ခေါ်ခေါ်
ပြောပြော ဆက်လုပ်နေတော့ရော သင့်တော်ပါ့မလား။ မယ့်မှာ
ဝေဇဝါ စိတ်ရှုပ်ထွေးနေသည်။

အို ... မသင့်တော်တာ မရှိလောက်ဘူး ထင်ပါရဲ့။
ကလေးကြီးတစ်ယောက် စိတ်ကောက်သလို မမြင်ချင်ယောင်ဆောင်
ပြီး နှုတ်ပိတ်ကြီးနဲ့တော့ ကလေးကလား မနေချင်ပါဘူး။ မယ်
က အဲသလိုပဲ ဆုံးဖြတ်လိုက်ကာ ကောင်တာမြင့်မြင့်နောက်က
ထလည်ခုံမြင့်မြင့်ဆီက ဆင်းလိုက်ပြီး ခင်းကျင်းထားတဲ့ ပစ္စည်း
တွေကြားက ကိုဆွေတို့ ရှိနေတဲ့ နေရာဆီ လျှောက်လာခဲ့ပါသည်။

"ကိုဆွေ"

"အစ်မ"

သူကလည်း တွေ့ပြီးဖြစ်သဖြင့် ကိုဆွေက ချက်ချင်း
ငင် လှည့်နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆွေ ဘာလာဝယ်လဲ"

"ဪ ... ကျွန်တော်တို့ ရုံးအတွက် ရေခဲသေတ္တာထဲ လုံး ဖရီဇာတစ်လုံး ရုံးကဝယ်ခိုင်းလို့ပါ"

"ဪ ... ကိုဆွေ အလုပ်ဝင်နေလား"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် ဒီနှစ် အစေးသင်ပြောင်း ထားတယ်၊ အလုပ်လည်း ဝင်လျှောက်လိုက်တာ ရသွား တာနဲ့"

"ဘာကုမ္ပဏီမှာလဲ ကိုဆွေ"

"'......'ပါ၊ တိရစ္ဆာန်အစာတွေ ဆေးတွေ သွင်းပြီးရောင်း တဲ့ ကုမ္ပဏီပါ အစ်မ၊ ကုမ္ပဏီရုံးကလည်း အသစ် အဲဒါ အခု ရုံးသုံးဖို့ ရုံးကနမူနာဆေးစင်ပယ်လ်တွေထား ဖို့ ဖရီဇာနဲ့ ဖရစ်ချ်နဲ့ ရုံးကဝယ်ခိုင်းလိုက်တာ"

"ဪ"

ကိုဆွေက မယ့်ကို ဖေဖေ့ဝေါကြည့်ရင်း ...

"အစ်မက ဒီရှိုးရွမ်းမ်နဲ့ ! ... ခုနက ကောင်တာနောက် ထိုင်နေတာ မြင်လိုက်လို့"

"ဪ ... ဒါ အစ်မမိတ်ဆွေရဲ့ ကုမ္ပဏီပါ၊ ဒီနေ့ အား ရက်လည်းဖြစ်လို့ ရှိုးရွမ်းမ်ကို လာလည်တာပါ"

"ဪ ... မသိပါဘူး၊ ကျွန်တော်က အူကြောင်ကြောင်ဖြစ် သွားတယ်၊ အစ်မ အရင်ဆိုင် Fascination မှာပဲပေါ့"

"ဟုတ်တယ် ကိုဆွေ"





စကားစပြတ်သလို ဖြစ်သွားသော်လည်း မယ်က အဲဒီနားပဲ ဆက်ရပ်နေမိသည်။ ကိုဆွေ့ထက် ရာထူးကြီးပုံရတဲ့ အတူလာသူက ဒီကပစ္စည်းတွေ ရှင်းလင်းပြသနေသူနှင့် ပြောဆို နေရာ ကိုဆွေကတော့ နောက်မှလိုက်ပါရုံမို့ နှုတ်ဆိတ်ငြိမ်သက် နေသည်။ မယ်ကလည်း ထွက်မသွား။ မယ်နှင့် ကိုဆွေသည် တစ်ယောက်ကို တစ်ယောက် ကြည့်မနေသော်လည်း တစ်ယောက် အရိပ်အကဲ တစ်ယောက်ခတ်နေသလို ဖြစ်နေပြီးမှ ...

"အစ်မ"

"......"

"အစ်မနဲ့ အစ်ကို ပြတ်သွားတယ်ဆို"

မယ်က ဘာမှမဖြစ်သလို ပုံမှန်ဖြစ်စေရင်း ...

"အင်း ... ဟုတ်တယ် ကိုဆွေ"

"ကျွန်တော် ယုံတောင် မယုံဘူး"

"ဒါ ဘာမှ ဒီလောက်လည်း မထူးဆန်းပါဘူး ကိုဆွေ"

"ထူးတော့ မထူးဆန်းပါဘူး၊ အဖြစ်အပျက်က ဘာမှမထူး ဆန်းပေမယ့် အဲဒီအဖြစ်အပျက်ထဲက ကာယကံရှင်တွေက အစ်ကိုနဲ့ အစ်မ ဖြစ်နေတာ ဆန်းတာပေါ့၊ အစ်မတို့ နှစ် ယောက်ကိုဆို အရမ်းချစ်ကြတာလို့ ကျွန်တော်က သတ်မှတ် ထားတာ၊ သူငယ်ချင်းတွေထဲမှာတောင် ငါတို့အစ်ကိုစုံတွဲ ကဆိုပြီး ကြည်နူးစရာ အဖြစ်အပျက်ကလေးတွေ ပြန်ပြော ပြဖူးခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အစ်မကို ကျွန်တော်တောင်းလို့ အစ်မပေးဖူးတဲ့
ဓာတ်ပုံလေ၊ အစ်ကိုနဲ့ အစ်မနဲ့ ထီးကျားလေးအောက်က
ခုံတန်းလေးတစ်ခုမှာ ထိုင်နေတဲ့ပုံဆိုရင် နယ်က ကျွန်တော်
အမေဆီပို့ပြီး အစ်ကို့ချစ်သူ ဆိုပြီး ပြလိုက်တော့ အမေ
လေ သူ့တူရည်းစား ဘယ်လောက်ချောတယ်၊ ချစ်စရာ
ကောင်းတယ်ဆိုပြီး တစ်မြို့လုံး တစ်နယ်လုံး ပြကြွားတာ
အမျိုးတွေထဲကတောင်မကဘူး အနံ့ကိုသိလို့၊ အစ်မနဲ့ အစ်ကို
မကြာခင် လက်ထပ်ကြမယ်လို့ပဲ ကျွန်တော်တို့ သိထားတာ
ကိုး"

မယ်က ကတုန်ကယင်ဖြစ်လာတဲ့ ကိုယ့်စိတ်ကို
ကိုယ်ထိန်းရင်း ...

"ဒါတွေက ပြီးသွားပါပြီ ကိုဆွေရယ်၊ ချစ်သူတွေဆိုတာ
လက်ထပ်ဖြစ်ကြရင်တော့ အရင်းချာဆုံး ပတ်သက်သူ
ပေါ့၊ ကွဲကွာသွားကြရင်တော့ သူစိမ်းလုံးလုံးပါပဲ"

"ကျွန်တော် ဟိုတလောကမှ သိတာ"

"သုံးလလောက်တောင် ရှိပါပြီ၊ ပြီးသွားတာ"

မယ်သည် ဆယ်တန်းအောင်ပြီးကာစ ရန်ကုန်ရောက်
ရောက်ချင်းတုန်းက ကလေးတစ်ပိုင်း ပုံစံလေးသာ ရှိသေးတဲ့
ကိုဆွေ့ကို ရံဖန်ရံခါ မုန့်ဖိုးတွေ ဘာတွေတောင် ပေးဖူးခဲ့တာ
အစ်မကြီးတစ်ယောက်ကဲ့သို့ ဖြစ်နေကာ သူမကို ကိုဆွေ ချစ်ခင်
တယ်ဆိုတာလည်း သိပါသည်။





"စိတ်မဆိုးကောင်း မဖြစ်ပါနဲ့ ကိုဆွေ၊ ဒီလိုပေါ့၊ တစ်သမတ်
တည်း မြဲတတ်တဲ့အရာတွေမှ မဟုတ်တာ၊ ခုလိုဖြစ်ရတာ
လည်း နှစ်ဦးနှစ်ဖက် လိုအပ်ချက်တွေ ရှိကြတာပေါ့
ကိုဆွေရယ်၊ လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မမြည်
ဘူးဆိုသလို ဂျိုက် ... ဂျိုက်ချင်းမို့ ချိုက်မိတာ ဆိုသလိုပေါ့
နော်၊ သူ့အမှား ကိုယ့်အမှား သူ့အလွန် ကိုယ့်အလွန်တွေ
ရှိကြတဲ့ထဲမှာ သည်းမခံနိုင်စရာတွေ ဖြစ်လာတော့ စိတ်
သဘောကွဲလွဲကြရတယ်ပေါ့ကွယ်၊ ဒါပါပဲ"

မယ်သည် ဇေဗ္ဗကိုလေးစားတဲ့ ညီကလေးရှေ့ ဇေဗ္ဗ
ပြစ်တို့ကို ပုံချမပြောလိုပါ။ သူတို့အမျိုးတွေထဲမှာလည်း ဇေဗ္ဗ
တာ ဒီလို ဒီလိုဆိုတဲ့ စကားတင်းတွေ မပျံ့ပွားစေလိုပါ။ ကိုယ့်
မေထံမှာ ကိုယ့်သူငယ်ချင်းထံမှာ ကိုယ့်ဘက်က လူတွေထံမှာ
ဖြစ်မှန်ကို ပြောဖို့ဝန်မလေးပေမယ့် ဇေဗ္ဗရဲ့ လူမှုပတ်ဝန်းကျင်
က်ခြမ်းမှာတော့ ဇေဗ္ဗရဲ့ မကောင်းမှုသတင်းကို မဖြန့်ဝေလို
ေ။

"အစ်မ ... အစ်ကိုက ပြောပြပြီးပါပြီ"

"... ..."

ကိုဆွေ့စကားက မယ့်ကို နှုတ်ဆွံ့သွားစေခဲ့သည်။

"အစ်ကိုက အဖြစ်အပျက်ကို ပြောပြပြီး ကျွန်တော့်ကို
တောင် တစ်သက်လုံးအတွက် သင်ခန်းစာယူဖို့ မှတ်ဖို့
ဆုံးမပြီးပါပြီ၊ ကျွန်တော့်အလှည့်ကျရင် ချစ်သူအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တာနဲ့ ပေါ့တီးပေါ့ပျက် သစ္စာဖောက်မိသလို မဖြစ်ဖို့ ထိန်းဖို့ သေသေချာချာ တဖွဖွပြောနေတာ၊ ဖြစ်နိုင်ရင် အရက်မမူးဖို့"

မယ် ခေါင်းကလေး ငုံ့ကျသွားရကာ ရင်ထဲမှာ လှိုက်ခနဲ ဆို့သွားရသည်။

"အရက်မမူးဖို့ ဆုံးမနေတဲ့သူက အရက်တွေ မူးနေလိုက်တာ၊ အစ်ကို တော်တော် ဆိုးပေနေတယ် အစ်မ၊ အချိန်ပြည့် မူးရူးနေတာပဲ"

"ဒါတွေ လာမပြောတော့နဲ့ ကိုဆွေ၊ သူ ကလေးမဟုတ်ဘူး၊ သောက်စား မူးရူးနေတာကို အသည်းကွဲလို့ပါလို့ ပုံချနေရင်လည်း လူညံ့ပဲ၊ သူ့ထိုက်သူ့ကံပဲ၊ ဒီအသက်အရွယ်ကြီးပဲ ရှိနေပြီ၊ သူ ကောင်းဖို့ သူဘယ်တော့မှ မကြိုးစား မဆောက်တည်ဘူး၊ ခုဆို ပိုတောင်မှ အကြောင်းပြချက် ကောင်းကောင်း ရနေသေးတာပေါ့"

မယ့်အသံက စိမ်းတောက်နေသည်။

"အစ်ကို နေလည်းမကောင်းဘူး"

"သူ့မိုက်ပြစ် သူခံလေ၊ ဒါပဲပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း သူများခံဖို့ ပြောနေတာ မဟုတ်ပါဘူး၊ အဖြစ်အပျက်တွေကို အာလာပသလ္လာပ သဘောသက်သက်ပဲ ပြောပြနေတာပါ၊ အစ်မကိုပြန်ပြီး ဆွဲဆောင်တဲ့စကားတွေ ပြောနေတာလည်း မဟုတ်ပါဘူး





သိမ်းသွင်းတိုက်တွန်းနေတာလည်း မဟုတ်ပါဘူး အစ်မရာ၊ ပြီးပြီးသားဓာတ်လမ်းမှန်း သိပါတယ်၊ လိမ္မာတဲ့သူက မော်နေနိုင်ပြီး မိုက်လုံးကြီးနေတဲ့ သံပရာသီးကြီးကတော့ ရွဲပြဲပြီး ဖြစ်ချင်တိုင်း ဖြစ်နေတာကို ကရုဏာဒေါသောနဲ့ ပြောနေတာပါ"

"သူ ဒီလောက်စိတ်ဓာတ်ကျဖို့ အားလျှော့ဖို့လည်း မလိုဘူး၊ အသိဉာဏ်ရှိရမှာပေါ့၊ သူ့မှာ မာနရှိတယ်ဆို"

"သူ့မာနက တစ်လွဲမာနဆိုတာ အစ်မ သိပါတယ်၊ အားလုံး သိကြတာပဲ၊ အလုပ်လည်း ကောင်းကောင်းပြန်မလုပ်တော့ ကြွေးတွေလည်း ပတ်လည်ဝိုင်းနေတာပဲ၊ တစ်လမ်းလုံးကဆိုင်တွေမှာလည်း သူ့ကြွေးတွေချည်းပဲ၊ နီးစပ်တဲ့ ဘော်ဒါတွေရော၊ ဟိုးအရင်က '...'ဆိုင်က ကီးဘုတ်တီးတဲ့ ကိုဇော်ကြီးဆိုရင် သူ့ကိုခင်တော့ ပိုက်ဆံပေးပါတယ်၊ ချေးပါတယ်၊ ဟိုတစ်ရက်ကတော့ဗျာ သူ အခုပြောင်းတဲ့ ဆိုင်သစ်ကို ကျွန်တော် ပါသွားတာ၊ အစ်ကိုက အဲဒီနေ့က လက်တွေကိုက်နေတော့ တီးတော့ မတီးနိုင်ဘူး၊ ဆေးခန်းပြဖို့ ပိုက်ဆံနည်းနည်း ကြိုထုတ်ပေးပါလို့ သွားပြောတာ၊ နောက်နေ့မှ လာမယ်ပေါ့ ...

အဲဒီဆိုင်က အစ်ကို့ကိုပြောတဲ့ စကားများ မိုက်တယ်ဗျာ၊ ကျွန်တော် အစ်ကို့လက်ကိုဆွဲပြီး ထွက်လာတယ်၊ အရင်ကဆိုရင် ရိုက်ပွဲပဲ၊ အခုတော့ အစ်ကိုက လူကူမူး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရိဝေရိဝေနဲ့ နာရကောင်းမှန်းတောင် သူ့အသိစိတ် မရှိဘူး၊ စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ”

“ကဲ ... တော်ပါတော့ ကိုဆွေ၊ ဒါတွေ ကြားရတာ အ ဒေါသဖြစ်တယ်”

“ဒါပေမဲ့ အစ်မ တစ်ခုတော့ သိထားပါ၊ အစ်ကိုက အ ကို တစ်လုံးမှ မကောင်းမပြောဘူး၊ ပြောစရာမှ မရှိတာ အစ်မ မပြောနဲ့၊ စိတ်လည်းမနာဘူး၊ အစ်မမှန်တယ် မှားတယ်၊ အစ်မ ခွင့်မလွှတ်တာကိုပဲ ပြောပြောငိုတယ်”

“ဟုတ်တယ်၊ အစ်မ ခွင့်မလွှတ်နိုင်ဘူး ကိုဆွေ၊ အ အရာရာကို အစ်မ ခွင့်လွှတ်ခဲ့ပါတယ်၊ ဒါကိုတော့ လုံ ဘယ်တော့မှ ခွင့်မလွှတ်ဘူး”

“အင်းပေါ့လေ၊ လူတစ်ကိုယ် စိတ်တစ်မျိုး၊ လူဆို ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပဲ၊ ထက်မြက်တဲ့ သူတွေဟ ပိုပြီးတော့တောင် ဆုံးဖြတ်ချက် ခိုင်မာသေးတယ်၊ ကိုယ် လည်း မှန်အောင်နေတယ်၊ သူများအမှားကျူးလွန်တာကို လည်း အလွယ်ခွင့်မလွှတ်ဘူးဆိုတဲ့ လူမျိုးတွေ ရှိပါတယ် အစ်မလိုပေါ့၊ ကျွန်တော် ဘာမှဝေဖန်စရာ မရှိပါဘူ အစ်မရာ၊ အစ်ကို့ကိုလည်း ကရုဏာဒေါသောနဲ့ ဒေါသ သာထွက်တာပါပဲ”

“ကိုဆွေ”

“ဗျာ”





“သူ ... သူ့အဖေအိမ် ပြန်ရင်ရော”

“အဲဒါ ကျွန်တော်လည်း တိုက်တွန်းနေတာပဲ၊ ကျွန်တော် ကလည်း အစ်ကို့အမေဘက်က တော်တာဆိုတော့ အဒေါ် ကလည်းမရှိတော့တော့ ဘကြီးကို မပြောရဲဘူးဗျ၊ အစ်ကို့ ကိုတော့ ပြန်ဖို့ပြောတယ်၊ သူကလည်း ငြင်းတယ်၊ ခေါင်းမာတယ်ဗျာ၊ ဓနေလည်း မကောင်းဘူး၊ အစား အသောက်လည်း မမှန်ဘူး၊ သောက်ကလည်း သောက် တယ်”

“ပိုက်ဆံမရှိဘဲ ဘယ်လိုသောက်လဲ”

“ကိုဇော်ကြီးကိုတော့ သူ့အစ်ကိုလို အနိုင်ကျင့်တယ်လေ၊ ကျွန်တော်လည်း သောက်မှာကို သိသိနဲ့ ထမင်းစားဖို့ဆို ပြီး တောင်းတော့လည်း မပေးဘဲ မနေနိုင်လို့ ပေးရတာပဲ၊ အပေါစားတွေ ချနေတာကို အစ်မကလည်း လေးငါးရာရှိ ရင် မူးနိုင်တာပဲဟာ”

“စိတ်ပျက်ဖို့ ကောင်းတယ်၊ ကဲ ... တော်ပါပြီ ကိုဆွေရယ်”

မယ် သက်ပြင်းတစ်ချက် ချမိတုန်း မယ့်ပခုံးတစ် က်ပေါ် နွေးထွေးတဲ့ လက်တစ်ဖက်က လာရောက်ဆုပ်ကိုင်လိုက် ါသည်။ ကိုဆွေသည် မယ့်ပခုံးပေါ်ကလက်ကိုတစ်လှည့် လက် ိုင်ရှင်ကိုတစ်လှည့် ကြည့်နေသည်။ မယ့်မျက်နှာလေးက နီမြန်း သွားရသော်လည်း မယ်က ထိုလက်ကို ဖယ်ပစ်ဖို့တော့ မကြိုး ားပါ။



www.burmeseclassic.com

www.burmeseclassic.com



"မယ် ဘာတွေ ရောင်းကောင်းနေလဲ၊ အဟင်း ဟင်း"

"ကို ... ဒါ ကိုဆွေတဲ့၊ သူတို့ရုံးဖို ပစ္စည်းလာဝယ်တာ"

"သြော် ... မယ့် အမျိုးလား"

စည်သာက ချော်တိတ်သာသာ ရုပ်လေးကိုကြည့်ကာ တရင်းတနှီး မေးသည်။

"မယ့်မိတ်ဆွေရဲ့ ညီဝမ်းကွဲပါ"

"သြော်"

မယ်သည် ပြောပြီးပြီးချင်းပင် ဖုံးကွယ်သလိုဖြစ်သွားပြီလားရယ်လို့ စိတ်မသိုးမသန့် ဖြစ်လိုက်မိပါသည်။ ကိုဆွေ ရှေ့မှာလည်း ခပ်ရှင်းရှင်းပဲ ဖြစ်လိုကာ ...

"ကို ... ဇွေ့ရဲ့ ညီဝမ်းကွဲလေ"

"သြော် ... ဟုတ်လား"

စည်သာက ဖော်ဖော်ရွေရွေပြုံးရင်း ...

"လိုတဲ့ပစ္စည်းကြည့် ညီလေး၊ မယ့်မိတ်ဆွေတွေဆိုတော့ ဈေးနှုန်းကိုတော့ ညှိပေးမှာပေါ့၊ မယ် စကားပြောချင်ပြော ဦးလေ၊ ကိုယ် အပေါ်ခဏ တက်လိုက်ဦးမယ်"

စည်သာက မယ်နှင့် ကိုဆွေ့လွတ်လွတ်လပ်လပ် ပြောချင်တာ ပြောနိုင်အောင် ရှောင်ထွက်ဖို့ပြင်သည်။

"ပြောလို့ပြီးပါပြီ၊ ကိုဆွေ ... ဒါက ဦးစည်သာမောင်မော် ဒီကုမ္ပဏီပိုင်ရှင်ပါ၊ နောင်လည်း လိုတာရှိရင် လာခဲ့ ကိုဆွေ၊ အစ်မ အပေါ်ခဏ တက်လိုက်ဦးမယ်"





"ဟုတ်"

မယ်က ကိုစည်သာနှင့် ပတ်သက်မှုကို မိတ်ဆက်မပေးခဲ့တော့ပါ။ မိတ်ဆက်ဖို့လည်း မလိုအပ်ပါ။ ရောက်ရောက်ချင်း မယ့်ပခုံးလေးကို တယုတယ ဖက်လိုက်တာ၊ နှစ်ဦးအတူလှည့်ထွက်တော့ လက်ဖျားလေးချင်း ချိတ်တွဲဆက်ကိုင်သွားကြတာ။ ဒါတွေက မယ်တို့ရဲ့ ပတ်သက်မှုကို ပတ်ဝန်းကျင်ကို ပြောဆိုအသိပေးသလို ဖြစ်နေပြီးသားပဲ မဟုတ်လား။

မယ့်ကို ကိုဆွေ လိုက်ကြည့်နေမှာကို သိသည်။ ဘယ်လိုခံစားနေမလဲကိုတော့ မှန်းမရ။ သူ့အစ်ကို့ကို သတင်းပြန်ပို့မပို့ဆိုတာကိုတော့ ပို့မယ်လို့ပဲ မယ် ထင်သည်၊ ဒီကလေးက ကောင်းကောင်းဆိုးဆိုး သူ မှန်တယ်ထင်ရင် ပြောချင်ရင် ရှူးရှူးဒိုင်းဒိုင်း ပြောတတ်တဲ့ကလေး။ ပြောပါစေ။ သိပါစေ။ နောင်လည်း သူ သိရမှာပဲ မဟုတ်လား။ စောသိရတော့ ဖြေသိမ့်လက်လျှော့ဖို့ စောကြိုးစားပေါ့ ဇွေ့ရေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဟယ် ... လာ ... လတ်လတ်၊ နင် လာမယ်လို့ထင်သား

"နင်ထင်မယ်လို့လည်း သိသားပဲ"

လတ်လတ်က ခပ်ပြုံးပြုံး ဝင်လာရင်း သူ့လက်
က ဖဲကြိုးငွေရောင်လေးနှင့် ရစ်ပတ်ထုပ်ပိုးထားသော ဘူးလေ
ကလေးကို မယ့်ထံ မြှောက်ပြကာ ...

"ဟက်ပီးဘသ်ဒေး"

"ကျေးဇူးပဲဟာ၊ နောက်မှကြည့်မယ်"

မယ်က လှမ်းယူကာ ဘေးကစားပွဲပုကလေးပေ
လှမ်းတင်လိုက်ပါသည်။ လတ်လတ်က ညှော်ထိုင်ဆိုဖာလေးတစ်
မှာ ဝင်ထိုင်လိုက်သည်။ မယ်ကတော့ ဆံပင်ညှပ်နေတဲ့ မိန်းကလေး
တစ်ယောက်ကို ပြီးအောင် ဂရုတစိုက် ဆက်ညှပ်နေပါသည်။

"ငါကတော့ နင် ခွင့်ယူမယ် ထင်တာဟ"

"မယူတော့ပါဘူးဟာ"





အရင်နှစ်တွေက မွေးနေ့ဟာ အလုပ်နားရက်နှင့် မတိုက်ခဲ့လျှင် မယ်က ခွင့်ယူနေကျ။ ဧည့်သည်ထံ နေ့တစ်ဝက်ကျော် အချိန်ပေးရမြဲဖြစ်ကာ လတ်လတ်တို့က လက်ဆောင်ပေးဖို့တောင် မနည်းရှာဖမ်းရပါသည်။ ခုတော့ မယ် ခွင့်မယူပါ။ ယူချင်စိတ် မရှိလှလို့ သက်သက်ပင်။

"နင်ကလည်း မွေးနေ့တောင်မှ အလုပ်တွေ ကြိုးစားနေလိုက်တာ"

"ဒီနေ့က မယုတို့ မနေခြည်တို့က ကြိုပြီး ဘွတ်ကင်လုပ်ထားကြတာတွေလည်း ရှိတာရယ်၊ ဆန်းဒေးမှာ မင်္ဂလာဆောင်မယ့် သတို့သမီးကိုလည်း မနက်က မျက်နှာရော ဆံပင်ရော တစ်ကိုယ်လုံး ပေါင်းတင်ပေးနေရတာ၊ သတို့သမီးလောင်း ဆိုတော့လည်း မင်္ဂလာဆောင်အမီ ဒါတွေလုပ်ချင်တာ ဘယ်ငြင်းလို့ကောင်းမလဲဟာ၊ ဒါနဲ့ ဘွတ်ကင်တွေ လက်ခံထားလိုက်ပြီး ခွင့်မယူတော့တာ"

"စောတော့ပြန်ဖို့သင့်ပါတယ်ဟယ်"

"စောပြန်မှာပါ၊ ဒီညီမပြီးရင် ခဏနေရင် အန်တီအိုင်ရင်း ဆံပင်ဆေးလာဆိုးမယ်၊ အဲဒါပြီးရင် ပြီးပြီ၊ ညနေလာမယ့် မတင့်က သူ မအားလို့ လှမ်းဖျက်ထားတယ်"

မယ်က နောက်ဘက်အဖောင်းနှင့် အောက်က ဆံမျှင်ကလေးတွေကျတဲ့ပုံစံ ဂရုတစိုက် လုပ်ပေးနေရင်းက မှန်ချပ်ကြီးတစ်ချပ် ဆွဲယူကာ ညှပ်သူရဲ့ခေါင်းနောက်ဘက် ထိုးပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အမှျင်လေးတွေ ဒီလောက် တော်ပြီလား ညီမ၊ ဒါ
ကြိုက်လား၊ နည်းနည်း ထပ်တိုလိုက်ပြီး အစွယ်လေး
လိုချင်လား"

"ဒါပဲကောင်းတယ်နော် အစ်မ၊ လှတယ်"

"ဒါလည်းလှတယ်၊ ရှေ့ဘက်ကိုလည်း အစ်မဘက်ဖြော
ခွဲပေးထားတယ်၊ တစ်ဖက်တည်း ကြာရင် အမြင်ရိုးတ
ခွဲကြောင်းလည်း ပေါ်လာမယ်"

"ဟုတ်"

"ရပြီနော်"

"ရပြီ အစ်မ၊ ကျေးဇူးပဲနော်"

"ကျေးဇူးပဲ ညီမလေး၊ လိုတာရှိရင် လာခဲ့နော်"

"ဟုတ်"

ကောင်မလေး သူ့ပစ္စည်းတွေ ကောက်ယူထွက်သွ
တာကို နှုတ်ဆက်ပြီးမှ မယ်က လတ်လတ် နံဘေးလာထိုင်လို
ပါသည်။

"ဘာလေးလဲ ... နင့်ဟာက"

"နင် ချစ်မှာပါ၊ ငါ သိတယ်၊ Purse လေးရယ်၊ ကွင်းထိ
ဖိနပ်လေးရယ် ဆင်တူ၊ ကုလားပစ္စည်းလေးတွေလို
ချည်ထိုး ပုတီးစေ့လေးတွေနဲ့ အရမ်းလှတယ်"

"ဟယ် ... ကြည့်မယ်"

"ကိုထွေး ပို့ပေးတာဟ"





"ဟယ် ... နင်ကလည်း ကိုထွေး ပို့ရင် နင်ပဲကိုင်ပါ"

"ဆင်တူနှစ်စုံ မှာထားတာ၊ နင်နဲ့ငါက ဖိနပ်ဆိုက်လည်း
တူတူပဲဆိုတော့ ဆင်တူမှာလိုက်တာလေ၊ နင်က အသား
ဖြူတော့ ငွေရောင်၊ ငါကရွှေရောင်"

မယ်က ခပ်ပြုံးပြုံးလေးနှင့် ဖဲကြိုးငွေရောင်လေးကို
ဖြုတ်ကာ ဘူးလေးကို ဖွင့်နေပါသည်။ ဘူးကိုဖွင့်နေတဲ့ မယ့်ရဲ့
လက်ချောင်းလေးများဆီက ဖျတ်ခနဲ တောက်ပလင်းလက်သွားတဲ့
အရောင်ကြောင့် လတ်လတ်က မယ့် ဘယ်လက်ကလေးကို ဆွဲ
ယူကိုင်လိုက်ပါသည်။ ရုပ်တန့်သွားတဲ့ မယ့်လက်ချောင်းကလေး
များကို ဆွဲကိုင်ကာ ကြည့်လိုက်လျှင် မယ့် လက်ခလယ်မှာ ဝတ်
ဆင်ထားသည့် ပလက်တီနမ်ကွင်းပေါ်မှာ မြင့်မြင့်လေး မြှောက်၍
တပ်ဆင်ထားတဲ့ ငရုတ်ကောင်းစေ့လောက် တစ်လုံးတည်းသော
စိန်ပွင့်ဖြူဖြူလေးကို တွေ့လိုက်ရပါသည်။

"အရမ်းလှတာပဲ မင်္ဂ"

မယ်က လက်ကလေးကို ရုန်းလိုက်ရင်း ...

"မနက်ကပဲ ကိုစည်သာ မွေးနေ့လက်ဆောင် ပေးသွား
တာ"

"မွေးနေ့လက်ဆောင်ကလည်း တန်ဖိုးကြီးလိုက်တာဟယ်"

"လက်ထပ်ခွင့်တောင်းတာလည်း ပါတယ်"

မယ့်အသံက ခပ်တိုးတိုး။



www.burmeseclassic.com

www.burmeseclassic.com



"နင်က လက်ခံလိုက်တယ်ပေါ့"

"သူ့အချစ်ကို လက်ခံပါတယ်၊ လက်ထပ်ပါ့မယ်လို့ ပြော ထားပြီးတာကြာပါပြီ၊ ခုဟာက သူက ဒီနှစ်ကုန် သို့မဟုတ် နောက်နှစ်ဆန်းကာစလောက်မှာ လက်ထပ်ကြဖို့ပါ ပြော တာ"

"နင် ဘာပြောလိုက်လဲ မယ်"

"ခေါင်းညိတ်လိုက်တယ်"

လတ်လတ်က နှုတ်ဆိတ်သွားကာ မယ်က ဘူး ဆက်ဖွင့်ရင်း ထွက်လာတဲ့ ဖိနပ်လေးနှင့် Purse လေးကို သဘော တကျ ရေရွတ်မြည်တမ်းရင်း ဖိနပ်ကို စီးကြည့်နေပါသည်။ ထိပ် ဦးကော့ကော့ဆန်းဆန်းလေးနှင့် ငွေရောင်ကွင်းထိုးဖိနပ်လေး အပါးလည်းမဟုတ်၊ ဒေါက်ချွန်လည်း မပါဘဲ၊ နောက်ဘက်မှာ လက်နှစ်လုံးနီးပါး ထူထူလေးဖြစ်သည်။

"ချစ်စရာလေးဟယ်၊ ငါ သိပ်ကြိုက်တာပဲ"

"မယ်"

"ဟင်"

"နင် တကယ် လက်ထပ်တော့မှာလား"

"အင်း ...၊ ဘာဖြစ်လို့လဲ လတ်လတ်"

လတ်လတ်က မဖြေပါ။ ဖြေဖို့လည်းမလိုပါ။ ဘာ ကြောင့်မေးမှန်းကို မယ် သိမှန်း လတ်လတ် သိပါသည်။





"ဟိုတစ်နေ့က သူ့အိမ်ကို ခေါ်သွားတယ်၊ သူ့အမေနဲ့ ထမင်းအတူစားရင်း စကားပြောတယ်၊ သူ့အမေကသဘော တူတယ်လို့ ပြောတယ်"

"အန်တီကလည်း တူတယ်ပေါ့"

"အင်း ...၊ သဘောတူတယ်၊ ကိုစည်သာ့ကို မေမေ သဘော ကျပါတယ်"

"သူကလည်း သဘောမကျချင်စရာ တစ်ကွက်မှမရှိတာ"

"နင်ပြောပုံကလည်း စိတ်ပျက်လက်ပျက်နဲ့ ... ဟင်း ဟင်း"

"မယ်"

"ဟင်"

"ဇေဌ သိပ်နေမကောင်းဘူး သိလား"

"ဘာဖြစ်နေလို့လဲ၊ အရက်နာကျနေတာ မဟုတ်ဘူးလား"

"နင် ဘယ်လိုသိလဲ မယ်"

"ကိုဆွေနဲ့ တွေ့ပါတယ်ဟာ၊ ပြောပြပါတယ်"

"ဟုတ်တယ်၊ ငါကတော့ သူ့ကိုတွေ့တာ၊ လူကလည်း ညှဉ်းသိုးသိုးနဲ့ပေါ့ဟာ၊ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးတွေက လည်း မရိတ်ထား၊ ဘာပုံပေါက်နေမှန်းကို မသိဘူး၊ ဗိုက် တွေလည်းအောင့်နေတယ်၊ အရက်သောက်လွန်းလို့ အသည်း ပဲ ရောင်လား၊ မှန်မှန်မစားလို့ အစာအိမ်ပဲ မကောင်းဘူး လား မသိဘူး၊ ပုံစံကလည်း ရှဲ့နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငါက နင် အဆင်ပြေရဲ့လားလို့ မေးတော့ ဘာမှ မပြောဘူး၊ အဲဒါနဲ့ ငါတောင် သူ့ကို ပိုက်ဆံတစ်သောင်း ပေးခဲ့သေးတယ်"

"ယူလား"

"သူ ငြင်းပါတယ်၊ ဒါပေမဲ့ ငါက သူ့ရှပ်အင်္ကျီအိတ်ထဲ အတင်းထည့်လိုက်တယ်၊ ပြီးတော့ အရင်ထွက်လာခဲ့တယ်"

မယ်က ကြမ်းတစ်နေရာကို စိုက်ငေးနေမိသည်။

"မယ်ရေ ... ဧည့်သည်လာတယ်"

"အန်တီအိုင်ရင်း လာပြီလား စေးဖော"

မယ်က စေးဖောကို လှမ်းမော့ မေးလိုက်ပါသည်။ စေးဖောက မဖြေဘဲ နောက်ဘက်ကို မေးငေါ့ပြလိုက်ပါသည်။ စေးဖော ပုံစံက ခပ်အေးအေးနဲ့ ပြုံးဟဟ။ နောက်မှာတော့ ဘယ်လိုမှ ထင်မှတ်မထားတဲ့ ဇေဋ္ဌ။ စေးဖောသည် ဇေဋ္ဌကို မယ့်ချစ်သူ အဖြစ် တစ်ဆိုင်လုံး သိထားကြတဲ့အတိုင်းပင် သိထားလျက် ပြတ်သွားပြီ ဆိုတာကိုတော့ တချို့ရိပ်မိကြ တချို့မသိကြတဲ့ ကြားထဲမှာ သူက မသိသေးတဲ့ပုံရပါသည်။

မယ်သည် မတွေ့တာ အတော်ကြာတဲ့ ဇေဋ္ဌကို မှင်တက်မိသလို စိုက်ငေးကြည့်နေလိုက်မိသေးသည်။ တကယ့်ကို "မမာသည်"လို ရုပ်ကြီးနဲ့ပါလား။ မျက်လုံးများကလည်း ရဲလို့။ ဇေဋ္ဌက လတ်လတ်ကို မြင်သွားတော့ ပိုအားတက်လာကာ ခပ်ရဲရဲပဲ ရှေ့တိုးလှမ်းဝင်လာသည်။





"ဘာလို့ စွတ်ဝင်လာတာလဲ၊ ဘာလာလုပ်ပြန်ပြီလဲ"

မယ့်အသံက မာကျောတာ မဟုတ်ဘဲ အေးစက်နေတာဖြစ်သည်။ လက်နှစ်ဖက် နောက်ပစ်ထားတဲ့ ဇေဋ္ဌက သူ့ကျောဘက်က လက်တစ်ဖက်ကို ဆွဲထုတ်လိုက်လျှင် သူ့လက်ထဲမှာ သေချာထုပ်ပိုး ပြင်ဆင်ထားတဲ့ နှင်းဆီဖြူ ငါးပွင့်ခြောက်ပွင့်ပါ ပန်းစည်းလေး ပါလာသည်။ သူ့လက်က တုန်နေကာ တန်းလန်းကျနေတဲ့ ဖဲကြိုးဖြူကလေးကပင် တုန်ယင်နေသည်။

မယ့်ထံ ကမ်းလိုက်ပေမယ့် မယ်က လှမ်းမယူဘဲ ခပ်တည်တည်ပဲ ကြည့်နေလိုက်သည်။

"ဟက်ပီး ဘသ်ဒေး"

ဇေဋ္ဌက ပန်းစည်းကို လက်လတ်ရဲ့ အထုပ်တင်ထားတဲ့ စားပွဲပုံလေးပေါ်ပဲ လှမ်းတင်လိုက်သည်။

"နှင့်မွေးနေ့မှာတော့ ရောက်အောင် သွားလိုက်မယ်လို့ ဆုံးဖြတ်ထားတာ"

"ပြန်ယူသွား ဇေဋ္ဌ၊ နင့်လက်ဆောင် ငါမယူဘူး"

ဇေဋ္ဌက ပြုံးမဲ့မဲ့နှင့် ...

"ငါ့မွေးနေ့လက်ဆောင်က သေးနုပ်ချင် သေးနုပ်နေပါလိမ့်မယ်၊ ဒါပေမဲ့ ငါ့ရင်ထဲက အချစ်တွေ အလွမ်းတွေ အမှတ်တရမှုတွေကတော့ မသေးနုပ်ဘူး၊ အားလုံးထက် ခမ်းနားကြီးကျယ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ပတ်သက်ရင် အရာရာဟာ ငါ့အဖို့သေးနုပ်သွာ
ပြီပဲ၊ ဒီနှင်းဆီပန်းစည်းကိုလည်း ပြန်ယူသွားလိုက်
ဇေ့ွ၊ ငါ မလိုချင်ဘူး"

လတ်လတ်က မယ်ကို မတားသာသလို စိတ်ဆင်
ဆင်းရဲရဲ လှမ်းကြည့်နေပါသည်။

"နင့်စိတ်ထဲမှာ သေးနုပ်တယ်လို့ ယူဆထားတာ ငါသိ
တယ်၊ ဒါပေမဲ့ ငါ့ရဲ့အချစ်က နင့်အတွက် မသေးနုပ်ဘူ
ကြီးမားတယ်ဆိုတာ ..."

"နင့်ရဲ့ပါးစပ်ထဲမှာတင် ကြီးမားနေတာကို ဘာလုပ်ရ
လဲ၊ လျှာပါရင် လူတိုင်း ပြောချင်သလို ပြောလို့ရတယ်
အဲသလို ကြီးကျယ်ခမ်းနားပါတယ်ဆိုတာကို ဘာသက်
မှ ယုံလောက်အောင်မပြနိုင်ဘဲနဲ့ လျှောက်ပြောနေလို့ အ
ကားပဲ၊ ဘယ်သူမှ အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ မိန်းမတ
ယောက်အပေါ် တကယ်ချစ်မြတ်နိုးတယ်ဆိုတဲ့ လူမျိုးဟာ
ဘာတွေကို စောင့်ထိန်းတယ်၊ ဘာတွေကိုကြိုး စားတယ်
ဘာတွေလုပ်ပြတယ်ဆိုတာ မိန်းမတိုင်း နားလည်တယ်

ဟောဒီမှာ ကြည့်လိုက်စမ်း ဇေ့ွ"

မယ်က သူမရဲ့ဘယ်လက်ကို လက်ဖမိုးဘက်
ဇေ့ွ ဘက်လှည့်ပြီး မြင်သာအောင် ကော့ကော့ကလေး ပြလို
ပါသည်။ လတ်လတ် သက်ပြင်းချပြီး ဇေ့ွမျက်နှာကို မကြည့်
တော့ကာ ခေါင်းငုံ့ထားလိုက်ရပါသည်။





"ဒီလက်စွပ်ကို တွေ့လား၊ ဒီလက်စွပ်မျိုး ငါ့ကိုပေးပြီး
နင် လက်ထပ်ခွင့် တောင်းလာမယ့်နေ့ကို ငါ အရူးတစ်
ယောက်လို လည်ပင်းရှည်အောင် စောင့်ခဲ့ဖူးတယ်၊ နင့်မှာ
အဲသလို ခမ်းနားတဲ့ ပေးဆပ်မှုတော့ မရှိဘဲနဲ့ ပါးစပ်က
အလကားရတဲ့လေတွေနဲ့ပဲ ချစ်တယ် ချစ်တယ် ဆိုတာကြီး
ကို ဘယ်လောက်ကြီးကျယ်ခမ်းနားအောင် အော်နေ အော်
နေ ခမ်းနားမလာနိုင်ဘူးဆိုတာ မှတ်ထား ...

ဒီလက်စွပ်ဟာ ငါ့ချစ်သူအသစ်ရဲ့ မွေးနေ့လက်
ဆောင်၊ နင် မြင်လား၊ ငါ့ကို အမြင့်မှာထားလိုတဲ့ ဆန္ဒ၊
ငါ့အတွက် ကြိုးစားမှု၊ ငါ့အပေါ် သစ္စာကြီးမားမှု ဆိုတဲ့
မြင့်မြတ်တဲ့ သက်သေသက္ကာရတစ်ခုမှ မပြနိုင်ဘဲ ပါးစပ်နဲ့
အပေါ်စားချစ်ပြီး အပေါ်စားပန်းတစ်စည်းနဲ့လာတာ နင်
မရှက်ဘူးလား ဇေ့ွ၊ ရှက်တတ်ရင် နင့်ပန်းစည်း နင်ပြန်
ယူသွားလိုက်"

လတ်လတ်သည် မျက်စိပင် ယောင်ယမ်းမှိတ်ထား
လိုက်မိသေးသည်။ နာကြည်းလွန်းတဲ့စိတ်က မယ့်ကို ရိုင်းစိုင်း
ရင့်သီးသောစကားလုံးတွေ ထွက်ကျလာနိုင်အောင် တွန်းအားပေး
ခဲ့တာပင်။ မယ့်ကိုလည်း အပြစ်မတင်ချင်။ ဇေ့ွကိုလည်း မကြည့်
ရက်။

ဇေ့ွကို မမြင်အောင် ခေါင်းငုံ့မျက်စိမှိတ်ထားပေ
မယ့် အသက်ရှူသံ ပြင်းထန်လာတာကိုတော့ ပိတ်မထားတဲ့နား



www.burmeseclassic.com

www.burmeseclassic.com



က ကြားနေရပါသည်။ အဲဒီအသက်ရှူသံပြင်းဟာ တဖြည်းဖြည် ရှိုက်သံပါ ပါလာတာ၊ တိရစ္ဆာန်တစ်ကောင် အော်ညည်းလိုက်သ မပီမသ ရေရွတ်ညည်းတွားလိုက်တာ၊ စိတ်လိုက်မာန်ပါနှင့် ထ စည်းကို ဘေးနားက အရာဝတ္ထုတွေနှင့် ရိုက်ပုတ်ချိုးချေဖျက်ဆ နေတာ ဒါတွေကို နားကကြားနေရပြီး ခန္ဓာကိုယ်ပေါ်ကိုတေ လွင့်စဉ်လာတဲ့ ပွင့်ဖတ် ရွက်ပြတ် ကိုင်းပြတ်တွေ ဖျတ်ခနဲ ဖျ ခနဲ ကြိုးကြားလာထိမှန်နေတာကိုပါ ထိတွေ့နေရပါသည်။

အဲဒီနောက်တော့ ဝုန်းခနဲ လှည့်ထွက်ပြေးတဲ့ ဓ ဖရဲ ခြေသံ။

လတ်လတ်က ခေါင်းကို မဖော်သေးဘဲ မျက် အရင်ဖွင့်ကြည့်လိုက်ပါသည်။ တစ်ခန်းလုံးမှာ ကျဲပြန့်နေတဲ့ ပွ ဖတ်တွေ အရွက်ပြတ်တွေဟာ ကြေကွဲစရာကောင်းတဲ့ မြင်ကွ တစ်ခုလို ဖြစ်နေသည်။ အောက်ဘက်က စုစည်းထားတဲ့ ရိုး အနားတွန့် ပန်းစက္ကူ ဖဲကြိုးတို့ဟာ ငုံးတိတိနှင့် မယ့်ပေါင်ပေါ်မှ

လတ်လတ် ခေါင်းမမော့ခင်ပင် မယ့်ရှိုက်သံ ထွက်ပေါ်လာသည်။ လတ်လတ်က မော့ကြည့်လိုက်လျှင် ကို လေး တသိမ့်သိမ့်တုန်ကာ မယ် ငိုနေတာကိုမြင်သည်။ လတ်လ ပါ မျက်ရည်ရစ်ဝဲပြီး အရမ်းငိုချင်လာကာ မျက်ရည်က မသိမသ တိတ်တဆိတ် စီးလိမ့်ကျလာပါသည်။

"ပင်ပန်းလိုက်တာ မယ်ရာ"

"... ..."





"နင်ကော သက်သာရာရလို့လား၊ ပြောပါဦး"

"... ..."

"နင် ... နင် ဇေဌကို ချစ်နေတုန်းပဲ သိရဲ့လား၊ နင် ဇေဌကို ဘယ်လောက်ပဲ မုန်းတယ်ပြောပြော နာကြည်းတယ်ပြောပြော နင့်ရဲ့ဟိုးရင်ထဲ အသည်းထဲက ကြီးမားပြင်းထန်တဲ့ သူ့အတွက်ထားတဲ့ အချစ်က ခုထိမပျက်စီးဘူး မယ်၊ နင် သူ့ကို သိပ်ချစ်နေတုန်းပါ၊ အချစ်ကြီးချစ်တုန်းပါ၊ ဟုတ်တယ် မဟုတ်လား၊ နင် ငါ့ကို မညာပါနဲ့"

"... ..."

"နင် ကိုစည်သာနဲ့ လက်ထပ်ဖို့ကိစ္စကို ပြန်စဉ်းစားပါဦး ... မယ်"

"စဉ်းစားစရာ မလိုဘူး၊ ငါ တကယ် လက်ထပ်ချင်ပါတယ်"

"လက်ထပ်ချင်တယ် ဆိုတာက နင် လောလောဆယ် တည်ဆောက်ထားတဲ့ နင့်ဆန္ဒ၊ ဒါပေမဲ့ နင့်ရင်ထဲမှာ ဇေဌ ရှင်းရှင်းမပျောက်ကွယ်သေးပါဘူး မယ်ရယ်၊ ဘယ်တော့မှလဲ ပျောက်ကွယ်နိုင်မှာ မဟုတ်ပါဘူး၊ နင်သေတဲ့အထိ နင် ဇေဌကို ချစ်နေမှာ ငါသိတယ်"

"မုန်းနေတာ၊ မုန်းနေမှာပါ လတ်လတ်ရဲ့"

ဖြေနေတဲ့ မယ့်လေသံက တိုးသက်သက်။ မယ့်မျက်စိထဲမှာတော့ မျက်ရည်ပြည့်လျှမ်းတဲ့ ကြေကွဲနာကျင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများ၊ အံကြိတ်ထားတဲ့ မေးရိုးများ၊ ပန်းစည်းကိုလွှဲ
လွှဲကာ ရိုက်နေတဲ့ စိတ်လိုက်မာန်ပါ ပေါက်ပေါက်ကွဲကွဲပုံရိပ်
ခံစားလိုက်စမ်း။ အဲသလို ခံစားရဖို့ တန်
ဇေဠ။ နင့်မှာအပြစ်ရှိလို့ နင် အဲသလို ခံစားရတာလေ။ ငါ
မှ ဘာအပြစ်မှ မရှိခဲ့ဘဲနဲ့ အဲဒီလို အဲဒီထက်တောင်ဆိုး
ခံစားခဲ့ရသေးတာပဲ။ နင် ရင်နာရတာက နင့်အပြစ်နဲ့ နင်
ရင်နာခဲ့ရတာက နစ်နာမှုသက်သက်။

"ဒီမှာ လတ်လတ်၊ နင် ဦးနှောက်နဲ့များ စဉ်းစားပြော
ပါဟာ၊ ခုလို သူ့ဘဝကို လွှင့်မျောပြီး အရက်ထဲစိမ်
ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေတဲ့၊ ဘာဦးတည်ချက်မှ
တဲ့ ယောကျ်ားတစ်ယောက်ကို ငါက ပြန်စဉ်းစားရဦးမ
လား။ သူ့ကိုပြန်ငဲ့ပြီး ငါ့ဘဝကို အနှံစ်မွန်းခံရမတဲ့လား"

မယ့်အသံက နာကျင်ကြေမွနေပါသည်။

✧ ❤ ✧

ကိုဆွေသည် ကုမ္ပဏီရုံးခန်းရှေ့နားက ပလတ်စ
ခုံကလေးတွေမှာ ထိုင်နေသော မယ့်ကိုမြင်လျှင် အလွန်အံ့ဩသွား
ကာ ...

"ဟင် ... အစ်မ၊ ကျွန်တော်က ညှော်သည်ဆိုလို့ ဘယ်သူ
များလဲလို့၊ ဘာကိစ္စရှိလို့လဲ အစ်မ"





မယ်က မျက်နှာမှုန်တေတေနှင့် ထိုင်ရာမှ ထရပ်
ိုက်ကာ ...

"အစ်မ လုံးဝ မလာချင်ဘူး ကိုဆွေ၊ လုံးဝကို ဒီကိစ္စလုပ်
မပေးချင်တာ"

"ဘာကိစ္စလဲ အစ်မ"

"လုပ်မပေးဘူးပဲ ငြင်းတာပဲ၊ ဒါပေမဲ့ နောက်ဆုံးတော့
သူများတွေကလည်း တိုက်တွန်းလို့၊ အစ်မအနေနဲ့လည်း
ကိုဆွေ့ဆီကတစ်ဆင့် ပေးရင်ရတာပဲ၊ သင်းနဲ့ ရင်ဆိုင်ရ
မှာမှ မဟုတ်တာဆိုပြီး စိတ်ကောင်းလေးမွေးပြီး မင်းဆီကို
လာခဲ့တာပဲ"

"ဟုတ်ကဲ့"

ကိုဆွေက မယ့်ကို ဇဝေဇဝါ ကြည့်နေပါသည်။
ယ်က လွယ်ထားတဲ့အိတ်ကြီးကြီးကို ဇစ်ဖွင့်ကာ အထဲကအထုပ်
စ်ထုပ် နှိုက်ယူလိုက်ပါသည်။ လေယာဉ်စာအိတ်အကြီးနှင့်
ည့်ထားတဲ့ ခပ်ဖုဖုအထုပ်။

"ဘာလဲ အစ်မ"

မယ်က ကော်ကပ်ပိတ်မထားသာ စာအိတ်ကို အဖုံး
ာ ဟလိုက်သည်။

"ပိုက်ဆံ"

ကိုဆွေက စာအိတ်ထဲက ထောင်တန်ငွေတစ်ထပ်
ို တအံ့တဩကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကပိုက်ဆံတွေလဲ အစ်မ"

"ပိုက်ဆံ တစ်သိန်း၊ ရွှေဇလပ်ပွင့်စားသောက်ဆိုင်က
လိုက်တာ"

"ဘာဖြစ်လို့ပေးတာလဲ"

"အဲဒီဆိုင်က ထွက်လာတဲ့ ကိစ္စကို မင်းမသိဘူးလား"

"ဟင့်အင်း ... ကျွန်တော်က အစ်ကို့အလုပ်ကိစ္စနဲ့
သက်တာတွေ ဘာမှမသိပါဘူး အစ်မ"

"အဲဒီဆိုင်က ဆိုင်ရှင်နဲ့သူ စကားများပြီး ထွက်တဲ့ကိစ္စ
ဘယ်သူမှန်တယ် ဘယ်သူမှားတယ်က ပြောရခက်တယ်
များသောအားဖြင့်တော့ မင်း အစ်ကိုက မှားတာချည်းပါပဲ
ကိုဆွေ၊ သူ အဲဒီဆိုင်ကထွက်တော့ လလယ်ရက်လောက်
ထင်တယ်၊ ခါတိုင်းဆိုင်တွေလို ငွေကြေးကိစ္စ ရှင်းလင်း
မလာရဘူး၊ ဆိုင်ရှင်က သူက အလုပ်ထုတ်တာ မဟုတ်တဲ့
အတွက် ဇွဲ့ အလုပ်ထွက်တာ သူနဲ့မဆိုင်ဘူး၊ လလယ်
ကြီး ငွေရှင်းမပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ် ပုံမှန်အလုပ်ဆက်
ဆင်းရင် လကုန်ရင် လခရှင်းမယ်ဆိုပြီး တင်းထားတယ်
ဇွဲ့ကလည်း သိတဲ့အတိုင်း "ဟင်"ဆို လှည့်မကြည့်တော့
လုံးဝဆက်မသွားတော့ဘူး၊ သူ့ရဲ့လဝက်စာကို လကုန်တော့
လည်း သွားမယူတော့ဘူး၊ မင်းအစ်ကိုရဲ့ မာနကြီးပုံကို
သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... အဲဒါ ဘယ်တုန်းကလဲ အစ်မ"





"ကြာလှပြီ၊ တစ်နှစ်ခွဲလောက်တောင် ရှိနေပြီ"

"အဲဒါကို အခု ... !!"

"ဆိုင်ရှင်က ကိုဇော်ကြီးတို့လို လူမျိုးတွေ၊ တခြားသူ့လုပ်ဖော်ကိုင်ဖက်တွေနဲ့လည်း ထိတွေ့ဆက်ဆံ သိကျွမ်းနေတာပဲဟေ၊ ဒီလိုလူတွေဆီကနေ ဇွဲ့ သတင်း သိရတယ်ဖြစ်မှာပေါ့"

"ဩော်"

"မင်းအစ်ကို အရက်တွင်းနစ်ပြီး စုတ်ပြတ်နေတာ လူတိုင်းသိကြတာပဲ"

ကိုဆွေက မခံချင်သယောင် ဖြစ်သွားကာ ...

"အစ်ကို အခု နည်းနည်းပြန်လိမ္မာနေပါပြီ၊ အစ်မကလည်း"

"ကြားသားမိုးကြိုးပါလား"

"သူ့ကိုယ်သူ ပြန်အဖတ်ဆယ်နေပါပြီ"

"အဲဒါ ထားလိုက်ပါ၊ အဲဒါ အဲဒီဆိုင်ရှင်က အခု သူရရမယ့် ငွေတစ်သိန်း ပေးလိုက်တယ်"

"အစ်မကို လာပေးတာလား"

"ဟုတ်တယ်၊ ဆိုင်ရှင့်မိန်းမက အစ်မကို သိတယ်၊ ဇွဲ့နဲ့ပတ်သက်မှုကို သိထားတယ်၊ သူတို့ဆိုင်ကိုလည်း အစ်မ နှစ်ခါ သုံးခါ ပါသွားဖူးတယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မိန်းမကလည်း အစ်မတို့ဆိုင်မှာ ဆံပင်တွေ ဘာတွေ လုပ်လေ့ရှိတယ်"

"အော်"

"မနေ့က ရောက်လာပြီး အစ်မနဲ့တွေ့တော့ ဇေဌ သတင်းတွေလည်း ကြားတယ်၊ ကြားရတာ စိတ်မကောင်းဘူးပြော ပြီး သူတို့ပေးစရာ ကျန်နေတဲ့ငွေကို ပေးပေးဖို့ခိုင်းတယ် တို့နှစ်ယောက် ပြတ်သွားတာ သူမှ မသိတာ"

"အော်"

"ပထမတော့ မပေးပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ် သွားပေး လို့ပဲ အစ်မပြောတာ၊ ငြင်းတာပဲ ကိုဆွေ၊ သူ့ကို လမ်းတွေ ညွှန်၊ သူကချာလည်ရိုက်၊ နောက်ပြီး သူတို့က ကိုယ်တိုင် ဆိုရင်တော့ သွားမပေးချင်ဘူး။ ပေးပေးမယ့်သူရှိမှပဲ ပေး မယ့်သဘော၊ နောက်ဆုံးတော့ သူ့ကိစ္စတွေထဲ အစ်မ အပတ်အသက် မလုပ်ချင်တော့ပေမယ့် မင်း ရှိသေးတာပဲ လို့ သတိရပြီး လက်ခံထားလိုက်တာ"

မယ်က အထုပ်လှမ်းပေး၍ ကိုဆွေက လှမ်းယူလိုက် ပါသည်။

"တစ်ခုတော့ ကတိပေးပါ ကိုဆွေ"

"ဘာလဲ အစ်မ"

"ဒါကိုအစ်မက ယူလာပေးတယ်ဆိုရင် သူက တစ်မျိုးတွက် နေဦးမယ်၊ အဲဒီ ရှုပ်ရှုပ်ယှက်ယှက်တွေ မလိုချင်လို့လည်း





ဒီထဲမပါချင်တာ။ ဒါပေမဲ့ မိတ်ဆွေဟောင်းချင်း သူလည်း ဒုက္ခရောက်နေချိန်မှာ ငါလည်း အပန်းမကြီးလှဘဲနဲ့ ဆိုတဲ့ စိတ်ကောင်းစေတနာ မွေးလိုက်ပြီး အစ်မယူလာတာ ကိုဆွေနားလည်တယ်နော်"

"ဟုတ်ကဲ့"

"ဒီတော့ အစ်မနာမည် လုံးဝမပါချင်ဘူး၊ ကိုဆွေ့ကို ရွှေဇလပ်ပွင့်က လာစုံစမ်းဆက်သွယ်ပြီး ပေးသွားတယ်လို့ ပဲ ပြောပေးပါ ကိုဆွေ"

ဇေဌက ယုံပါ့မလားလို့ ကိုဆွေ တွေးတော့တွေးမိပါ သည်။ ဒါပေမဲ့ လုံးလုံးမဖြစ်နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲဟာ။

ဒီလိုပဲ ဟိုမေး ဒီမေး စုံစမ်းရင်း ဆိုသလို ရနိုင်တာပဲ သိနိုင်တာပဲ။

"ဟုတ်ကဲ့ပါ"

"သူက မယုံလို့မေးနေရင် ခက်နေဦးမယ်၊ ရွှေဇလပ်ပွင့် ပိုင်ရှင်က ဦးမြင့်အောင်။ သူ့မိန်းမက မသောဒီ။ သူတို့လာ ပေးသွားတယ်လို့သာ ပြောလိုက်"

"ဟုတ်ကဲ့ အစ်မ"

"တို့နာမည် လုံးဝမပါနဲ့နော်"

"ဟုတ်ကဲ့ပါ"

"သက်သက်မဲ့ စေတနာထားပြီး ဝင်ကူညီဆောင်ရွက်ပေး တာဆိုတာ ကိုဆွေ နားလည်တယ်နော်၊ အစ်မကို သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လာမေးနေရင်တော့ အစ်မ အရမ်းစိတ်အနှောင့်အယှက် ဖြစ်ရမှာနော်”

“ဟုတ်ကဲ့ပါ အစ်မရယ်၊ ကျွန်တော် နားလည်ပါတယ်၊ အစ်မကိုလည်း ကျေးဇူးတင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သူ့မှာ ခက်ခဲတဲ့အချိန်ဆိုတော့ ငွေတစ်သိန်းဆိုတာ အတော်လေး အသုံးဝင်မှာပါ”

“ဒါဖြင့် အစ်မ ပြန်မယ်”

မယ်က မှုန်တေတေနှင့်ပဲ ပြန်လှည့်ထွက်လာခဲ့သည်။

✧ ❤ ✧





## ၁၁

“ဒီဟာက မနယ်လီ ဆိုတာ ကိုယ့်အစ်မဝမ်းကွဲပို့ပေးတဲ့ ကတ်တွေ”

“ဟယ် … လှလိုက်တာ”

“မနယ်လီက သူကိုယ်တိုင် Wedding Planner လေ၊ ဝယ်ဒင်ပလန်နင် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တာဆိုတော့ သူ့အိုင်ဒီယာနဲ့သူ တီထွင်ထားတဲ့ ကတ်လေးတွေက အရမ်းကို အဆန်းတကြယ်ပဲ၊ ဆင်တူလုံးဝမရှိဘူး”

“တစ်ခါမှကို မတွေ့ဖူးဘူး၊ ဒီကတ်လေးဆိုရင် အိမ်လေးလို ပြတင်းပေါက်လေးတွေ၊ တံခါးလေးတွေနဲ့၊ ဖွင့်လိုက်ရင် နောက်မှာတစ်ထပ်”

“မယ် … ကြိုက်လား”

“ကြိုက်တယ်၊ ဒါပေမဲ့ ဈေးသိပ်ကြီးမယ်ထင်ပါတယ် ကိုရယ်၊ ကို့မာမီကလည်း ဖိတ်စာကို အနည်းဆုံး ငါးရာ ဒါမှမဟုတ်ရင် ခြောက်ရာ ခုနစ်ရာ ရိုက်စေချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"အသိုင်းအဝိုင်းက ရှိသေးတာကိုး မယ်ရဲ့"

"ဒီဓာတ်ပုံလေးတွေကကော !! "

"ဒါတွေက သူတို့ဆီကို အပ်လိုက်ရင် အပြီးအစီး ထွက်လာတဲ့ အယ်လ်ဘမ်ပုံစံကို ဓာတ်ပုံရိုက်ပို့လိုက်တာ၊ ဒီအယ်လ်ဘမ်က တစ်အုပ်လုံး အပြီးအစီး Print လုပ်ထားတာလေ၊ ဓာတ်ပုံကို အယ်လ်ဘမ်ထဲထိုးပြီး ညှပ်ထားတာ မဟုတ်ဘူး"

"အရမ်းလှတယ်၊ ဒါပေမဲ့ တအားကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကြီးတွေ မလုပ်ပါနဲ့ ကိုရယ်၊ ပိုက်ဆံတွေ တအားကုန်ပါတယ်"

"ကုန်တာတွေ ဘာတွေတော့ မယ့်ခေါင်းထဲ မထည့်ပါနဲ့၊ ဖိတ်စာကတ်တွေကတော့ ဟိုတစ်နေ့က သူငယ်ချင်း နမူနာပို့တဲ့ကတ် နှစ်မျိုးရယ်၊ အခု မနယ်လီပို့တဲ့ ကတ်တွေရယ် ထဲက မယ် ဘယ်ဟာကြိုက်လဲ"

"မနယ်လီပို့ပေးတဲ့ ကတ်တွေက အရမ်းဆန်းပြီး အရမ်းပိုလှတာပေါ့"

"ဒါတွေကတော့ ကတ်ပြားသုံးဖို့ နမူနာစက္ကူသားတွေ"

စက္ကူကတ်ပြားရောင်စုံဖြောင်လေးတွေက ဖောင်းကြွလေးတွေ လှိုင်းတွန့်လေးတွေ အစက်အပြောက် အပွင့်အဆင်ခံထားတာလေးတွေနှင့် အလွန်ကို လှပသည်။

"အားလုံးက လှနေတာချည်းပဲ"





"မယ် ဘယ်ဟာကြိုက်လဲ"

"ကတ်ကို ပန်းရောင် ထင်းထင်းလေးနဲ့ အဝါတောက်တောက်ထဲက တစ်ခုခုသုံးရင် လှမယ်ထင်တယ်"

ပန်းရောင်က မယ့်အကြိုက်။ မယ်က ပန်းရောင်ဖြစ်ရင်ပြီးရော နုနုရင့်ရင့် ဖျော့ဖျော့မှောင်မှောင် အားလုံးကြိုက်သည်။ အဝါရောင်က ...။ အဝါရောင်ကတော့ ...။ မယ့်နားထဲ အသံတစ်ခု ပဲ့တင်ထပ်လာသည်။

"အဝါလေး ရွေးလိုက်မယ်"

အမြဲကြားနေခဲ့ရဖူးတဲ့စကားတစ်ခွန်းတည်း။ အတူတူ အပြင်ထွက်ကြပြီ၊ တစ်ခုခုဝယ်တော့မယ်ဆိုတိုင်း ဒီအသံကြားရတတ်သည်။

အိမ်ရာခင်း၊ ခန်းဆီး၊ ဗျက်နှာသုတ်ပုဝါ၊ သွားပွတ်တံ၊ ဆပ်ပြာခွက်၊ ကော်ဖီပန်းကန်၊ ဓားလက်ကိုင်ရိုး၊ စာအုပ်အဖုံး၊ ဓာတ်ပုံမှန်ပေါင်လေးတွေ။

ဘာကိုမဆို အဝါရောင် ရွေးချယ်နှစ်ခြိုက် သုံးတဲ့သူ။ သူ့အိမ်တစ်ခန်းလုံးဟာ အဝါရောင် ပေါ်လွင်ထင်ရှားလွှမ်းမိုးနေသည်။ ညစ်ပေမယ့် ခြေသုတ်ဖုံလိုဟာမျိုးကိုပင် အဝါရောင် ရွေးချင်တတ်တော့ မယ်က တားရသည်။

"ခြေသုတ်မယ့်ဟာကို မောင်ရယ်၊ အဝါဆိုရင် အပေမခံဘူးပေါ့၊ အရောင်ရင့်တာ မှိုင်းတာ ယူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအဝါပေါ် အညိုပျောက် ကော်ဇောစ,လေး ဘယ်ပေါ
လှလဲ"

သူကလည်း ပြန်ငြင်း။ အင်း ... ဘာကြောင့်
ကိုစည်သာနှင့် ဖိတ်စာရွေးချယ်တိုင်ပင်တဲ့ ကိစ္စမှာ ဖေ့ရွှ ကြို
တဲ့ အဝါရောင်ကို ထည့်သွင်းပြောမိပါလိမ့်။

"မယ်ကြိုက်တဲ့ အရောင်သာရွေး၊ ကိုယ်ကတော့ ဘ
အရောင်ရယ် မဟုတ်ဘူး၊ လှရင်ကြိုက်တာပဲ"

မယ်က ကတ်ပြားလေးတွေကို လက်လေးနှင့် ပွ
သပ်ကာ ငေးစိုက်တွေဝေနေမိသည်။

"အစ်ကို ... အစ်ကို"

အောက်ထပ်က တက်လာတဲ့ ဝန်ထမ်းတစ်ယော
က လှေကားထိပ် မရောက်ခင် အသံပေးလာတာမို့ မယ်နှ
ကိုစည်သာ ထိုင်နေတဲ့ အပေါ်ထပ်ရဲ့ ထောင့်အကွေးလေးက
ဆက်တီလေးတွေ နေရာကနေ မယ်နှင့် ကိုစည်သာ မော့ကြည့်
လိုက်ကြပါသည်။ အပေါ်ထပ်ရဲ့ အပြင်ဘက် ရုံးခန်းစားပွဲတွေ
ဆီမှာ လူရှင်းနေသည်။

ထမင်းစားချိန်ဖြစ်၍ ရုံးခန်းဝန်ထမ်းတွေအားလုံး
အနောက်ဘက် မီးဖိုဆောင်ဘက်က ထမင်းစားခန်းမှာ ထမင်းသွား
စားနေကြတာ ဖြစ်ပါသည်။

"အစ်ကို ... အစ်ကို"

"ဘာလဲ ဖော်ဝင်း"





လှေကားထိပ်ရောက်လာတဲ့ ဖော်ဝင်း ဆိုတဲ့ အောက်ထပ်က ဝန်ထမ်းလေးဟာ အပြေးလည်းတက်လာ၊ ပါးစပ်ကလည်း ခေါ်၊ နောက်ဘက်ကိုလည်းလှည့်ကာ ကာဆီး ကာဆီး တွန်းကာဖယ်ကာ လုပ်နေရင်း အပေါ်ထပ်လုံးလုံး ရောက်လာရာ နောက်မှာ လူတစ်ယောက် ပါလာတာ လှမ်းမြင်ရသည်။

ထိုသူဟာ အတင်းတွန်းတွန်းထိုးထိုး ကမူးရှူးထိုးနှင့် ဖော်ဝင်းကို တွန်းဖယ်ဖြတ်ကျော်တက်မည့်ပုံ လုပ်နေသည်။

"ခွင့်မတောင်းဘဲ အစောင်း ပြေးတက်လာတာ အစ်ကို၊ ဟော့လူ"

ဖော်ဝင်းက သတင်းလည်းလှမ်းပေး၊ နောက်ကိုလည်း လက်နှင့်ဖော့ယမ်း။ သူ့ပခုံးကို နောက်လူက ဆွဲဖယ်နေသည်။ မယ်သည် နောက်ကပါလာတဲ့လူကို ကြည့်ကာ နားထင်မှာ သွေးတွေ တထိတ်ထိတ် ခုန်တိုးသလို ထူပူခေါင်းခဲသွားလေသည်။ ပြဿနာလာရှာပြန်ပြီ။

"ဟော့လူ ... ခင်ဗျားက အပေါ်တောင် ရောက်နေပြီပဲဟာ၊ လွှန်နေပြီနော်၊ ဘာလို့ နောက်ကနေ ဇွတ်ဆွဲနေတာလဲ"

"ကိစ္စရှိလို့ ငါ တက်လာတာ၊ ကိစ္စမရှိဘဲနဲ့ ဘယ်သူက လာမှာလဲ"

"ကိစ္စရှိရင်လည်း ခင်ဗျား လူကြီးလူကောင်းလို ခွင့်တောင်း တက်ပေါ့ဗျ"

"ငါ လူကြီးလူကောင်းမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကတ်ဖိုးကတ်ဖဲ့ မပြောနဲ့လေ၊ သူတစ်ပါး ဌာနမှာ ခင်ဗျားစိတ်တိုင်းကျ ဝင်ထွက်တက်ဆင်းလို့ရလာ စည်းလေးကမ်းလေး နားမလည်ဘူးလား"

"နားမလည်ဘူး ဟောကောင်၊ စည်းနဲ့ ကမ်းနဲ့ နေရ ကျဉ်းကျပ်တဲ့ နေရာမျိုးမှာလည်း ဘယ်တုန်းကမှ မနေ ဘူး၊ ငါက စည်းကမ်းရှိတဲ့ ကောင်မျိုးလည်း မဟုတ် ဘူး"

"ခင်ဗျားဟာခင်ဗျား ဘယ်လိုလူဖြစ်ဖြစ် ဒါ သူတစ်ပါး ပိုင်နက် ကျူးလွန်မှုပဲ"

"ငါက မင်းတို့ရုံးကပစ္စည်း လာခိုးနေလို့လား"

"ဘာရည်ရွယ်ချက်နဲ့လာလဲ ဘယ်သိမလဲ၊ ပြောပြီးတော့ ခွင့်မှမတောင်းတာ"

"ငါ သူတို့နဲ့ တွေ့စရာရှိလို့ လာတာ"

"ခင်ဗျားဟာ ခင်ဗျား ဘာကြောင့်လာလာ၊ တားရင်တော့ ရမ်မှပေါ့"

ဇော်ဝင်းဟာ လှေကားထိပ် အလွန်နားကနေ ဆက် ဝင်လို့မရအောင် တားထားရင်း ဇေဌှကို ဒေါသတကြီး ငေါက် ငမ်းနေသည်။ ဇေဌှလည်း ဒေါသတကြီးလေသံနှင့်ပင် ပြန်အော် ဟစ်နေပါသည်။

စည်သာက မျက်နှာတစ်ခုလုံး နီရဲတင်းမာခက်ထန် နေတဲ့ မယ့်ကိုတစ်လှည့်၊ ဇော်ဝင်းရဲ့နောက်က ဆံပင်ရှည်ရှည် ဆံမြီးမွေး မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့်လူကို တစ်လှည့် ဓာအတွင်း အကဲခတ်ကာ ...





"ဇော်ဝင်းရေ"

"ခင်ဗျာ ... အစ်ကို"

"ရပါပြီကွာ၊ ထားခဲ့ပါ၊ ငါ ကြည့်ပြောလိုက်ပါ့မယ်၊ မင်း အောက်ထပ် ကိုယ့်နေရာ ပြန်လိုက်တော့"

"အစ်ကို ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ကိစ္စတစ်ခုခု အရေးကြီးတာ ဖြစ်မှာပါ"

ဇော်ဝင်းက သိပ်မကြည်လင် မကျေချမ်းလှဘဲ ဇေဌှကို တစ်ချက် ဘုကြည့်ကြည့်၍ "ဟင်း"ခနဲ အသံထုတ်ကာ အောက်ထပ်ကို ပြန်ဆင်းသွားပါသည်။ ကြားထဲမှာ ဇော်ဝင်း မရှိ တော့တဲ့အခါ စည်သာနှင့် ဇေဌှ နှစ်ယောက်ဟာ မျက်နှာချင်း ဆိုင်တည့်တည့်ကြီး ဟာလာဟင်းလင်း ရင်ဆိုင်လိုက်ရပါသည်။ ယ်က ဆိုဖာမှာ ထိုင်နေတာဖြစ်၍ လှမ်းမြင်နေရသော်လည်း ၍ရှေ့တိုးမလာခဲ့။

စည်သာက ဇေဌှကို ကြည်ကြည်သာသာပဲ ကြည့် ာ ...

"ဘာကိစ္စရှိလို့လဲ ခင်ဗျ"

"ကျွန်တော် ..."

ဇေဌှ အသံက တုန်ခတ်နေသည်။ စိတ်လှုပ်ရှားမှု ရှိန်ကြောင့် ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည် လှိုင်းထနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဒီလူ့ပိုက်နက်ဆိုတော့ ဒီလူ့ထံ ခွင့်တောင်းဖို့ တာဝန်
ပါသည်။ တုန်ခတ်သွားတဲ့အသံကို ခဏထိန်းပြီးမှ ...

"ကျွန်တော် ဇေဌေပါ၊ ရှင်ဒွေးမယ်နဲ့ နည်းနည်းပြောစရာ
ရှိလို့"

"ဪ ... ကိုဇေဌေ၊ လာပါ ထိုင်ပါ"

ဇေဌေက သူ့ အဝေးမှ ခပ်လှမ်းလှမ်းမှ အကြိမ်ကြိမ်
မြင်ဖူးပြီးသားဖြစ်သော စည်သာ့ကို (စကော့ဈေးထဲတုန်းကလည်း
သေသေချာချာ မကြည့်မိခဲ့တဲ့အတွက်) ဒီတစ်ကြိမ် အနီးဆုံး
ရတာဖြစ်၍ စူးစူးစိုက်စိုက် အကဲခတ်လိုက်ပါသည်။ ပညာတ
သူဌေးသား ရုပ်ချောသဘောကောင်း ဆိုတဲ့ အချက်တွေအား
သူ့သွင်ပြင်မှာ ထင်ဟပ်နေသည်။ ဒီလူ့မျက်နှာဟာ တမင်လု
ယူထားတာ မဟုတ်တဲ့ အသရေတစ်မျိုးနှင့် ကျက်သရေရှိသည်
စိတ်ထားရဲ့ဖြူစင်မှုဟာ သူ့မျက်နှာမှာ လင်းတောက်နေသည်

ဇေဌေက စည်သာထံမှ မျက်နှာလွှဲလိုက်ပြီး ရှေ့
လာသည်။ ဆိုဖာမှာထိုင်နေတဲ့ မယ်က ခုနက ဇေဌေထံ လှ
ကြည့်နေသော်လည်း အခုမကြည့်တော့။ လက်ပိုက်ပြီး ရှေ့တည့်
တည့် မျက်နှာမူ၍ ခပ်တင်းတင်း ထိုင်နေပါသည်။ တကယ်တေ
မာကျောခက်ထန်လှတဲ့ ဇေဌေရဲ့ပုံသဏ္ဍာန်ကြောင့် မယ့်ရင်
တထိတ်ထိတ် ခုန်နေသည်။

ဒီအထိ စွတ်စွတ်ရွတ်ရွတ် တက်လာတဲ့သူ့
အမြင်လည်းကတ်၊ လန့်လည်းလန့်။ အဲဒါဟာ ဇေဌေပဲ





သူဟာ သူလုပ်ချင်ရာကို လုပ်မည့်လူတစ်ယောက်ပဲလေ။ ဒါကို
အစ,ကတည်းက မယ် သိသားပဲ။ ပြီးတော့လည်း ဒီနေ့ဟာ မယ့်
အားရက်။ မယ့်အားရက်တွေမှာ မယ်ဟာ ကိုစည်သာ့ ရုံးခန်းမှာ
ရှိနေတတ်တာကို ကိုဆွေနှင့်တစ်ကြိမ် ကြုံကြိုက်မှုအရရော၊ မှန်း
ဆပြီးတော့ရော၊ သူကိုယ်တိုင် စနည်းနာပြီးတော့ရော သူသိနေနိုင်
တာပဲ။

မယ့်ကို သူ လိုက်ချောင်းမြောင်းကြည့်မနေဘူးလို့
ဘယ်သူပြောနိုင်လဲ။ ဒီရုံးဟာလည်း သူနှင့်ဘာမှမဝေးလှ။ မယ်
ဒီကိုလာတာ သူ အကြိမ်ကြိမ် မြင်ဖူးနိုင်သလို ဒီနေ့လည်း သိကို
သိလို့ မြင်ကိုမြင်လို့ အပိုင်ဝင်ချလာတာ ဖြစ်နိုင်သည်။ ဘာကိစ္စလဲ။

ဘာကိစ္စလဲဆိုတဲ့ အတွေးက မယ့်ကို တုန်လှုပ်
ချောက်ချားစေသည်။ မယ်သည် ရင်ထိတ်နေရင်းကပင် အဲကွန်း
အအေးဓာတ်ရှိနေတဲ့ အခန်းထဲမှာ ချွေးတွေပြန်လာပါသည်။
ဇေဌေ ခြေလှမ်းများက မယ်နှင့် သားတိုက်ခပ်စောင်းစောင်းမှာ
ရပ်တန့်လိုက်ပြီး ...

"မင်း ဘာလုပ်တာလဲ မယ်"

မယ်က ဆတ်ခနဲ လှမ်းကြည့်လိုက်ရင်း ...

"ဧါ ဘာလုပ်လို့လဲ၊ ဘာတွေ လာပြောနေတာလဲ"

"မင်း လုပ်တယ်လေ၊ မင်း ကိုဆွေ့ကို ဘာပေးလိုက်လဲ"

စည်သာက မယ့်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါ
သည်။ မယ့် မျက်နှာ နီရဲသွားတာကို မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပေးလို့လဲ၊ နင် အလကားနေရင်း ဓာတ်လမ်းတွေ လာရှာမနေနဲ့ ဇေဌ"

"ငါ ဓာတ်လမ်းတွေ မရှာပါဘူး မယ်၊ နင် ရှာတာပါ၊ နင် ဝန်ခံစမ်းပါ၊ ကိုဆွေ့ကို နင် ဘာပေးလိုက်သလဲ"

"ဘာမှမပေးဘူး"

"ပေးလိုက်ပါတယ်၊ ကိုဆွေက ငါ့ဆွေမျိုး ငါ့ညီပါ၊ ငါ နှစ်ခါမစစ်ရပါဘူး၊ ကိုယ်လုပ်ရဲတာကို ကိုယ်ဝန်ခံရဲစမ်းပါ၊ နင် ကိုဆွေ့ကို သွားတွေ့ပြီး ဘာပေးခိုင်းလဲ"

မယ်သည် ရပ်ကြည့် လက်ပိုက်နေတဲ့ စည်သာ့ထံ လှမ်းမကြည့်ဖြစ်အောင် ထိန်းထားရသည်။

"ဘာမှ မပေးခိုင်းဘူး၊ နင် ပြန်တော့ ဇေဌ"

"ကိုဆွေ့ရုံးကို နင် သွားတယ်လေ၊ ဘာဖြစ်လို့ ဝန်ခံရမှာ ကြောက်နေတာလဲ၊ ကိုဆွေနဲ့ နင် သွားတွေ့တယ်"

"တွေ့တော့ကော ဘာဖြစ်သေးလဲ၊ ငါ့ဟာငါ ဘယ်သူနဲ့ သွားတွေ့တွေ့ နင် သက်ာမကင်း ဖြစ်နေစရာ မလိုဘူး"

ဇေဌက မခိုးမခန့် နှာနှာကျင်ကျင် ရယ်လိုက်ပါသည်။

"ဟင်း ဟင်း ... လုပ်တုန်းကလုပ်ပြီး ခုတော့ နင့်ခင်ပွန်းလောင်း သိမှာ နင် ကြောက်တယ် ဟုတ်လား၊ ငါကလည်း နင်တို့ကြားမှာ ပြဿနာဖြစ်အောင် တကယ်မလုပ်ချင်ပါဘူး ရှင်ဒွေးမယ်၊ တခြားကိစ္စဆိုရင် ငါ ခုလိုပြဿနာ လုံးဝ





လာမရှာဘူးဆိုတာ သေချာတယ်၊ ခုဟာက ငါ လုံးဝလက်သင့်မခံနိုင်တဲ့ကိစ္စ ဖြစ်နေတယ်၊ ငါ့သိက္ခာကို နင် စော်ကားတဲ့ကိစ္စ ဖြစ်နေတယ်၊ ဒါကြောင့် ငါလာတာ ...

နင်တို့ကြားမှာ ဘာပြဿနာမှ မရှိစေချင်ပါဘူး၊ ဒါပေမဲ့ နင့်ဘက်ကလည်း ငါ့ကိုပြတ်တယ်လို့ ပါးစပ်က အော်နိုင်ရင် နောက်ကွယ်မှာပါ ရှင်းရှင်းပြတ်ပြတ် နေနိုင်ရမယ်"

"အောင်မာ ... ငါက နင့်ကို မပြုတ်နိုင်ရအောင် ဘာများ ဖြစ်နေလို့လဲ၊ သိပ်သွေးနားထင်ရောက်မနေစမ်းနဲ့ ဇေဌ၊ နင့်ကိုယ်နင်လည်း သိပ်အထင်မကြီးနဲ့၊ ငါ့ကိုလည်း လျှော့မတွက်နဲ့"

"နင့်ကို လျှော့မတွက်ပါဘူး၊ နင်ကလည်း နင့်ဘက်ကနေ နင့်သိက္ခာကို လျှော့မချနဲ့ပေါ့"

"နင် ငါ့ကို လာစော်ကားမနေနဲ့၊ အခုထွက်သွား ဇေဌ"

"သွားမှာပါ ရှင်ဒွေးမယ်၊ နင့်ကို ချစ်သူသစ်နဲ့တွဲပြီး ငါက အားအားလျားလျား ထိုင်ကြည့်ချင်မယ်များ ထင်လို့လား၊ ဒီမှာ"

ဇေဌက စလွယ်သိုင်းလွယ်ထားတဲ့ ဂျင်းသားဘေးလွယ်အိတ် ခပ်ပါးပါးထဲ လက်သွင်းနှိုက်ယူလိုက်သည်။ ပြန်ထွက်လာတဲ့ ဇေဌ လက်ထဲတွင် ထောင်တန်ငွေစက္ကူတစ်ထပ် ပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်က ပိုက်ဆံတွေလဲ ရှင်းပြမယ်"

"ငါ ဘယ်သိမလဲ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"နင်နဲ့ မဆိုင်ဘဲနဲ့ နင် ကိုဆွေ့ကို ဘာသဘောနဲ့ ပိုက်ဆံ သွားပေးတာလဲ၊ နင် မသိဘူးလို့ ထပ်မလိမ်နဲ့၊ ငါ ကိုဆွေ ကို သေသေချာချာ စစ်ပြီးပြီ"

မယ့် မျက်နှာက ပျက်ယွင်းနေသည်။

"ငါ မသိဘူး"

"ကိုဆွေက ငါ့ကို ဒီပိုက်ဆံလာပေးတယ်၊ ရွှေဇလပ်ပွင့် ပိုင်ရှင်က ပေးသွားတယ်တဲ့၊ စပြောပြောချင်းကတည်းက ငါ မယုံပါဘူး၊ ငါအလုပ်လုပ်လာတဲ့ ဆိုင်ရှင်ပါ၊ သူ့အချိုး သူ့အကြောင်းကို ငါသိပါတယ်၊ လုံးဝမဖြစ်နိုင်လို့ မယုံလို့ အတင်း အစ်မေးတာ၊ သူ့ကို ရွှေဇလပ်ပွင့်ပိုင်ရှင်က လာ တွေ့သွားတယ်ဆိုရင် လူပုံစံပြော ဆိုတော့ သူ မပြောနိုင် ဘူး ...

ဘယ်ပြောနိုင်မလဲ၊ သူ့ဆီမှ မလာတာ၊ သူ့ဆီလာ တာ နင်၊ ကိုဆွေ ဝန်ခံပြီးပြီ"

မယ်က နှုတ်ခမ်းလေးကိုမဲ့ကာ ခေါင်းတစ်ချက် ဆတ်လိုက်ပါသည်။

"အေးလေ ... နင့်ကို ကိုဆွေ တကယ်ပြောပြီးပြီဆိုရင် တော့ ပြီးတာပဲ၊ ငါ့နာမည်ထည့်မပြောခိုင်းတာက နင့်ကို ထဲမှာ ငါတစ်ကဏ္ဍ မပါချင် မပတ်သက်ချင်တော့လို့





ဒါကြောင့် ကြားကတစ်ဆင့်ဖြစ်တဲ့ ငါ့ကိုဖျောက်ပြီး သူ့ကို ပဲ တိုက်ရိုက်ပေးသွားတယ်လို့ပဲ ပြောခိုင်းလိုက်တော့တာ၊ အဲဒါ ဘာဖြစ်လဲ ...

အဲဒါ နင် ငါ့ကို ဘာလာ ပြဿနာရှာစရာလိုလဲ"

"လိုတယ်၊ ဇေဋ္ဌက သူလိုချင်လွန်းလို့ ချေးရင်သာချေး မယ်၊ သနားတယ်ဆိုတဲ့ ဒီစိုင်းမျိုးနဲ့ လာပေးရင် လက်မ ခံဘူး၊ အထူးသဖြင့် ငါ့ရင်ဝကို စုံကန်ပြီး ငါ့ထက်သာတဲ့ လူနောက် ကောက်ကောက်ပါသွားတဲ့ နင့်လိုမိန်းမမျိုးဆီ ကဆိုရင် ပိုပြီးမယူဘူး ရှင်းခွေးမယ်၊ နင် ဒါလေးကိုမှ မမှန်းဆနိုင်ဘူးလား"

"ငါနဲ့ ဘာဆိုင်လဲ၊ ငါက မဘောဘီ ပေးခိုင်းလို့ ပေးရတာ"

ဇေဋ္ဌက မထီတရီ ပြုံးရင်း ...

"မဘောဘီက နင့်ဆီ လာပေးတယ်ပေါ့"

"ငါ့ဆီ ဆံပင်လာကောက်ရင်း ပေးသွားတယ်"

"သြော် ... သြော်"

"ကဲ ... ဒါပဲမှလား၊ နင် သွားတော့၊ သူများရုံးခန်းထဲဝင် ပြီး ပြဿနာရှာရတာ ဒီလောက်နဲ့ ကျေနပ်ပါတော့"

"ငါ ကိုစည်သာကို စော်ကားချင်တဲ့ဆန္ဒ လုံးဝမရှိဘူး ရှင် ခွေးမယ်၊ ငါ့ကိုပစ်သွားတဲ့ မုန်းသွားတဲ့ ရက်စက်နိုင်တဲ့ ပြတ်နိုင်တဲ့ နင့်ကို ဒီပိုက်ဆံမရခင်အချိန်ပိုင်းအထိ ငါတသသ နဲ့ ဆွေးမြည့်တမ်းတနေတယ်၊ အသည်းတွေကွဲပြီး ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မျှော်လင့်နေသေးတယ်၊ နှင်မုန်းလေလေ ငါကချစ်လေ
လေ ဖြစ်နေသေးတယ် ရှင်ဒွေးမယ် ...

အေး ... ဒီပိုက်ဆံရတဲ့အချိန်ကစပြီး နှင့်ကို ငါ
ကြည့်တယ်၊ ငါ သူတောင်းစားမဟုတ်ဘူး ရှင်ဒွေးမ
နှင့်ရည်းစားအသစ် ချမ်းသာတာနဲ့ ငါ့ကို ငွေတစ်သိ
ဘတ်ခနဲ ပေးတာကို ယူရလောက်အောင် ငါ သိက္ခာ
သေးဘူး၊ မနိမ့်ကျသေးဘူး”

“သူ ချမ်းသာတာနဲ့ ဘာဆိုင်လဲ”

“နှင် ပလီစီချောက်ချက် လျှောက်ပြောမနေနဲ့တော့၊ လုံ
မဖြစ်နိုင်တာကို သိလို့ ငါ ရွှေဇလပ်ပွင့်ကို ငါကိုယ်တို
လိုက်သွားပြီးပြီ၊ မဘောဘီက သူ့ဇာတိ လားရှိုးကိုပြန်
တယ် မရှိဘူး၊ ဦးမြင့်အောင်ပဲ ရှိတယ်၊ သူကတောင်
ကို ပြန်ဟောက်လိုက်သေးတယ်၊ မင်းသဘောနဲ့မင်း ဆ
မလာဘဲ ရပ်ပစ်တာ၊ ပိုက်ဆံမရတာ ငါ့တာဝန်မရှိဘူးတဲ့

မင်းကို ပိုက်ဆံပေးဖို့ စိတ်ကူးလည်း မရှိဘူး
ခေါင်းထဲကတောင် ပျောက်နေတာတဲ့၊ ငါ သူ့ဆီသွားတ
တောင်မှ သက်သက်မဲ့ ရမယ်ရှာပြီး ဘာအကြံအဖန် လ
လုပ်တာလဲလို့ သူက ထင်နေလိုက်သေးတယ်၊ ကဲ

မယ်က တုန်ယင်နေသော နှုတ်ခမ်းနှစ်လွှာကို တင်
တင်းဆွဲစေကာ မျက်လုံးထဲ မျက်ရည်တွေ ပြည့်လျှမ်းလာပြီး

“အဲဒီတော့ နှင် ဘာပြောချင်တာလဲ”





“ဒီတစ်သိန်းဟာ ဘယ်သူမှ ဘာမှလာမပေးဘဲ နှင့်ဟာနှင်
ဇာတ်လမ်းထွင်ပြီး နှင် ကြားထဲကစိုက်ပြီး ငါ့လက်ထဲ
အရောက်ထည့်တာ”

“မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး”

“မဟုတ်ရင် နှင် ခုချက်ချင်းလိုက်ခဲ့”

“ဘယ်ကိုလဲ၊ ဘာလို့လိုက်ရမှာလဲ”

“ဦးမြင့်အောင်ဆီကို၊ သူ့ရှေ့မှာ နှင်ရှင်း”

“ဘာကိစ္စ ရှင်းရမှာလဲ၊ ငါနဲ့ ဘာဆိုင်လဲ”

“နှင် တစ်ယောက်တည်းနဲ့ပဲ ဆိုင်တာ”

“ငါ့ကို ဦးမြင့်အောင် ပေးတာမဟုတ်ဘူး၊ မဘောဘီပေးတာ”

“မဘောဘီက လားရှိုးကိုသွားနေပြီး ပြန်မလာတာ နှစ်လ
လောက်တောင် ရှိနေပြီ၊ နှင်ဘာတွေလိမ်နေတာလဲ ရှင်
ဒွေးမယ်၊ ကဲ ... ပြောစမ်းပါ၊ ငါ့ကို ဘာကိစ္စ ပိုက်ဆံလာ
ပေးရတာလဲ”

“ငါ မပေးဘူး”

“နှင့်ကိုယ်နှင် သူဌေးကတော် ဖြစ်တော့မှာဆိုပြီး ဘဝင်မြင့်
ပြီး ပိုက်ဆံတွေ လျှောက်ပေးနေတာလား၊ ငါ့ကိုကြွားတာ
လား၊ ဒါမှမဟုတ် ငါဒုက္ခရောက်နေမယ်ဆိုပြီး ငါ့ကိုသနား
လို့လား”

“နှင်ကို ဘာကိစ္စနဲ့ ငါက သနားရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်က မုန်းတယ် မုန်းတယ် အော်နေပြီး နှင့်နှလုံးသားက ငါ့ကို အကြင်နာတွေ မေတ္တာတွေ ပိတ်ဆို့ရပ်တန့်မရအောင် ပြိုစီးကျနေလို့ ဖြစ်မှာပေါ့"

"ဇေဠ ... နှင်"

မယ်က ဝုန်းခနဲ ထရပ်လိုက်ပါသည်။

"ဆောရီးပဲ ရှင်ဒွေးမယ်၊ ရော့ ...၊ နှင့်ပိုက်ဆံ နှင်ပြန်ယူလိုက်ပါ၊ နှင့်စိုးရိမ်မှု ဂရုစိုက်မှုကိုတော့ အသိအမှတ်မပြုချင် ပြုချင်နဲ့ပဲ ပြုပေးလိုက်ပါ့မယ်"

"မယူဘူး၊ ငါ့ဟာ မဟုတ်ဘူး"

"နှင်ယူနော်၊ ရှင်ဒွေးမယ်၊ ငါ လုံးဝလက်မခံနိုင်ဘူး၊ နှင့်ရဲ့ သနားကြေး သဒ္ဓါကြေးကို လုံးဝလက်မခံနိုင်ဘူး"

"မယူဘူး"

"နှင် ပြန်ယူရမယ်"

"ဒီမှာ ဇေဠရဲ့၊ ငါ့ပိုက်ဆံမဟုတ်ပါဘူးဆိုတာ နှင် မယုံရင်လည်း ထားလိုက်ပါတော့၊ ဘယ်လိုပင်ဖြစ်စေ၊ နှင့်မှာ အကြွေးတွေ ပတ်လည်ဝိုင်းပြီး ငွေလိုနေတယ်ဆိုတာတော့ ငါလည်းကြားပါတယ်၊ ဘယ်သူပဲပေးတာဖြစ်ဖြစ် ကျေနပ်လို့ပေးတာကို ယူထားလိုက်တော့ နှင် ဘာဖြစ်သွားမှာလဲ"

"ကျေနပ်လို့ ပေးတာကို ငါ ယူရင် ငါမကျေမနပ် ဖြစ်နေရမှာပေါ့၊ နှင်သိဖို့က နှင့်ငွေမို့ မယူတာ၊ နှင်ပေးတာမို့လို့ ငါ့ကို ပူလောင်စေတာ၊ ဦးမြင့်အောင် တကယ်ပေးရင် ငါ





ယူမှာ။ ငါ ... ငါ လတ်လတ်ဆိုကလည်း ပိုက်ဆံယူတယ်၊ ဟုတ်တယ်၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ နှင့်ဆီကတော့ ဘယ်တော့မှ မယူဘူး ...

နှင်လည်း ဘယ်တော့မှ ဒီလို ခိုးကြောင်ခိုးဝှက် လုပ်ပြီး ပေးဖို့မစဉ်းစားနဲ့၊ စိတ်ကူးမယဉ်နဲ့၊ ဘယ်တော့မှ ယူမှာမဟုတ်ဘူး၊ နှင် ငါ့ကို ရက်ရက်စက်စက် ပြောခဲ့တဲ့ စကားတွေ ငါ မမေ့ပါဘူး မယ်၊ ငါ မှားတယ်၊ ငါအပြစ်ရှိတယ်ဆိုပေမယ့် ငါ့မှာလည်း ချွန်စားချက် ငါရှိပါတယ်၊ ရော့ ... ပြန်ယူလိုက်ပါ"

မယ်က ပါးပြင်ပေါ် မျက်ရည်စီးကျလာ၍ မော့ပြီး လက်ဖဝါးနှင့် ပွတ်သုတ်လိုက်ကာ ...

"မယူဘူး"

"နှင်မယူရင် ငါက ဘာလုပ်ရမှာလဲ ဒီငွေတွေ"

"လွှင့်ပစ်လိုက်"

"ရော့ဟာ ... ကဲ ..."

ဇေဠက လက်ထဲကိုင်ထားတဲ့ ထောင်တန်အထပ်ကို တကယ်ပဲ မယ့်ထံချိန်ရွယ်ပစ်ပေါက် လွှင့်ပစ်လိုက်ပါသည်။ စည်းထားတဲ့ သားရေပင် ပြုတ်ထွက်ကာ မယ့် ရင်ညွှန့်ကို ထိမှန်တဲ့ ပိုက်ဆံထုပ်က ငွေစက္ကူတွေ ကျဲပြန့်လွှင့်ဖွာသွားသည်။ မယ်သည် ထိခိုက်မိလို့ မနာသော်လည်း သူ့ကို ပိုက်ဆံနှင့် ပစ်ပေါက်သွားတဲ့ ဇေဠရဲ့ အပြုအမူကြောင့်တော့ ရင်နာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လျှော့ပွတ်ကာ ကျောက်ပြားကြမ်းပြင်ပေါ် ကျကုန်တဲ့ ငွေစက္ကူတွေကို ပခုံးလေးတုန်အောင်ရှိုက်ရင်း ငုံ့ကြည့် နေမိဆဲ ဇေဌက ခြေသံပြင်းပြင်းနှင့်၍ နှုတ်မဆက်ဘဲ ထွက် သွားပါသည်။ အဲဒီခြေသံက မယ့်နှလုံးသားကို ဖိနင်းသွား ခြေသံလို တစ်ချက်ချင်းက နှလုံးသားကို နာကျင်စေပါသည်။

မတ်တတ်ရပ်လျက် ခေါင်းငုံ့လျက်ပုံစံမှ မရွှေ့မလျှ မလှုပ်မယှက်ဘဲ မျက်ရည်ပေါက်များသာ ကျောက်ပြားပေါ် တ ပေါက်ပြီးတစ်ပေါက် ကျနေတဲ့ မယ့်ကို ငေးစိုက်ကြည့်နေရာ စည်သာက ရှေ့တိုးလာသည်။ ခပ်လှမ်းလှမ်းကတည်းက ကြ ပေါ်က ပိုက်ဆံတို့ကို ကုန်း၍ ကုန်း၍ ကောက်လာပါသည်။ မယ့်ခြေရင်းက အပုံလိုက်ကိုတော့ ဆွဲယူသိမ်းကျုံးကာ စားပွဲပေ ပေါ် စုပုံတင်ထားလိုက်သည်။

မယ်က မထိုင်သေးပေမယ့် စည်သာက ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ခေါင်းကိုလည်း မော့ကာ မှီထားမိသည်။

"မယ်"

"... ..."

"မယ် ... ကိုယ့်ကိုတော့ အမှန်အတိုင်းပြောပြပါ၊ တစ်ခွန်း တည်းပြောပါ၊ အဲဒါ မင်း ပိုက်ဆံလား"

"... ..."

"မငိုပါနဲ့ မယ်၊ ကိုယ် စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ မယ့်ဆီ က ရိုးရိုးသားသား ဖြေလာမယ့် စကားတစ်ခွန်းကိုတော့





လိုချင်တယ်၊ အခု တစ်ခွန်းတည်းပြောမယ့် မယ့်စကားသာ လျှင် အတည်စကားလို့ ကိုယ်သတ်မှတ်ပြီး လုံးဝယုံကြည် မှာပါ၊ မယ်ဖြေပါ"

"... ..."

"ကိုယ် ထပ်မေးမယ်၊ ဒါ မယ့်ပိုက်ဆံလား၊ ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ မယ့်အပေါ်ထားတဲ့ ကိုယ့်အချစ် က ဘာမှပြောင်းလဲစရာ အကြောင်းမရှိပါဘူး၊ မယ် ဇေဌ ကို သနားလို့ ပိုက်ဆံသွားပေးတယ်ဆိုရင်လည်း ကိုယ် ခွင့်လွှတ်ပါတယ်"

"ကို ...၊ မယ်လေ ... မယ် ... မယ်"

"မယ် ပေးလိုက်တာပေါ့၊ ဟုတ်လား"

မယ်က မျက်နှာကို လက်ဖဝါးနှင့်အုပ်ပြီး ငုံ့ချလိုက် ကာ ...

"ဟုတ် ... ဟုတ်ပါတယ်၊ မယ့်ပိုက်ဆံပါ၊ မယ်ပေးမိပါ တယ် ကို၊ ကို့ကို မယ် မညာချင်ပါဘူး၊ သူ ဒုက္ခရောက် နေတယ်ဆိုတာ သိနေတော့ မယ် ... ... ..."

စည်သာက ထိုင်ရာမှထ,ကာ မယ့်ပခုံးကိုထွေးဖက် ၍ နှစ်ယောက်ထိုင်ဆိုဖာရှည်တွင် အတူတွဲပြီး တယုတယထိုင်စေ လိုက်ပါသည်။ သူ့ရင်ထဲမှာတော့ ဖြတ်တောက်ဖို့ခက်ခဲလှတဲ့ မယ့်ရဲ့ သံယောဇဉ်ကြိုးမျှင်တန်းအတွက် နင့်နေအောင် ခံစားနေရပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"မယ် ... ကို ပြန်မယ်"

"ဟုတ်ကဲ့"

"နက်ဖြန်ညနေ ဆေးခန်းဘွတ်ကင် ယူထားတယ်နော်။ မယ် ဆိုင်က စောပြန်ဖို့ မေ့နေဦးမယ်၊ ကိုယ်လာကြိုမယ်"

"ဟုတ်ကဲ့ ... မယ် မမေ့ပါဘူး"

မယ်က စည်သာ့ကို ချစ်စဖွယ်လေး ပြုံးပြကာ ဖြေသည်။

"အန်တီ ကျွန်တော် ပြန်တော့မယ်"

"အေး ... အေး၊ ကျေးဇူးပါပဲ သားရယ်၊ ဒီကောင်မလေးဟာ ဒီလိုပဲ၊ ယောက်ကတည်းက ပျော့တယ်၊ ချူချာတယ်၊ သူ့အစ်ကိုတွေ အစ်မတွေနဲ့ မတူဘူးကွယ်၊ သားလည်း အလုပ်တွေများတဲ့ကြားက ..."





"ကိစ္စမရှိပါဘူး အန်တီ၊ အလုပ်လည်း မလစ်ဟင်းပါဘူး၊ မယ် အဲဒီအားဆေးကို သောက်နော်"

"သောက်ပါ့မယ် ကို"

စည်သာ့ကို ဒေါ်ပြုံးက တံခါးထ,ဖွင့်ပေးပြီး ပြန်ပိတ်လိုက်ပါသည်။ ထို့နောက် ဒေါ်ပြုံးက စားပွဲပေါ် ကျန်ရစ်ခဲ့သော ဖိတ်စာအဝါလေးတွေ ပန်းရောင်လေးတွေ ပုံစံမျိုးစုံကို ကောက်ကြည့်နေပါသည်။ မယ့်အမေ ဒေါ်မြမြရှင်ကတော့ မယ့်ကို အကဲခတ် စိုက်ကြည့်နေပါသည်။

"သမီး"

"ရှင် မေမေ"

"သမီးကို မေမေ မေးစရာရှိတယ်၊ အမှန်အတိုင်း ဖြေစမ်း သမီး၊ မေမေ့ကို မညာနဲ့"

"ဘာလဲ မေမေ"

"ညည်း စိတ်ကောချမ်းသာရဲ့လား"

"... ..."

မယ်က မမျှော်လင့်တဲ့ မေးခွန်းအတွက် ရုတ်တရက် နှုတ်ဆိတ်သွားကာ အိုးတိုးအတ ဖြစ်သွားပြီးမှ ...

"ဘာများလဲလို့ မေမေရယ်"

"ညည်းကိုယ်ညည်း မှန်ထဲမှာ သေသေချာချာရော ဂရုစိုက်ကြည့်ဖြစ်ရဲ့လား"

"နေ့တိုင်း မှန်ကြည့်နေတာပဲ မေမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တော့ကော တွေ့ကော တွေ့ရဲ့လား၊ ဂရုစိုက်ပြီး ကိုယ့်ကိုယ်ကိုယ် အကဲခတ်မိရဲ့လား"

"မယ် ဘာဖြစ်နေလို့လဲ မေမေ၊ အလုပ်က တစ်ဖက်ရှိတာ ရယ်၊ နှစ်ကုန်ကိုမှန်းပြီး မင်္ဂလာကိစ္စ ဆောင်ရွက်မယ်ဆို တော့ တိုင်ပင်ရ စဉ်းစားရ ဦးနှောက်အလုပ်များနေတာရယ်၊ စိတ်ပင်ပန်းပြီး လူနည်းနည်း ကိုယ်ရည်စစ်သွားတယ် လေ"

"ဒါပဲလား သမီး"

"ဒါ့အပြင် ဘာရှိရဦးမှာလဲ၊ မယ် နေကောင်းပါတယ်၊ လူက မူးနောက်နောက် ငြီးစီစီဖြစ်တယ်၊ ဒါကို ကိုစည်သာ က သမားတော်တစ်ယောက်ယောက် ပြထားလိုက်၊ စစ်စရာ ရှိတာစစ်ဖို့ ပြောလို့ မယ်ကလည်း ခေါင်းညိတ်လိုက်တာ ပါ၊ နေမကောင်းလို့ မဟုတ်ပါဘူး၊ မယ် ဘာမှမဖြစ်ဘူး"

"အလုပ်ကတစ်ဖက် ဆိုတာလည်း ခါတိုင်းထက်တောင် သမီးအလုပ်ချိန် လျှော့ထားတယ်၊ မင်္ဂလာကိစ္စကလည်း ဘာမှ ဒီလောက်ကြီး ဖိဖိစီးစီး ဆောင်ရွက်ရတာ မရှိသေး ပါဘူး၊ ဟိုလိုက်ကြည့်၊ ဒီလိုက်ကြည့် ဒါလေးလောက်ပဲ ရှိသေးတာ၊ သွားရလာရသမျှကလည်း အဲကွန်းဖွင့်ထားတဲ့ ကားနဲ့ ပင်ပန်းစရာမရှိပါဘူး၊ ဒါနဲ့တောင် လူက တစ်နေ့ တခြား ပိန်လာပြီး မရွှင်မပျ မလန်းမဆန်း ဖြစ်နေတာဟာ လူပင်ပန်းတာ မဖြစ်နိုင်ပါဘူး သမီး"





"ဘာဖြစ်တယ်လို့ မေမေက ပြောချင်တာလဲ"

"လူဘာမှမဖြစ်ရင် ညည်းမှာ စိတ်ကဖြစ်နေတာလို့ ငါထင် တာပဲ မယ်"

"… …"

"စိတ်ချမ်းသာရဲ့လား သမီး"

မယ်က သက်ပြင်းချလိုက်ရင်း …

"မေမေရယ် … ရုပ်ချော သဘောကောင်း မိုက်ဆံလည်း ချမ်းသာပြီး မယ့်ကိုလည်း ဒီလောက် အရိပ်တကြည့်ကြည့် ချစ်မြတ်နိုးနေတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရမယ့်ကိစ္စ ကို မယ် စိတ်မချမ်းသာပဲ ရှိပါ့မလား"

ဒေါ်မြမြရှင်က ခေါင်းကလေး အသာယမ်းလိုက်မိ သည်။

"အဲဒါ စိတ်ချမ်းသာတာ မဟုတ်ဘူး၊ ပြီးပြည့်စုံတဲ့ အိမ် ထောင်ဖက် တစ်ယောက်ကို ရတယ်ဆိုတဲ့အပေါ် သမီး ကျေနပ်ဝမ်းယူ သာယာတာ"

"အဲဒီတော့ စိတ်ချမ်းသာရတာပဲလေ၊ တူတူပါပဲ မေမေ"

"မတူဘူး သမီး၊ တစ်နေ့က ဈေးတို့လမ်းထဲ သမီး ဘာ သွားလုပ်တာလဲ"

မယ်က မေမေ့ကို ဖျတ်ခနဲ ကြည့်လိုက်မိသလို၊ ကိုယ်ပင် ဆတ်ခနဲ ဖြစ်သွားရပါသည်။ ဘယ်အရာမှ ဆိတ် ယ်ရာလည်း မရှိပါလား။ အိမ်ထဲနေနေတဲ့ မေမေတောင်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်လျှင် အဲဒီနားမှာတင် ရုံးရှိတဲ့ ကိုစည်သာလည်း တ
နည်းနဲ့ သိနိုင်တာပင်။

"မေမေ့ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောလဲ မမေးနဲ့၊ ဟုတ်တယ် မဟုတ်ဘူး
ဝန်ခံစရာမလိုဘူး၊ ဟုတ်ကိုဟုတ်တဲ့ကိစ္စ ဖြစ်တဲ့အ
ဘာသွားလုပ်တာလဲ ဆိုတာပဲ ဖြေ"

မယ်က ခေါင်းငုံ့ချလိုက်ရင်း ...

"ဆိုင်က သင်တန်းသူအသစ် ကောင်မလေးတစ်ယော
က အဲဒီနား အဆောင်တစ်ခုမှာ နေတယ် မေ
အဆောင် သွားရှာတာပါ"

ဒေါ်မြမြရှင်က ခေါင်းတညိတ်ညိတ်နှင့်ပင်

"ရှာပြီး ဘာလုပ်ဖို့လဲ"

"သင်တန်း ပျက်နေလို့ ဆိုင်က ဘာဖြစ်သလဲ မသိ
နဲ့"

"သင်တန်းပျက်တဲ့သူကို အဲသလိုပဲ အိမ်တိုင်ရာရော
သတင်းလိုက်မေးတာမျိုး ထုံးစံရှိလို့လား မယ်၊ သင်
သူ မပြောနဲ့ ဝန်ထမ်းအလုပ်သမားထဲက ပျက်ရင်
အိမ်ကိုလိုက်လို့လား"

မယ်က နှုတ်ဆိတ်နေသည်။

"အဲဒီနေ့က အဲဒီလမ်းထဲမှာ ဟိုဘက်ထိပ်နဲ့ ဒီဘက်
အခေါက်ခေါက် အခါခါ ဖြတ်လျှောက်နေတာ မြင်တ





က မြင်တယ်၊ လေထဲ မိုးထဲ ထီးတစ်ချောင်းနဲ့ အောက်
တစ်ပိုင်းလုံး ရွှဲနစ်လို့၊ သမီးလေး မေမေ့ကို မညာပါနဲ့၊
မေမေက သမီးအမေပါ၊ ငါ့သမီးမှာ စိတ်ညစ်စရာ စိတ်
ဆင်းရဲစရာရှိရင် ကူညီဖေးမပြီး ငါ့သမီး ပျော်ရွှင်နေရင်
ဝိုင်းဝမ်းသာရမယ့် အမေပါ သမီး ...

သမီး မောင်စည်သာကို ကျေကျေနပ်နပ် ရွေးချယ်
ခဲ့တယ်၊ ဒီလိုလူနဲ့ ဆုံစည်းရတာကိုလည်း ဂုဏ်ယူတယ်၊
ဒါပေမဲ့ ဓနကို ချန်ထားရစ်ခဲ့ပြီး မောင်စည်သာကို
လက်ထပ်လိုက်ရမှာကို သမီး စိတ်ချမ်းသာရဲ့လား၊ သမီး
နောက်ဆံတင်းနေတယ်၊ ချီတုံချတုံ ဖြစ်နေတယ်လို့ မေမေ
လည်းထင်တယ်၊ မောင်စည်သာလည်း ထင်တယ်"

"မယ် သိပါတယ်၊ မယ့်ကိုလည်း သူ တဖွဖွမေးပါတယ်"

"မောင်စည်သူဟာ ရှာမှရှားတဲ့ လူကောင်း လူရည်မွန်တစ်
ယောက်ပါ၊ ဒါပေမဲ့ ရှားရှားပါးပါး အကောင်းစားကို ပိုင်
ရတိုင်း လူတိုင်းစိတ်ချမ်းသာနိုင်တာ မဟုတ်ပါဘူး၊ ရှား
တိုင်း ကောင်းတိုင်းလည်း ကိုယ်မက်မောတာ မဟုတ်ဘူး၊
ဒါကို အားလုံး သိတယ်၊ လက်ခံတယ်၊ မောင်စည်သာက
မေမေ့ကိုလည်း ပြောပါတယ်၊ မယ် စိတ်ချမ်းသာတာကိုပဲ
သူ လက်ခံမှာတဲ့၊ မယ့်ကို ပိုင်ဆိုင်ရမှာကို သူ အလွန်
တန်ဖိုးထားပေမယ့် မယ့်ပျော်ရွှင်မှုကို သူ ပိုတန်ဖိုးထား
တယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးပတ်ဝန်းကျင်က သမီးကို ချစ်ကြတဲ့ ဖေ
လတ်လတ်၊ မောင်စည်သာတို့ အားလုံးပဲ သမီးစိတ်
သာတာကို မြင်ချင်ကြပြီး သမီး အခု အပြည့်အဝ
ချမ်းသာမနေတာကိုလည်း ရိပ်မိကြတယ်"

မယ် ငိုင်တွေနေရာမှ မေမေ ထိုင်နေတဲ့ ဆက်
ရှေ့ကြမ်းပြင်ပေါ် လာထိုင်ချလိုက်ကာ မေမေ့ဒူးပေါ် မေးတင်လို
ပါသည်။

"မေမေ ... ဖေဖွေရဲ့လမ်းထဲကို မယ် သွားတာ ဖေ
ဘယ်လိုသိလဲ၊ ကိုစည်သာကများ ပြောတာလားဟင်"

ဒေါ်မြမြရှင်က ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်

"ဟုတ်တယ် သမီး၊ အဲဒီလမ်းထိပ်က လက်ဖက်ရည်
မှာ သူ့ရုံးဝန်ထမ်းတွေ နေ့လယ်လက်ဖက်ရည်သောက်
ကျ၊ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ သမီးရဲ့အပြ
က သူတို့ကို အံ့သြထူးဆန်းစေတာပေါ့"

မယ်က မေမေ့ဒူးပေါ် မှောက်ချလိုက်ပါသည်
စီးကျလာတဲ့ မယ့် မျက်ရည်တို့က မေမေ့လုံချည်စကို ဖောက်ဝင်
မေမေ့ဒူးကို စွတ်စိုစေလိမ့်မည်။

"မေမေ ... အဲဒီလမ်းထဲက သမီးနဲ့လည်းခင်တဲ့ သူ
ယောက်နဲ့တွေ့လို့ပါ၊ ဖေဖွေ အဲဒီမှာမနေတော့ဘူးတဲ့၊
တော့ဘူးတဲ့၊ ဘယ်ကိုရွှေ့သွားလဲဆိုတော့လဲ သူလည်း
ဘူးတဲ့၊ အဲဒါကြောင့် မယ် ဒီလမ်းထဲ သွားကြည့်မိတာ





မေမေ၊ အောက်ထပ်က အိမ်ရှင်ကို ဖေဖွေ ဘယ်ပြောင်းသွား
တာလဲ ဝင်မေးဖို့ အကြိမ်ကြိမ် အားယူခဲ့တယ်၊ ပြန်ထွက်
လာလိုက်၊ ပြန်လျှောက်ဝင်သွားလိုက်နဲ့ သိပ်သိချင်လို့
မေးဖို့ကြိုးစားမိပေမယ့် မမေးသင့်ဘူးလို့လည်း မယ့်စိတ်က
တုံ့ဆွဲနေတယ် ...

မယ်က ကိုစည်သာနဲ့ လက်ထပ်တော့မယ် မဟုတ်
လား မေမေ၊ ရည်းစားဟောင်း ဘယ်ကိုပြောင်းသွားလဲဆို
တာ မယ် မစုံစမ်းသင့်ဘူး မဟုတ်လားဟင်၊ ဒါကြောင့်
မယ် ဝင်မမေးခဲ့ဘူး၊ ဒါပေမဲ့ မယ် သိပ်သိချင်နေတယ်၊
သူ့ ဒီထက်စုတ်ပြတ်တဲ့ နေရာတစ်ခုခုကိုပဲ ရောက်သွားမှာ၊
သူ့စိတ်တွေ လေလွင့်နေတယ် မေမေ၊ သူ သိပ်ပျက်စီး
သွားလိမ့်မယ်"

မယ်က ရှိုက်ကြီးတငင် ငိုကြွေးနေပါသည်။

"အဲဒါ သမီးနဲ့ ဆိုင်လို့လား သမီး"

"မဆိုင်တော့ပါဘူး၊ သမီး သိပါတယ်၊ မယ် သူ့ကိုမုန်းတီး
နာကြည်းပေမယ့် သူ့ဘဝ ပျက်စီးနစ်မွန်းသွားမှာကို မဖြစ်
စေချင်ဘူး၊ ဘယ်လောက် သတ်ဖြတ်ချင်အောင် စိတ်နာ
နေတဲ့အချိန်မှာပဲ တစ်ရေးနိုး ထ,မေးမေး သူ့ဘဝကောင်း
စားတိုးတက်သွားတာကိုပဲ မယ် တွေ့ချင်တာ မေမေ ...

မယ့်အသည်းတွေကို သူ ခွဲခဲ့ပေမယ့် မယ့်ရင်တဲ့
နာကျင်ခဲ့ပေမဲ့ တကယ်တမ်း သူ့ကို ရှုံးနိမ့်ကျဆုံးစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ စေတနာသက်ရောက်မှုမျိုး မယ့်မှာ ကြာကြာမရှိနိုင်ပါဘူး၊ မယ် သူ့ကို မုန်းပါတယ် မေမေရယ်၊ သူ့ကိုရွံပါတယ်၊ ဒါပေမဲ့ သူ့ကို မယ် စေတနာမပျက်ဘူး၊ မယ်သူ့ကို မကြည့်ချင်ဘူး၊ ဒါပေမဲ့ မယ် မြင်နေတယ် ...

မယ် သူ့ကို ခွင့်မလွှတ်ချင်ဘူး၊ ဒါပေမဲ့ မယ်ကတော့ တိုးတက်မြင့်မား ကောင်းစားသွားတဲ့ အချိန်မျိုးမှာ သူ့ဘဝ လေလွင့်သွားတာကို မယ် အဖြစ်မခံနိုင်ဘူး မေမေ၊ အိပ်မက်တွေတိုင်းမှာ သူ့အတွက်ပဲ မယ် စိတ်ပူနေတယ်၊ ဒါပေမဲ့ သူ့ကို ... သူ့ကို ... မယ် ခွင့်မလွှတ်ဘူး"

"ဝဋ်ကြီးလှချည်လား သမီးရယ်"

တရှိုက်ရှိုက် ငိုကြွေးနေတဲ့ သမီးရဲ့ဆံပင်လေးတွေကို ပွတ်သပ်ကာ ဒေါ်မြမြရှင်ပါ မျက်ရည်ကျရပါသည်။ သမီးရဲ့ရင်ထဲကို ဟင်းလင်းကြီး မြင်နေရပါသည်။ ဟိုဘက်နဲ့ဒီဘက် ဘယ်ဘက်ကိုမှ အကြံမပေးတတ်တော့ပါတည်း။

"ကိုစည်သာ့ကိုလည်း သနားတယ်၊ သူနဲ့လက်ထပ်ရမယ့် ဘဝကိုလည်း မယ် တကယ်မက်မောတာပါ မေမေ၊ မယ် မရှက်ပါဘူး၊ မယ်လည်း ပုထုဇဉ်မိန်းကလေးတစ်ယောက်ပဲ၊ ကိုယ့်ကို တင့်တောင်းတင့်တယ်နဲ့ ဟိုးအမြင့်ဆုံးမှာထား မယ့် လင်ယောက်ျားကို မက်မောပါတယ်၊ မယ့်ဆန္ဒအမှန်ပါပဲ၊ မယ် ဇေဋ္ဌကို နာကျင်အောင် လက်စားချေဖို့ ကိုစည်သာကို ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး၊ မယ့်ကို





အမောအပန်းပြေစေတဲ့၊ မယ့်ကို ပျော်ရွှင်နှစ်သိမ့် ကျေနပ်စေတဲ့ သူချစ်ကိုရော၊ အောင်မြင်တင့်တယ်တဲ့ အိမ်ထောင်ရေးဘဝကိုရော မျှော်လင့်ပြီး မယ့်စိတ်ရင်းခံနဲ့မယ် ကိုစည်သာကို လက်ခံလိုက်တာပါ ...

အဲဒီ မယ် မျှော်လင့်တဲ့ သာယာတဲ့ ဘဝလေးကိုလည်း မယ် မဖျက်ချင်ဘူး၊ တစ်ဖက်မှာ ဇေဋ္ဌ ဘဝကိုလည်း ပျက်ပြီးမကျန်ခဲ့စေချင်ဘူး၊ မေမေ ပြောတာ သိပ်မှန်ပါတယ်၊ အချစ်ဆိုတာ အကောင်းဆုံး၊ အသင့်တော်ဆုံးအပေါ်မှာပဲ ကျရောက်နိုင်တာ မဟုတ်ဘူး၊ အကောင်းဆုံး အသင့်တော်ဆုံး မဟုတ်တဲ့ အရာပေါ်မှာလည်း မျက်စိလည်လမ်းမှားပြီး တွယ်ရင်တွယ်နေတတ်တာမျိုး ...

ဇေဋ္ဌဟာ ကြိုးစားသင့်သလောက် မကြိုးစား၊ သူ စိတ်ပျော်သလိုပဲနေ၊ စိတ်ဓာတ်ခိုင်ကြည်မှုမရှိ၊ အခန့်မသင့်ရင် ရေစုန်မျောဖို့ အဆင်သင့်၊ လောကကြီးကို ဖြောင့်ဖြောင့်ဖြူးဖြူး မြင်ဖို့ထက် ကွေ့ကွေ့ကောက်ကောက်မြင်ဖို့ ရိုသဲ့မထီလေးစားကြည့်ဖို့ပဲ ရှေ့တန်းတင်၊ မမျှော်မလင့်ပဲ အပြစ်တစ်ခု အမှားတစ်ခုကို လွယ်လွယ်ပေါ့ပေါ့ ကျူးလွန်မိတဲ့အခါ ကျူးလွန်မိ၊ တကယ့် ပုထုဇဉ်မှ ပုထုဇဉ် ယောဘုယျကျကျ ခပ်ညံ့ညံ့ ပုထုဇဉ် ...

အဲသလို လူတစ်ယောက်ကိုမှ ဘာ့ဖြစ်လို့ ချစ်မိခဲ့တယ်ဆိုတာ မစဉ်းစားတတ်တော့ဘူး မေမေ၊ ဟိုးအမြင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တက်ရခါနီးဆဲဆဲမှာ ဟိုးအောက်ကို နောက်ဆံတင်းတာ နဲ့ ဘာဖြစ်လို့ ပြန်ငုံ့ကြည့်နေမိသေးလဲ မယ် နားမလည် နိုင်တော့ဘူး၊ မယ့်တွေဝေမှုတွေကို ကိုစည်သာကိုလည်း မသိစေချင်ဘူး၊ သူ့လောက် မယ့်အပေါ်ကောင်းတဲ့သူမျိုး ယောကျ်ား ဘယ်တော့မှ ထပ်ရှိမလာနိုင်တော့ဘူးဆိုတာ သိသိနဲ့ သူ့လောက် ဘယ်နည်းနဲ့မှ မကောင်းတဲ့ ယောကျ်ား တစ်ယောက်ဆီမှာ မယ့်နှလုံးသားတွေ တငင်ငင် ဖြစ်နေ ရတာကို မယ် နားမလည်တော့ဘူး ...

မယ် ဘာဖြစ်နေလဲ မယ် မသိတော့ပါဘူး မေမေ မယ် စိတ်မချဘူး၊ မယ့်စိတ်တွေက ရှေ့ကို လွတ်လွတ် လပ်လပ် မတိုးနိုင်ဘူး၊ နောက်ဆံပဲ တင်းနေတယ် မေမေရယ် သူ ဘယ်တွေများ ရောက်ရာပေါက်ရာလျှောက် ထွက်သွားပြီလဲ"

မယ့်ရဲ့ဆွေးဆွေးမြည့်မြည့် ဆွတ်ဆွတ်ကျင်ကျင် ငိုရှိုက်သံတို့မှာ တိုက်ခန်းတွင်းမှာ ပဲ့တင်ရိုက်ခတ်နေပါသည်။

"ကဲ ... ကဲ ...၊ ပင်ပန်းလိုက်တာ သမီးရယ်၊ တိတ်တော့ကွယ်၊ မောလည်းမောလှပါပြီ"

"သူ ဘယ်ရောက်သွားပြီလဲ မသိဘူး မေမေ"

"သူက အရွယ်ရောက်နေတဲ့ ကျားကျားလျားလျားယောကျ်ား တစ်ယောက်ပဲ သမီး၊ သူ့အတွက် သမီး ပူပန်စရာမလို ဘူး၊ သူ့ပြဿနာသူ ဖြေရှင်းပြီး သူ့ခြေထောက်ပေါ် 





ရပ်တည်နိုင်ရမှာပေါ့၊ ကလေးတစ်ယောက်မှ မဟုတ်ဘဲ"

"သူက စိတ်ဓာတ်ကျတတ်တယ်၊ အားလည်းငယ်တတ်တယ်၊ စိတ်လျှော့တတ်တယ်၊ မျက်နှာပေါ်မှာ ထီမထင်သလို ပုံဖမ်းထားပြီး သူ့ရင်ထဲမှာ ကျိတ်ပြီးဝမ်းနည်းနေတတ်တာ သမီး သိတယ်၊ သူ့ကို စောင့်ရှောက်အုပ်ထိန်းခဲ့တဲ့သူ ဖြည့်ဆည်းခဲ့ ခွင့်လွှတ်ခဲ့တဲ့သူက မယ်တစ်ယောက်ပဲ ရှိခဲ့တာ"

"သမီး ဒါကိုသာ တနုံ့နုံ့တွေးနေမယ်ဆိုရင် ဘဝကို ဘယ်လိုရှေ့ဆက် လျှောက်မလဲ၊ မောင်စည်သာက ဘာမဆို ခွင့်လွှတ်နားလည်မှု ပေးခဲ့တယ် ဆိုပေမယ့် ညည်းရင်ထဲ ညည်းခေါင်းထဲကနေ ဇေဌကို ထုတ်မပစ်ဘူးဆိုရင် မောင်စည်သာ အပေါ် ညည်း တရားမျှတပါ့မလား၊ ကာယကံ ဝစီကံနဲ့ မဟုတ်တောင် မနောကံနဲ့ ညည်းစိတ်က တခြားကို တွယ်ငင်နေရင် ဒီအိမ်ထောင်တစ်ခုအပေါ် ညည်း သစ္စာရှိတယ် ခေါ်နိုင်ပါ့မလား သမီး"

"မယ် ... မယ် ဘာလုပ်ရမလဲ မေမေရယ်"

မောပန်းလွန်း၍ မယ့်ရှိုက်သံလေးက တဖြည်းဖြည်း ခြားလာသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဘာရောဂါမှ မရှိဘူး၊ အားနည်းနေတယ်၊ ပံရက်ရှာကျ နေတယ်၊ ဒါလောက်က ကိုယ့်ကိုယ်ကိုယ် စည်းနဲ့ကမ်းနဲ့ သတိထားပြီး အားမွေးသွားရင် ကောင်းသွားမှာပဲ၊ ဆရာဝန်က အားဆေးတွေ ပေးနေပေမယ့် ကိုယ့်ကိုယ်ကိုယ်မမွေးရင် အားပြည့်လာမှာ မဟုတ်ဘူး မယ်"

ဆေးခန်းထဲက ထွက်လာရင်း ပြောတဲ့ ကိုစည်သာ့ စကားကို မယ်က မျက်နှာသေကလေးနှင့်ပဲ ခေါင်းညိတ်နာခံနေပါသည်။ မယ့်လက်ဖျားလေးကို ယုယုယယဆုပ်တွဲထားတဲ့ ကိုစည်သာ့ လက်ချောင်းများက နွေးထွေးခွန်အားပြည့်လှပါသည်။ အဲဒီခွန်အားတွေ ဘာကြောင့်များ မယ့်သွေးထဲ စီးဝင်မလာပါလိမ့်ကွယ်။

ဒေါ်သ မုန်းတီးမှု နာကြည်းမှု ဒဏ်ရာဝေဒနာတွေက တစ်ရက် နှစ်ရက်မှာ မသိသာ၊ တစ်ပတ် နှစ်ပတ်မှာလည်း မသိသာပေမယ့် သုံးလ လေးလ ငါးလ ခြောက်လ ဆိုတော့ ကိုယ်ရောစိတ်ရောပါ ဖိစီးချုံးချုံးကျစေခဲ့တာ။ နာကြည်းမှု ဒေါ်သတို့ဟာ လူတစ်ဖက်သားအပေါ် ကိုယ်ကပို့လွှတ်နေတာဖြစ်ပေမယ့် ကိုယ့်ကို အရင်ဦးဆုံး တောက်လောင်တိုက်စား ဖွဲ့ခြွေပြီးမှ ရင်ဝကို အရှိန်ယူ ပိတ်ကန်ပြီးမှ တခြားကိုသွားတာ။

ကိုယ်စိစိညက်ညက် ကြေမတတ် နွမ်းနယ်လှပြီဖြစ်သလို သူလည်း စိစိညက်ညက် ကြေမတတ် ရှိနေမှာကို သိပါ





သည်။ လိုက်လှဲနှင့်ဖိုနေတဲ့ ဝမ်းနည်းခြင်းတွေထဲမှာ နာကျင်ခဲ့ရတဲ့ မြင်ကွင်းတွေ၊ ဒူးဖက်မတတ် သူ့ရဲ့တောင်းပန်မှုတွေ၊ အချစ်တွေ အမုန်းတွေဟာ ရောနှောကာ တစ်လှည့်စီ အလူးအလိမ့်ဖြစ်နေသည်။

အဲဒီအဖြစ်အပျက်ဟာ ကြည်သန့်နေတဲ့ ရေအိုင်လေးကို ခြေထောက်တစ်ဖက်ဝင်ပြီး လူးလိမ့်ဆေးကြောမွှေနှောက်လိုက်သလို အနည်တွေထ,ကာ ညစ်ထေးနောက်ကျိ ကျန်ရစ်တဲ့အဖြစ်မျိုး။ ခဏဝင်ဆေးသွားတဲ့ ခြေတစ်ဖက်ကတော့ သူ့ခရီးသူ ဆက်သွားပြီ။ မယ်တို့ရဲ့မေတ္တာရေအိုင်လေးမှာသာ ...။

ဟိုတစ်နေ့ကပဲ "မိုး"ကို တွေ့ပါသည်။ အကပ်ကောင်းတစ်ခု ပိုင်ပိုင်ရထားပုံပေါ်တဲ့ မိုးက ဗင်ဖင်ကောက်ကားတစ်စီးထဲကနေ လေရှူးလေးလို မြူးမြူးလေး ထွက်ပေါ်လာတာ။ မယ့်ကိုမြင်တော့ ကိုယ်ရှိန်တန့်သွားသည်။ ဒါပေမဲ့ သူ့ခမျာ မယ့်ကို မရဲတရဲတော့ ပြုံးပြဖို့ ကြိုးစားသွားပါသည်။ မယ် ပြန်တော့ ပြုံးမပြမိဘူးထင်ပေမယ့် ခေါင်းတစ်ချက်တော့ ဆတ်မိသလား မျက်လုံးနဲ့ပဲ သူ့အပြုံးကို လက်ခံကြည်ဖြူလိုက်မိသလား မမှတ်မိတော့။

အစကတည်းက သူ့ကို မမုန်းတီးခဲ့၍ အခုလည်း ဘယ်လိုမှ မနေ။ သူဟာ အစွန်းအထင်းရှိပြီးသား လက်ကိုင်ပဝါလေးတစ်ခုလို နွမ်းရော်နေပြီးသား ပန်းပွင့်တစ်ပွင့်လို သူ့ဘဝနဲ့သူ ဘယ်နေရာမှာမှ စာရင်းမရှိတဲ့ မိန်းမစားမျိုးလေးပါ။ သူဟာတစ်မျိုးတောင် သနားစရာ ကောင်းပါသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအနွမ်းပန်းတစ်ပွင့်ကြောင့် ဘဝပျက်မတတ်ဖြစ်ခဲ့ရတာက မယ်နဲ့ဇေဠ။ လောကကြီးဟာ ဖြစ်ချင်သလို ဖြစ်ပျက်နေတာပါပဲ။ အများအားဖြင့်သော အဖြစ်အပျက်တို့ကိုတော့ မယ်တို့ ကြိုလည်းမမြင်နိုင်၊ ကြိုလည်း မပြုပြင်နိုင်။ ပန်းနွမ်းကလေးကတော့ ဒုံရင်းကဒုံရင်း ရောက်ရာနေရာမှာ ပျော်ပျော်ပဲရှိနေပေမယ့် ခံစားခဲ့ရတဲ့ နှစ်ယောက်က တစ်ယောက်တစ်မျိုးတကွဲတပြားတွေ ဖြစ်လို့။

မယ့်ဘဝက ဆိုးဝါးမသွားဘူးလို့ အပေါ်ယံအမြင်နှင့် မှတ်ချက်ချနိုင်ပေမယ့် အတွင်းထဲမှာလှိုက်ပြီး အုံဖွဲ့နေတဲ့ ဒဏ်ရာဒဏ်ချက်က ဘယ်သောအခါမှ အနာကျက်နိုင်မယ်မသိ။ ဇေဠဆိုရင် ဘယ်ကိုရောက်လို့ ဘယ်ကိုပေါက်သွားပြီတောင်မသိရတော့တဲ့ဘဝ။

"မယ် ဒီမှာထိုင်စောင့်ဦး၊ ကိုယ် ငွေသွားရှင်းဦးမယ်"

"ဟုတ်ကဲ့ ကို"

မယ်သည် ကိုစည်သာ့ အပေါ်တော့ ကျေးဇူးလည်းတင်ကာ မြတ်နိုးလေးစားကြည်ညိုလှပါသည်။ သူနှင့် လက်ထပ်ဖြစ်ခဲ့ရင်လည်း မယ် တစ်သက်လုံးငြိမ်းချမ်းရမှာ ဆိုတာကို ယုံကြည်သည်။ ငူငူငေးငေးနှင့် ခုံတစ်ခုံမှာ ထိုင်စောင့်နေဆဲ မယ့် မျက်ဝန်းထောင့်က ဖျတ်ခနဲ ရွေ့လျားသွားတဲ့ အရိပ်တစ်ခုကိုမြင်သည်။

တည့်တည့်မြင်တာလည်း မဟုတ်ဘဲ မျက်လုံးအိမ်ထောင့်စွန်းက မြင်တာဖြစ်သည့်တိုင်၊ လူတွေများလှတဲ့ ဆေးခန်း





ကြီးထဲ လူတွေကြားထဲက လူတစ်ယောက်ကို ဖြစ်သည့်တိုင်၊ ရင်ထဲတွင် ဒိတ်ခနဲခုန်ကာ ချာခနဲ လှည့်ကြည့်လိုက်မိသည်မှာ မသဲမကွဲနှင့်ပင် သူ့ကိုယ်ဟန်ကို အလွတ်ရနေလို့တည်း။

သေချာတယ်၊ သေချာတယ်။ ဖျတ်ခနဲ ဟိုလူအုပ်နဲ့ ကွယ်နေတယ်။ မယ်သည် အဲဒီနေရာကို ထ,မသွားပေမယ့် အဲဒီနေရာကို ကြားထဲက အကွယ်အကာတွေရှင်းပြီး လှမ်းမြင်ရမယ့် တစ်နေရာကိုတော့ ထ,သွားခဲ့မိသည်။ အုတ်တိုင်တစ်ခုနားရပ်ကာ ဟိုးရှေ့က လူစုစု ရှုပ်ရှုပ်အုပ်ကို လှမ်းကြည့်နေမိပါသည်။

ဟော... တွေ့ပြီ။ ဇေဠပဲ။ တလှုပ်လှုပ်နှင့် ခုန်ပေါက်လှုပ်ရှားလာတဲ့ နှလုံးသားနှင့်အတူ ဝမ်းနည်းဝမ်းသာခြင်းကတစ်ပြိုင်နက် ရင်ဝမှာဆို့လာသည်။ အဲသလိုပဲ မုန်းတီးခြင်းနှင့်အသည်းနင့်အောင် ချစ်ခြင်းလည်း တစ်ပြိုင်နက် နှလုံးသားကိုလုယူသိမ်းပိုက်ကြသည်။

ဇေဠက ဆရာဝန်ခန်းတစ်ခန်းရဲ့ရှေ့ တံခါးဝမှာ နာ့စ်လေးတစ်ယောက်နှင့် စကားပြောနေသည်။ သူ့မျက်နှာပေါ်က ရှည်လျားနေတဲ့ အမွေးအမှင်တွေ မရှိတော့ပါ။ ဆံပင်ကတော့ အရမ်းပိုရှည်လာသည်။ တီရှပ်ပေါ်က ရှပ်အင်္ကျီလက်ရှည် ရင်ဖွင့်ဝတ်ထားတဲ့ သူ့မူပိုင်စတိုင်လ်နှင့်ပင်။ ဂျင်းဘောင်းဘီအနွမ်းကလည်း အမြဲမြင်နေကျ အမှတ်ရစရာ သူ့ထရိတ်မာ့ခ်ပဲပေါ့။

လူက ပိန်ပိန်လှပ်လှပ်။ မျက်နှာကလည်း ခပ်မှုန်မှုန်ပင်။ အဝေးကိုမို့ သူ့မျက်နှာရိပ်ကို ဒီထက်တော့ ပိုမသဲကွဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပိန်သွားတာကိုသာ မယ် သတိပြုမိသည်။ တာပေတာတ်
သူပိပိ အဆုံးစွန်များ ပျက်စီးနေပြီလား။ စီးကရက်တွေ သိပ်သောက်
နေမလား၊ ဆေးဝါးတွေ ဘာတွေ သုံးစွဲနေမလား၊ ရိုးရိုးပိန်လို့
တာ ဟုတ်ရဲ့လား။

"မယ်"

မယ်သည် ချောင်းကြည့်နေတဲ့ အုတ်တိုင်မှ ဆတ်
ခနဲခွာကာ ကိုစည်သာ့ကို လှည့်ကြည့်လိုက်သည်။

စည်သာက တုန့်လှုပ်ဝိုင်းစက်သွားတဲ့ မယ့်မျက်လုံး
များကို ကြည့်ရင်း ...

"မယ် ဘာရှာနေလဲ"

"ဟင့်အင်း"

"မယ် ချောင်းကြည့်နေတာလေ၊ ဘယ်သူ့ကို ကြည့်နေတာ
လဲ၊ ဘယ်သူ့ကိုတွေ့လို့လဲ မယ်"

"ဟို ... ဟိုနားမှာ"

မယ်သည် ညာလည်းမညာလို၊ ပြောလည်းမပြော
ပဲ ကလေးတစ်ယောက် ကျောင်းအုပ်ရှေ့ ရောက်နေသလိုနေ
တုန်လှုပ်နေသည်။ စည်သာက မယ် ကြည့်တဲ့နေရာမှာရပ်ပြီ
လှမ်းကြည့်လိုက်ပါသည်။ လူအုပ်ကြားထဲကတိုးကာ ဆေးခန်းပြ
ဘက် ပြန်လျှောက်ထွက်သွားတဲ့ ဇေဠကို မြင်လိုက်ရပါသည်
စည်သာက သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်ရင်း ...

"ဇေဠလား မယ်"





မယ်က ခေါင်းလေး ငုံ့သွားကာ ပြန်မော့မလာ။
ထိုဦးခေါင်းလေးပေါ် လက်ဖဝါးဖြန့်လျက်တင်ပြီး ဖြည်းဖြည်းလေး
နှစ်သိမ့်အုပ်ယမ်းရင်း ...

"ဒီဆေးရုံမှာ ဇေဠအဖေ ဆေးခန်းထိုင်တယ်လေ မယ်"

မယ်သည် အံ့အားတသင့်နှင့် စည်သာ့ကို မျက်လွှာ
ပင့်ကာ ကြည့်သည်။ ဒါကို မယ်ပင် မသိပါ။

"သူ့အဖေဆီ လာတယ် ထင်ပါတယ်၊ သူ နေမကောင်း
လို့ ဆေးခန်းလာပြတာတော့ မဟုတ်လောက်ပါဘူး၊ မယ်
မသိဘူးလား၊ ဇေဠ သူ့အဖေဆီ ပြန်ရောက်နေတယ်"

"ဟင့်"

ကိုစည်သာ စုံစမ်းထားတာပေါ့။ မေးခွန်းက နှုတ်ဖျား
မှ ထွက်မလာ။ ရင်ထဲပဲ ပလုံစီထနေသည်။

"ပြန်ကြရအောင်လေ မယ်၊ လာ"

"ဟုတ်ကဲ့"

နံဘေးမှာ ခေါင်းငုံ့လျက်သား ပါလာတဲ့ မယ့်ပခုံး
ကို စည်သာ ကြင်ကြင်နာနာ ဖက်ပိုက်ခေါ်လာပါသည်။ ပခုံး
ထိပ်ကလေးကို ဆုပ်ညှစ်ထားတဲ့ သူ့လက်ဝါးတို့ အားလျော့နေ
သည်။ သို့ပေမယ့် သူ့သွေးထဲ စီးဆင်းလှည့်ပတ်နေတဲ့ ချစ်ခြင်း
ကြင်နာခြင်းတို့ ခွန်အားကို မယ့် ပခုံးစွန်းလေးက ခံယူနားလည်
နိုင်လိမ့်မယ် ထင်မိသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

အပြင်မှာ တစ်ခုခုသွားစားကြရအောင်ဆိုတဲ့ ကိုစည်သာ့ စကားကို မငြင်းဆန်လို၍ လိုက်ပါလာပေမယ့် မယ့်စိတ်တို့ မတက်ကြွ မရွှင်လန်း။ ရွှင်လန်းတက်ကြွမည့်အချိန်မျိုးကို စောင့်နေလို့ကတော့ ဘာမှဖြစ်လာနိုင်မှာ မဟုတ်တော့ပါ။ ကိုစည်သာက ကိုးမိုင်ဘက်က အသစ်ဖွင့်လှစ်ဟန်တူသော စားသောက်ဆိုင်တစ်ခုသို့ ခေါ်လာပါသည်။ အခင်းအကျင်း အပြင်အဆင်လေးတွေ လှပတဲ့ ဆိုင်လေးထဲရောက်လျှင် မယ်က ဖျော်ဖြေရေးစင်ငယ်လေးဘက် ကျောခိုင်းတဲ့ တစ်နေရာမှာ ထိုင်သည်။ သီချင်းတွေ ဂီတတွေ ဖျော်ဖြေရေးတွေပါတဲ့ ဆိုင်တွေကို မယ် မလာချင်တာ ကိုစည်သာကတော့ ဘယ်သိနိုင်ပါ့မလဲ။

"မယ် ... ဘာမှာမလဲ"

"ကိုပဲ မှာပါ"

"ဂဏန်းစားမလား"





မယ်သည် လက်တွေ ဘာတွေ ပေကျံနိုင်တဲ့ အစားအစာမျိုး အားရပါးရ မစားလိုသော်လည်း စကားများများမပြောချင်၍ ခေါင်းပဲညိတ်ပြလိုက်သည်။ ကိုစည်သာပဲ မီနူးကြည့်ကာ တစ်မျိုးပြီးတစ်မျိုး မှာနေပါသည်။ စားပွဲထိုး ထွက်သွားပြီး အတော်ကြာတဲ့ထိ ကိုစည်သာက တူးတူးခြားခြား တိတ်နေသည်။

"ကို လက်ထဲကစာအိတ်က ဘာလဲဟင်"

"မယ့်ကိုပြဖို့ ယူလာတာ"

"ဘာလဲဟင်"

"ဖိတ်စာ"

မယ် အငိုက်မိ အံ့ဩသွားခိုက်မှာ စည်သာက စာအိတ်ဝါလေးထဲက ကတ်လှလှ အဝါရောင်ကလေးတစ်ခုကို ဆွဲထုတ်၍ မယ့်ရှေ့သို့ ဖွင့်ပြလိုက်ပါသည်။

"ထိမ်းမြားမင်္ဂလာညစာစားပွဲ ဖိတ်ကြားလွှာ"

ခါတိုင်းပြသလို နမူနာကတ်မဟုတ်။ အထဲမှာ စာလုံးရိုက်ပြီးသား စာရွက်ကပ်ပြီးသား ဝေရန်အသင့်ဖိတ်စာလေးပင်။ ဘယ်အရပ်နေ ဘယ်သူ ဘယ်သူတို့၏သား မောင်စည်သူမောင် မောင်နှင့် ဘယ်နေရပ် ဘယ်သူ ဘယ်သူတို့၏သမီးထွေး မရှင်ဒွေးမယ် ...။

မင်္ဂလာနေရာ ... ဆီဒိုးနားဟိုတယ်။

မင်္ဂလာနေ့ရက် ... 31-12-2008 (Wednesday).



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ၊ အားလုံး အတိအကျ ဘာလို့ဖြစ်နေတာလဲ၊ ကို ဘယ်သူနဲ့ တိုင်ပင်လုပ်လိုက်တာလဲ၊ မယ့်ကိုလည်း မပြောပါလား"

"မာမိကိုရော အန်တီ့ကိုရော ကိုယ် ပြပြီးပြီ၊ မယ်လည်း သိပြီးသားပဲလေ၊ နှစ်ကုန်ဖြစ်ဖြစ်။ နောက်နှစ်ဆန်းဖြစ်ဖြစ်ဆိုတော့ မယ် လက်ခံသားပဲလေ၊ ဒါကြောင့် ကိုယ်က ထပ်မပြောဖြစ်တာ၊ အခု ဖိတ်စာရိုက်ပြီးသွားပြီလေ မယ်ရဲ့"

"ဟင် ... ဒီလောက်မြန်မြန်ကြီး ဘယ်ဖြစ်နိုင်မလဲ"

"မြန်မြန်ကြီး မဟုတ်ပါဘူး၊ မယ် ကိုယ့်ကို အဖြေသးက တည်းက ချက်ချင်းပဲ ကိုယ်တို့လက်ထပ်ဖို့ ဦးတည်စဉ်းစ ခဲ့ကြတာပဲလေ၊ တိုင်ပင်လာတာကိုပဲ လေးလလောက်ရှိ ပါပြီ မယ်ရဲ့၊ နှစ်ကုန်ဆိုတာလည်း မယ် လက်ခံပြီးသားပ

"ဟို ... မယ်က မြန်တယ်ဆိုတာက ခုပဲ နိုဝင်ဘာကုန် ကြားမှာ တစ်လတိတိပဲ ကျန်တာမို့ ဝရန်းသုန်းကား ဖြစ်မှာစိုးတာပါ၊ ဟိုတယ်က ရတယ်ပေါ့"

"စ,စဉ်းစားကတည်းက မသေချာရင် ရက်ပြောင်းမယ် ပြီး ဒီရက်ကို ကိုယ် ချိတ်ထားတာ၊ ခုတော့ ကွန်ဖမ် သွားလုပ်လိုက်ရုံပဲ၊ အဝတ်အစားလည်း မယ် မပူနဲ့၊ မ ကြိုက်တဲ့ ပန်းရောင်နဲ့ အဝါရောင်ကြိုးကြိုးချိတ် ဒီဇိုင်းဆ ဆန်းနှစ်စုံတောင် မာမီက အမရပူရကို လှမ်းအပ်ပြီ တစ်ရက် နှစ်ရက်ဆိုရပြီ"





မယ့်မျက်နှာက ညိုသွားရင်း ...

"ကိုက မယ့်ကို ဘာမှလဲ မတိုင်ပင်ဘဲနဲ့"

"တိုင်ပင်ပြီးသားလေ မယ်ရဲ့"

"ဟိုတယ်တောင် ကွန်ဖမ်းမ်လုပ်ရသေးတာပဲ၊ မယ့်ကိုလည်း အစစအရာရာကို ကွန်ဖမ်းမ်လုပ်ရမှာပေါ့၊ ဘာမှမှထပ်မပြောတာ၊ တစ်လအတွင်း မင်္ဂလာဆောင်ဖို့ မယ် အဆင်သင့်မဖြစ်ဘူး ကို"

"မယ့်ဘက်က ဘာမှလုပ်စရာမှ မရှိတာ၊ ကိုယ် ဖြစ်အောင် စီစဉ်မှာပါ၊ အခုအားလုံးက အဆင်သင့်ပဲလေ၊ ဒီဖိတ်စာကိုလည်း နက်ဖြန်ကစ,ဝေရင် ရပြီ"

"အို ... ဟင့်အင်း၊ မဖြစ်နိုင်သေးပါဘူး ကို၊ မယ် အဆင်သင့်မဖြစ်ဘူး၊ မြန်လွန်းအားကြီးတယ်"

စည်သာ့ မျက်နှာက တည်ငြိမ်သွားကာ ...

"ဒါဖြင့် ဘယ်တော့ ဖြစ်နိုင်တာလဲ၊ မယ် ဘယ်တော့အဆင်သင့်ဖြစ်မလဲ၊ ဒီဒိတ်က မြန်တယ်ဆိုရင် ဘယ်လောက် နောက်ဆုတ်ပေးရမလဲ"

"... ..."

မယ်သည် ရင်ထဲပူလောင်ကာ မျက်ရည်လည်လာသည်။ မျက်လွှာကို စိုက်ချပြီး လက်ချောင်းလေးများက အကျီအနားစကို လိမ်ခြေနေမိပါသည်။

"ပြောလေ မယ်၊ အတိအကျပြော၊ ဘယ်တော့ဖြစ်နိုင်မလဲ"

"... ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စည်သာက မယ့်ကို ကြေကြေကွဲကွဲ ငေးစိုက်ကြည့်နေမိပါသည်။

"မယ် မပြောနိုင်ဘူး မဟုတ်လား၊ မယ် ကိုယ့်ကိုလက်ထပ်မယ်လို့ ရည်ရွယ်တာ မှန်ပေမယ့် တကမ်တမ်း အနီးကပ် ရင်ဆိုင်လိုက်ရတော့ တွန့်ဆုတ်သွားတယ် မဟုတ်လား၊ နမူနာတွေ စီစဉ်တိုင်ပင်တုန်းက ဘာမှမဖြစ်ပေမယ့် ဖိတ်စာအတည်ကို မြင်လိုက်ရတော့ မယ် ခေါင်းမညိတ်နိုင်အောင် ဖြစ်သွားပြီ"

"ကို"

"မယ် ... ကိုယ် နားလည်ပါတယ်၊ ကိုယ် မယ့်ကိုအပြစ်မတင်ပါဘူး မယ်၊ ဟိုးအရင်ကတည်းကလည်း ဒီလိုပဲ နားလည်မျှော်လင့်ထားခဲ့ပါတယ်၊ ဒါပေမဲ့ မယ်က ထက်ထက်သန်သန် ရှိနေတော့လည်း တစ်ခါတစ်ခါတော့ ကိုယ်တို့နှစ်ယောက် တည်ဆောက်မယ့် အိမ်ထောင်ရေးဘဝလေးဟာ တကယ်ရှိလာမှာလို့ ကိုယ် စိတ်ကူးယဉ်ခဲ့ပါတယ် မယ်ရယ်"

"ကို ...၊ မယ့်ကို ခွင့်လွှတ်ပါ၊ မယ် ... မယ့်စိတ်တွေ အနည်မထိုင်နိုင်သေးလို့ပါ၊ စိတ်က အဆင်သင့် မဖြစ်သေးတာပါ"

မယ်က မျက်ရည်စီးကျမလာအောင်ထိန်းရင်း တောင်းပန်မိသည်။





"မယ့်စိတ်တွေဟာ ဘယ်တော့မှ အနည်မထိုင်တော့ဘူးဆိုတာ မယ် သိရဲ့လား၊ တကယ်တမ်းမှာ မယ့်ဘဝထဲကို တခြားယောကျ်ားတစ်ယောက်ကို မယ် တကယ်မသွင်းနိုင်ပါဘူး မယ်၊ အဲဒါကို ကိုယ် နားလည်နေပါတယ်၊ ဒီဖိတ်စာက မယ့်စိတ်ကို စမ်းသပ်ချင်လို့ ကိုယ် တစ်စောင်တည်း ရိုက်ထားတဲ့ ဖိတ်စာပါ"

စည်သာက လှပတဲ့ ဖိတ်စာဝါဝါလေးကို အလယ်မှပိုင်းကာ နှစ်ချက် သုံးချက် ဆုတ်ဆွဲလိုက်ပါသည်။ ကတ်ထူစအပိုင်းအပြတ်ကလေးများကို စားပွဲပေါ် ပုံချလိုက်လျှင် မယ်က အံ့အားတသင့် တုန်တုန်ယင်ယင်နှင့် ကိုင်တွယ်ရင်း ...

"ဒါ ... ဒါတွေက ..."

"အတုပါ၊ နမူနာပါ၊ တကယ်ကြုံရရင် မယ် ငြင်းမယ်ဆိုတာ ကိုယ်သိပါတယ်၊ မယ့်အမေလည်း သိပါတယ်၊ အန်တီနဲ့ ကိုယ် တိုင်ပင်ကြည့်တာပါ၊ မယ် ကိုယ့်ကိုလက်ထပ်ချင်တယ်ဆိုတာ သေချာပေမယ့် လက်ထပ်နိုင်တယ်ဆိုတာ မသေချာပါဘူး၊ မယ် ကိုယ့်ကိုလက်မထပ်နိုင်ပါဘူး၊ တစ်ချိန်ချိန်မှလို့ မယ် ထင်နေတဲ့ ကာလဟာလည်း ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မယ့်နှလုံးသားထဲမှာ ဇေဌ တစ်ယောက်ပဲ အပြည့်အကျပ် ရှိနေလို့၊ နောက်လူဆိုတာ ဘယ်တော့မှ ထပ်ရှိမလာနိုင်လို့ ..."

www.burmeseclassic.com



ဇေဠှကို မယ် သိပ်မုန်းတယ်ဆိုတာဟာ သိပ်ချစ်နေလို့ပါ၊ ဇေဠှကလွဲရင် မယ့်ဘဝမှာ တခြားယောကျာ်းမရှိနိုင်တော့ဘူး"

"ကို"

မယ် မျက်ရည်ပူများ ပါးပေါ်ကျဆင်းလာသည်။ စည်သာက စားပွဲထိုးတစ်ယောက်ကို လက်ပြခေါ်ရင်း စာရွက်ကလေးတစ်ရွက်တောင်းကာ ရေးခြစ်လိုက်ပါသည်။

"သူ့တစ်ယောက်ကိုသာ ဆိုတဲ့သီချင်းလေး တောင်းပေးပါ"

မယ်က စည်သာ့ကို နားမလည်နိုင်သလို ကြည့်နေမိသည်။

"မယ် ... ဒီမှာလာထိုင်ပါ"

"ဘာလို့လဲ ကို"

"လာ"

စည်သာက မယ့်လက်ဖျားကိုဆွဲ၍ သူ့နံဘေးခေါ်ယူလိုက်တဲ့အတွက် မယ်က ဖြေဖျော်ရေးစင်မြင့်ငယ်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားပါသည်။ မှေးမှိန်တဲ့ မီးရောင်ပြာလဲ့ထဲမှာ ကုလားထိုင်တစ်လုံးနှင့် ဂစ်တာပိုက်၍ ထိုင်နေတဲ့ ပုံရိပ်တစ်ခုကို မယ် လှမ်းမြင်လိုက်ရပါသည်။

"မယ် ... ကိုယ် ဇေဠှနဲ့လည်း တွေ့ပြီးပါပြီ၊ သူ သိပ်ဝမ်းသာနေတယ်၊ ကိုယ် ခုလိုရှောင်ပေးဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကိုယ့်ရင်ထဲက ဆုံးရှုံးနမြောရမှု အတိုင်းအဆကို





မယ် နားလည်ပေးနိုင်မယ်ဆိုရင် အဲဒီအတွက် ဂုဏ်ပြုတဲ့အနေနဲ့ ဇေဠှ အပြစ်ကို ခွင့်လွှတ်ပေးပါ၊ လူဆိုတာ တစ်ကြိမ်တစ်ခါ မိုက်မှားတတ်ပါတယ် ...

ဇေဠှက မယ့်ကိုသိပ်ချစ်ပါတယ်၊ မယ်နဲ့သူ အချစ်ချင်းလည်း ညီတယ်၊ ပြီးတော့ သူ အခု သူ့ဘဝကို ရေစုန်လည်းမျှောမပစ်ဘူး၊ သူ့အဖေဆီ ပြန်တယ်၊ အုပ်ထိန်းမှုတစ်ခုအောက်မှာ စည်းနဲ့ဘောင်နဲ့ ပြန်နေနေတယ်၊ ဒါ အခု ဇေဠှ သီချင်းဆိုနေတဲ့ ဆိုင်သစ်ပါ"

မယ်သည် ပါးပြင်ပေါ် တစ်ပေါက်ချင်း စီးလိမ့်ကျလာတဲ့ မျက်ရည်ပူပူတွေကို မသုတ်တော့။ ပြာလဲ့လဲ့မီးရောင်အောက်က ဇေဠှကိုလည်းကောင်း၊ နံဘေးမှ ဖြည်းညင်းစွာ ထ,ရပ်လိုက်တဲ့ စည်သာ့ကိုလည်းကောင်း တစ်လှည့်စီကြည့်ကာ ရင်ထဲ ဖိုလှိုက်ဝမ်းနည်းလာသည်။ စည်သာက မယ့်ဦးခေါင်းပေါ် လက်ဖဝါးနွေးနွေးနှင့် အုပ်ကိုင်သည်။

"မယ် ... သူ့ဖျော်ဖြေရေးပြီးရင် ဇေဠှ ဆင်းလာလိမ့်မယ်၊ မှာထားတာတွေ မယ်တို့ အေးအေးဆေးဆေး စားသောက်ပြီးမှ ပြန်ပါ၊ ဘာစ်လ်တော့ ကိုယ်ရှင်းသွားလိုက်မယ်၊ ကိုယ် ပြန်တော့မယ်နော်"

"ကို"

"ကိုယ် ကျေနပ်ပါတယ် မယ်၊ မယ် ပျော်ရွှင်တဲ့ စိတ်ချမ်းသာတာကို မြင်ရဖို့က ကိုယ်အလိုချင်ဆုံးဆုပါ"



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ်က အဆက်မပြတ်တော့တဲ့ မျက်ရည်စီးကြောင်းများ၊ ထွက်ခွာသွားတဲ့ ကိုစည်သာ့ ကျောပြင်၊ စင်ပေါ်မှာ မယ် အင်မတန် ကြိုက်နှစ်သက်တဲ့ "သူ့တစ်ယောက်ကိုသာ" သီချင်းကို ဆိုနေတဲ့ ချစ်ရသူ၊ စားပွဲပေါ်က စုတ်ပြဲနေတဲ့ ဖိတ်စာ အတုအပိုင်းအစများ။ မယ့် ဦးနှောက်ထဲမှာ တဖျပ်ဖျပ် တစ်ခုချင်း ရွေ့လျားပြေးလွှားနေသည်။

ဝမ်းနည်းတာလား၊ ဝမ်းသာတာလား၊ ခံစားချက်ကို ကိုယ်တိုင် မဖော်ပြတတ်တော့ဘဲ ရင်ထဲမှာ လှိုင်းလုံးတွေသာ သည်းထန်ရိုက်ပုတ်နေတော့သည်။ ဒီလှိုင်းလုံးတွေက အချစ်တွေလား၊ အမုန်းတွေလား၊ ခွင့်လွှတ်ခြင်းလား၊ နာကျင်ခြင်းလား ... မယ် ကိုယ်တိုင် ဝေခွဲမရ တွေဝေဆဲတည်း။

BURMESE CLASSIC .com

✧ ❤ ✧

လမင်းမိုမို

www.burmeseclassic.com